၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com




အတွဲ(၁၀)၊ အမှတ်(၆) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် ၊ ကြာသပတေး၊ (မေ ၂၈ ၊ ၂၀၁၁)



# စားအုန်းဆီတင်သွင်းခွင့်ကို သတ်မှတ်ချက်နှင့်အညီ လွှတ်လပ်စွာပေးမည်

သိမ့်သိမ့်စိုး၊ စိုင်းသာအောင်၊ အောင်သူရ

မန္တလေး၊ မေ - ၂၄

ယခင်က စီးပွားရေးဦးပိုင်လီမိတက်ကတစ်ဆင့် ကုမ္ပဏီတစ်ခုတည်းကသာ တင်သွင်းရောင်းချခဲ့သည့် စားအုန်းဆီကိုပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရှိစေရန် ဆီလုပ်ငန်းလုပ်ကိုင်သူများအား တင်သွင်းခွင့်ပြုတော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမြင့်ကဆိုသည်။ စာ(၁၂)သို့

## စင်ကာပူက မြန်မာလုပ်သားများအား ပုံမှန်လစာနှုန်းဖြင့်သာ ဆက်လက်ခေါ်ယူနေ

သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ - ၂၅

စင်ကာပူအစိုးရက နိုင်ငံခြား လုပ်သားများ၏ အခြေခံလစာ တိုးမြှင့်ပေးမည်ဆိုသည့်သတင်းများ လုပ်ငန်းခွင်များတွင် ထွက်ပေါ်နေသော်လည်း လက်ရှိအချိန်ထိ ယခင်လစာနှုန်းထားများအတိုင်းသာ ဆက်လက်ခေါ်ယူနေသေးကြောင်း ပြည်တွင်းအလုပ်အ ကိုင်ရှာဖွေရေးအေဂျင်စီများက ပြောကြားသည်။

စာ(၁၂)သို့

## ဒီကေဘီအေအဖွဲ့က လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကျပ်သိန်း ၃ ၀၀၀ ထပ်ချေးရန်ကမ်းလှမ်း

ပြည်သိမ်း

ရန်ကုန်၊ မေ - ၂၀

တိုးတက်သော ကရင်ဗုဒ္ဓဘာသာ အစည်းအရုံး (DKBA) သည် အထူးချေးငွေ အမျိုးအစားအဖြစ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေကြေးထပ်မံချေးယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် DKBA အဖွဲ့အား ယခင်ကလည်း ကျပ်သိန်း ၃,၀၀၀ ကိုထုတ်ချေးပေးထားကြောင်း၊ ယင်းသို့ ထုတ်ချေးရာတွင် အတိုးနှုန်းမှာ ပုံမှန်အတိုးနှုန်းများဖြစ်သည့်တစ်နှစ်လျှင် ၁၇ ရာခိုင်နှုန်း၊ ၁၂ ဒသမ ၅ ရာခိုင်နှုန်းတို့မဟုတ်ဘဲ တစ်နှစ်လျှင် ၀ ဒသမ ၅ ရာခိုင်နှုန်းသာ ပေးရကြောင်းကိုလည်း သိရသည်။

စာ(၆)သို့

# တရုတ်အမျိုးသားများ၏ သားမယားအဖြစ် ရောင်းချရန် လူကုန်ကူးခြင်းခံရသည့် မြန်မာမိန်းကလေးများ ပိုများလာ

## အချို့သောတရုတ်ကျေးရွာများတွင် တရုတ်အမျိုးသားများနှင့် အဓမ္မလက်ထပ်ထိမ်းမြားခြင်းခံထားသည့် မြန်မာအမျိုးသမီး ၁၀ဦးမှ ၁၅ဦးထိ ရှိနေသည်

သဇင်ထွေး


ရန်ကုန်၊ မေ - ၂၄

မြန်မာနိုင်ငံတွင် ဖြစ်ပွားသည့် လူကုန်ကူးမှုများအနက် ၇၀ ရာခိုင်နှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရုတ်အမျိုးသားများနှင့် အဓမ္မ လက်ထပ်ပေါင်းသင်းရန် ပို့ဆောင်ခြင်းခံရသည့် အမှုများများပြားကြောင်းသိရသည်။

တရုတ်နိုင်ငံ၏ ထုံးတမ်းစဉ်လာအရ သားယောကျ်ားလေးကို ဦးစားပေးမွေး ခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ အမျိုးသမီးဦးရေသည် ၂၀၀၀ပြည့်နှစ်နောက်ပိုင်း၌ လျော့နည်းလာသောကြောင့် မြန်မာနိုင်ငံမှ အမျိုးသမီးများကို အဓိကထားအဓမ္မထိမ်းမြား လက်ထပ်ရန်အတွက်ပိုမိုပြုလုပ်လာကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

ထို့ကြောင့် တရုတ်နိုင်ငံ၏ အမျိုးသမီးလိုအပ်မှုမှာ အမြဲမြင့်မားလျက်ရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံများဖြစ်သော မြန်မာ၊ လာအိုနှင့် ဗီယမ်နမ်မြောက်ပိုင်းတို့မှ အမျိုးသမီးများသည် အဆိုပါဈေးကွက်၏ သားကောင်များဖြစ်လာကြောင်း သိရသည်။

ထို့အပြင် တရုတ်နိုင်ငံတွင်



အသက်ကြီးရင့်သူ၊ ဆွံ့အသူ၊ စိတ်ပေါ့သွပ်သူများ၏ မိဘများကလည်း ငွေကြေးစိုက်ထုတ်၍ ဇနီးမယားအဖြစ် မြန်မာအမျိုးသမီးများအား ဝယ်ယူလာကြခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ထိမ်းမြားလက်ထပ်ရန် အဓမ္မပို့ဆောင်ခံရသူများအနက် နှစ်ရှည်လများ ပေါင်းသင်းနေထိုင်ကြသူများလည်း ရှိသလို အချို့အမျိုးသမီးများမှာ သားသမီးထွန်းကားပြီးပါက ထပ်မံ၍ ဇနီးမယားအဖြစ် ရောင်းစားခံရမှုများလည်း ရှိကြောင်း သိရသည်။ စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# ကုန်သွယ်ရေးမူဝါဒကောင်စီ မရှိတော့

**အားမာန်၊ အောင်သူရ**

**ရန်ကုန်၊ ဧပြီ – ၂၁**

ပို့ကုန်၊သွင်းကုန်လိုင်စင်များကို စိစစ်ပေးခဲ့သော ကုန်သွယ်မှုမူဝါဒကောင်စီ (TC-Trade Council)မှာ အစိုးရသစ်လက်ထက်တွင် မရှိတော့ကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကပြောသည်။

အစိုးရသစ် စတင်တာဝန်ယူခဲ့သော မတ်လ ၃၁ရက်နောက်ပိုင်းမှစ၍ ကုန်သွယ်မှုမူဝါဒကောင်စီမရှိတော့ဘဲ ပို့ကုန်သွင်းကုန်လိုင်စင်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသာ စိစစ်ခွင့်ပြုတော့မည်ဖြစ်၍ ပို့ကုန်၊သွင်း ကုန်လိုင်စင်လျှောက်ထားမှုမှာ ယခင်ကထက်ပိုမိုမြန်ဆန်လွယ်ကူလာတော့မည်ဖြစ်ကြောင်း ပို့ကုန် သွင်းကုန် လုပ်ငန်းရှင်များက တညီတညွတ်တည်းပြောသည်။

"စီးပွား/ကူးသန်းဝန်ကြီး အသစ် ဦးဝင်းမြင့် ဧပြီ ၉ရက်က UMFCCIမှာ လုပ်ငန်းရှင်တွေနဲ့တွေ့တုန်းက ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားတဲ့အခါမှာ(TC-Trade Council)တင်စရာမလိုတော့ဘူးမရှိတော့ဘူးလို့ပြောသွားတယ်။ အရင်က TC က တစ်ပတ်တစ်ကြိမ်မှ အစည်းအဝေးထိုင်တော့ TC တင်ရတဲ့ ပို့ကုန်၊ သွင်းကုန်လိုင်စင်တွေဆိုရင် လိုင်စင်ကျဖို့ အနည်းဆုံးနှစ်ပတ်စောင့်ရတယ်"ဟု ဧပြီ၉ရက်က UMFCCIတွင်ပြုလုပ်ခဲ့သော အစည်းအဝေးသို့တက်ရောက်ခဲ့သော လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကုန်သွယ်မှုမူဝါဒကောင်စီမှာ ၁၉၉၇ခုနှစ်မှစတင်ပေါ်ပေါက်လာပြီး ထိုကောင်စီဥက္ကဋ္ဌအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ၁၉၉၇မှ ၂၀၀၇အထိ တာဝန်ယူခဲ့သည်။ ၂၀၀၇မှ ၂၀၁၁မတ်လအထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။ ထိုကောင်စီက ပို့ကုန်သွင်းကုန်လိုင်စင်များကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အစည်းအဝေးကျင်းပကာ ဆုံးဖြတ်ခဲ့သည်။


စီးပွား/ကူးသန်းဝန်ကြီးဌာနက အစိုးရသစ်လက်ထက်တွင် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုများ လွယ်ကူအဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်းလည်း အဆိုပါဌာနမှတာဝန်ရှိသူတစ်ဦးက ဧပြီ ၂၁ ရက်တွင်ပြောကြားသည်။

ဧပြီ ၉ရက်တွင် UMFCCI ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းမြင့်က လုပ်ငန်းရှင်များ နှင့်တွေ့ဆုံစဉ် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်သွက်လက်ရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရေးတို့အတွက် ကုန်သည်/စက်မှုအသင်းချုပ်(UMFCCI)က ဦးဆောင်၍ ညီနောင်အသင်းများနှင့် လုပ်ငန်းရှင်များအားလုံးက တက်တက်ကြွကြွပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ပြောကြားခဲ့ကြောင်း ဧပြီလ ၁၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။

# အင်တာနက်လိုင်းများ ဆက်တိုက်နှေးကွေးနေ

**ယုဇနကိုကို**

**ရန်ကုန်၊ ဧပြီ – ၂၅**



ပြည်တွင်း၏အင်တာနက်မြန်နှုန်းများကျဆင်းမှုမှာ ယခုအချိန်ထိ အဆင်ပြေချောမွေ့လာခြင်းမရှိသေးသဖြင့် ယင်းဆက်သွယ်မှုစနစ်ကို အဓိကမှီခိုပြီး လုပ်ကိုင်နေကြရသည့် စီးပွားရေးလုပ်ငန်းများအားလုံး အခက်တွေ့နေကြရကြောင်းစုံစမ်းသိရှိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အဆိုအရ ယခုကဲ့သို့အင်တာနက်ဆက် သွယ်မှုအမြန်နှုန်းများကျဆင်းခြင်း အချိန်ကာလကြာမြင့်နေရခြင်းမှာ DDOS Atackဟူသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့်ဆိုက်ဘာတိုက်ခိုက်မှုများအနည်းငယ်ရှိနေဆဲ ဖြစ်သဖြင့်ဟု သိရသည်။

ယင်းကဲ့သို့ ဆိုက်ဘာတိုက်ခိုက်မှုကြောင့်ဟုဆိုသည့် အင်တာနက်မြန်နှုန်းများ ကျဆင်းနေခြင်းမှာ ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလခန့်မှစတင်ခဲ့ပြီး ယခုအချိန်ထိပင်ဖြစ်သဖြင့် ပြည်တွင်း၏ စီးပွားရေးလုပ်ငန်းအချို့မှာ လုပ်ငန်းရပ်နားလိုက်ရခြင်းများအထိ ရှိနေကြကြောင်း ရန်ကုန်မြို့အခြေစိုက်လုပ်ငန်းရှင်အချို့ကဆိုသည်။

ယခုကဲ့သို့ အွန်လိုင်းဆက်သွယ်မှုများ အချိန်ကာလကြာမြင့်စွာ ဆက်တိုက်ကျဆင်းနေမည်ဆိုပါက ယင်းနှင့်အဓိကဆောင်ရွက်နေကြရသည့် စီးပွားရေးလုပ်ငန်း အများစုအတွက်လုပ်ငန်းတိုးတက်မှုအပိုင်း ကျဆင်းလာခြင်းများ၊ နည်းပညာဖွံ့ဖြိုးမှုအပိုင်းတွင် တိုးတက်မှုများနှေးကွေးလာခြင်းများ စသည့်အကျိုးဆက်များကို ရရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

"တိုင်းပြည်တစ်ပြည်မှာ လက်ရှိအခြေအနေအရဆို နည်းပညာဖွံ့ဖြိုး တိုးတက်ဖို့က အဓိကအကျဆုံးရှိနေပြီ" ဟု ပြည်တွင်းကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

စီးပွားရေးလုပ်ငန်းတစ်ခုတည်းတွင်သာအသုံးဝင်ခြင်းမဟုတ်တော့ဘဲ လူမှုရေး၊ကျန်းမာရေး၊ ပညာရေး၊သဘာဝဘေးအန္တရာယ်နှင့် အသိပညာဆိုင်ရာကိစ္စရပ်များအပါအဝင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုပိုင်းအတွက်နေရာတိုင်းတွင်လိုအပ်လာပြီဖြစ်သည့်မြန်မာနိုင်ငံ၏ အင်တာနက်ဆက်သွယ်မှုအခြေအနေမှာ အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်လျှင်ပင်ကွာဟချက်ကြီးမားနေကြောင်း မန္တလေးမြို့ရှိကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

# UMFCCIဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဆုံးမဲပေးရွေးချယ်

**အေးမြကျော်**

**ရန်ကုန်၊ ဧပြီ – ၂၄**

နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ဆန္ဒမဲစနစ်ဖြင့် ရွေး ချယ်ခဲ့သောမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌသစ်နှင့် အလုပ်အမှုဆောင် ရွေးချယ်ပွဲတွင် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆန္ဒမဲအများဆုံးရရှိကာ ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

ဧပြီလ ၉ရက်က ရန်ကုန်မြို့ရှိUMFCCI ရုံးချုပ်၌ ကျင်းပခဲ့သော ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲတွင် ဥက္ကဋ္ဌနေရာအတွက် သုံးဦးဝင်ရောက်ရွေးချယ်ခံသည့် အထဲမှ ဦးဝင်းအောင်ကို ဥက္ကဋ္ဌအဖြစ် မဲပေးခွင့်ရှိသော အလုပ်အမှုဆောင်နှင့်ဗဟိုအလုပ်အမှုဆောင်တို့က မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

UMFCCI ၏ ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်အသစ်ပြန်လည်ဖွဲ့စည်းရန် ဗဟိုအလုပ်အမှုဆောင် ၅၀ဦး၊ အလုပ်အမှုဆောင် ၈၀ဦးတို့ကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

UMFCCI ၏ ဒုတိယဥက္ကဋ္ဌနေရာများအတွက် ခုနစ်ဦးကိုရွေးချယ်ခဲ့ပြီး ရွေးချယ်ခံဒုဥက္ကဋ္ဌများမှာ ဦးသောင်းတင်၊ ဦးဇော်မင်းဝင်း၊ ဒေါက်တာမောင်မောင်လေး၊ ဦးမြဟန်၊ ဦးလှမောင်ရွှေ၊ ဦးအောင်လွင်နှင့် ဦးထွန်းအောင်တို့ဖြစ်ပြီး အထွေထွေအတွင်းရေးမှူးအဖြစ်ရွေးချယ်ခံရသူမှာ ဒေါက်တာမျိုးသက်ဖြစ်သည်။ ဒုတိယဥက္ကဋ္ဌအဖြစ်ရွေးချယ်ခံရသူ ခုနစ်ဦးတွင် ဦးလှမောင်ရွှေနှင့် ဒေါက်တာမောင်မောင်လေးတို့မှာ ဒုတိယဥက္ကဋ္ဌအဖြစ် ပထမဆုံးအရွေးခံခဲ့ရခြင်းဖြစ်ပြီး ကျန်လူများမှာ ဒုတိယဥက္ကဋ္ဌဟောင်းများ ဖြစ်သည်။

မြန်မာနိုင်ငံတွင်ပုဂ္ဂလိကစီးပွားရေးဆိုင်ရာအသင်းချုပ်များဖြစ်သော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်နှင့် UMFCCI ဟူ၍ အသင်းချုပ်လေးခုရှိသည့်အနက် UMFCCI မှာ လျှို့ဝှက်ဆန္ဒမဲကျင့်သုံး၍ ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်မှုဆောင်ရွေးချယ်သည့်ဒုတိမြောက်အသင်းချုပ်ဖြစ်သည်။ ငါးလုပ်ငန်းအဖွဲ့ချုပ်မှာ အချိန် အတန်ကြာကတည်းက မဲစနစ်ဖြင့်ရွေးချယ်သည့်စနစ်ကျင့်သုံးခဲ့သည်။

UMFCCI သည်မြန်မာနိုင်ငံ၌ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကပိုင်းဆိုင်ရာ အင်အားအကြီးဆုံးအသင်းအဖွဲ့တစ်ခုဖြစ်သည်။

# နာရေးကူညီမှုအသင်း(ရန်ကုန်) ဆယ်နှစ်ပြည့်အခမ်းအနားကျင်းပ

**ယုဇန၊သဇင်ထွေး**

**ရန်ကုန်၊ဧပြီ – ၂၅**

နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဆယ်နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားကို ယခုလ ၂၃ရက် က အသင်းရုံးတည်ရှိရာ မြောက်ဒဂုံမြို့နယ်အတွင်း ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

၂၀၀၁ခုနှစ်၊ ဇန်နဝါရီ လ ၁ရက်တွင်စတင်ဖွဲ့စည်းခဲ့သည့် အဆိုပါအသင်း၏ ဆယ်နှစ်ပြည့်အခမ်းအနားတွင်အသင်းကိုပထမဦးဆုံးတည်ထောင်ခဲ့သည့် ကွယ်လွန်သူ ရုပ်ရှင်ဒါရိုက်တာ ဦးသုခအမှတ်တရ ကျောက်ရုပ်ကျောက်တိုင်ဖွင့်ပွဲကိုလည်း ပူးတွဲကျင်းပပြုလုပ်ခဲ့သည်။

ထို့အပြင် အဆိုပါအသင်း၏ နှစ်ပတ်လည် အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပြီး သုခကုသိုလ်ဖြစ်ဆေးခန်း၊ မျက်စိခွဲစိတ်ခန်းအတွက် အလှူငွေ အမေရိကန်ဒေါ်လာတစ်သောင်းခွဲ လှူဒါန်းခဲ့ကြောင်း သိရသည်။ နာရေးကူညီမှုအသင်း (ရန်ကုန်) ၏ ယနေ့ပြုလုပ်သည့် အသင်း ဆယ်နှစ်ပြည့်ပွဲတွင် တရားဝင်ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ လှူဒါန်းမှုပမာဏသည် သုခကုသိုလ်ဖြစ်ဆေးခန်းတည်ထောင်ချိန်မှယနေ့လက်ရှိအချိန်ထိ ရရှိသည့်အလှူငွေများတွင် အများဆုံးဖြစ်လာကြောင်းလည်း သိရသည်။

ယခုကဲ့သို့ မျက်စိရောဂါဝေဒနာလူနာရှင်များအတွက် တည်ဆောက်မည့် မျက်စိခွဲစိတ်ခန်းအတွက် ရရှိလိုက်သည့် အလှူငွေကြောင့် လာရောက်ကုသသူများအနေဖြင့် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကဆက်လက်ပြောသည်။

သုခကုသိုလ်ဖြစ်ဆေးခန်းသည်ပြီးခဲ့သည့် ၂၀၀၇ခုနှစ်၊မတ်လ ၂ ရက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ကွယ်လွန်သွားပြီဖြစ်သည့် ရုပ်ရှင်နှင့် ဒါရိုက်တာဦးသုခ စတင်တည်ထောင်ခဲ့သော နာရေးကူညီမှုအသင်း(ရန်ကုန်)၏ အသွင်မတူသည့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကိုပေးနေသော အစိုးရ၏တရားဝင်ခွင့်ပြုချက်ရလူမှုရေး လုပ်ငန်းတစ်ခု ဖြစ်သည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်နေသည့် ဒေါ်အောင်ဆန်းစုကြည်နှင့်ဒေါ်မြင့်မြင့်ခင်ဖေ။**

ယခုလက်ရှိအချိန်တွင်နာရေးကူ ညီမှုအသင်း (ရန်ကုန်)သည် နိဗ္ဗာန်ယာဉ်တစ်ဆယ့်ရှစ်စီးဖြင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည်။

အသင်းစတင်တည်ထောင်ချိန်မှ ယခုလက်ရှိအချိန်အထိ နာရေးကူညီမှုပေါင်း တစ်သိန်းကျော်ကို အကူအညီပေးပြီးဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.6 · APRIL 28, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နွေရာသီတွင် ဆည်ရေမလျှံရန် ရေလွှတ်ခဲ့ခြင်းကြောင့် စိုက်ခင်းများရေလွှမ်း

**အားမာန်၊ မျိုးမင်းဦး**

**မုံရွာ၊ ဧပြီ – ၁၀**

ဆည်တစ်ခုမှ နွေရာသီတွင် ဆည်ရေလျှံမှုမဖြစ်စေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆည်ရေလွှတ်ခဲ့သဖြင့် အဆိုပါဆည်အောက်ပိုင်းရှိ ကျေးရွာ ၄၀ ကျော်မှ လယ်ယာမြေကေပေါင်းများစွာရေလွှမ်းခြင်းခံခဲ့ရပြီး စိုက်ပျိုးထားသော သီးနှံခင်းများ ပျက်စီးခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း ကိုယ်တွေ့ကြုံခဲ့ရသော တောင်သူများကပြောသည်။





မြောက်ယမားဆည်နှင့်ရေလွှမ်းသွားသည့်အတွက် ပျက်စီးသွားရသည့် ကြက်သွန်နီခင်းများအား တောင်သူတစ်ဦးကပြသနေစဉ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားဆည်(ဒေသအခေါ် ချဉ်ပစ်ဆည်)တွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများက ဧပြီလ ၅ရက်တွင် ဆည်ရေလျှံမှုမဖြစ်စေရန် ကြိုတင်ကာကွယ်သည့် အနေဖြင့် မြောက်ယမားဆည်၏ ရေကူရေလှောင်တမံမှ ဆည်ရေလွှတ်၍ ရေလျှော့ချခဲ့ခြင်းဖြစ်သည်။ အဆိုပါဆည်ရေလွှတ်မှုကြောင့် ဆည်အောက်ပိုင်းရှိယမားချောင်းဘေးဝဲ၊ယာမှ လယ်ယာမြေများစွာ ရေလွှမ်းခဲ့ပြီး စိုက်ပျိုးထားသော ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ်၊ အာလူး၊ ပဲလွန်း စသော သီးနှံစိုက်ခင်းပေါင်းများစွာ ရေလွှမ်းမိုးပျက်စီးခဲ့သည်။

"ဆည်ရေလွှမ်းတဲ့ရက်က မိုးမရွာဘူး။ ဆည်အောက်ပိုင်း ယမားချောင်းဘေးဝဲ၊ ယာမှာရှိတဲ့ သီးနှံတွေ အကုန်ပျက်စီးတယ်။ ရေလွှမ်းတဲ့ဧရိယာက ဆည်အောက်ပိုင်းကနေ ယမားချောင်း တစ်လျှောက် မိုင် ၃၀ လောက်ထိရှိတယ်"ဟု ကြက်သွန်နီနှင့်ကြက်သွန်ဖြူစိုက်ခင်းများ ပျက်စီးခဲ့သည့် တောင်သူများထဲတွင်ပါဝင်သော ဆင်တဲရွာမှ တောင်သူဦးစံရင်ကပြောသည်။

"ရေလွှမ်းလို့ပျက်စီးဆုံးရှုံးမှုကများတယ်။ အားလုံးပေါင်းရင် သိန်း(ကျပ်သိန်း)ထောင်ချီလိမ့်မယ်ထင်တယ်။ တောင်သူတွေက မရှိမဲ့ ရှိမဲ့နဲ့လုပ်ကြတာ။ တချို့တွေဆို ငွေချေးပြီးလုပ်ကြတာ"ဟု ဦးစံရင်ကပြောသည်။

ကြက်သွန်နီစိုက်ခင်းများမှာ သင်္ကြန်အပြီးတွင် ဖော်ယူရတော့မည်ဖြစ်ပြီး မဖော်ခင် ရက်ပိုင်းအလိုရေဝင်ပျက်စီးကုန်ခြင်းကြောင့် ဒေသခံအများစု မချင့်မရဲဖြစ်နေကြသည်။ ကြက်သွန်နီကဲ့သို့ပင် အခြားစိုက်ခင်းအများစုမှာလည်း လူကြီးဒူးဆစ်အကျော် ပေါင်ရောက်သည်ထိ လွှမ်းခဲ့သောရေကြောင့် ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း တောင်သူများကပြောသည်။

"မြောက်ယမားချောင်းရေ ရုတ်တရက် စီးဆင်းလာတဲ့အတွက် စိုက်ခင်းတွေသိမ်းချိန်မရလို့ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနဲ့ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေ ရေနစ်ပျက်စီးကုန်တယ်။ ဧပြီ ၄ရက်ကနေ ဧပြီ၈ရက်အထိ ချောင်းရေကျတဲ့အတွက် ချောင်းရေထဲမှာ ရသလောက်ပြန်ရအောင် တောင်သူတွေ ရေထဲဆင်းကြသူတွေရှိတယ်။ ကြက်သွန်ဖြူစိုက်ခင်းတွေကဖော်ဖို့ ၁၀ရက် ၁၅ရက်ဝန်းကျင်လိုတော့တာဆိုတော့ ရေထဲက ကြက်သွန်ဖြူတွေချက်ချင်းဖော်ချက်ချင်းဈေးကွက်ရောင်းသူတွေလည်းရှိတယ်။ ကြက်သွန်နီနဲ့ အာလူးတွေကတော့ ရေနစ်ချိန်ကြာတော့ ပုပ်ကုန်ပြီ"ဟု ပုလဲမြို့နယ် ရွာနောင်ကျေးရွာမှ ကိုမင်းမင်းကပြောသည်။

သို့သော် ကြက်သွန်ဖြူစိုက်ပျိုးထားသော တောင်သူအချို့မှာ စိုက်ခင်းများ ရေလွှမ်းပြီးနောက် အမြန်ဥဖော်၍ ရေစိုကြက်သွန်ဖြူများ ဈေးကွက်သို့ နေလှမ်းရောင်းချနိုင်ခဲ့သဖြင့် ဆုံးရှုံးမှုနည်းခဲ့ကြောင်း ၎င်းတို့က ဆက်ပြောသည်။ ကြက်သွန်ဖြူအဝယ်ဒိုင်များကလည်း နောက်ပိုင်းတွင် ဖြစ်စဉ်ကိုသိသွား၍ ထိုဒေသထွက် ကြက်သွန်ဖြူများ အဝယ်ရပ်ထားကြသည်။

"ဘိုးစဉ်ဘောင်ဆက်လုပ်ကြတာ။ ဒီလို တစ်ခါမှမကြုံဖူးဘူး"ဟု ရေလွှမ်း၍ သီးနှံများပျက်စီးခဲ့သော ဒေသခံတစ်ဦးက ၎င်းတောင်သူလုပ်သည့် သက်တမ်းတစ်လျှောက် နွေရာသီတွင် ယခုကဲ့သို့ ဆည်ရေလွှတ်၍ ရေလွှမ်းခြင်းမကြုံဖူးကြောင်းကို ပြောသည်။ အဆိုပါဒေသတွင် ဆည်အောက်ပိုင်း ချောင်းဘေး ဝဲ၊ ယာ တစ်လျှောက်တွင် သဲနုန်းမြေပေါ်တွင် နောက်ချေး၊ မြေဆွေးနှင့် မြေဩဇာများ ထည့်သွင်းကာ နွေရာသီတွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ပဲလွန်း စသော သီးနှံများ စိုက်ပျိုးကြခြင်းဖြစ်သည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

CRIME CORNER

## သင်္ကြန်တွင်း ယာဉ်တိုက်မှု ၆၄ မှု ဖြစ်ပွားကာ ၁၀ ဦးသေဆုံး

သဇင်ထွေး၊အိမ့်ဖြူလွင်

ရန်ကုန် - ဧပြီ - ၁၈

နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ရက်တွင် ယာဉ်တိုက်မှု ၆၄ မှု ဖြစ်ပွားကာ ဒဏ်ရာရသူဦးရေများပြားကြောင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှထုတ်ပြန်ချက်အရသိရသည်။

ယခုနှစ်၏ယာဉ်တိုက်မှုမှာရေပက်ကစားရာမှဖြစ်ပွားသော ယာဉ်တိုက်မှုနည်းပြီးသင်္ကြန်ရက်အတွင်း ရိုးရိုးယာဉ်တိုင်မှုသာ များကြောင်းသိရသည်။

သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ ယာဉ်တိုက်မှု ၆၄မှုဖြစ်ပွားခဲ့သည့်အနက် သင်္ကြန်ရက်အတွင်းယာဉ် မတော်တဆမှု၃၂ မှုဖြစ်ပွားပြီး ဒဏ်ရာရသူ ၆၉ဦး၊ သေဆုံးသူ ငါးဦး၊ ရေပက်ကစားရာမှဖြစ်ပွားသောယာဉ်တိုက်မှုခြောက်မှုဖြစ်ပွားကာ ဒဏ်ရာရသူ ၁၄ ဦး၊ သေဆုံးသူ ၃ဦးနှင့် ရိုးရိုးယာဉ်တိုက်မှု ၂၆ မှု တွင် ဒဏ်ရာရသူ ၅၅ ဦးရှိပြီး သေဆုံးသူနှစ်ဦးရှိကြောင်း သတင်း ရရှိသည်။

၂၀၁၀ပြည့်နှစ်တွင်သင်္ကြန်ကာလယာဉ်တိုက်မှု၄၂မှုဖြစ်ပွားခဲ့ကာဒဏ်ရာရသူ ၆၆ဦးရှိပြီး သေဆုံးသူ ၁၀ဦးရှိကြောင်း ယခုနှစ်တွင်ဒဏ်ရာရသူဦးရေမှာ ၁၃၈ဦးရှိသောကြောင့် ဒဏ်ရာရသူဦးရေများပြားခဲ့ကြောင်း သိရသည်။

ယခုနှစ်ယာဉ်တိုက်မှုများတွင် မြို့တွင်းထက် မြို့ပြင်များ၌ ပိုများကြောင်းထုတ်ပြန်ချက် အရသိရသည်။

ယာဉ်တိုက်မှုအများဆုံးဖြစ် သောမြို့နယ်များမှာ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ဗဟန်း၊ ဒဂုံတောင်၊ အင်းစိန်၊ ကမာရွတ်နှင့် မရမ်းကုန်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

## ဘရိတ်ပေါက်ပြီး တိမ်းမှောက်နေသော ကားအား ကူညီရန်သွားသည့်ကား အလားတူဖြစ်ပွား

ကျော်ဇေယျ

နေပြည်တော်၊ ဧပြီ - ၁၇

ယာဉ်ဘရိတ်ပေါက်တိမ်းမှောက်၍ ယာဉ်ပေါ်ပါလူတစ်ဦး သေဆုံးပြီး အယောက် ၅၀ဒဏ်ရာ ရရှိသောကြောင့် အကူအညီပေးရန် သွားရောက်သည့်ကားပါထပ်မံတိမ်းမှောက်သဖြင့် ယာဉ်မောင်း အပါအဝင် လူ(၃)ဦး ဒဏ်ရာရရှိခဲ့သော ဖြစ်စဉ်တစ်ခု သင်္ကြန်အကျနေ့(ဧပြီ ၁၄ ရက်) နံနက်ပိုင်း က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

သင်္ကြန်အကျနေ့နံနက်(၈း ၁၅)ခန့်က နေပြည်တော်ပျဉ်းမနားရဲစခန်းအပိုင်နယ်မြေဖြစ်သော ဆိတ်ဖူးတောင်ရွာအနီး တောင်စဉ်အေးနှင့်အထက်ပေါင်းလောင်းသို့သွားသော မဟာဇမ္ဗူဟာလမ်းပေါ်တွင်(၁၀)ဘီးယာဉ်ကားတစ်စီးမှာဘရိတ်ပေါက်ကာ တိမ်းမှောက်၍ ယာဉ်ပေါ်ပါ ခရီးသည် ၅၀ဦးမှာ ဒဏ်ရာအသီးသီး ရရှိပြီး တစ်ဦးသေဆုံးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နောက်မှ ကားတစ်စီးက ထိုသို့ ယာဉ်တိမ်း မှောက်မှုသတင်းအရ သွားရောက်ကူညီရန် ဒဏ်ရာရရှိသူများ သယ်ယူပို့ဆောင်ပေးရန်အသွားအခင်းဖြစ်ရပ်နေရာအရောက် ကူညီပေးရန်သွားသော ကားသည် ကားအားပြန်ကွေ့စဉ် ထို ကားလည်း ဘရိတ်ပေါက်၍ ထပ်မံတိမ်းမှောက်သဖြင့် ကားပေါ်ပါယာဉ်မောင်းအပါအဖြင် လူ ၃ ဦး ထပ်မံဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လူ ၅၀ဦးဒဏ်ရာရရှိပြီး လူ ၁ဦးသေဆုံးစေသောယာဉ်မောင်း ကို. . . ၂၆ နှစ်အား နေပြည်တော်ပျဉ်းမနား ရဲစခန်း(ပ)၂၂၄/ ၂၀၁၁ ဥပဒေပုဒ်မ ၃၀၄(က)/ ၃၃၈ အရလည်းကောင်း၊ ယာဉ်မောင်းကို. . (၃၄)နှစ်အား နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ) ၂၂၅/ ၂၀၁၁ ဥပဒေပုဒ်မ ၃၃၇ အရလည်းကောင်း အမှုဖွင့်အရေး ယူထားသည်။

# မြို့ပြနေအမျိုးသားများတွင် တီဘီဖြစ်ပွားမှုနှစ်ဆခန့်မြင့်တက်



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

မြန်မာနိုင်ငံတွင် အများပြည်သူအကြား ဆေးလိပ်သောက်သုံးမှုဆိုင်ရာဥပဒေများ ကျင့်သုံးမှုအားနည်းနေသေးသည်။

ရန်ကုန်၊ ဧပြီ - ၂၂

တီဘီရောဂါဖြစ်ပွားရာတွင် မြို့ပြနေအမျိုးသားများမှာ အများဆုံးဖြစ်ပွားသည့်အနေအထားရှိပြီး နှစ် ဆခန့်မြင့်တက်လာကာ ကျေးလက် တောရွာနေသူများကဲ့သို့ပင် ရောဂါဖြစ်နှုန်း များပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတီဘီရောဂါဖြစ်ပွားသူမှာ လူဦးရေတစ်သိန်းလျှင် ၅၉၇ ယောက်ရှိပြီး၊ ၂၀၀၉ ခုနှစ်စစ်တမ်းအရလူဦးရေ ၅၃ သန်းတွင်တီဘီဖြစ်ပွားသူ ၃ သိန်းခန့်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံသည်ကမ္ဘာ့တီဘီရောဂါအဖြစ်များဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး လူအများစုမှာတီဘီရောဂါလက္ခဏာများကို ဂရုပြုခြင်းမရှိဘဲ ကုသမှုလည်းမပြုလုပ်ကြဟုသိရသည်။ တီဘီရောဂါကိုဆေးပတ်လည်အောင်မသောက်သုံးပါက ဆေးယဉ်ပါးမှုကြုံတွေ့နိုင်သည်ကို သိရှိသူနည်းပါးပြီး ရောဂါသက်သာစဉ် ဆေးကိုရပ်ပစ်လေ့ရှိကာ ရောဂါပြန်ဆိုးဝါးမှ ကုသကြသဖြင့် ကုသရန်ခက်ခဲသည့်အနေအထားနှင့်ကြုံတွေ့ရသည်ဟုသိရသည်။

တီဘီရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကချမှတ်ထားသည့် DOTS ကုထုံးဖြင့်ဆောင်ရွက်လျက်ရှိပြီး အစောပိုင်းစစ်တမ်းများအရမြန်မာနိုင်ငံတွင်ကုသရန်ခက်ခဲသည့် တီဘီဖြစ်ပွားမှုမှာ ၉၀၀၀ ခန့်ရှိပြီး ယခုနှစ်အတွင်း စစ်တမ်းထပ်မံကောက်ယူမည်ဟု သိရသည်။

တီဘီရောဂါရှိသူချောင်းဆိုး၊ နှာချေရာမှ တီဘီပိုးများလေထဲပြန့်လွင့်ခြင်း၊ တိုက်ရိုက်ပြောဆိုထိတွေ့ခြင်း၊ လူနာ၏အသုံးအဆောင် ပစ္စည်းများကို တိုက်ရိုက်ထိတွေ့ခြင်းမှကူးစက်နိုင်သည်။ အာဟာရ ချို့တဲ့၍ကိုယ်ခန္ဓာကိုယ်ခုခံအား ယုတ်လျော့နေခြင်း၊ ရောဂါရှိသူနှင့်နီးကပ်စွာနေထိုင်ခြင်း၊ တစ်အိမ်တည်း လူနာများ ပြွတ်သိပ်စွာနေထိုင်ခြင်း၊ အရက်နှင့် ဆေးလိပ်စွဲမြဲစွာသောက်သုံးခြင်းတို့သည် တီဘီရောဂါလွယ်ကူစွာ ဖြစ်ပေါ်ကူးစက်နိုင်သည့် အခြေအနေများပင်ဖြစ်သည်။

# မြေငလျင်ဒဏ် အဆိုးဝါးဆုံးခံစားခဲ့ရသော ကျေးရွာကို နေရာသစ်သို့ပြောင်း

အားမာန်

ရန်ကုန်၊ ဧပြီ - ၁၄

ပြင်းအား ရစ်ချ်တာစကေး ၇ အင်အားရှိ မြေငလျင်ဒဏ်ကိုဆိုးရွားစွာခံစားခဲ့ရသော မြို့ရွာများထဲမှ ကျကူနီကျေးရွာကို နေရာသစ်သို့ ပြောင်းရွှေ့ရွာသစ်တည်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ကျကူနီကျေးရွာအား နေရာသစ်သို့ ပြောင်းရွှေ့ရွာသစ်တည်ခြင်းမှာ ကျေးရွာလူထု၏ လိုလားချက်အရဖြစ်ကြောင်း ဧပြီ ၁၄ ရက်ထုတ်နိုင်ငံပိုင် သတင်းစာတွင် ဖော်ပြထားသည်။ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်ခွဲအောက်ရှိ ကျကူနီကျေးရွာမှာ မတ်လ ၂၄ ရက်ည ၈ နာရီကျော်တွင် လှုပ်ခတ်ခဲ့သောငလျင်ဒဏ်ကို အဆိုးဆုံးခံစားခဲ့ရသော မြို့ရွာများ၌ ပါဝင်သည်။ တောင်ပေါ်ကျေးရွာ တစ်ခုဖြစ်သော ကျကူနီကျေးရွာတွင် ရွာရှိခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်းထဲမှာပင် ကျောင်းပြို၍ လူ ၂၂ ဦးသေဆုံးခဲ့ပြီး တစ်ရွာလုံးတွင် သေဆုံးသူပေါင်း စုစုပေါင်း ၃၀ ဦးဝန်းကျင်ရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။



ဓာတ်ပုံ - အားမာန်

တာချီလိတ်ငလျင်မြင်ကွင်းတစ်နေရာ။

ငလျင်ဒဏ်ဆိုးရွားစွာခံစားခဲ့ရသော အဆိုပါကျေးရွာဟောင်းနေရာတွင် ငလျင်ဒဏ်ကြောင့် ရွာအတွင်း မြေအက်ကြောင်းများစွာဖြစ်ပေါ်နေသည်။ အဆိုပါကျေးရွာကို ရွာသစ်တည်ရန်မြေကွက်များစနစ်တကျချပေးရန်၊ စာသင်ကျောင်း၊ ကစားကွင်း၊ ဘုရားရှိခိုးကျောင်း၊ အများပြည်သူသုံးမြေကွက်စသည်တို့ကို စနစ်တကျ အကွက်ချပေးရန် မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနက စနစ်တကျအကွက်ချနိုင်ရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့်အစိုးရတာဝန်ရှိသူများက ဧပြီလ ၆ ရက်မှ ၉ ရက်အထိ ငလျင်သင့်ဒေသို့သွားရောက်ကြည့်ရှုစီမံပေးခဲ့ကြောင်း ဧပြီ ၁၄ ရက်ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားသည်။ အဆိုပါကျကူနီရွာသစ်တည်ဆောက်ရေးကို စတင်နေပြီဖြစ်သည်။

မတ်လ ၂၄ ရက်ည ၈ နာရီခွဲတွင် လှုပ်ခတ်ခဲ့သော အဆိုပါငလျင်ကြောင့် လူ ၇၃ ဦးသေဆုံးပြီး ၁၂၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း မတ်လ ၂၆ ရက်တွင် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြခဲ့သည်။ သို့သော်သေဆုံးသူနှင့်ဒဏ်ရာရရှိသူများ၏ နောက်ဆုံးစာရင်းကိုမူ ဆက်လက်ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ ဒေသခံများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသော အင်န်ဂျီအိုများမှ တာဝန်ရှိသူများ၏ အဆိုအရ ငလျင်ဒဏ်ကြောင့် သေဆုံးသူနှင့် ဒဏ်ရာရသူစာရင်းမှာ တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများထက် ပိုကြောင်းပြောသည်။

ကျကူနီရွာ၊ မိုင်းလင်းကျေးရွာအုပ်စုနှင့် တာလေမြို့နယ်ခွဲတို့မှာမြေငလျင်ဒဏ်ကို အခြားကျေးရွာနှင့် မြို့များထက် အဆိုးဆုံးခံခဲ့ရသည်။

# ဧရာဝတီတိုင်းဒေသကြီး ဆားထုတ်လုပ်မှု သုံးပုံတစ်ပုံခန့်လျော့ကျနိုင်

အောင်သူရ

ရန်ကုန်၊ ဧပြီ - ၂၀

ဧရာဝတီတိုင်းဒေသကြီးတွင် အဓိကထုတ်လုပ်သော နေလှန်းဆားမှာ ရာသီဥတုဖောက်ပြန်မှုနှင့်ကြုံတွေ့ခဲ့ရသဖြင့် ပုံမှန်နှစ်များထက် သုံးပုံတစ်ပုံခန့် သာ ထွက်ရှိနိုင်ကြောင်းသတင်းရရှိသည်။

"နှစ်စဉ် ၃ လပိုင်းနဲ့ ၄ လပိုင်းမှာ ၅၀ ရာခိုင်နှုန်းလောက်ထွက်လေ့ရှိတယ်။ ဒါပေမဲ့ ဒီနှစ်အဲဒီ့လတွေမှာ ခပ်ပါးပါးပဲ ကျုံးနိုင်တယ်။ မေလမှာတော့ ၁၀ရာခိုင်နှုန်းလောက်ပဲကျုံးရတော့မယ်"ဟု သက္ကယ်သောင်ဒေသခံ လုပ်ငန်းရှင်တစ်ဦး ကပြောသည်။

ယခုနှစ်နိုဝင်ဘာမှစ၍ လာနီညာရာသီဥတုနှင့် ကြုံတွေ့ခဲ့ရပြီး မတ်လတွင်း မိုးရွာသွန်းခဲ့ခြင်း၊ မိုးအုံ့ခြင်းနှင့် ဧပြီလဆန်းတွင် မိုးရွာသွန်းမှုများရှိခဲ့သဖြင့် ဆားကျုံးခြင်းအား ရပ်နားထားခဲ့ကြသည်။

သို့သော် အယ်လ်နီညိုဖြစ်ခဲ့သော ယခင်နှစ်ကမူ ရာသီဥတုပူပြင်းသဖြင့် ဆားအထွက်နှုန်းမှာ ပုံမှန်ထက် နှစ်ဆနီးပါးပိုထွက်ခဲ့သည်။ ယခုရက်ပိုင်းတွင် ဆားတစ်ပိဿာဈေးနှုန်းမှာ ၄၀ကျပ်ခန့်ရှိပြီး အရောင်းအဝယ် အေးနေကြောင်းသိရသည်။


TRI
LIVES BRILLIANTLY
New arrivals


Giorenzo
COLLECTION
Men's & Ladies' Wears
RAIN COAT
AND BAG COLLECTION

7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

## အလည်အပတ်ဗီဇာဖြင့် မလေးရှားတွင် အလုပ်လုပ်ရန် ဝင်ခဲ့သည့် မြန်မာလုပ်သား ကိုးဦး လေဆိပ်မှ ပြန်ပို့ခံရ

အောင်သူရ

**ရန်ကုန်၊ ဧပြီ - ၂၂**
မလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် အလည်အပတ် ပြည်ဝင်ခွင့်ဗီဇာဖြင့် သွားရောက်ခဲ့သော မြန်မာလုပ်သားကိုးဦးအား မလေးရှားလေဆိပ်က ပြည်ဝင်ခွင့်မပြုဘဲ မြန်မာနိုင်ငံသို့ ဧပြီ ၂၂ ရက်ညနေ MAI လေကြောင်းဖြင့် ပြန်ပို့လိုက်ကြောင်း သတင်းရရှိသည်။

"ဗီဇာတော့ပါတယ်။ Show Money မပါဘူး။ လေဆိပ်အချုပ်ထဲ တစ်ညထားပြီး ပြန်ပို့လိုက်တာ" ဟု လေဆိပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြန်ပို့ခံရသူကိုးဦးတွင် အမျိုးသမီးတစ်ဦးပါဝင်ပြီး ၎င်းတို့ကို အကျိုးဆောင်ကုမ္ပဏီတစ်ခုက စေလွှတ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

"ဒီလိုမျိုး ပြန်ပို့ခံရတဲ့ လူဆိုရင် ဟိုဘက်လူဝင်မှုကြီးကြပ်ရေးက နာမည်ပျက် (Black List)စာရင်းထည့်လိုက်တာ၊ ဘယ်တော့မှ ဝင်လို့မရတော့ဘူး" ဟု အေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအား ပြည်ဝင်ခွင့်ဗီဇာအတုပြုလုပ်၍ စေလွှတ်ခြင်းအား တွေ့ရှိပြီးနောက် မလေးရှားနိုင်ငံ လေဆိပ်မှ စစ်ဆေးမှုများပြုလုပ်လာခဲ့ရာ အလည်အပတ် ပြည်ဝင်ခွင့်ဖြင့် အလုပ်လုပ်ကိုင်သွားရာက်သူအချို့မှာ အထောက်အထားမစုံလင်သဖြင့် မလေးရှားလေဆိပ်မှ ပြန်ပို့ပေး ခြင်းများ ရှိခဲ့သည်။

မတ်လဒုတိယအပတ်မှစ၍ မလေးရှားသံရုံးက တစ်နေ့လျှင် အလုပ်သမား ဗီဇာ ၂၀၀ ဦးအား ထုတ်ပေးသဖြင့် ဗီဇာရရှိရန် တစ်နေ့လျှင် လူ ၅၀၀ ခန့်သည် မလေးရှားသံရုံးရှေ့၌ မိုးမလင်းကပင် တန်းစီစောင့်ဆိုင်းနေကြရသည်။

## မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ဥရောပသမဂ(အီးယူ)လျှော့ချမည်

**ဘရပ်ဆဲလ်၊ ဧပြီ - ၁၂**
ဥရောပသမဂ္ဂ (အီးယူ)က မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို လျှော့ချပေးသွားရန်ရှိကြောင်း အီးယူမှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၁၂ ရက်က ပြောကြားခဲ့သည်။

ထို့အပြင် အသစ်ဖွဲ့စည်းလိုက်သော အစိုးရအဖွဲ့သစ်မှ အရပ်ဘက် အစိုးရဝန်ကြီးများကိုလည်း ဥရောပနိုင်ငံများသို့ ပြည်ဝင်ခွင့်ပိတ်ထားမှုကိုလည်း လျှော့ချဖယ်ရှားပေးသွားရန် ရှိကြောင်း အီးယူမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ အစိုးရအဖွဲ့သစ်မှ နိုင်ငံခြားရေးဝန်ကြီးအပါအဝင်ဝန်ကြီး လေးဦးနှင့် ဒုဝန်ကြီးရှစ်ဦးတို့အပေါ်တွင် ပိတ်ဆို့ထားသော ခရီးသွားလာခွင့်နှင့် ငွေကြေးဆိုင်ရာ ပိတ်ဆို့အရေးယူထားမှုများကိုပါ ဖယ်ရှားသွားရန် အီးယူအနေဖြင့် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယခင်ကပိတ်ဆို့ထားခဲ့သော အဆင့်မြင့်အီးယူအရာရှိများ မြန်မာနိုင်ငံသို့ ခရီးသွားလာခွင့်ကို တစ်ပါတည်း ဖယ်ရှားပေးသွားမည်ဖြစ်ကြောင်းလည်း ဥရောပသမဂ္ဂ(အီးယူ)က ထုတ်ပြန်သည်။ သို့သော် ဥရောပသမဂ္ဂ (အီးယူ) အနေဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများကိုမူ ဆက်လက်ထားရှိနေဆဲဖြစ်သည်။

—Ref: RTT News

## တရုတ်-မြန်မာ နယ်စပ်အရောင်းအဝယ်အေးကာ ပို့ကုန်များ ဈေးကျနေ

ပြည့်သိမ်း

**ရန်ကုန်၊ ဧပြီ - ၂၃**
တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် သင်္ကြန်ပွဲတော်နောက်ပိုင်းရက်များ၌ အရောင်းအဝယ်အေးနေပြီး ကုန်စည်ဝင်ရောက်မှုများလည်းကျဆင်းနေကြောင်း မူဆယ်(၁၀၅)မိုင်ရှိ လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။



တရုတ်နိုင်ငံမှကုန်သည်များက ကုန်စည်အချို့ကို ဈေးနှုန်းများလျှော့ချလိုသဖြင့် ဝယ်လိုအားများလျှော့ချထားခြင်းနှင့် တရုတ်ယွမ်ငွေတန်ဖိုးကျဆင်းလာခြင်းတို့ကြောင့် ယခုကဲ့သို့ တင်ပို့မှုများလျော့နည်းရခြင်းဖြစ်ကြောင်း တရုတ်-မြန်မာနယ်စပ်မှတစ်ဆင့် ကုန်စည်များ တင်ပို့နေသည့် မန္တလေးမြို့မှ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"ဒီရက်ပိုင်းမှာ ကားခတွေကတော့ ပုံမှန်ပဲ။ လိုင်စင်တွေကို ထိန်းထိမ်းသိမ်းသိမ်းနဲ့ ချပေးနေတယ်။ သင်္ကြန်မတိုင်ခင် ရက်တွေနဲ့ဆို သုံးရက်ပိုင်းမှာ ထက်ဝက်လောက် အရောင်းအဝယ်အေးနေတယ်" ဟု မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ယခုရက်ပိုင်းတွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ဝင်ရောက်လာသည့် ကားများတွင် ဖရဲကားများ တစ်ရက်လျှင် ၃၀ မှ ၅၀ စီးကြားသာ ဝင်ရောက်သည်။ ယင်းပမာဏက သင်္ကြန်မတိုင်ခင် အခြေအနေနှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်းခန့်သာရှိသည်။ သင်္ကြန်မတိုင်ခင်က တစ်ရက်လျှင် ကားအစီးရေ ၁၅၀ မှ ၂၀၀ ကြား ဝင်ရောက်ခဲ့သည်။

ယခုရက်ပိုင်းအတွင်း တရုတ်-မြန်မာ ငွေလဲနှုန်းမှာလည်း မြန်မာ့ ပို့ကုန်လုပ်ငန်းရှင်များကို အကျပ်အတည်း တွေ့စေသည်။ တရုတ်-မြန်မာငွေလဲနှုန်းသည် သင်္ကြန် ရက် များမတိုင်ခင် မြန်မာငွေကျပ် ၁၀၀၀ ကို တရုတ်ယွမ်ငွေ ၇ ဒသမ ၂ မှ ၇ ဒသမ ၃ ကြားရှိသော်လည်း ယခုရက်ပိုင်းတွင် ၇ ဒသမ ၈ ယွမ်ထိ ဈေးကျလာကြောင်းလည်း စုံစမ်းသိရသည်။

## မျက်နှာဖုံး ဒီကေဘီအေအဖွဲ့က လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ကျပ်သိန်း၃ ၀၀၀ထပ်ချေးရန် ကမ်းလှမ်း မှ

"အတိုးက အရမ်းသက်သာတော့ နောက်ထပ်ကျပ်သိန်း ၃,၀၀၀ လောက်ကို ကမ်းလှမ်းလာတယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်လသာဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

DKBA အဖွဲ့သည် နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းကို လက်ခံခဲ့ပြီးအင်အားကြီးမားသည့် လက်နက်ကိုင်အဖွဲ့ အစည်းတစ်ခုဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများတွင် နှစ်စဉ် ချေးငွေ၊ ဖွံ့ဖြိုးရေးချေးငွေ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးချေးငွေ၊ အထူး စီမံချက်ချေးငွေ၊ အထူးချေးငွေဟူ၍ ခွဲခြားထားသည်။

ယင်းတို့ထဲတွင် နှစ်စဉ်ချေးငွေနှင့် ဖွံ့ဖြိုးရေးချေးငွေများသည် တစ်နှစ်ပြီးတစ်နှစ် တိုးမြင့်လာပြီး ၂၀၀၉-၁၀ ခုနှစ်က ကျပ်သန်းပေါင်း ၉၃,၄၈၉ သန်း လျာထားခဲ့ကြောင်း၊ ၂၀၁၀-၁၁ ခုနှစ်တွင် ချေးငွေလျာထားမှုသည် ကျပ်သန်းပေါင်း ၁၉၀,၉၃၄ သန်းထိ လျာထားကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

## သင်္ကြန် ၄ ရက်အတွင်း မီးလောင်မှု ၃ ကြိမ်ဖြစ်ပွား

အိဖြူလွင်၊ သိမ့်သိမ့်စိုး

**ရန်ကုန်၊ ဧပြီ - ၂၃**
သင်္ကြန်အကြိုနေ့မှ အတက်နေ့ထိ ၄ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် မီးလောင်မှု ၃ မှု ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

ယခုလ ၁၃ ရက် မဟာသင်္ကြန်အကြိုနေ့တွင် လှိုင်မြို့နယ် ၁၁ ရပ်ကွက်၌ မီးလောင်မှု ၁ မှု၊ မဟာသင်္ကြန် အကြတ်နေ့ ၁၅ ရက် ကြည့်မြင်တိုင်မြို့နယ်၌ မီးလောင်မှု ၁ မှုနှင့် ရွှေပြည်သာမြို့နယ်၌ မီးလောင်မှု ၁ မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

လှိုင်မြို့နယ် ၁၁ ရပ်ကွက် ဓမ္မာရုံလမ်းတွင် ဖြစ်ပွားခဲ့သော မီး လောင်မှုသည် လမ်းဘေးကွမ်းယာလှည်းပေါ်တွင် ခြင်ဆေးခွေထွန်းထားရာမှ စတင်လောင်ခဲ့ခြင်းဖြစ်ပြီး အနီးရှိလူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

၁၅ ရက်၌ ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက်-အနောက်ရပ်ကွက်တွင်လည်း မီးလောင်မှု တစ်မှုဖြစ်ပွားခဲ့ရာ မီးစတင်လောင်ကျွမ်းသော အိမ်မှာ သွပ်မိုး၊ အုတ်ညှပ် ၂ ထပ်အိမ်ဖြစ်ပြီး သိုလှောင်ခန်းတွင် ငါးထည့်သည့် ပလတ်စတစ်ကတ်ပုံးများအနီး ၄ ပေမီးချောင်းထွန်းထားရာမှ အပူလွန်ကဲ၍ စတင်လောင် ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ သင်္ကြန်အတက်နေ့တွင်ရွှေပြည်သာမြို့နယ်၌ဖြစ်ပွားခဲ့သော မီးလောင်မှုသည်လည်း ခြင်ဆေးခွေထွန်းထားရာမှ စတင်လောင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။



# သင်္ကြန်မဏ္ဍပ်လုံခြုံရေးကင်မရာများမှ အချက်အလက်ပုံရိပ်များ ပျံ့နှံ့သွားမည်ကို ရေကစားသူအချို့စိုးရိမ်နေ

ယုဇနကိုကို

ရန်ကုန်၊ဧပြီ-၂၁

ကျင်းပပြီးစီးခဲ့သည့် ယခုနှစ်မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွင်း ရေကစားမဏ္ဍပ်များ၌ အများပြည်သူလုံခြုံရေးအရ တပ်ဆင်ခဲ့သည့် စီစီတီဗီကင်မရာများတွင် ယဉ်ကျေးမှုနှင့်မကိုက်ညီခဲ့သည့် အချို့သော ရေကစားသူများအနေဖြင့် ၎င်းတို့၏ထိုကာလအတွင်းပုံရိပ်များ ပြင်ပသို့ထွက်ပေါ်လာမည်ကို စိုးရိမ်နေကြခြင်းများ ဖြစ်ပေါ်နေကြကြောင်း သတင်းရရှိသည်။



မဏ္ဍပ်ထိုင်သည့်လူငယ်များတွင် အထူးသဖြင့် အမျိုးသမီးငယ်များမှာ ယင်းတို့၏ ဝတ်စားဆင်ယင်မှုနှင့် ကခုန်နေသည့်ပုံရိပ်များအတွက် ပူပန်နေကြခြင်းဖြစ်သည်

မကြာသေးမီကမှ ပြီးဆုံးခဲ့သည့် သင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့အတွင်း တည်ဆောက်ခဲ့သည့် မဏ္ဍပ်များ၌ ရေကစားခဲ့ကြသူအများစုနှင့် မဏ္ဍပ်တာဝန်ခံအချို့၏အဆိုအရ ရေသဘင်ကာလတစ်လျှောက်လုံးတွင် မဏ္ဍပ်များနှင့် ယင်းတို့၏ အနီးအနားတစ်ဝိုက်ရှိပုံရိပ်များသည်သက်ဆိုင်ရာတာဝန်ရှိသူများက အများပြည်သူလုံခြုံရေးအရပြန်လည်ကြည့်ရှုစစ်ဆေးရန် သိမ်းဆည်းထားကြသည့် လုံခြုံရေးကင်မရာများအတွင်း ရှိနေခြင်းကြောင့် ယခုကဲ့သို့ စိုးရိမ်နေရခြင်းများဖြစ်ပေါ်နေကြခြင်းဖြစ်ကြောင်းသိရသည်။

"သူတို့တွေကတော့မလုံမခြုံဝတ်စားဆင်ယင်မှုနဲ့ အပြုအမူတွေအတွက် အပြင်ကိုပြန့်သွားမှာ စိုးရိမ်နေကြပေမယ့် သက်ဆိုင်ရာကလည်း အများလုံခြုံရေးအရ မဏ္ဍပ်တွေက သိမ်းသွားတာဆိုတော့ အပြင်ကို တော်ရုံတန်ရုံတော့မပြန့်လောက်ပါဘူး။ ဒါပေမဲ့ ဒီလိုပုံရိပ်တွေကို တာဝန်ရှိသူတွေအနေနဲ့ သိသွားခဲ့ရင်တော့ နောက်နှစ်တွေမှာ ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်ပြီး ပိုတင်းကျပ်လာနိုင်ပါတယ်။ အဲ့ဒီလိုဖြစ်လာရင်လည်း ပိုကောင်းလာမယ်လို့ထင်ပါတယ်" ဟု ရန်ကုန်မြို့အတွင်းတွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုကတည်ဆောက်ခဲ့သည့်ရေကစားမဏ္ဍပ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကသုံးသပ်ပြောကြားသည်။

သက်ဆိုင်ရာက အများပြည်သူ လုံခြုံရေးအတွက် စစ်ဆေးရန် သိမ်းဆည်းထားကြသည့် အဆိုပါစီစီတီဗီကင်မရာများထဲမှ ပုံရိပ်များသည် ပြင်ပသို့ပျံ့နှံ့ရောက်ရှိရန်မလွယ်ကူသော်လည်း အခြားသော ကိုယ်ပိုင်ကင်မရာများ၊ ဗီဒီယိုကင်မရာများဖြင့် ရိုက်ကူးကြသည့် ပုံရိပ်များမှာမူ ပြင်ပသို့ပျံ့နှံ့နိုင်ရန် ပိုမိုနီးစပ်ကြောင်း အထက်ပါပုဂ္ဂိုလ်များက သုံးသပ်ကြသည်။

ထို့အပြင် ရန်ကုန်မြို့တွင်းတည်ဆောက်ခဲ့သည့် ရေကစားမဏ္ဍပ်များတွင် တပ်ဆင်ခဲ့ကြသည့် လုံခြုံရေးကင်မရာများအား သက်ဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးမှုများပြုလုပ်ရန်အတွက် သိမ်းဆည်းထားခြင်းများ ပြုလုပ်ထားကြောင်းကိုလည်းသိရသည်။

ထိုကဲ့သို့ သက်ဆိုင်ရာတာဝန်ရှိသူများက သင်္ကြန်ပွဲတော်ကာလအတွင်း မဏ္ဍပ်များ၌ရေကစားသူများ၏ လုံခြုံရေးအတွက် တပ်ဆင်ထားခဲ့သော အဆိုပါလုံခြုံရေးကင်မရာများတွင် ပါဝင်သည့်အချက်အလက်များကို နေ့စဉ်ရေကစားပြီးသည့်အချိန်များတွင် ပုံမှန်သိမ်းဆည်းလေ့ရှိပြီး ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာလည်း ရိုးရာပွဲတော်လုံခြုံရေးအတွက် ပထမဆုံးအနေဖြင့် စိစစ်ဆောင်ရွက်ရသည့် ပုံစံတစ်ခုဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၀ မဟာသင်္ကြန်ပွဲတော် ကာလအတွင်းတွင် ရန်ကုန်မြို့၊ ကန်တော်ကြီးပတ်လမ်းပေါ်ရှိ $X_2O$ ရေကစားမဏ္ဍပ်တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုကြောင့် ယခုနှစ်ရေကစားပွဲတော်အချိန်အတွင်း တည်ဆောက်မည့် ရေကစားမဏ္ဍပ်တိုင်းတွင် လုံခြုံရေးကင်မရာများ တပ်ဆင်ရန် သက်ဆိုင်ရာက ညွှန်ကြားထားခြင်းဖြစ်ကြောင်းသိရသည်။




## လျှော်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆွေးနွေးပွဲ ကျင်းပမည်

အားမာန်

ရန်ကုန်၊ ဧပြီ - ၂၅

မြေငလျင်နှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ ပညာရှင်များ စာတမ်းဖတ်ကြားဆွေးနွေးမည့် မြန်မာနိုင်ငံ၏ ငလျင်ဘူမိဗေဒနှင့် ငလျင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆွေးနွေးပွဲကို လာမည့်မေလဆန်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရုံး၌ မေလ ၅ရက်နှင့် ၆ရက်တွင် ကျင်းပပြုလုပ်မည့် အဆိုပါဆွေးနွေးပွဲမှာ တတိယအကြိမ်မြောက်ဆွေးနွေးပွဲဖြစ်သည်။ မြန်မာနိုင်ငံမှ မြေငလျင်ပညာရှင်များအပြင် အမေရိကန်၊ ဂျပန်၊ တရုတ်၊ ထိုင်း၊ စင်ကာပူစသော နိုင်ငံများမှ ပညာရှင်များလည်းလာရောက်ဆွေးနွေးကြမည်ဖြစ်သည်။ အစည်းအဝေးပထမနေ့တွင် မြေငလျင်ပညာရှင်များက ပညာရပ်ဆိုင်ရာစာတမ်းများ ဖတ်ကြားကြမည်ဖြစ်ပြီး ဒုတိယနေ့တွင်ဆွေးနွေးကြမည်ဟု မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ တာဝန်ရှိသူကပြောသည်။

ဂျပန်မြေငလျင်ပညာရှင်များမှာ ဂျပန်ငလျင်ဘေးကြောင့် အလုပ်ရှုပ်နေကြခြင်းကြောင့် ယခင်အကြိမ်များကဲ့သို့ အရေအတွက်များစွာမလာနိုင်ဘဲ ဩစတြေးလျငလျင်ပညာရှင်များမှာလည်း နယူးဇီလန်ငလျင်နောက်ဆက်တွဲအလုပ်ရှုပ်နေကြ၍ ယခုအကြိမ်တွင် မတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ ထိုအစည်းအဝေးကို ၂၀၀၇နှင့် ၂၀၀၉ ခုနှစ်များတွင် ကျင်းပခဲ့ဖူးသည်။

ထိုဆွေးနွေးပွဲတွင်မြန်မာနိုင်ငံမှ မြေငလျင်ပညာရှင်များက တာလေငလျင်နှင့်ပတ်သက်၍ တွေ့ရှိချက်များကို စာတမ်းဖတ်ကြားမည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

## ၂၀၁၁ ခုနှစ် ဧပြီ ၂၈ရက်မှ မေ ၄ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် ၂ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နေ့အပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၄၅ စင်တီမီတာ (၁ ပေခွဲ)ခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၃၀ စင်တီမီတာ (၁ ပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိ ရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅ စင်တီ မီတာ (ပေဝက်ခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# နှစ်ဆန်းတစ်ရက်နေ့ကကားထုတ်လုပ်ရေးစက်ရုံမီးလောင်ကျွမ်းမှု ကျပ်သိန်း ၂၀၀ဖိုးခန့်ဆုံးရှုံး

**သိမ့်သိမ့်စိုး၊ အိဖြူလွင်**

ရန်ကုန်၊ ဧပြီ - ၂၃

မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်တွင် ရွှေပြည်သာမြို့နယ်ရှိ (SANGDA) ကားထုတ်လုပ်ရေးစက်ရုံ မီးလောင်မှုဖြစ်ပွား၍ ကျပ်သိန်း ၂၀၀ ဖိုးခန့်ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန် ခိုင်ခိုင်ဂရုပ်ဖ် (SANGDA) ကားထုတ်လုပ်ရေး စက်ရုံ၌ ဧပြီ ၁၇ ရက် ၂ နာရီ ၂၀ မိနစ်တွင် စတင်လောင်ကျွမ်းခဲ့၍ ၂ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းနိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုမှာ စက်ရုံအနောက်တောင်ထောင့်ရှိ 3000 KVA ပြည်တွင်းဖြစ် ထရမ်စဖော်မာ ဆီတော်၍ အပူလွန်ကဲ လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူက ပြောသည်။

မီးလောင်မှုကြောင့် ထရမ်စဖော်မာ ၁ လုံးနှင့် ထရမ်စဖော်မာအနီး ပစ္စည်းသိုလှောင်သည့် ဂိုဒေါင်များမှ မြက်ခြောက် တစ်ကေခွဲခန့်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

၎င်းမီးလောင်မှုကို မီးသတ်ယာဉ် ၂၅ စီး သွားရောက်၍ တပ်ဖွဲ့ဝင် ၉၈ ဦးနှင့် အရန် ၅၆ ဦး သွားရောက်ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကို ပ/၁၅၁/၂၀၁၁ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# မြစ်ကြီးနားတွင် အနိဋ္ဌာရုံဓာတ်ပုံများဖြင့် ယာဉ်တိုက်မှုအန္တရာယ်သတိပေး

**အေးမြကျော်**

**ရန်ကုန်၊ ဧပြီ - ၂၉**

ကချင်ပြည်နယ်၏မြို့တော်ဖြစ်ပြီး ဆိုင်ကယ်စီးနင်းသူဦးရေ အများဆုံးမြို့ကြီးများတွင် ပါဝင်သော မြစ်ကြီးနားမြို့တွင် ယာဉ်တိုက်မှုများလျော့နည်းသွားစေရန် သတိပေးသည့် အနေနှင့် ယာဉ်တိုက်မှုဖြစ်ပွားစဉ်က ရိုက်ကူးထားသော အနိဋ္ဌာရုံမြင်ကွင်းဓာတ်ပုံများကို စိုက်ထူသတိပေးထားကြောင်း မြို့ခံများက ပြောကြားသည်။

"အဲဒီဆိုင်းဘုတ်တွေ ချိတ်ထားတာတော့ တစ်လကျော်ကျော်လောက်လောက်ရှိပါပြီ။ မြို့ထဲက လူစည်တဲ့ လမ်းဆုံလမ်းခွတွေမှာ စိုက်ထားတယ်။ ယာဉ်တိုက်လို့ သွေးရဲရဲသံရဲရဲဖြစ်တဲ့ဓာတ်ပုံလေးပုံနဲ့ ဗီနိုင်းထုတ်ပြီး သတိပေးထားတာ" ဟုမြစ်ကြီးနားမြို့ခံလူငယ်တစ်ဦးက ပြောသည်။

မြစ်ကြီးနားမြို့နှင့် မြို့အနီးတစ်ဝိုက်တွင် အဖြစ်အများဆုံးသော ယာဉ်တိုက်မှုများမှာ ဆိုင်ကယ်စီးနင်းသူများကြောင့် ဖြစ်ပေါ်သည့် ယာဉ်တိုက်မှုမှာ အများဆုံးဖြစ်ပြီး အသက်ဆုံးရှုံးခဲ့ရသည့် သာဓကများစွာရှိခဲ့ကြောင်း မြို့ခံများက ပြောကြားသည်။

ယင်းသို့ အသိပေးကာယာဉ်အန္တရာယ် လျော့ပါးစေရေး ဆောင်ရွက်သည်မှာ ကောင်းသော်လည်း ယင်းသို့သွေးပျက်ဖွယ်မြင်ကွင်းများမှာ ကလေးငယ်များမကြည့်သင့်အောင် ကြောက်ရွံ့တုန်လှုပ်ဖွယ်ကောင်းသဖြင့် မြို့ခံများမှာ ယင်းသို့ အသိပေးသည့် နည်းလမ်းအပြင် အခြားနည်းလမ်းဖြင့် အသိပေးစေလိုသည့်ဆန္ဒများ ရှိနေကြောင်း မြို့ခံများက ပြောကြားသည်။

# အက်ဖ်အေအိုမှ ဝက်နားရွက်ပြာရောဂါ ပါရဂူ မြန်မာနိုင်ငံသို့လာရောက်

**သန်းဌေး**

**ရန်ကုန်၊ ဧပြီ - ၂၂**

ကုလသမဂ္ဂ စားနပ်ရိက္ခာစိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) မှဝက်နားရွက်ပြာရောဂါ ကျွမ်းကျင်သူ ပါရဂူမြန်မာနိုင်ငံသို့ ရောက်ရှိနေပြီး စမ်းသပ်စစ်ဆေးပေးနေကြောင်း တိရစ္ဆာန်ရောဂါရှာဖွေရေးနှင့် သုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်မြင့်က ပြောသည်။



**စနစ်ကျသော ပြည်ပမှ ဝက်မွေးမြူရေးခြံတစ်ခြံ။**

၂၀၁၁ ခုနှစ်မတ်လ ၂၃ ရက်အထိ မကွေးတိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်တွင် ဝက်နားရွက်ပြာရောဂါဖြစ်ပွားသော ဝက်စုစုပေါင်း ၅၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် ဝက်ကောင်ရေ ၁၅၀ သေဆုံးခဲ့ကြောင်း ၎င်းကဆက်ပြောသည်။

အဆိုပါ ဝက်နားရွက်ပြာရောဂါသည်မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖြစ်ပွားခြင်းဖြစ်ပြီး၊ ယခုနှစ်ဖေဖော်ဝါရီလအတွင်းကမန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် (၃) ခုတွင်စတင်ကာ မတ်လ ၅ ရက်အထိ ၁၇၆ ခြံရှိ ဝက်ကောင်ရေ ၁၇၂၄ ကောင်တွင် ၁၀၅၂ ကောင်ကူးစက်ခံရကာ အကောင်ရေ ၃၉၀ သေဆုံးခဲ့သည်။

"ဝက်နားရွက်ပြာ ရောဂါက သွေးထဲမှာ တော်တော်ရှိနေတာ။ ရောဂါဖြစ်နေတာတော့ မဟုတ်သေးဘူး" ဟုဒေါက်တာ မောင်မောင်မြင့်က ပြောသည်။

ယနေ့အချိန်အထိ လူကို ကူးစက်ခြင်းမရှိသေးသော်လည်း မျိုးဗီဇပြောင်းလဲခြင်းဖြစ်ပေါ်နိုင်သည်။ ယခုကဲ့သို့ မတ်နှင့် ဧပြီလများတွင် အေးရာမှ ပူလာသည့် ကာလများတွင်ဝက်များ၌ရောဂါကျလေ့ရှိသည်။ ထိုအခါ သတိထားရန်လိုအပ်ကြောင်း အထူးသဖြင့် ဝက်မွေးမြူသည့်နည်းစနစ်ကို ပြောင်းလဲသင့်ကြောင်း ၎င်းကပြောသည်။

# ယခုနှစ်အတွက် အလုပ်အကိုင်အကျိုးဆောင်အေဂျင်စီ ၁၃၀ ကို လိုင်စင်ချပေး

**အောင်သူရ**


**ရန်ကုန်၊ ဧပြီ - ၂၀**

ပြည်ပအလုပ်အကိုင်အကျိုးဆောင် အေဂျင်စီ ၁၃၀အား ၂၀၁၁ ခုနှစ်အတွက် လိုင်စင်ချထားပေးလိုက်ကြောင်းသတင်းရရှိသည်။

"အသစ်က ၃၀ လောက်ပါတယ်။ သက်တမ်းတိုးပေးလိုက်တာက ၁၀၀လောက်ပါတယ်"ဟု လိုင်စင်သက်တမ်းတိုးခဲ့သူ အေဂျင်စီတစ်ခုမှ တာဝန်ရှိသူကဆိုသည်။ ထိုကဲ့သို့ လိုင်စင်များ သက်တမ်းတိုးခြင်းနှင့် အသစ်ချထားပေးခြင်းများ ပြုလုပ်ပြီးသော်လည်း ကြော်ငြာခွင့်နှင့် လူစုဆောင်းခွင့်နှင့် လူပို့ခွင့်များမရရှိသေးကြောင်းသိရှိရသည်။ "လိုင်စင်မရပေမယ့် Job Offer ကျမှ လူပို့ခွင့်ရမှာလို့စည်းကမ်းချက်ထဲမှာပါတယ်"ဟု အေဂျင်စီတစ်ခုမှ တာဝန်ရှိသူက ဆိုသည်။

ယခုနှစ် ချထားပေးသော လိုင်စင်စည်းကမ်းများမှာ ယခင်နှစ်များကအတိုင်း ပြောင်းလဲခြင်းမရှိဘဲ အမျိုးသမီးများအား ပို့ဆောင်ခြင်းကို ခွင့်မပြုသည့်အချက် ဆက်လက်ပါရှိလာကြောင်းသိရှိရသည်။

(MBBS, Master in Medicine)
(Aircraft Engineering, Mechanical, Electrical, etc)
Course
Education Seminar @ Traders Hotel
May 1, 2011 (Sunday) : 1pm to 3pm
MEC
MARS EDUCATION CONSULTANCY



# အသည်းအက် လူသား

ဥက္ကာကိုကို

"ကျွန်တော်အရက်မသောက်တော့ဘူး"ဟု ပြောလိုက်တိုင်း ကျွန်တော်နှင့် ရင်းနှီးသူ အတော်များများက ကျွန်တော့်ကို အထူးအဆန်းသတ္တဝါတစ်ကောင်လို အထိတ်တလန့်ကြည့်ကြသည်။ ထို့နောက် ကျွန်တော် ခါတိုင်းလို နောက်ပြောင်ပြောဆိုနေသည်ဟု သူတို့ဘာသာထင်မှတ်ပစ်လိုက်ကြပြီး ပြက်လုံးတစ်ခုပမာအားပါးတရ ရယ်မောလိုက်ကြသည်။

အချို့ကတော့ရယ်မောရုံနှင့် အားမရဘဲ ကျွန်တော့်ကိုပိုပို သာသာလေးပင်ထိုးနှက်လိုက်ကြသေးသည်။ "ဟိုဒင်းစားပြီးပြောရင်တောင် ကြိုက်လို့စားပါတယ်ပဲ ထင်မယ်"တို့၊ "သုနက္ခောပါးစပ်က ဒေဝတာစကားထွက်တယ်"တို့၊ "မဖြစ်နိုင်တာ အရက်သမားရယ်. . မိုးကြိုးလည်း ပစ်နေပါဦးမယ်"တို့၊ "မသောက်တော့ဘူး။ ဟုတ်လား၊ ဘာလဲ မနက်ကနေ ညနေအထိ မသောက်တာလား" တို့ စသဖြင့်ပေါ့လေ။ အဲဒီလိုတွေ တုံ့ပြန်ကြသည်။

အချို့ကတော့ အင်မတန်အရေးကြီးသော လျှို့ဝှက်စကားတစ်ခွန်းကိုကြားလိုက်ရသည့်ဟန်ဖြင့် အတော်ကြာချင့်ချိန်စဉ်းစား၊ ကျွန်တော့်မျက်နှာကို သေသေချာချာ အကဲခတ်ပြီးမှ "တကယ်မသောက်တော့တာဆိုရင်တော့ ကောင်းပါတယ်။ ကိုယ့်စိတ်ကိုယ်နိုင်ဖို့ပဲလိုတယ်"ဟု ဖေးဖေးမမ ပြောပေးကြသည်။ သိပ်တော့ယုံချင်ပုံမရမှန်း သူတို့မျက်နှာတွေကို ကြည့်ရုံနှင့် ကျွန်တော်က သိနေသည်။

နောက်တော့လည်း လူတိုင်းကိုရှင်းပြလင်းပြနေရတာကို ကျွန်တော် ငြီးငွေ့လာသည်။ ဘယ်သူဘယ်လိုထင်ထင် ကျွန်တော် ဖြေရှင်းချက်ထုတ်မနေတော့။ ကိုယ့်ဘာသာ ဒီအတိုင်းလေး နေနေလိုက်တော့သည်။

တကယ်တော့ ဒီလိုလူအများ၏ မယုံသင်္ကာမှုကို တစ်လုံးတစ်ခဲရရှိအောင် ကျွန်တော် ကိုယ်တိုင်ပင်လုပ်ဆောင်ခဲ့တာဖြစ်သည်။ ဘယ်သူမပြုမိမိမှုဟု ဗုဒ္ဓဟောခဲ့သည် မဟုတ်လား။

ကျွန်တော်အရက်ကိုစွဲလမ်းနှစ်ခြိုက်စွာသောက်သုံးခဲ့ပါသည်။ ကျွန်တော့်အမေက "ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်တဲ့ကောင်"ဟူသော စကားပုံတစ်ခုကို ကျွန်တော့်ရှေ့မှာ မကြာခဏ ရေရွတ်တတ်သည်။

ကျွန်တော် ဆယ်တန်းအောင်သည့်နှစ်က အရက်စ သောက်ခဲ့တာ ကိုမှတ်မိသေးသည်။ ကျွန်တော်တို့ သူငယ်ချင်းတွေ အဲဒီတုန်းက ပြောကြတဲ့စကားတစ်ခွန်းရှိပါသည်။ "၁၈ နှစ်ပြည့်ရင် လူဖြစ်ပြီ"ဟု။ ကျွန်တော် အရက်စသောက်တာက အသက် ၁၅ နှစ်မှာဖြစ်သောကြောင့် လူမဖြစ်ခင်က အရက်သမားဖြစ်ခဲ့သည်ဟုဆိုချင်ပါသည်။

အောင်စာရင်း ထွက်တဲ့နေ့က မြို့ကလေးရဲ့အပြင်ဘက် ရေတံခွန်ကြီးအောက်ကို အရက်တွေ ဝယ်သွားပြီး သူတစ်ငုံ ငါတစ်ငုံနဲ့ ရှုံ့မဲ့သောက်ကြရာက စခဲ့သည်။

နောက်တော့ ဆောင်းရာသီမှာ ထန်းရည်ဆိုင်ကိုရောက်တတ်လာသည်။ မိုးရာသီမှာ ခနိရည်ဆိုင်ကို ရောက်တတ်လာသည်။ တဖြည်းဖြည်းနှင့် လူကြီးတွေထိုင်သော စီအက်စ်တူးအေဆိုသည့် လိုင်စင်ရ အရက်ဖြူဆိုင်တွေကို ခပ်တည်တည်ဝင်ထိုင်တတ်လာသည်။

အပေါင်းအသင်း မကောင်းဘူးဟု ထိုအချိန်က ကျွန်တော့်ကို လာပြောလို့ရမည်မဟုတ်ပါ။ လူငယ်ဘဝမှာ အပေါင်းအသင်းတွေက ကိုယ့်မျက်စိထဲ အားလုံးကောင်းနေသည်ကိုး။ အပေါင်းအဖော်တွေနဲ့ သူတစ်ခွက် ငါတစ်ဖလား အပြိုင်အဆိုင်သောက်ကြသည်။

ကျောင်းသားဘဝတွင် စာကြိုးစားမှုအရာမှာ ပြိုင်ဆိုင်ခြင်းမပြုတတ်ခဲ့သော ကျွန်တော်က သူရာမေရိယဘာသာရပ်မှာတော့ ပြိုင်ဆိုင်မှုထိပ်ဆုံးတွင် ရှိနေခဲ့လေသည်။

မူးမူးနဲ့ မြို့ကိုပတ်ကြသည်။ မူးမူးနဲ့ချောင်းကမ်းနံဘေး ထိုးအိပ်ကြသည်။ မူးမူးနဲ့ ကောင်မလေးများကို ပါးစပ်သရမ်းကြသည်။ မူးမူးနဲ့ပင် အော်ဟစ်ဆဲရေးကြသည်။

အရက်သောက်ထားသည်ကိုပင် အင်မတန်ကြီးမြတ်သော အလုပ်တစ်ခုကို ထမ်းရွက်ထားရသယောင် ကျွန်တော့်စိတ်ထဲ ထင်မှတ်နေခဲ့သည်။

အဝေးသင်တက္ကသိုလ် ရောက်တော့လည်း ဝါရင့်အရက်သမားနှစ်ဦးနှင့် အရက်ပြိုင်သောက်ရာတွင် တစ်ပိုင်းကျန်ဖြင့်

စာ(၁၂)သို့




# ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

## ပုစွန်ကစော့သီးငါးပိချက်

သည်တစ်ပတ်တော့ ဝိုက်ဖီပရိသတ်ကြီးကို မြန်မာလူမျိုးတွေ မက်မက်မောမော စားသုံးလေ့ရှိတဲ့ငါးပိချက်တို့စရာကို ပုံစံတစ်မျိုးနဲ့ စားသုံးနိုင်အောင် စီစဉ်ချက်ပြုတ်ထားပါတယ်။

သည်ငါးပိချက်လေးကတော့ ပုစွန်ကစော့သီးငါးပိချက်ပဲဖြစ်ပါတယ်။ အမှန်က ပုစွန်ငါးပိချက်ကို ကစော့သီးနဲ့ သရက်သီးစိမ်းတို့ကို တွဲဖက်ချက်ပြုထားတာဖြစ်ပြီး ကစော့သီးနဲ့ သရက်သီးစိမ်းပါဝင်မှုက ငါးပိချက်ရဲ့ ထူးခြားချက်ပါပဲ။ ပါဝင်ပစ္စည်းတွေကတော့ ပုစွန်ကျော့ ၁၀ ကျပ်သား၊ ကစော့သီးအခါး ပန်းကန်တစ်လုံးစာခန့် (အညှာခြွေပြီး)၊ သရက်သီးစိမ်းအလုံးကြီး လေးစိပ်တစ်စိပ်ခန့်၊ ကင်းမွန်ငါးပိ အနည်းငယ်၊ ငရုတ်သီးစိမ်းနဲ့ နံနံပင်တို့ပဲ ဖြစ်ပါတယ်။



ကျော့ပုစွန်ကို ငါးပိချက်ရာမှာ အကောင်လိုက်ဆိုတာထက်နှစ်ပိုင်းလေးတွေ ဖြစ်အောင်လှီးပြီး အရသာနယ်ထားရင် ပိုကောင်းပါတယ်။ ပြီးတော့ ကစော့သီးလေးတွေကို အညှာခြွေပြီးရင် အလယ်ကနေထက်ခြမ်းလေးတွေ လှီးထားပါမယ်။ သရက်သီးကိုလည်း ခြစ်နဲ့အမျှင်ရှည်လေးတွေရအောင်ခြစ်ထားပါမယ်။ ကင်းမွန်ငါးပိ အနည်းငယ်ကိုလည်း ပန်းကန်လုံးထဲမှာ ရေနည်းနည်းနဲ့ အရည်ပျစ်ပျစ်လေးရအောင် မွှေပေးလိုက်ပါ။

စချက်ပြီဆိုရင်တော့ကြက်သွန်ဆီသပ်တဲ့အခါ ပထမဆုံးရေနဲ့ ဖျော်ထားတဲ့ ကင်းမွန်ငါးပိကို ထည့်ပြီး အနံ့မွှေးအောင်သပ်ပေးရပါမယ်။ ငါးပိထဲထည့်ထားတဲ့ရေလေးနည်းနည်းခြောက်သွားပြီဆိုရင်တော့ နယ်ဖတ်ထားတဲ့ပုစွန် ထည့်လို့ရပါပြီ။ ပုစွန်လေးတွေရဲတဲ့အထိ မွှေပေးရပါမယ်။ ပုစွန်လေးတွေရဲလာပြီဆိုရင်တော့ ခြမ်းထားတဲ့ကစော့ခါးသီးတွေနဲ့ခြစ်ပြီးသား သရက်သီးတွေကိုပါထည့်ပြီးမွှေပေးပါမယ်။ သရက်သီးထဲက အချဉ်လေးထွက်သွားအောင် မွှေပေးပြီးရင်တော့ ရေထည့်ပြီး အုပ်ထားလိုက်ပါ။ ကစော့သီးက နူးညံ့သွားဖို့ အချိန်ယူရတာမို့ ရေပိုပိုသာသာထည့်ပြီး နူးအောင်တည်ပေးထားပါ။ နူးသွားပြီးဆိုရင်တော့ ငရုတ်သီးစိမ်းထောင်းထည့်ပြီး နံနံပင် အုပ်လို့ရပါပြီ။

ဒါဆိုရင်တော့ပုံမှန်ငါးပိချက်တွေနဲ့မတူဘဲ အချဉ်တဲ့အရသာလေးပါတွဲဖက်ပါဝင်မယ့် ချဉ်ငန်စပ်ငါးပိချက်လေးသုံးဆောင်လို့ ရပါပြီ။ ငါးပိချက်လေးရဲ့ အရသာလေးပိုပြီး ပြည့်စုံသွားအောင် ခရမ်းသီး၊ သခွားသီး၊ မုန်လာဉနီ၊ ရှောက်ရွက်၊ မြင်းခွာရွက်စတဲ့ တို့စရာတွေ စုံစုံလင်လင်ပြင်ဆင်လိုက်မယ်ဆိုရင်တော့မြန်မာ့ထမင်းဝိုင်းစစ်စစ် တစ်ခုကိုပြင်ဆင်လို့ရပြီပေါ့။



## ပစ္စည်းကောင်း ကြိုက်သူတွေအတွက် COACH အမှတ်တံဆိပ်ပစ္စည်းတွေ ရနိုင်တဲ့နေရာ


အိဖြူလွင်

Branded ပစ္စည်းကောင်းအစစ်ကိုမှ သုံးချင်သူတွေအတွက် ဒီတစ်ပတ်ဈေးဝယ်ထွက်မယ်ကဏ္ဍက ကူညီချင်ပါတယ်။

ကမ္ဘာကျော်တံဆိပ်နဲ့ စတိုင်ထုတ်ချင်သူတွေ၊ ပစ္စည်းအမှန် အကန်သုံးချင်သူတွေအတွက် အဆင်ပြေမယ့် နေရာလည်း ဖြစ်ပြီး အမျိုးသမီး အရွယ်စုံအတွက် အသုံးတည့်ကြိုက်နှစ်သက်စေမယ့် ပစ္စည်းတွေရှိတဲ့နေရာလေးပါ။

အမေရိကန်နိုင်ငံထုတ် နာမည်ကြီးတံဆိပ်ဖြစ်တဲ့ COACH အမှတ်တံဆိပ် လက်ကိုင်အိတ်၊ ထီး၊ ဖိနပ်၊ မျက်မှန် စတာတွေပါ။

COACH လို့ဆိုတာနဲ့ ပစ္စည်းကောင်းသုံးတတ်သူတိုင်း သိပြီးသားဖြစ်တဲ့အတွက် ပစ္စည်း



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)





ကောင်းကြောင်းတွေပြောစရာမလိုတော့ပေမယ့်ဒီဆိုင်မှာတော့ပစ္စည်းမှန်ကန်မှုကို အာမခံပေးတယ်လို့ သိရပါတယ်။

COACH ကထုတ်တဲ့နောက်ဆုံး ဒီဇိုင်းလက်ကိုင်အိတ်၊ လွယ်အိတ်အမျိုးစုံကို ရနိုင်ပြီး လူငယ်ကြိုက်ဦးထုပ်နဲ့မျက်မှန်တွေလည်း ရှိပါသေးတယ်။ လူကြီးတွေ ကြိုက်တဲ့နောက်တစ်မျိုးကတော့COACH တံဆိပ်ထီးပါပဲ။

အိတ်၊ ထီးနဲ့ ဦးထုပ်တွေက ဒီဇိုင်းဆင်တူတွေလည်း ရှိတဲ့အတွက် ဖက်ရှင်ကျကျ လှချင်သူတွေလည်းနှစ်သက်မယ်လို့ထင်ပါတယ်။ အိတ်တွေရဲ့ ဈေးနှုန်းက ကျပ် တစ်သိန်း ရှစ်သောင်းကနေ သုံးသိန်းရှစ်သောင်းကျပ်လောက်ထိရှိပြီး ထီးနဲ့ဦးထုပ်တွေကလည်း ခြောက်သောင်းဝန်းကျင်လောက် ရှိပါတယ်။

COACH တံဆိပ်ပစ္စည်းတွေရှိတဲ့နေရာက တော်ဝင်စင်တာ၊ ဒုတိယထပ်က AMERICAN Branded Collection ပါလို့လမ်းညွှန်လိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# ပုဂံတွင် ကလေးသူငယ်လိုင်အလွဲသုံးမှုနှင့် လူကုန်ကူးမှု ပညာပေးလုပ်ငန်းအားနည်းနေ


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကလေးငယ်များ ယခုကဲ့သို့ ရိုးသားစွာဈေးရောင်းကာမိသားစုဝင်ငွေရှာဖွေမှုများရှိနေသည်။**

**သဇင်ထွေး**

**ပုဂံ၊ ဧပြီ - ၁၀**

ပုဂံဒေသတွင်ကလေးသူငယ်လိင်အလွဲသုံးစားလုပ်မှုနှင့် လူကုန်ကူးမှုဆိုင်ရာပညာပေးမှုလုပ်ငန်းအားနည်းနေပြီး ထိုဒေသတွင် ပညာပေးလုပ်ငန်းများ တိုးမြင့်ရန် စီစဉ်နေကြောင်း သိရသည်။

ပုဂံဒေသရှိ စေတီပုထိုးများမှာ များပြားသလို အထင်ကရဖြစ်သော ဘုရားများတွင် ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်း ခရီးသွားများအားသမိုင်းကြောင်းရှင်းပြသည့် ကလေးများရှိပြီး ပုဂံတွင် ကလေးသူငယ်လိင်အလွဲသုံးစားလုပ်မှုများကိုသာအဓိကထားလုပ်ဆောင်ရကြောင်း သိရသည်။

ကလေးသူငယ်လိင်အလွဲသုံးစားပြုလုပ်ခံရမှုအများစုမှာ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့်ဖြစ်ပွားသောအမှုပိုများကြောင်း သိရသည်။

“ကလေးသူငယ်လူကုန်ကူးမှုတွေကတော့ များသောအားဖြင့် ခရီးသွားလုပ်ငန်းတွေနဲ့ပတ်သက်တယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်ကလည်းခရီးသွားလုပ်ငန်းတွေ ဟိုတယ်တွေကို ကလေးသူငယ်လိင်မှုဆိုင်ရာ၊လူကုန်ကူးမှုဆိုင်ရာတွေကို ပညာပေးတယ်။ ပူပေါင်းဆောင်ရွက်မှုတွေကိုလုပ်ဆောင်ပါတယ်။ မသင်္ကာတဲ့ ခရီးသွားဧည့်သည်တွေကိုစောင့်ကြည့်ပြီးစုံစမ်းမှုတွေလုပ်တယ်။ ပုဂံမှာတော့ ပညာပေးဆိုင်းဘုတ်နဲ့လက်ကမ်းစာစောင်လောက်ပဲ ဖြန့်ဝေဖြစ်သေးတယ်။ ဒီနှစ်မှာတော့ ပုဂံမှာရှိတဲ့ ဟိုတယ်တွေကို ပညာပေးလုပ်ငန်းတွေ လုပ်နိုင်အောင်ဆွေးနွေးနေတယ်”ဟု လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေး အဖွဲ့မှ တာဝန်ရှိသူက 7Day News သို့ပြောသည်။

ပုဂံဒေသတွင်ကလေးသူငယ်စောင့်ရှောက်မှုပိုလိုအပ်ကြောင်း ကလေးငယ်အများစုမှာငွေကြေးရရန်အတွက် လမ်းညွှန်မှုပြုလုပ်ပေးကြကာ ယင်းကဲ့သို့လုပ်ဆောင်မှုအပေါ် ခရီးသွားအချို့က အမြတ်ထုတ်ခံရမှုများလည်း ရှိခဲ့ကြောင်းသိရသည်။












## စာ-၉။ အသည်းအက်လူသား မှ

အပြတ်အသတ်နိုင်ခဲ့တာမို့ ကျွန်တော်က အဆောင်တကာတွင် အသောက်နိုင်ဆုံးအရက်သမားလေးဘွဲ့ကို ပြိုင်ဘက်မရှိ ဆွတ်ခူးထားပြန်သည်။ စိတ်ထဲကလည်း "ငါအရက်ကိုတော်တော်သောက်နိုင်တယ်"ဟု ဝင့်ကြွားစွာ အရက်ဂုဏ်မောက်နေခဲ့သည်။

သံတုတ်တစ်ချောင်းဖြင့်မိန်းကလေးသီးသန့်ဆောင်တံခါးကို နေ့လယ်ဘက်ကြီး မူးမူးနှင့် သွားရိုက်သည်။ မြန်မာစာကျူရှင်ဝိုင်းထဲဝင်၍ ကရင်လူမျိုးဆရာမလေးရှေ့က သင်သမျှကို နောက်က လိုက်နောက်သည်။ ဆရာမလေးရှက်ရှက်နှင့် ကျွန်တော့်ကို မောင်းထုတ်တော့ စီးလာသောဖိနပ်ကို စာသင်ခုံပေါ်တင်ကာ ကျွန်တော်ထွက်လာခဲ့သည်။ နောက်က လိုက်ကြည့်နေကြသော ရွံရှာစက်ဆုပ်သည့် အကြည့်များကို ကျွန်တော်မမြင်ခဲ့ပါ။ (ထိုစဉ်က ဆရာမလေးကို ဒီစာဖြင့် တောင်းပန်ကန်တော့အပ်ပါသည်။ အာစရိယ ဂုဏ် အဟံဝန္ဒာမိပါ ဆရာမလေး ခင်ဗျား)။

သို့နှင့် အရက်သမား ကျွန်တော်တစ်ယောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရန်ကုန်မြို့ကြီးသို့ ရခိုင်မြေမှနေ တလိမ့်ခေါက်ကွေးရောက်ရှိလာသည်။

ရခိုင်မှ ရောက်နေကြသော သူငယ်ချင်းအချို့နှင့် ပြန်လည်တွေ့ဆုံပြီး ရန်ကုန်မှာ ဆိုင်တကာပတ်သောက်ကြပြန်သည်။ မူးမူးနှင့်ရန်ကုန်ဘူတာကြီးမှာ သွားအိပ်ကြသည်။ အင်လျားကန်ပေါင်ပေါ်မှာ ညလုံးပေါက်အိပ်ခဲ့ကြသည်။ ကားမှတ်တိုင်တွေကို သေးကော့ပန်းကြသည်။

အရက်သမား အမှားတစ်ထောင်ဟု ပြောကြသည်။ ကျွန်တော်ကတော့ "အရက်သမား၊ အမှားအနန္တ"ဟု ဆိုချင်ပါသည်။

အရက်ကို ဘယ်လောက်သောက်နိုင်နိုင် သတ်မှတ်လစ်မစ်ထက်ကျော်သွားလျှင် ကျွန်တော်သွေးဆိုးတတ်သည်။ နဂိုကတည်းက လောကကြီးကို ကန့်လန့်မြင်သောအကျင့်က အမူးလွန်တော့ ပိုဆိုးသွားသည်။ လောကကြီးကို ရွဲ့ရွဲ့စောင်းစောင်း၊ ဇောက်ထိုးမိုးမျှော်၊ ထောင်လော်ကန့်လန့်မြင်လာသည်။

မျက်စိထဲမှာ အရာရာကို မကျေမနပ်တွေ ဖြစ်လာသည်။ မျိုသိပ်မှုတွေ ပေါက်ကွဲလာသည်။ ထိုအခါ ကျွန်တော်သည် အလွန်တရာ အန္တရာယ်ကြီးမားလှသော အဏုမြူတစ်လုံးကဲ့သို့ ဖြစ်သွားတတ်သည်။ စိတ်လွတ်သွားပြီး လူစိတ်ပျောက်ကာ ခွေးဆယ်ကောင်အားဖြင့် စတင်လည်ပတ်တော့သည်။

ရန်ကုန်မြို့ ညလယ်ကောင်တွေမှာ သူ့ဘာသာ သွားလာနေသော လိုင်းကားတွေကို ကလော်တုတ်သည်။ ဘားလမ်းက အနှိပ်ခန်းတွေကို ရောက်ပြီး မန်နေဂျာတွေနှင့် ထိုးလားကြိတ်လားလုပ်သည်။ နိုက်ကလပ်တွေမှာ ဝိတ်တာတွေနှင့်ပြဿနာတက်သည်။ မင်္ဂလာဈေးဘေးမှာ တစ်ရပ်ကွက်လုံးကို အော်ဆဲသည်။ တက္ကစီသမားတွေကို ဒုက္ခပေးသည်။ မြေနီကုန်းလမ်းဆုံက သူ့ဘာသာထိုင်နေတဲ့လူတွေကိုလည်း ခွေးလိုစိန်ခေါ်ခဲ့ဖူးသည်။

ထိုအချိန်တိုင်း ကျွန်တော့်ဘေးမှာ သူငယ်ချင်းတွေပါလာလေ့ရှိသည်။ ခုနေ ပြန်စဉ်းစားကြည့်တော့ ထိုစဉ်က ကျွန်တော့်ဘေးမှာ ဘယ်သူမှမပါတဲ့နေ့တွေဆို ကျွန်တော် ဘာပြဿနာမှ မရှိခဲ့တာကို တွေ့ရသည်။ ထိန်းမည့်သူရှိရင် ပိုဆိုးတတ်သော လူ့စရိုက်အတိုင်း သူတို့ကဝင်ဆွဲလေ ကျွန်တော်က ကမ်းတက်လေဖြစ်သည်။

သို့သော် ကျွန်တော်တစ်ကြိမ်တစ်ခါမှ ထိပ်ပေါက်ခေါင်းကွဲမဖြစ်ခဲ့။ သူငယ်ချင်း တစ်ယောက်ကတော့ "တို့က လူမိုက်ကံကောင်းဖြစ်နေတာပဲ၊ မဖြစ်သေးလို့ဆိုးနေတာ၊ ဖြစ်လာရင်တော့ အသေပဲထင်တယ်" ဟု ပြောဖူးသည်။

အလုပ်လုပ်တော့လည်း ကျွန်တော့် သူငယ်ချင်းတွေအားလုံးက သောက်တတ်သူတွေဖြစ်နေတာကိုအံ့သြဖွယ်ရာတွေ့ရသည်။ အညီရှိရာ ယင်ကောင်လာသကဲ့သို့အရက်သမားရှိရာအရက်သမားပဲလာတော့တာပေါ့။ ကျွန်တော်ကလည်း အရက်နှင့် ပတ်သက်လာလျှင် စည်းရုံးမှုအားအလွန်ကောင်းသူဖြစ်သည်။ အနည်းဆုံး လူငါးယောက်ခန့်ကို နေ့စဉ်အရက်သောက်ဖြစ်စေခဲ့သည်။ ကျွန်တော်က နယ်စည်းမထားအရက်သမားဟုကြွေးကြော်ကာ ရန်ကုန်အနှံ့ ပြပြစင်လိုက်သောက်သည်။ လူပေါင်းစုံနှင့် သောက်သည်။ ကဗျာဆရာနှင့် သောက်သည်။ သတင်းထောက်နှင့် သောက်သည်။ သူဌေးနှင့် သောက်သည်။ ဆိုက္ကားသမားနှင့် သောက်သည်။ ပညာတတ်အရက်သမားတွေနှင့် သောက်သည်။ ဘယ်မြို့နယ်မှာ ဘယ်ဆိုင် ဘယ်လိုကောင်းတယ်ဆိုတာနှင့် ကျွန်တော်ရောက်သွားလေ့ရှိသည်။

အရက်သောက်ဖို့အတွက် အွန်လိုင်းမှ ချိန်းဆိုကြသည်။ ဖေ့စ်ဘွတ်ခ်ထဲမှာ အရက်သမားကော်မတီဟူ၍ စာမျက်နှာတစ်ခုဖွင့်ပြီး အချိန်းအချက်လုပ်ကြသည်။ "ဒီနေ့မသောက်တော့ဘူး"ဟုငြင်းဆိုသူကို နှစ်နှစ်နာနာပြောဆို၍တစ်ဖုံ၊ ချော့မော့သိမ်းသွင်း၍တစ်မျိုး မရရအောင်ခေါ်သည်။ အရက်သမားတွေကလည်း သူတို့အား သစ္စာဖောက်ဟု ပြောဆိုခံရမည်ကို သိပ်ကြောက်ကြသဖြင့် ဇွတ်မှိတ်လိုက်သောက်ကြသည်။

တဖြည်းဖြည်းနှင့် သတ်မှတ်အရက်ဝိုင်းတွေထားလာသည်။ နယ်မြေ(၁)၊ နယ်မြေ(၂) စသဖြင့် သတ်မှတ်ပြီး ဘယ်နေ့မှာ ဘယ်နယ်မြေက ဘယ်သူတွေနှင့် သောက်ရမည်ဟု အချိန်ဇယားဆွဲလာသည်။ နောက်တော့လည်း ကျွန်တော်နှင့်သောက်သူအားလုံး လိုလိုပင် ကျွန်တော်နှင့်ပတ်သက်ပြီး တစ်စုတစ်စည်းတည်းဖြစ်သွားကြသည်။ အရက်တစ်ခွက်ဝင်သွားတာနှင့် ငယ်ပေါင်းကြီးဖော်တွေဖြစ်ကုန်ကြသည်။

တစ်ရက်မပြတ် နေ့စဉ် အကြောင်းပြချက်မြောက်မြားစွာ ထုတ်ပြီးသောက်ခဲ့သည်။

သီပေါမင်းပါတော်မူတဲ့နေ့မှာဝမ်းနည်းလို့၊ လွတ်လပ်ရေးနေ့မှာပျော်လို့၊ ဘယ်နိုင်ငံမှာငလျင်လှုပ်တာကို ကြေကွဲလို့. . . စသဖြင့်ပေါ့။ ဘာအကြောင်းပြချက်မှ ရှာမရလျှင်လည်း သတင်းစာဖတ်ကာ ဘယ်နိုင်ငံက ဝန်ကြီးလာရောက်လို့၊ ဘယ်နိုင်ငံနှင့် သဘောတူစာချုပ်ချုပ်လိုက်လို့ စသဖြင့် ကျွန်တော့်အကြောင်းပြချက်တွေ မရိုးနိုင်ခဲ့။

ကျွန်တော်က အရက်ဆိုဘာလာလာသောက်သူဖြစ်သည်။ တဖြည်းဖြည်းနှင့် အရက်ဖိုးကလစာထက်များလာတော့ ကျွန်တော် အရက်ကောင်းများကို မသောက်နိုင်တော့။ သက်သာသည့် ဆိုင်တစ်ဆိုင်ကိုရွေးကာ နေ့စဉ် 'ဇေ'ဘီအီးတွေ သောက်ရတော့သည်။ "ဇေက သိပ်ချိုတာပဲ"ဟုလည်း ခပ်တည်တည်ဖြင့် ပြောတတ်လာသည်။

ကျွန်တော် နောက်ဆုံးသောက်ခဲ့တဲ့လစ်မစ်မှာနည်းနည်းများသည်ဟု ထင်သည်။ တစ်ညကို ဆိုင်မှာတင် ဇေဘီအီးသုံးလုံးကုန်သည့်အပြင် အိမ်ပြန်ရောက်တော့လည်း ကားပေါ်မှာအမူးပြေခဲ့ပြီဆိုကာ အသင့်ဝယ်ထားသောမန္တလေးရမ်တစ်ပိုင်းကိုကုန်အောင်မော့သေးသည်။ အရက်တစ်ခွက်၊ ဆေးလိပ်တစ်ဖွာပေါ့။ ဆေးလိပ်ကလည်းအရက်သောက်ရင်း မဖွာရမနေနိုင်။

ထိုသို့ဖြင့်. . . . ။

**သူမိုက်သည် မိမိပြုသော မကောင်းမှု အကျိုးမပေးသေးသမျှကာလပတ်လုံး၊ မကောင်းမှုကို နှစ်သက်ဝမ်းမြောက်စွာ ပျားသကာကဲ့သို့ ထင်မှတ်၏။**

**သူ၏မကောင်းမှုအကျိုး ပေးသောအခါ ထိုသူမိုက်သည် ဆင်းရဲဒုက္ခသို့ရောက်လေ၏။**

(ဓမ္မပဒ)

၂၀၁၀ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့၊ အသက် ၂၁နှစ်ပြည့်မွေးနေ့မှာ ကျွန်တော်အိပ်ရာထဲလဲသည်။ အိမ်မှာ နှစ်ပတ်ဆက်တိုက် ကျွန်တော် ဖျားနာခဲ့သည်။ အဖျားသွေးက တက်လိုက်ကျလိုက်။ ချောင်းဆိုးသည်။ ညာဘက်နံရိုးအောက်က အောင့်နေသည်။ မခံမရပ်နိုင်အောင့်တဲ့အချိန်တွေမှာ ကျွန်တော် မျက်ရည်ပင်ကျရသည်။ ကြည့်မြင်တိုင်၊ အုန်းပင်လမ်းထဲက အေးမေတ္တာဆေးခန်းမှာပြသည်။ ဆရာမဒေါ်အေးအေးမြင့်က ကျွန်တော့်ဗိုက်ကို ဟိုစမ်းဒီစမ်းလုပ်ပြီး "အသည်းကြီးနေပါလား"ဟု တန်းပြောတော့သည်။

သို့နှင့် ကျွန်တော့်ကို ဆေးရုံကို အတင်းပို့တော့သည်။ ဂျပန်ဆေးရုံကြီးဟု နာမည်တွင်သော ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ စံပြမှတ်တိုင်နားက ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကို ကျွန်တော်သွားရသည်။

ဆေးရုံ ရောက်တော့ ကျွန်တော့်ကို ဓာတ်မှန်ရိုက်သည်။ သွေးစစ်သည်။ အက်ထရာဆောင်းရိုက်သည်။ အာထရာဆောင်းခန်းထဲရောက်တော့ ကျွန်တော်နှင့်အတူသောက်ဖူးသူတစ်ယောက်ကလာနှုတ်ဆက်တာကိုကြုံရသေးသည်။

ဆရာဝန်မလေးတွေက ကျွန်တော့်ကိုမေးသည်။ အရက်သောက်လား၊ ဆေးလိပ်သောက်လားပေါ့။ အားလုံးသောက်ပါတယ်ဟု ကျွန်တော်က ပြန်ဖြေရသည်။ အရက်သောက်တာ ဘယ်လောက်ကြာပြီလဲလို့ မေးတော့ ကျွန်တော်က ခြောက်နှစ်ပဲရှိသေးတယ် ဟု ပြန်ပြောသည်။ စစ်ဆေးမှုတွေပြီးသွားတော့ ကျွန်တော့်ဆီမှာ အေဘီစီမရှိဘဲ အဖြေသုံးခုသာရလာသည်။

(၁) တီဘီဖြစ်နေသည်။ (တီဘီက ဓာတ်မှန်မှာမတွေ့။ သလိပ်စစ်တော့လည်းမတွေ့ဘဲ အသားစဖောက်စစ်တော့မှ ပေါ်လာတာဖြစ်သည်)။

(၂) ဘေလုံးမှာ ပြည်တည်နေသည်။(တီဘီကြောင့်ဖြစ်သည်ဟု ဆရာဝန်တွေကမှတ်ချပြုသည်)။

(၂) အသည်းကြီးသည်။ အဆီဖုံး၍ အတွင်းမှာစခြောက်နေပြီဖြစ်သည်။ (အရက်ဆက်သောက်ပါက နိဗ္ဗာန်ယာဉ်တစ်စီးလက်ဆောင်ရလိမ့်မည်ဖြစ်ကြောင်းလည်း ပြောကြသည်)။

ထို့နောက် ဆရာဝန်တွေက ကျွန်တော့်ဆေးမှတ်တမ်းထဲမှာ Heavy Alcoholic ဟူ၍ရေးမှတ်လိုက်ကြသည်။ "ငယ်ငယ်ရွယ်ရွယ်နဲ့နော်. . မယုံနိုင်စရာဘဲ" ဆိုသည့် အကြည့်မျိုးနဲ့လည်း ကြည့်ကြသည်။ ဂျပန်ဆေးရုံကြီးမှ ဆရာဝန်ကြီးနှင့်တကွ ဆရာဝန်များ၊သူနာပြုဆရာမများ အားလုံးကောင်းကြပါသည်။ လူနာအပေါ် စေတနာအပြည့်ဖြင့် ကုသပေးကြတာကိုတွေ့ရသည်။

ကျွန်တော်က ဆေးရုံမှာ ပျော်နေသည်။ အိပ်ရာထဲမှာ လုံးလုံးလဲနေတာမဟုတ်ဘဲ မူးဝေထိုင်းမှိုင်းနေကာ အသည်းအောင့်နေတာတစ်ခုပဲ ဖြစ်တာကြောင့် ဟိုသွားလိုက် ဒီသွားလိုက် ကန်တင်းဆင်းထိုင်လိုက်၊ ဆရာမလေးတွေအခန်းကိုမယောင်မလည်သွားချောင်းလိုက်ဖြင့် ဟုတ်နေသည်။ သို့သော်လည်း ဆေးရုံက ကျွန်တော့်ကို တစ်ပတ်ပဲထားသည်။ စီတီရိုက်ပြီး နောက်တစ်နေ့မှာပဲ ဆင်းခိုင်းလိုက်သည်။

ကျွန်တော့်ကို အိမ်မှာပဲ သုံးလလောက်နားနေရန် အကြံပြုလိုက်ကြသည်။ ကျွန်တော်တီဘီဆေးခြောက်လ သောက်ရသည်။ အသည်းအားဆေးနေ့စဉ်သောက်ရသည်။ ပြီးတော့ ဆေးရုံကပေးလိုက်တဲ့ ဆေးတွေကို သောက်ရသည်။ လမ်းတော့သိပ်လျှောက်လို့မရသေး။ ဆယ်လှမ်းလောက်လျှောက်လိုက်ရင်ပဲ လူကခွေလဲကျသွားသည်။ ထို့ကြောင့် အိပ်ရာထဲမှာပဲနေရသည်။ ကျွန်တော့်ကောင်မလေးကလည်း နေမကောင်း စဖြစ်ကတည်းက ကျွန်တော့်အနားမှာ လိုလေသေးမရှိ ဖေးမပေးနေသည်။

ရုံးက တာဝန်ရှိသူတွေ အိမ်ကိုရောက်လာသည်။ ဂျာနယ်က အယ်ဒီတာ၊ သတင်းထောက်အချို့ရောက်လာသည်။ ကျွန်တော်ကတော့ သေမှာပါ၊ ဘယ်လိုမှမလွဲနိုင်ဘူးဟုစိတ်ချလက်ချ ထည့်ဝင်လိုက်ကြသော ကူငွေသုံးသိန်းခန့်ကိုလည်း ယူဆောင်လာကြသည်။

ကျွန်တော့်သူငယ်ချင်းများကလည်း ကျွန်တော့် ဘဝအကြောင်းတွေကို စုံလင်စွာ သိရအောင် လာမေးကြသည်။ ကျွန်တော်ကလည်း ဂျာနယ်မှာ ကွယ်လွန်သူတမ်းချင်းတွေ ရေးခဲ့သူမို့ အထာနပ်သည်။ ကျွန်တော် မသေနိုင်သေးတဲ့အကြောင်း သူတို့နားလည်အောင်ရှင်းပြတဲ့အခါမှာ မကျေမနပ်ဖြင့် လူနာမုန့်များကို အားပါးတရ စားသောက်ပြီး ပြန်သွားကြသည်။

ကျွန်တော် ရုံးက ပေးထားသော သနားခွင့်ကလေးဖြင့် အိမ်မှာနားနေရင်း ကျွန်တော်အရက်သောက်ခဲ့တဲ့ အချိန်တွေကို ပြန်တွက်ကြည့်နေမိသည်။

တစ်နှစ်ကို ၃၆၅ရက်ဖြင့် တွက်ကြည့်မည်။ သောက်ခဲ့တာ ခြောက်နှစ်ဆိုတော့ ရက်ပေါင်း ၂၁၉၀ ။ ရက် ၂၀၀၀ ပဲထားဦး။ ငါးနှစ်လောက်ကို တစ်နေ့လျှင် အရက်တစ်လုံးနီးပါးနှင့်တွက်မည်ဆိုပါက ရက်ပေါင်း ၁၈၀၀ နီးပါး။ အရက်ပုလင်းပေါင်း ၁၈၀၀နီးပါး။ နောက်ဆုံးတစ်နှစ်က တစ်နေ့သုံးလုံးကုန်အောင်လူမှန်းသူမှန်းမသိ သောက်ခဲ့တာဆိုတော့ရက်ပေါင်း ၃၆၅ရက်မှာ အရက်ပုလင်း ပေါင်း ၁၀၀၀ ကျော်။ ခြောက်နှစ် အတွင်း တစ်ရက်ဆယ်လိပ်နှုန်းဖြင့် ဆေးလိပ်ပေါင်းနှစ်သောင်း ကျော်။

တွက်ကြည့်မှ ကျွန်တော် ခေါင်းနပန်းကြီးသွားသည်။ ကျွန်တော် အရက်ပုလင်းပေါင်း ၂၈၀၀ ကျော်နှင့် ဆေးလိပ်ပေါင်း ၂၀၀၀၀ ကျော်ကို သောက်ခဲ့ပြီးပြီပဲ။ ဒါတောင် ခြောက်နှစ်တည်းနှင့် ရောဂါကထဖြစ်လို့ပေါ့။ နို့မို့ဆို ကျွန်တော် ဘယ်လောက်သောက်မိဦးမည်မသိ။ အရက်သောက်တာ တစ်နေ့ကို ညနေ ၇ နာရီမှ ၁၁ နာရီခန့်ထိ ကျွန်တော် အချိန်ပေးခဲ့သည်။ မလိုအပ်ဘဲကုန်ခဲ့တာ နာရီပေါင်း ၈၇၆၀။ နှမြောစဖွယ် အချိန်များပင်။

ခုတော့ ကျွန်တော် အရက်ရော ဆေးလိပ်ရော မသောက်တော့ပါ။ အရက်မ သောက်တော့မှ အရက်မကောင်းကြောင်း ထရေးနေတာလည်း မဟုတ်ပါ။ ကျွန်တော့်အတွေ့ အကြုံများကို ရိုးသားစွာ တင်ပြနေခြင်းသာ ဖြစ်ပါသည်။

အရက်ဝိုင်းတွင် ကျွန်တော့်အတွက် ခွက်တစ်လုံး လွတ်နေတာကလွဲလို့ ကျွန်တော့် သူငယ်ချင်းများမှာလည်း နဂိုအတိုင်း သောက်နေကြဆဲပင်ဖြစ်ပါသည်။ ကျွန်တော်ကလည်း မတားပါ။ တားလို့လည်း ရမှာမှ မဟုတ်ဘဲ။ အချို့ကတော့ ကျွန်တော့်ကိုအဖြစ်ကြည့်ပြီး လန့်ကာလျှော့သောက်လာကြတာကိုတွေ့ရသည်။

အရက်သောက်သူကို အရက်သောက်တာမကောင်းဘူးလို့ သွားပြောပါက "အရက်ကောင်းတာ ခင်ဗျားမှမသိဘဲ"ဟု ပြန်ဖြေမည်သာ ဖြစ်သည်။ လူတို့သည် သူတို့ကြိုက်နှစ်သက်သော အရာကို ခုခံကာကွယ်တတ်ကြသည်မှာ သဘာဝပင်ဖြစ်ပါသည်။

နေ့ရက် အချိန်ပေါင်းများစွာ၊ ပုလင်းပေါင်းများစွာကို ပျော်ရွှင်စွာ သောက်သုံးခဲ့ပြီးပါပြီ။ ကျွန်တော် ဝသွားပါပြီ။ တော်ပါပြီ။ ကျွန်တော် ဆက်သောက်ချင်စိတ်လည်း မရှိတော့ပါ။ ဆက်သောက်လို့လည်း မရတော့တာကြောင့်တော့ မဟုတ်ပါ။ ကျွန်တော်က သောက်ချင်လျှင် အသေခံသောက်သွားမည့် ကောင်မျိုးဖြစ်ပါသည်။ ထို့မျှ ကျွန်တော် အရက်ကို နှစ်ခြိုက်ခဲ့ပါသည်။ (ကျွန်တော့် အဖေသည်လည်း ထိုသို့နှစ်ခြိုက်မှုကြောင့် ပင် အသက် ၃၅နှစ် အရွယ်မှာ သွေးပွက်ပွက်အန်၍ ကွယ်လွန်ခဲ့ရပါသည်)။

လူငယ်တစ်ဦးမှာ အိပ်မက်များစွာရှိပါသည်။ ထိုအိပ်မက်တွေကိုအကောင်အထည်ဖော်ရန် လူငယ်တိုင်းကြိုးစားနေကြပါသည်။ အရက်တစ်ခုကြောင့် ဘဝကို ရပ်တန့်မနေချင်တော့ပါ။ အရက်က တစ်ကိုယ်တော် ဘယ်တော့မှမလာပါ။ ဆေးလိပ်၊ မိန်းမမှစ၍ မကောင်းမှုဟူသမျှကို ခြံရံခေါ်ဆောင်လာလေ့ရှိပါသည်။

အရက်သောက်နေစဉ်မှာ အရက်ကို ကိုယ်ကအနိုင်ယူနေသည်ဟု ထင်မှတ်မိကြသော်လည်းတကယ်တမ်းတော့ အရက်က ကိုယ့်ကို ခပ်ပြုံးပြုံးလေး ဖြည်းညင်းစွာ အနိုင်ပိုင်းနေခဲ့မည်သာဖြစ်ပါသည်။

ယခု ကျွန်တော်အရက်ဆိုင်တွေကို တစ်ခါတစ်ရံရောက်တတ်ဆဲဖြစ်သည်။ သူငယ်ချင်းချစ်သော ကျွန်တော်က သူငယ်ချင်းတွေနှင့်အတူ သူတို့၏အရက်ဝိုင်းမှာ အချိုရည်တစ်ပုလင်းဖြင့် ဘေးကထိုင်ပေးစမြဲဖြစ်သည်။ ကိုယ့်စိတ်ကိုယ်နိုင်ဖို့သာ အဓိကဖြစ်ပါသည်။

**မကောင်းမှုကို မိမိပြုလျှင် မိမိသည်ပင် ပူပန်ညစ်ညူးရ၏။ မကောင်းမှုကို မိမိမပြုလျှင် မိမိသည်ပင် စင်ကြယ်၏။ စင်ကြယ်ခြင်း၊ မစင်ကြယ်ခြင်းကိုမိမိသည်ပင် ပြုလုပ်၏။**

**တစ်ယောက်သော သူသည် အခြားသူတစ်ယောက်ကို ကိလေသာ အညစ်အကြေးမှ စင်ကြယ်လေအောင် မသုတ်သင်နိုင်။**

**(ဓမ္မပဒ)**

ဘယ်သူမပြုမိမိမှုပါ။ ဒီစာကိုရေးနေတဲ့အချိန်မှာ ကျွန်တော့်ကိုယ်တွင်းမှာ အသည်းရောအဆုတ်ရော ပျက်စီးယိုယွင်းနေခဲ့ပြီဖြစ်ပါသည်။ လူကိုယ်တိုင်လည်း ပျက်စီးခဲ့ဖူးပါပြီ။

နံနက်မိုးသောက်လျှင် အရှေ့အရပ်မှာ ရောင်နီဖြာပါလိမ့်မည်။

7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

## မျက်နှာဖုံး-တ ုတ်အမျိုးသားများနှင့် ပေါင်းသင်းရန် လူကုန်ကူးခြင်းခံရသည့် မြန်မာမိန်းကလေးများပိုများလာ မှ

အများစု အမျိုးသမီး များမှာ တရားမဝင် နေထိုင်သူများ အဖြစ် အဖမ်းခံကြရပြီး နယ်စပ်မှတစ်ဆင့် ပြန်လည်လွှဲပြောင်း ပေးလေ့ရှိကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းပြီးသည့်နောက် ၂၀၀၆-၂၀၁၀ နှစ်များအတွင်း သားသမီး သုံးဦးထွန်းကားသည်အထိ နေထိုင်ခဲ့ရသည့် အမျိုးသမီးများ လည်းရှိကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးများထဲမှ ကံကောင်းသည့် အမျိုးသမီး များသည် စိတ်ကောင်းရှိသည့် တရုတ်အမျိုးသားများနှင့် လက်ထပ်ရသည်လည်း ရှိကြောင်း၊ သို့သော် ရာခိုင်နှုန်းအားဖြင့် နည်းပါးကြောင်း သိရသည်။

အချို့သော တရုတ်ရွာများတွင် မြန်မာအမျိုးသမီး ၁၀ ဦးမှ ၁၅ ဦးအထိ ရောက်ရှိကာ တရုတ်အမျိုးသားများနှင့်လက်ထပ်ပေါင်းသင်းနေထိုင်ကြပြီး ၎င်းတို့နေသည့် ပတ်ဝန်းကျင်ရှိ ဒေသခံ တရုတ်မိသားစုများနှင့် သင့်မြတ်မှုမရှိပါက ဒေသခံများက ရဲတပ်ဖွဲ့သို့ တိုင်ကြားရာမှ အဖမ်းခံရပြီး နယ်စပ်တွင် ပြန်လည်လွှဲပြောင်း ပေးခြင်းခံကြရကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ လူကုန်ကူးရန်ပို့ဆောင်ခံရသူအများစုသည် ပညာရည်နည်းပါးကြသူများ၊ စားဝတ်နေရေးခက်ခဲခြင်း၊ အိမ်ထောင်ကွဲများတွင် မိထွေး၊ ပထွေးတို့ကို ရှောင်ကြဉ်လိုခြင်း၊ လိင်ဖျော်ဖြေရေးနှင့် အခြားဖျော်ဖြေရေးလုပ်ငန်းများတွင် ဈေးကွက်မဝင်တော့ခြင်း၊ လက်ရှိဝင်ငွေထက် ပိုမိုရရှိမည်ဟု မျှော်လင့်ခြင်း၊ တရုတ်အမျိုးသားများနှင့် ခဏသာ လက်ထပ်ရမည်၊ ၎င်းပေးသည့် ရွှေငွေပစ္စည်းတို့ကိုရယူ ကာ ရက်ပိုင်း၊ လပိုင်းအတွင်း မြန်မာနိုင်ငံသို့ ပြန်လာနိုင်မည်ဆိုသော ပွဲစား၏ စကားကို ယုံလွယ်ခြင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသူများသည် တစ်ဖက်နိုင်ငံသို့ သွားရောက်၍ တရုတ်အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းခြင်းကို သာမန်အလေ့အထတစ်ခုအဖြစ် မှတ်ယူကြခြင်း၊ ၎င်းတို့၏ မိဘများကိုယ်တိုင် မိမိတို့၏ သမီးများကို ပြန်လည်ရောင်းစားခံရနိုင်သည်ကို မသိရှိခြင်းတို့ကြောင့်တရုတ်နိုင်ငံနှင့် လူကုန်ကူးမှုမှာ ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ရောင်းစားခံရသည့်အမျိုးသမီးများ၏အသက်မှာ ၁၅ နှစ်နှင့် ၁၆ နှစ်အကြား အမျိုးသမီးငယ်များ ပိုမိုများပြားလာပြီး မွေးကင်းစကလေးငယ်မှ ၅ နှစ်၊ ၆ နှစ်အထိ ကလေးငယ်များကိုလည်း အခမဲ့မွေးစားရန် ရောင်းစားခံရလေ့ရှိကြောင်း သိရသည်။

၂၀၁၀ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လူကုန်ကူး ခံရပြီး ပြန်လည်လွှဲပြောင်းပေးသူ ၁၃၈ ဦးအနက် ကျား ၂၁ ဦး၊ အမျိုးသမီး ၁၆၂ ဦး ပါဝင်သည်။ ယင်းထဲတွင် အသက်အကြီးဆုံး ၅၀ နှစ်အထက် အမျိုးသမီး ၂ ဦး၊ ၄၀ နှစ်မှ ၅၀ နှစ်အထိ အမျိုးသမီး ၉ ဦး၊ ၃၁ နှစ်မှ ၄၀ နှစ် အထိ အမျိုးသမီး ၂၀ ဦး၊ ၁၈ နှစ် မှ ၃၀ နှစ်အထိ အမျိုးသမီး ၁၀၃ ဦး၊ ၅ နှစ်မှ ၁၇ နှစ်အထိ အမျိုး သမီး ၂၁ ဦး၊ ၁၅ နှစ်အောက် အမျိုးသမီး ၇ ဦး ပါဝင်ကြောင်း သိရသည်။

သို့ဖြစ်၍ မြန်မာနှင့် တရုတ်တို့သည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို နှစ်နိုင်ငံအနေဖြင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## မျက်နှာဖုံး-စင်ကာပူက မြန်မာလုပ်သားများအား ပုံမှန်အခြေခံလစာဖြင့်သာ ဆက်လက်ခေါ်ယူနေ မှ

“စင်ကာပူဘက်က လစာတွေနှစ်ဆတိုးပေးမယ်လို့တော့ ကြားနေရတယ်။ လောလောဆယ်တော့ မပြောင်းနိုင်သေးဘူးလို့ ပြောတယ်။ လက်ရှိက အရင်လစာအတိုင်းပဲခေါ်နေကြတယ်”ဟုပန်းဆိုးတန်းလမ်းရှိ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အလုပ်သမားလစာများကို နှစ်ဆတိုးပေးမည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း ပြည်တွင်းရှိ မည်သည့်အလုပ်သမား အေဂျင်စီကမှ လစာနှစ်ဆနှုန်းဖြင့် အလုပ်သမားခေါ်ယူမှု မရှိသေးကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအသိုင်းအဝိုင်းမှ သိရသည်။

“အခုလောလောဆယ်တော့ အိုတီရဖို့လည်း တော်တော်ခက်နေတယ်။ တချို့ရက်တွေမှာ အလုပ်မရှိတဲ့ရက်တွေများတယ်။ ပုံမှန်လစာက မြန်မာငွေနဲ့ဆို သုံး၊ လေးသိန်းအပြင် ပိုမထွက်ဘူး။ အခြေခံလစာတိုးမယ်ဆိုရင်တော့ ဟိုတုန်းက စင်ကာပူမှာ အလုပ်လုပ်တဲ့အခြေအနေမျိုးပြန်ရနိုင်တယ်” ဟုစင်ကာပူနိုင်ငံတွင် အထွေထွေလုပ်သားအဖြစ် ၁၀နှစ်ကျော် သွားရောက်အလုပ်လုပ်ကိုင်နေသူတစ်ဦး၏ အမျိုးသမီးကပြောသည်။

စင်ကာပူနိုင်ငံ၏ အခြေခံအလုပ်သမားလစာကိုအမှန်တကယ် နှစ်ဆတိုးမြှင့်ခေါ်ယူပါက ၎င်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့်လူဦးရေမှာပြန်လည်မြင့်တက်လာနိုင်ကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီနှင့် သင်တန်းကျောင်းများက ပြောသည်။

အဆိုပါနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်သည့်နှုန်းမှာ ၂၀၀၈ခုနှစ် ကမ္ဘာ့စီးပွားရေးကျဆင်းမှုများဖြစ်ချိန်တွင် ၎င်းနိုင်ငံဘက်မှ အလုပ်သမားများ လျှော့ချခဲ့စဉ်မှစ၍ တဖြည်းဖြည်း ကျဆင်းလာခဲ့ကြောင်း အေဂျင်စီများက ပြောသည်။

ထို့ကြောင့် လက်ရှိကာလ သွားရောက်အလုပ်လုပ်ကိုင်သည့်နှုန်းမှာ ၂၀၀၈ ခုနှစ်မတိုင်မီကာလနှင့် ယှဉ်လျှင် ၅၀ရာခိုင်နှုန်း ဝန်းကျင်အထိ ကျဆင်းနေခဲ့ကြောင်း သိရသည်။

“လတ်တလောကတော့ လစာနှစ်ဆတိုးပေးမယ်ဆိုတာက သတင်းပဲကြားနေတာ။ ဟိုဘက်က ကုမ္ပဏီတွေ၊ အေးဂျင့်တွေက လစာကိစ္စနဲ့ပတ်သက်ပြီး ဘာမှပြောတာမရှိသေးဘူး”ဟု အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုကပြောသည်။

စင်ကာပူနိုင်ငံတွင် လက်ရှိလုပ်ကိုင်နေသော အထွေထွေအလုပ်သမားများ၏ အခြေခံလစာမှာ စင်ကာပူ ဒေါ်လာ ၆၀၀နှင့် ၇၀၀ကြားတွင်ရှိပြီး S Pass နှင့် လုပ်ကိုင်နေသူများမှာ စင်ကာပူ ဒေါ်လာ ၁၈၀၀ သတ်မှတ်ထားကြောင်း သိရသည်။ ထို့အတူ PR ဖြင့် လုပ်ကိုင်သူများမှာ စင်ကာပူ ဒေါ်လာ ၂၀၀၀ နှင့်အထက်ရရှိကြောင်း သိရသည်။

သို့သော် လက်ရှိကာလတွင် S Pass ဖြင့် အလုပ်လုပ်လိုပါက အဆိုပါနိုင်ငံရှိ ကုမ္ပဏီများမှ အခြေခံလစာ ၁၂၀၀ ဝန်းကျင်သာ ပေးကြောင်း စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသူများက ပြောသည်။

## စာ-၃၊ နွေရာသီတွင် ဆည်ရေမလျှံရန် ရေလွှတ်ခဲ့ခြင်းကြောင့် စိုက်ခင်းများရေလွှမ်း မှ

၎င်းတို့ စိုက်ပျိုးရန် မြေနေရာများကို ရွာသူကြီးနှင့် တာဝန်ရှိသူများကခွဲခြမ်းပေးကြသည်။ ထိုသို့စိုက်ပျိုးကြသည့်ရွာများထဲမှ ဇီးတော၊ အေးကုန်း၊ ဇီးဖြူကုန်း၊ ယင်မောင်တိုင်၊ နှုံးတန်း၊ ပြားအို၊ ညောင်တန့်၊ ဆင်းတဲ၊ ကပါးရပ်၊ ရွာနောင်၊ ရင်ပေါင်တိုင်၊ ရွာသစ်၊ ပုထိုးသာ၊ ကံကုန်း၊ နန်းတော၊ ရွှေလှံ၊ မန်ကျည်းကုန်း၊ အင်း၊ နံ့သာကုန်း၊ သဲတန်း စသောကျေးရွာများအပါအဝင် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ ရွာပေါင်း ၄၀ ကျော်ရှိ လယ်ယာမြေများ ရေလွှမ်းခဲ့ခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

မြောက်ယမားဆည်ရှိဆည်မြောင်းဝန်ထမ်းများအဆိုအရ ထိုသို့ နွေလယ်ကာလ၌ ဆည်ရေလွှတ်ခဲ့ခြင်းမှာ ရေမလွှတ်ခင် ယခင်ရက်များက ဆည်အထက်ပိုင်း မိုးရွာခဲ့ပြီး၊ ရေပိုလွှဲဆည်မှ ရေများစွာဝင်လာ၍ ဆည်ရေလျှံမှု မဖြစ်စေရန် ရေလျှော့ချခဲ့၍ဖြစ်သည်ဟုဆိုသည်။

“ဒီနှစ် မိုးနှောင်းကာလတောင်ပေါ်မှာ မိုးကောင်းတာရော၊ မုန်တိုင်းအန္တရာယ်ကြောင့် မြောက်ယမားချောင်း ရေကူဆည်ကရေလွှတ်တာရောမြောက်ယမား ရေလှောင်တမံသတ်မှတ်ရေအမှတ် ထက်ကျော်လွန်ပြီး ရေပိုလွှဲဆည်ကနေ မြောက်ယမားချောင်းထဲဆင်းသွားတယ်။ ရေပိုလွှဲကနေစီးတဲ့ရေကြောင့် မြောက်ယမားချောင်းစိုက်ခင်းတွေအားလုံးနီးပါး ပျက်စီးကုန်တာဖြစ်ပါတယ်။ နောက်ထပ်စိုက်ခင်းတွေ မပျက်အောင် ဆည်ရေကိုတာတမံမြောင်းတွေကနေ ရေထိန်းလွှတ်ပေးနေရတယ်” ဟု မြောက်ယမားချောင်း ရေလှောင်တမံမှ ရေထိန်းတံခါးတာဝန်ခံ ကိုဇော်မြင့်ထွန်းကပြောသည်။

ဒေသခံတောင်သူများကမူ နွေရာသီတွင် ဆည်ရေလျှံမည်စိုး၍ ရေလွှတ်မည်ဆိုပါက ဆည်အောက်ပိုင်းရှိကျေးရွာများကိုကြိုတင်သတိပေးပါက ကြိုတင်ပြင်ဆင်နိုင်ပြီး ယခုကဲ့သို့မပျက်စီးနိုင်ကြောင်းပြောသည်။

မြောက်ယမားချောင်းသည် မုံ့ရွာခရိုင်၊ ပုလဲမြို့နယ်၊ ချဉ်ပစ်ကျေးရွာအနီးတွင် တည်ရှိပြီး ယမားချောင်းအားပိတ်ဆို့တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်သည်။ နှစ်စဉ်မိုးတွင်းကာလတွင် မြောက်ယမားရေလှောင်တမံသတ်မှတ်ရေပြင်ဧရိယာကျော်လွန်၍ ရေပိုလွှဲဆည်မှ မြောက်ယမားချောင်းအတွင်း ရေစီးဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင် မြောက်ယမားချောင်းစိုက်ခင်းများရိတ်သိမ်းချိန်မတိုင်မီ ဧပြီလအတွင်း ချောင်းရေရုတ်တရက်ကျဆင်းမှု ပထမဆုံးအကြိမ်ကြုံတွေ့ရခြင်းဖြစ်ကြောင်းဒေသခံများကပြောသည်။

ဆည်မြောင်းများ ရေလွှတ်၍ စိုက်ခင်းများရေလွှမ်းသည့် ဖြစ်စဉ်မျိုးမှာ မိုးရာသီများတွင်သာ ဖြစ်ပွားလေ့များကြောင်း တောင်သူများကပြောသည်။ ၂၀၁၀ ပြည့်နှစ်မိုးတွင်းကာတွင်လည်း စစ်ကိုင်းတိုင်းရှိ သဖန်းဆိပ်ဆည်ရေလွှတ်ခဲ့ခြင်းကြောင့် ဆည်အောက်ပိုင်းရှိ ငှက်ပျောခင်းများနှင့် ပဲစိုက်ခင်းများ ရေလွှမ်းခဲ့ဖူးသည်။

## မျက်နှာဖုံး-စားအုန်းဆီတင်သွင်းခွင့်ကို သတ်မှတ်ချက်နှင့်အညီ လွတ်လပ်စွာပေးမည် မှ

ယနေ့ နေ့လယ်၁နာရီက မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ကျင်းပပြုလုပ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံပွဲတွင် ဝန်ကြီးက အထက်ပါအ တိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

“ပြည်တွင်းမှာ ဈေးတည်ငြိမ်မှုရှိဖို့ လုပ်ငန်းရှင်တွေကို ဖွင့်ပေးမယ်။စီးပွားရေးလုပ်ငန်းတွေမှာ ကုန်ထုတ်စွမ်းအားစုတွေ ဖြစ်တဲ့ ပို့ကုန်သွင်းကုန်လိုင်စင်တွေကို ဥပဒေနဲ့အညီ အခက်အခဲမရှိ၊ အလျင်အမြန်လုပ်ဆောင်နိုင်ဖို့ဆောင်ရွက်သွားပါမယ်”ဟုဝန်ကြီးက ပြောကြားခဲ့သည်။

လက်ရှိတွင် စီးပွားရေးဦးပိုင်ကသာ တင်သွင်းခွင့်ရှိပြီး ဦးပိုင်မှတစ်ဆင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သော ထူးကုမ္ပဏီက တင်သွင်းဖြန့်ချိရောင်းချနေခြင်းမှ အခြားတင်သွင်းလိုသော မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များကိုပါ တင်သွင်းခွင့် ပြုတော့မည်ဖြစ်ကြောင်း မန္တလေးတိုင်းဆီလုပ်ငန်းရှင်ကြီးများအသင်း ဥက္ကဋ္ဌဦးကိုကြီးကလည်း 7Day News သို့ပြောသည်။

ဆီကုန်သည်များ အသင်းကိုလည်း ဆီတင်သွင်းရောင်းချရန် သက်ဆိုင်ရာက အကြံပြုထားကြောင်း အသင်းဝင်တစ်ဦးကဆိုသည်။

“စားအုန်းဆီတင်သွင်းမှုကို ပြင်ပကုမ္ပဏီများသို့လွတ်လပ်စွာ တင်သွင်းခွင့်ပေးဖို့ သက်ဆိုင်ရာကို စာတင်ထားတာတော့ရှိတယ်။ ကုမ္ပဏီဘယ်လောက်ကိုပေးမယ်ဆိုတာသတ်မှတ်ထားတာမရှိသေးဘူး”ဟု ရန်ကုန်တိုင်း ဆီလုပ်ငန်းရှင်တစ်ဦးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စားအုန်းဆီတင်သွင်းရောင်းချခွင့်ကို ပြင်ပကုမ္ပဏီ ၇၃ခုအား ဆီတင်သွင်းခွင့်ပြုရန် စီစဉ်နေသည်ဟု ကြားသိရကြောင်း စားအုန်းဆီကိုယ်စားလှယ်တစ်ဦးကပြောသည်။ အဆိုပါသတင်းထွက်ပေါ်လာခြင်းနှင့်အတူ လက်ရှိရောင်းချနေသော စားအုန်းဆီ ပြင်ပ ပေါက်ဈေးမှာလည်း သင်္ကြန်ပြီးကာလ စတင်ဖွင့်လှစ်ချိန်ဈေးနှင့်ယှဉ် လျှင် တစ်ပိဿာ ၂၂၀ကျပ်အထိ မြင့်တက်သွားကြောင်း စားအုန်းဆီဈေးကွက်မှ သိရသည်။

“ဆီဈေးတက်သွားတာ ပစ္စည်းလက်ကျန် ကန်မှာ ဆီမရှိတော့တာရယ်၊ သင်္ဘောတွေလည်း ထပ်မရောက်သေးတာရယ်၊ အဝယ်လိုက်လာတာရယ်ကြောင့် တက်သွားတာ။ ကုမ္ပဏီတွေကို တင်သွင်းခွင့်ပေးလိုက်ရင်တော့ ဒီဈေးတွေက ထိုးကျသွားနိုင်တယ်”ဟု ဆီကိုယ်စားလှယ်တစ်ဦးကပြောသည်။ ပြင်ပဈေးကွက်တွင် လက်ရှိရောင်းချနေသော မြေပဲဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ်၄၃၀၀ ရှိပြီး၊ စားအုန်းဆီဈေးနှုန်းမှာ ကျပ် ၂၇၆၀ရှိသည်။

“အရင်တုန်းက ကုမ္ပဏီတွေအများကြီးပေးတုန်းက ဆီကိုယ်စားလှယ်တွေ ဝယ်ရတာ အဆင်မပြေတာတွေဖြစ်ခဲ့သေးတယ်။ သူတို့နဲ့ နီးစပ်နဲ့သူတွေကိုပဲထုတ်ပေးတာတွေရှိတော့ အောက်ကျနောက်ကျ ဝယ်ခဲ့ရတာတွေရှိတယ်။ ပြီးတော့ အခုလိုပေးလိုက်ရင် ဆီဈေးတွေ ကျလာရင်တော့ကောင်းတယ်။ အမြတ်ကိုပဲကြည့်ပြီး ဈေးညှိရောင်းကြတာတွေကြောင့် ဆီဈေးတွေမကျဘဲဖြစ်နေမှာလည်းစိုးရသေးတယ်”ဟု ဆီကိုယ်စားလှယ်တစ်ဦးကသုံးသပ်ပြောသည်။

ယခင်က ကုမ္ပဏီများအား စားအုန်းဆီတင်သွင်းရောင်းချခွင့် ပြုခဲ့ဖူးသော်လည်း မကြာမီကပြန် လည်ရုပ်သိမ်းခဲ့ကာ ကုမ္ပဏီတစ်ခုတည်းကသာရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ မြေပဲဆီနှင့် စားအုန်းဆီဈေးနှုန်းမှာ ထက်ဝက်နီးပါး ကွာဟနေခြင်းကြောင့် စားအုန်းဆီစားသုံးသည့်နှုန်းမှာ ပိုများနေကြောင်း သိရသည်။ တင်သွင်းခွင့်ရသည့်ကုမ္ပဏီကိုယ်စားလှယ်တစ်ဦးကို တစ်ပတ်လျှင်စားအုန်းဆီတစ်ပီပါမှ သုံးပီပါထိ ထုတ်ပေးလေ့ရှိပြီး သတ်မှတ်ဈေးဖြင့် ရောင်းချရန်သတ်မှတ်ပေးခဲ့ သည်။

ပြည်တွင်းသို့ စားအုန်းဆီ တင်သွင်းသည့်နှုန်းမှာ တစ်လလျှင် တန်ချိန်နှစ်သောင်းခွဲဝန်းကျင် တင်သွင်းနေရကြောင်း စားအုန်းဆီကိုယ်စားလှယ်တစ်ဦးကပြောသည်။ ကုမ္ပဏီများစွာ စားအုန်းဆီတင်သွင်းခွင့်ရနေရာမှ ဦးပိုင်တစ်ခုတည်းကိုသာ တင်သွင်းခွင့်ပြုခဲ့သည်မှာ ဆယ်စုနှစ်တစ်စုနီးပါးရှိပြီဖြစ်ပြီး ယခုမှ လုပ်ငန်းရှင်များသို့ ပြန်လည်ခွင့်ပြုရန် စီစဉ်ခြင်းဖြစ်သည်။

# Health


7 DAY NEWS JOURNAL

Vol.10, No.6 • APRIL 28, 2011


လူခန္ဓာကိုယ်သည် နေ့စဉ်လှုပ်ရှားသွားလာအသက်ရှင်ရန်အတွက် စွမ်းအင်များစွာလိုအပ်ပြီး ထိုလိုအပ်သောစွမ်းအင်များကိုလည်း နေ့စဉ်စားသောက်သည့် အစား အစာများမှ ရယူလေ့ရှိသည်။

ထိုစားသုံးလိုက်သော အစာများသည် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်များရရှိခြင်းအပြင် ခန္ဓာကိုယ်အလေးချိန်ကိုလည်း တိုးမြှင့်စေသည့် အကျိုးကျေးဇူးများလည်း ရရှိသည်။ သို့သော် အချို့တွင် ထိုစာသုံးလိုက်သော အစားအစာများမှ လိုချင်သော ခန္ဓာကိုယ်အလေးချိန် မရသောအခါပြင်ပမှ ဆေးဝါးအကူအညီ အသုံးပြုသူများလည်းရှိကြောင်း သိရသည်။

ထိုကဲ့သို့ ကိုယ်အလေးချိန်တက်စေရန် ပြင်ပမှ ဆေးဝါးများ အသုံးပြုကြရာတွင် ဆေးအသုံးပြုပြီး အလွန်အမင်းအိပ်လာခြင်း၊ အစားစားလာခြင်းတို့ကြောင့် ခန္ဓာကိုယ်အလေးချိန်တက်လာခြင်းကို အများစုသဘောကျကြပြီး အသုံးပြုမှု
များပြားခြင်းဖြစ်သည်။



## ဖြတ်ရင် ချက်ချင်းပိန်သွားတဲ့ ဝဆေးတွေ

ဝတ်ရည်

"တချို့ဆေးတွေက သောက်ပြီးရင် လူကအရမ်းထိုင်းမှိုင်းပြီး မှိန်းတယ်။ အရမ်းအိပ်တယ်။ အိပ်ရေးဝရင် ဘာပဲဖြစ်ဖြစ် စားလို့ကောင်းတဲ့အတွက် အစားလည်း အရမ်းစားကြလို့ ခန္ဓာကိုယ်က သိသိသာသာကို ဝလာတယ်။ ဒါပေမဲ့ အဲဒီမှာ တချို့ဆေးတွေက ခန္ဓာကိုယ်က အသားကို တက်လာစေတာ မဟုတ်ဘူး။ ဆေးသောက်လိုက်တဲ့ ခန္ဓာကိုယ်အတွင်း ရေဓာတ်တွေ များလာပြီး မျက်နှာတွေ ဖောင်းလာကြတာတွေလည်း ရှိတယ်"ဟု မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဒေါက်တာဦးမြင့်ဇော်က ပြောသည်။

အချို့ဆေးဝါးများသည် ကိုယ်အလေးချိန် ချက်ချင်းသိသာစွာ တက်လာသည်ဟု မြင်သာစေရန် စတီးရိုက်(အရေပြား၊ အဆစ်အမြစ်ရောဂါများနှင့် ပတ်သက်သည့် အခါ သောက်သုံးရသည့် ဆေးဝါးများ) အမျိုးအစားဆေးဝါးများ ထည့်သွင်းအသုံးပြုကြပြီး ထိုအခါ ဆေး၏ကောင်းကျိုးကြောင့် ကိုယ်အလေးချိန်တက်လာခြင်း မဟုတ်ဘဲ စတီးရိုက်၏ ဘေးထွက်ဆိုးကျိုးကြောင့် ကိုယ်ခန္ဓာဖောင်းလာခြင်းများလည်း ရှိကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

"စတီးရိုက်ဆေးတွေက Course နဲ့ သောက်ရတာမျိုးပါ။ ဆေးပမာဏများရာကနေ နည်းပြီး တဖြည်းဖြည်းနဲ့ဖြတ်ပြီး သောက်ရတာဖြစ်ပေမယ့် မသိဘဲ နေ့စဉ်သောက်နေတဲ့အခါ ဆေးယဉ်ပါးမှုတွေဖြစ်လာတယ်။ ကြာလာတဲ့ အခါ နောင်တစ်ချိန်မှာ စတီးရိုက်ပါတဲ့ ဆေးသောက်ဖို့လိုလာတဲ့ ရောဂါတစ်ခုခုဖြစ်လာတဲ့ အခါ သောက်လို့မရတော့ဘူး။ ဆေးယဉ်ပါးနေတော့ ဆေးမတိုးတော့ဘူး" ဟု ဒေါက်တာမြင့်ဇော်က ပြောသည်။

ထိုကဲ့သို့ဓာတ်ပါသော ဆေးဝါးများအား အသုံးပြုမိသူတိုင်းတွင် ဆေးယဉ်ပါးသည့်ဘေးထွက်ဆိုးကျိုးများ ခံစားကြရကြောင်း သိရသည်။

"သူများတွေက အဲဒီဆေးက သောက်လိုက်တာနဲ့ သိသိသာသာ ဝလာတယ်ဆိုလို့ ကျွန်မတို့ သူငယ်ချင်းတွေလည်း ဝယ်သောက်ဖူးတယ်။ ဆေးသောက်နေတဲ့အချိန်က အရမ်းအိပ်တယ်။ အရမ်းစားပြီး ခဏလေးနဲ့ ဝလာတယ်။ နည်းနည်းလေးပြည့်လာတော့ ဆေးဖြတ်လိုက်တာ ချက်ချင်းပြန်ပိန်သွားရော" ဟု အသက် ၂၀ အရွယ်တက္ကသိုလ်ကျောင်းသူ အမျိုးသမီးတစ်ဦးက ပြောသည်။

စာ(၁၄)သို့

## မြန်မာနိုင်ငံတွင် ဝက်နားရွက်ပြာရောဂါ ကာကွယ်ဆေးထုတ်လုပ်မည်

ထူးသန့်

နေပြည်တော်၊ ဧပြီ - ၁၉

စီးပွားဖြစ် ဝက်မွေးမြူသူများနှင့် တစ်ပိုင်တစ်နိုင်မွေးမြူသူများအတွက်ပါ သတိထားစရာဖြစ်လာသည့် ဝက်နားရွက်ပြာရောဂါအတွက် နိုင်ငံတွင်း၌ပင် ရောဂါကာကွယ်ဆေးများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာအောင်ကြီး၏ ပြောကြားချက်အရသိရသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ နေပြည်တော် ပျဉ်းမနားမြို့ မွေး/ကုဦးစီးဌာနရုံး၌ ယနေ့ကျင်းပခဲ့သော အဆိုပါရောဂါဆိုင်ရာ ဟောပြောပွဲတွင်ကာကွယ်ဆေးနှင့် ပတ်သက်ပြီးလုပ်ငန်းရှင်တစ်ဦးက မေးမြန်းခဲ့ရာ "အက်ဖ်အေအိုက ပညာရှင်တွေခေါ်ထားပါတယ်။ တစ်လလောက်နေရင်ရောက်ပါမယ်။ ဒီမှာပဲ ဝက်နားရွက်ပြာရောဂါကာကွယ်ဆေးထုတ်လုပ်သွားဖို့ရှိပါတယ်"ဟု ဒေါက်တာအောင်ကြီးကပြန်လည်ဖြေကြားခဲ့သည်။

ဝက်နားရွက်ပြာရောဂါတွင် ဗိုင်းရပ်စ်မျိုးကွဲများ အများအပြားရှိသည့်အတွက် ဖြစ်နေသည့် မျိုးစိတ်ကို ကာကွယ်ဆေးထိုးနိုင်မှသာလျှင် အသုံးတည့်နိုင်ကြောင်း နိုင်ငံခြားမှ တင်သွင်းလာသည့် ကာကွယ်ဆေးများမှာလည်း နှစ်လခန့်သာ ခံနိုင်ကြောင်းလည်း ယင်းက ရှင်းလင်းပြောကြားသည်။

အခြားပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင်သာမက နေပြည်တော်တွင်လည်း ယင်းရောဂါကူးဆက်လာသည့်အတွက် ဝက်ဈေးကွက်လည်း ပျက်သွားခဲ့ကြောင်း၊ဝက်ကြီးများဒိုင်သွင်းဈေး ထက်ဝက်ခန့်လျော့ကျသွားသကဲ့သို့ သားပေါက်ဈေးလည်း ပျက်သွားခဲ့ပြီး လောလောဆယ် ဝက်မွေးမြူလိုသူများအလွန်နည်းပါးနေကြောင်း ဒေသခံများထံမှ သိရသည်။



## ကလေးကာကွယ်ဆေး များပြားလာခြင်းကို မိဘများ စိုးရိမ်ပူပန်

ဆောက်သမ်တန်၊ ဧပြီ - ၂၁

အမေရိကန်နိုင်ငံမှကလေးကျန်းမာရေးစောင့်ရှောက်သော ဆရာဝန်အများစုသည် ကလေးများအတွက် ကာကွယ်ဆေးများပြားလာခြင်းကို မိဘများအား ရှင်းလင်းပြောကြားရင်းအချိန်ကုန်နေရကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

ကာကွယ်ဆေးများနှင့် ပတ်သက်၍ မိဘများ၏ စိုးရိမ်ပူပန်မှုသည် လွန်ခဲ့သော ငါးနှစ်အတွင်း သိသိသာသာ(သို့မဟုတ်) အသင့်အတင့်မြင့်တက်လာခဲ့ကြောင်း အမျိုးသားစစ်တမ်းတစ်ခုတွင် တွေ့ရှိရသည်ဟု ကိုလိုရာဒိုဆေးပညာတက္ကသိုလ်မှ ဒေါက်တာ အဲလစ်ဆန်ကန်ပီက ပြောကြားသည်။ ၎င်းသည် ကိုလိုရာဒိုကလေးဆေးရုံမှ ကလေးကျန်းမာရေး သုတေသနအစီအစဉ်၏ ဒါရိုက်တာတစ်ဦးလည်း ဖြစ်သည်။

မိဘများက အနည်းဆုံး ကာကွယ်ဆေးတစ်မျိုးငြင်းဆန်မှုကိုဆရာဝန် ၇၉ ရာခိုင်နှုန်းက ကြုံတွေ့ရကြောင်း၊ ထို့အပြင် ၈၉ ရာခိုင်နှုန်းသော ဆရာဝန်များသည် ကလေးများအတွက် ကာကွယ်ဆေးထိုးခြင်းအား အချိန်ခြားပေးရန်တောင်းဆိုမှုများနှင့် ကြုံတွေ့ရကြောင်း လေ့လာချက်က ဖော်ပြသည်။

ဆရာဝန် ၄၀ ရာခိုင်နှုန်းသည်ကာကွယ်ဆေး ငြင်းဆန်သောမိဘများအား စာရွက်စာတမ်းများတွင် လက်မှတ်ထိုးခိုင်းတတ်ကြောင်း၊ ဆယ်ရာခိုင်နှုန်းက ကာကွယ်ဆေးထိုးရန် ငြင်းဆန်သောမိဘများ၏ ကလေးငယ်များအား ဆက်လက်ဆေးကုသခြင်းမပြုတော့ကြောင်းလည်း လေ့လာချက်က တွေ့ရှိခဲ့သည်။ UPI




7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# နေပြည်တော်တွင် ဝက်နားရွက်ပြာရောဂါအကြောင်း ဟောပြောပွဲကျင်းပ

ထူးသန့်

**နေပြည်တော်၊ ဧပြီ – ၁၉**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ဧပြီလဆန်းပိုင်းမှစ၍ ဝက်နားရွက်ပြာရောဂါဖြစ်ပွားခဲ့ပြီး ဝက်သေပျောက်မှုလည်း ရှိခဲ့ကြောင်း ယနေ့ပြုလုပ်ခဲ့သော အဆိုပါရောဂါအကြောင်း ဟောပြောပွဲမှ သတင်းရရှိသည်။

နေပြည်တော် ပျဉ်းမနားမြို့ နယ် မွေးမြူရေးနှင့် ကုသရေးဦး စီးဌာန၏ စာရင်းဇယားများအရ မွေးမြူရေးဝက်ကောင်ရေတစ်သန်းကျော်တွင် ၁၀၀ကျော် နေမကောင်းဖြစ်ခဲ့ကာ ၁၀ ကောင်ခန့် သေဆုံးခဲ့ကြောင်း၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များတွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိ ခဲ့သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်၏ဟောပြောချက်များအရ စနစ်တကျမွေးမြူသော ဝက်များမှာ ရောဂါထိန်းချုပ်ရန် လွယ်ကူပြီး လွှတ်၍မွေးသော ဝက်များမှာမူ ရောဂါပျံ့နှံ့ကူးစက်ခံရဖို့လွယ်ကူကြောင်း၊ ကုန်ကျစရိတ်သက်သာရန် အစာလည်စုံ၍ ကျွေးခြင်း၊ ဝက်နာနှင့်အသေသားစားသုံးခြင်းများမှ ကူးစက်နိုင်သည့်အပြင် ရေ၊ လေ၊ လူနှင့်ကိုင်တွယ်အသုံးပြုသော ပစ္စည်းများမှလည်း ကူးစက်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ယခုနှစ် ဖေဖော်ဝါရီလဆန်းမှ စတင်ဖြစ်ပွားခဲ့သော ဝက်နားရွက်ပြာရောဂါကြောင့် မန္တလေးတိုင်းဒေသကြီးတွင် အကောင်ရေ ၆၀၀ ကျော်သေဆုံးခဲ့သည်။ မကွေးတိုင်းဒေသကြီးတွင်အကောင်ရေ ၁၂၀ ခန့်သေဆုံးခဲ့သည်။ အဆိုပါရောဂါသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံများ၌ လွန်ခဲ့သည့်နှစ်များက ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံတွင်မူ ယခုနှစ်တွင်မှ စတင်ကူးစက်ဖြစ်ပွားခဲ့ကြောင်းလည်း ထပ်မံသိရသည်။ ယင်းရောဂါမှာ ဝက်၏သုတ်ရည်မှလည်း ကူးစက်နိုင်ရာ နိုင်ငံခြားမှ မျိုးသစ်များ တင်သွင်းခြင်းမှလည်း ကူးစက်နိုင်ကာ နယ်စပ်မှ လည်းဝင်လာနိုင်ကြောင်း သက်ဆိုင်ရာပညာရှင်များက ပြော ကြားချက်အရသိရသည်။

# မြန်မာ – တရုတ်နှစ်နိုင်ငံနယ်စပ်တွင်ဆေးယဉ်ပါးငှက်ဖျားရောဂါစောင့်ကြည့်စစ်ဆေးရေးနေရာများသတ်မှတ်

မေဝင်းမွန်

**ရန်ကုန်၊ ဧပြီ – ၁၉**

ဆေးယဉ်ပါးငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် မြန်မာနှင့် တရုတ်နိုင်ငံနယ်စပ်တွင်ဆေးယဉ်ပါးငှက်ဖျားရောဂါနှင့်ပတ်သက်ပြီး စောင့်ကြည့်စစ်ဆေးသည့်နေရာများ သတ်မှတ်ဆောင်ရွက်နေပြီး ဆေးယဉ်ပါးမှုအဖြစ်များသည့် နေရာများကို အဆင့်များခွဲကာ မကြာမီဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။



ဆေးယဉ်ပါးငှက်ဖျားရောဂါစောင့်ကြည့်စစ်ဆေးသည့်နေရာ ၇ ခုအဖြစ် တနင်္သာရီနှင့်ပဲခူးတိုင်းဒေသကြီး၊ မွန်၊ ကရင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တရုတ်နှင့်ထိုင်းနိုင်ငံနယ်စပ်၊ ကချင်ပြည်နယ်၊ ဘင်္ဂလားဒေ့ရှ်နှင့် နယ်နိမိတ်ထိစပ်နေသည့် ရခိုင်ပြည်နယ်တို့တွင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ကျန်းမာရေးပညာရှင်များနှင့် အလှူရှင်များက ဆေးယဉ်ပါးငှက်ဖျားရောဂါအဖြစ်များသည့်နေရာများကို အဆင့်များ ခွဲကာလျော့ပါးရေးဆောင်ရွက်သွားမည်ဖြစ်ပြီး အများဆုံးဖြစ်သည့် အဆင့်(၁)နေရာအဖြစ် တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း ရွှေကျင်မြို့နယ်အပါအဝင်မြို့နယ် ၁၀ ခု၊ အဆင့်(၂)အဖြစ် ကရင်၊ကယား၊မွန်၊ရှမ်းပြည်နယ်၊ ရွှေကျင်မြို့နယ်မှအပ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းအတွင်းရှိမြို့နယ်များ၊ အဆင့်(၃)အဖြစ် တစ်နိုင်ငံလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကာ အဆင့်(၁)ကိုယခုလအတွင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ငှက်ဖျားရောဂါသည်မြန်မာနိုင်ငံတွင်အသက်အန္တရာယ်ပေးနိုင်သည့်ရောဂါများတွင်ပါဝင်ပြီး အသက် ၅ နှစ်အောက်ကလေးငယ် အများဆုံးသေဆုံးရသည့်ရောဂါဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းများအရ သိရသည်။ ထိုင်း-ကမ္ဘောဒီးယားနယ်စပ်တွင် ဆေးယဉ်ပါးငှက်ဖျားရောဂါနှင့် ပတ်သက်၍ထိုင်းနိုင်ငံမှစစ်ဆေးဆောင်ရွက်မှုပြုလုပ်ခဲ့ပြီး ဆေးယဉ်ပါးမှုလက္ခဏာရှိသည့်မြန်မာနိုင်ငံနယ်စပ်ဒေသတွင်လည်း ဆေးယဉ်ပါးငှက်ဖျားတိုက်ဖျက်ရေးဆောင်ရွက် သွားဖွယ်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်အရသိရသည်။

မြန်မာနိုင်ငံအတွင်း ဆေးယဉ်ပါးငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့ (3DF) ကအမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ကူညီခဲ့ပြီး မြန်မာနိုင်ငံတွင် နှစ်စဉ်ငှက်ဖျားရောဂါဖြစ်ပွားမှုငွေသမ ၂သန်းရှိကာ အရှေ့တောင်အာရှတွင် ငှက်ဖျားအဖြစ်များဆုံးနိုင်ငံဖြစ်လျက်ရှိသည်။ အပြင်းစားငှက်ဖျားရောဂါကို အာတီမီဆီနင်အခြေပြုငှက်ဖျားဆေးပေါင်း(ACT) ကုထုံးဖြင့် တစ်ကမ္ဘာလုံးအသုံးပြုကုသလျက်ရှိသည်။

ကလိုရိုကွင်းငှက်ဖျားဆေးယဉ်ပါးမှုမှာ၁၉၅၀ပြည့်နှစ်များက ထိုင်း-ကမ္ဘောဒီးယားနယ်စပ်တွင် ပထမဆုံးဖြစ်ပွားခဲ့ပြီး ၁၉၈၀ တွင်ကမ္ဘာ့ငှက်ဖျားအဖြစ်များဆုံးနိုင်ငံဖြစ်သည့် အာဖရိကတွင်ပါ ဖြစ်ပွားခဲ့သည်။ အရှေ့တောင်အာရှတွင်မူ ၂၀၀၇ ခုနှစ်က အာတီမီဆီနင်ဆေးယဉ်ပါးမှုစတင်


# စာ – ၁၃၊ ဖြတ်ရင်ချက်ချင်းပိန်သွားတဲ့ ဝဆေးတွေ မှ

"ဆေးသောက်လိုက်လို့ ကြွက်သားတွေတက်ပြီး ဝလာတာ မဟုတ်ဘဲ ခန္ဓာကိုယ်ထဲ ရေဓာတ်တွေများပြီး ခဏဝလာတာဖြစ်တော့ ဆေးဖြတ်လိုက်တဲ့အခါမှာ ရေဓာတ်တွေပြန်နည်းပြီး နဂိုအခြေအနေ ပြန်ဖြစ်သွားတာတွေလည်း ရှိတယ်" ဟု ဒေါက်တာမြင့်ဇော်က ပြောသည်။

ကလေးငယ်များအတွက်လည်း ဖြည့်စွက်အားဆေးများ အသုံးပြုကြလေ့ရှိပြီး ငယ်ရွယ်သည့်အချိန်တွင် ဗီတာမင်ဓာတ်များလိုအပ်သည့်အတွက် ကလေးငယ်များ လိုအပ်သည့်အာဟာရများ ရရှိစေရန် ဗီတာမင်ဓာတ်များ ပါဝင်သော အားဆေးများ တိုက်သင့်ကြောင်း သိရသည်။

အသက်အရွယ်ကြီးလာသည်နှင့်အမျှ ခန္ဓာကိုယ်ထဲတွင် သတ္တုဓာတ်များစွာလိုအပ်လာပြီဖြစ်၍ အသက် ၄၀ ကျော်လူကြီးများ ဖြည့်စွက်အားဆေးများ အသုံးပြုသည့်အခါ သတ္တုဓာတ်များပါဝင်သော ဆေးဝါးများ အသုံးပြုသင့်ကြောင်း သိရသည်။

"ခန္ဓာကိုယ်အတွင်းမှာက ကလေးအရွယ်မှာ လိုအပ်တဲ့ အာဟာရဓာတ်တွေကဖြစ်တာများပြီး ပျက်တာများတယ်။ အသက် ၂၀-၃၀ အရွယ်လောက်မှာ ဖြစ်တာနဲ့ ပျက်တာအတူတူပဲဖြစ်တဲ့အတွက် ဘာအားဆေးမှ သုံးဖို့မလိုသေးဘူး။ ခန္ဓာကိုယ်က မလိုအပ်သေးတဲ့အချိန် အားဆေးသုံးလည်း ဆီး၊ ဝမ်းတွေကတစ်ဆင့် ပြန်စွန့်ထုတ်လို့ ပိုက်ဆံကုန်တာပဲ ရှိတယ်။ အသက် ၄၀ ကျော်လာရင်တော့ ခန္ဓာကိုယ်ထဲမှာ အာဟာရဓာတ်တွေ ဖြစ်ပေါ်မှုနည်းပြီး ပျက်တာများလာတဲ့အတွက် လိုအပ်တဲ့အာဟာရတွေကို အပြင်က အစားထိုးဆေးဝါးတွေ အသုံးပြုပြီး ပြန်ဖြည့်တင်းရမှာဖြစ်တဲ့အတွက် အသက်ကြီးလာရင်တော့ သတ္တုဓာတ်ပါတဲ့ အားဆေးတွေ သောက်သင့်တယ်" ဟု ဒေါက်တာမြင့်ဇော်က ပြောသည်။




[illegible]

မွန်မြတ်ဆေးခန်း

[illegible]

Regional
7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# အသုဘယာဉ်တန်းအား သကြၤန်ကားဝင်တိုက်၍ နှစ်ဦးသေဆုံး

ကျော်ဇေယျ

"ဝုန်း ဝုန်း ဒိုင်း ကျွီ"
"အမယ်လေးလုပ်ကြပါဦး၊ ကယ်ကြပါဦး"

အရာဝတ္ထုတို့ ထိခိုက်မိသံများနှင့် ရှေးမနှောင်းမီမှာပင်လူတို့၏ အာမေဋိတ်သံများ၊ ထိခိုက်နာကျင်၍ ကယ်ပါယူပါတစာစာ အသံများ လမ်းမပေါ်တွင် ပွက်လောညံကုန်သည်။

နေရာကား နေပြည်တော် ပျဉ်းမနားမြို့၊ ယောက်သွားအင်းအုပ်စု၊ အရှေ့ရွာဇေတိကဆီစက်အနီး၊ တစ်နည်းအားဖြင့် နေပြည်တော်-တောင်တွင်းကြီး လမ်းမပေါ်။ အချိန်ကားသကြၤန်အကြိတ်နေ့ (ဧပြီ ၁၅ ရက်)မွန်းလွဲ ၁ နာရီခန့်၊ နေပူပြင်းလှသောအချိန်မို့ ရေပက်သူတွေလည်း ထမင်းစားအနားယူသလိုအချို့သောရေပက်ခံကားများလည်း အိမ်သို့ခဏပြန်နားချိန်ဖြစ်သည်။ ရေပက်သူများမရှိသော်လည်းနေပြည်တော်လမ်းမ၏ထုံးစံအတိုင်း ကားမျိုးစုံဟိုသည်ဥဒဟိုသွားလာနေသည်။ထိုအချိန်မှာပင် အသုဘချရန် သွားသောယာဉ်တန်း ရှေ့ဆုံးမှရုပ်အလောင်းသယ်လာသည့် ပုညကာရီနိဗ္ဗာန်ယာဉ်အားသကြၤန်လည်ပြီးပြန်လာသောလိုက်ထရပ်ကားကဝင်တိုက်ခဲ့ခြင်းဖြစ်၏။



အတိုက်ခံရသော နာရေးကူညီမှု နိဗ္ဗာန်ယာဉ်



KME ကုမ္ပဏီ ရုံးဝန်းထဲ တိုးဝင်သွားသောယာဉ်။

မထင်မှတ်သောဖြစ်ရပ်ဆိုးကြီးတစ်ခုက ရုတ်တရက်ဖြစ်သွားသောကြောင့် လူအများစုမှာရုတ်တရက် ဘာလုပ်ရမှန်း မသိကြ။ ဖြစ်စဉ်မှာ နေပြည်တော် ပျဉ်းမနား၊ ရန်အောင်(၁)ရပ်ကွက် ဇောတိကဆီစက်အနီး နေပြည်တော် လမ်းမအနောက်မှအရှေ့သို့မောင်းနှင်လာသော အသုဘချသည့် ယာဉ်လမ်းကြောင်းကားများ အနက်ရှေ့ဆုံးမှ မောင်းနှင်လာသော ပုညကာရီ နာရေးကူညီမှုယာဉ်အားအရှေ့မှ အနောက်သို့မောင်းနှင်လာသော

စာ(၁၈) သို့

## နေပြည်တော်တွင် ဧက ၅၀၀ရှိ ပေါင်းစည်း လယ်ယာစနစ် စတင်တည်ထောင်မည်

ထူးသန့်

**နေပြည်တော်၊ ဧပြီ- ၁၉**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ဧက ၅၀၀ အကျယ်အဝန်းရှိသော ပေါင်းစည်းလယ်ယာစနစ်ကိုစံပြအဖြစ် အကောင်အထည်ဖော်သွားရန်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ယနေ့ပြုလုပ်သောဟောပြောပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

"မကြာခင်ပေါင်းစည်း လယ်ယာစနစ်ကို ဧက ၅၀၀ နဲ့တည်ထောင်ပါလိမ့်မယ်။ စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ငန်းကို အကျိုးရှိရှိတွဲဖက်လုပ်ဆောင်နိုင်တာကို တောင်သူတွေ အသိပညာရရှိဖို့ စံပြလုပ်ဆောင်ပြမှာပါ" ဟု တက်ရောက်သူတစ်ဦး၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားရင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍတွင် အခြေခံအကျဆုံးကဏ္ဍမှ ပါဝင်နေသော ကျေးလက်နေပြည်သူများ၏ ဘဝကိုမြှင့်တင်နိုင်ရန် နည်းလမ်းတစ်ရပ်အဖြစ် စံပြလယ်ယာစနစ်အားဒေသအချို့တွင် လွန်ခဲ့သည့်နှစ် အနည်းငယ်ကတည်းက စံပြတည်ထောင်ပေးခဲ့ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကို အကျိုးရှိရှိ တွဲဖက်လုပ်ဆောင်နေကြောင်းလည်း စိုက်ပျိုးရေးပညာရှင်တစ်ဦးကပြောသည်။

ငါးကေနှင့် အောက်သာလုပ်ကိုင်နေသည့် လုပ်ကွက်ငယ်တောင်သူအများစုပါဝင်သော မြန်မာ့လယ်ယာစီးပွားကဏ္ဍတွင် ပေါင်းစည်းလယ်ယာစနစ်ကို ဆောင်ရွက်နိုင်ရန် တောင်သူများ အရင်းအနှီး အခက်အခဲရှိနိုင်ကြောင်းလည်း သိရသည်။ အဆိုပါအကြောင်းအရာနှင့် ပတ်သက်၍ နေပြည်တော်ဒေသခံလယ်သမားတစ်ဦးက "ပေါင်းစည်းလယ်ယာစနစ်ကိုစိတ်ဝင်စားတယ်။ ဒါပေမဲ့ သူတို့လိုကန်တွေ၊ အဆောက်အအုံတွေ မလုပ်နိုင်ဘူး။ လုပ်နိုင်ရင်ကောင်းတယ်ဆိုတာကို သိပါတယ်။ ဒါပေမဲ့မတတ်နိုင်ဘူး"ဟု ပြောကြားသည်။

## လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးစီမံကိန်းနယ်မြေအတွင်း ကျေးရွာအချို့ ပြောင်းရွှေ့နိုင်ရန် စီစဉ်

ရန်နိုင်ကျော်



**မုံရွာ၊ ဧပြီ- ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးလုပ်ငန်းအား ယခုနှစ်ဆန်းပိုင်းမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါကြေးနီတူးဖော်ရေးစီမံကိန်းနယ်မြေအတွင်း ကျေးရွာအချို့ရှိလူနေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ ပြောင်းရွှေ့နိုင်ရန်အတွက် သက်ဆိုင်ရာက ကျေးရွာသစ်တည်ဆောက်ရေးလုပ်ငန်းများအား ညောင်ပင်ကြီး-ဆားလင်းကြီး ကတ္တရာလမ်းမကြီးဘေးတွင် ယခုနှစ်မတ်လအတွင်း စတင်တည်ဆောက်လျက်ရှိသည်။

"လက်ပန်းတောင်းတောင်ကြေးနီသတ္တုတွင်းတူးဖော်ရေးစီမံကိန်းနယ်မြေအတွင်းမှာရှိတဲ့ဝက်မွေး၊ ကန်တော၊ ဆည်တည်း၊ ဇီးတောစတဲ့ကျေးရွာလေးရွာက လူနေအိမ်တွေကိုဒီနှစ်မတ်လအတွင်းကစပြီးကျေးရွာသစ်တည်ဆောက်ရေးစီမံကိန်းတွေနဲ့ အိမ်တွေစဆောက်နေပြီ။ ဝက်မွေးနဲ့ကန်တောအတွက် ပလောင်ကျေးရွာအနီးမှာ ကျေးရွာသစ်တည်ဆောက်နေတာပြီးတော့မယ်။ ပြောင်းတော့မပြောင်းရသေးဘူး။ ဆည်တည်းနဲ့ ဇီးတောအတွက် ဖောင်းကတာကျေးရွာအနီးမှာကျေးရွာသစ်တည်ဆောက်ရေး စီမံကိန်းစနေပြီ။ အရင်တုန်းက လျှပ်စစ်မီး မရှိခဲ့တဲ့ ရွာလေးတွေမှာ သစ်သားပျဉ်ကာ အိမ်သပ်သပ်ရပ်ရပ်နဲ့ လျှပ်စစ်မီး၊ စာသင်ကျောင်း၊ ဆေးခန်း၊ ဈေးတွေနဲ့စီစဉ်ပေးတော့ ပြောင်းရွှေ့ခံရတဲ့ ကျေးရွာတွေအားလုံး တိုးတက်လာတယ်"ဟု နေရာသစ်သို့ ပြောင်းရွှေ့ရမည့် ဝက်မွေးကျေးရွာနေထိုင်သူတစ်ဦးက လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးစီမံကိန်းကြောင့် ကျေးရွာများပြောင်းရွှေ့ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

စာ(၁၈) သို့



7 DAY NEWS JOURNAL
Vol.10, No.6 ▪ APRIL 28, 2011

# နေပြည်တော်တွင် သင်္ကြန်ကာလ ယာဉ်မတော်တဆမှုကြောင့် ယခင်နှစ်ထက် နှစ်ဆကျော်သေဆုံး

ထူးသန့်

**နေပြည်တော်၊ ဧပြီ- ၂၀**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျင်းပပြီးစီးခဲ့သော နှစ်သစ်ကူးသင်္ကြန်ကာလငါးရက်ကြာကာလ၌ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၁ဦးရှိခဲ့ရာထို ပမာဏသည် ယခင်နှစ်အလားတူ ကာလထက် နှစ်ဆကျော် ရှိခဲ့ကြောင်း နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ထံမှ သတင်းရရှိသည်။

ယခုနှစ် သင်္ကြန်ကာလအတွင်း အကြိုနေ့တွင် ယာဉ်မတော်တဆမှု သုံးမှုဖြစ်ပွားခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိကာ တစ်ဦးသေဆုံးခဲ့ကြောင်း၊ သင်္ကြန်အကျနေ့တွင် ၆ မှုဖြစ်ပွားပြီး ၅၅ ဦးဒဏ်ရာရရှိကာ သုံးဦးသေဆုံးခဲ့ကြောင်း၊ သင်္ကြန်အကြတ်နေ့တွင် ငါးမှုဖြစ်ပွားပြီး ၄၅ ဦးဒဏ်ရာရရှိကာလေးဦးသေဆုံးခဲ့ကြောင်းသင်္ကြန်အတက်နေ့တွင် ၆ မှုဖြစ်ပွားပြီး ၃၇ ဦးဒဏ်ရာရရှိကာ နှစ်ဦးသေဆုံးခဲ့ကြောင်း နှစ်ဆန်းတစ်ရက်နေ့တွင် တစ်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယခင်နှစ်သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု ၆ မှုဖြစ်ပွားခဲ့ပြီး ကိုးဦးဒဏ် ရာရရှိခဲ့ကာ ငါးဦး သေဆုံးသော်လည်း ယခုနှစ်တွင်မူ ၂၁ မှုဖြစ်ပွားပြီး ၁၃၉ ဦး ဒဏ်ရာရရှိခဲ့ကာ ၁၁ ဦးအထိ သေဆုံးခဲ့သည်။ အများဆုံးမှာ မော်တော်ဆိုင်ကယ်များဖြစ်ပြီး အရှိန်ပြင်းမောင်းနှင်မှုကြောင့်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သင်္ကြန်ကာလအတွင်း လူငယ်များအရက်သေစာသောက်စားကာ အပျော်လွန်ကျူးကြခြင်းကြောင့် ယခုကဲ့သို့ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်တစ်ဦးက သုံးသပ်ပြောကြားသည်။

နိုင်ငံတကာ အတွေ့အကြုံရှိ အငြိမ်းစားအရာ ထမ်းတစ်ဦးကမူ "လူငယ်တွေ ပေါက်ကွဲပြဖို့ ထွက်ပေါက်က ဒီလိုသောက်စားပြီးအစွမ်းပြဖို့တစ်ခုလောက်ပဲရှိတာကို။ အရက်ဆိုတာကလည်း သူတို့ဝန်းကျင်မှာ အကန့်အသတ်မရှိပေါများနေတယ်။ အဲဒီတော့ ဆိုးကျိုးကသက်တမ်းမစေ့ခင်သေကြတယ်။ ကိုယ်လက်အင်္ဂါတွေ ဆုံးရှုံးတယ်။ နိုင်ငံအတွက်လည်း အများကြီး နစ်နာတယ်။ ကျွန်တော့်အမြင်ဆိုရင်တော့ သူတို့အတွက်ပေါက်ကွဲပြဖို့ အားကစားပွဲတွေပြုလုပ်ပေးဖို့လိုမယ်ထင်တယ်" ဟု သုံးသပ်ပြောကြားသည်။

# ပလတ်စတစ်ပုံးထဲမှ ဓာတ်ဆီအား ရေသန့်ဘူးခွံထဲ လောင်းထည့်ရာမှ မီးလောင်ကျွမ်းမှုဖြစ်

ကြီးမြင့်နိုင်

**လွိုင်ကော်၊ ဧပြီ- ၂၁**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရွှေတောင်ရပ်ကွက်တွင် ပလတ်စတစ်ပုံးထဲမှ ဓာတ်ဆီအား ရေသန့်ဘူးခွံထဲသို့လောင်းထည့်ရာမှ တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ပြီး မီးစတင်လောင်ကျွမ်းသဖြင့် နေအိမ်တစ်လုံးမီးလောင်ကျွမ်းဆုံးရှုံးမှုမတ်လ ၂၇ ရက်ကဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ မတ်လ ၂၇ ရက် ညနေ ၄ နာရီခွဲအချိန်ခန့်က လွိုင်ကော်မြို့၊ ရွှေတောင်ရပ်ကွက်အတွင်း ရွှေတောင်ဘုန်းကြီး ကျောင်းအနီးရှိ အိမ်ရှင်ဦးတင်ဝင်း၏နေအိမ်တွင် ပလတ်စတစ် ပုံးထဲမှ ဓာတ်ဆီအား ရေသန့်ဘူးခွံထဲသို့ လောင်းထည့်ရာမှ တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ပြီး မီးစတင်လောင်ကျွမ်းသဖြင့် ၎င်းနေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်ဟု ဆိုသည်။

မီးလောင်ကျွမ်းမှုကို လွိုင်ကော်မြို့နယ်ရှိမီးသတ်ကား ၃ စီး၊ သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုတို့က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသဖြင့် အခြားအိမ်များသို့ မီးကူးစက်မှုမရှိဘဲ ထိုနေ့ညနေ ၄ နာရီ ၅၅ မိနစ်အချိန်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ အဆိုပါမီးလောင်ကျွမ်းမှုကြောင့် သွပ်မိုး၊ ပျဉ်ကာမြေစိုက်အိမ်တစ်လုံးနှင့် ဖိနပ်ဆိုင်တစ်ဆိုင် မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စုတစ်စုမှ လူ ၄ ဦးတို့ အိုးအိမ်မဲ့ဖြစ်ကာ ဆုံးရှုံးမှုတန်ဖိုးကျပ် နှစ်သိန်းရှိခဲ့ကြောင်း သိရသည်။ ထိုမီးလောင်ကျွမ်းမှုကို လွိုင်ကော်ရဲစခန်းက (ပ)၃၁/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ အရအမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။









7 DAY NEWS JOURNAL
Vol.10, No.6 ▪ APRIL 28, 2011



## လှိုင်ကော်၊ ဖရူဆိုမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ခြေများပျက်စီး



ဓာတ်ပုံ - Ktime(ကယားလီဗို)

နေလင်းအောင်

ရန်ကုန်၊ မေ - ၂၀

ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာတစ်ခုတွင် သင်္ကြန်အကြိုနေ့က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ယင်းကျေးရွာမှ လူနေအိမ်ခြေ ထက်ဝက်ကျော်ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါကျေးရွာမှာ လှိုင်ကော်မြို့မှ (၂၇) မိုင်ခန့်ဝေးသည့် ဖရူဆိုမြို့နယ်အတွင်းရှိ မာခရော်ရှေ့ကျေးရွာအုပ်စုမှ လောကျေခူကျေးရွာဖြစ်ပြီး ယင်းနေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် အိမ်ခြေ ၅၀ ကျော်အနက် ၃၀ ခန့်ပျက်စီးသွားခဲ့ကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

“၁၃ ရက်က တိုက်သွားတာ။ ရွာက လှိုင်ကော်မြို့နဲ့ နည်းနည်းဝေးတော့ ပျက်စီးဆုံးရှုံးမှုအသေးစိတ်ကို မသိရသေးဘူး။ လူသေတာတော့ မကြားမိဘူး။ ကြားထဲမှာ ပိတ်ရက်တွေကလည်း ခံသွားတော့ အခုမှသတင်းပို့နေတုန်းရှိသေးတယ်”ဟုကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးမှဒေါ်ဖြူက ပြောသည်။ လက်ရှိအချိန်တွင် လှိုင်ကော်မြို့နှင့် ကယားပြည်နယ်အတွင်းရှိ လူမှုရေး အသင်းအဖွဲ့များ၊ သာသနာရေးအဖွဲ့များနှင့် ဒေသခံ အင်န်ဂျီအိုများမှ ကူညီပေးလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့်ပတ်သက်၍ ကယားပြည်နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်သွယ်ခဲ့ရာ ယင်းအခြေအနေများအား မသိရှိကြောင်း အဆိုပါရုံးမှ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်စိုးမိုးက ပြောသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လက်ရှိအချိန်တွင် လောကျေခူရွာမှာ ရွာသားအချို့ အိုးမဲ့အိမ်မဲ့ဖြစ်နေပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ထပ်မံလိုအပ်နေသေးကြောင်း သိရှိရသည်။

သင်္ကြန်အကြိုနေ့ ညနေ ၃ နာရီခန့်တွင် ကျရောက်ခဲ့သည့် လေပြင်းမုန်တိုင်းဒဏ်အား မာခရော်ရှေ့ကျေးရွာအုပ်စုမှ အခြားရွာများလည်း ထိခိုက်ပျက်စီးခဲ့သော်လည်း လူအသေအပျောက်မရှိကြောင်း စုံစမ်းသိရှိရသည်။

## တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မေပြီ နှင့်နံနက်ခင်း မြူနှင်းများကျရောက်

စိုင်းသာအောင်

ထားဝယ်၊ မေပြီ- ၂၁

တနင်္သာရီတိုင်းဒေသကြီး မြို့တော် ထားဝယ်တွင် ဧပြီ ၁၉ ရက်နံနက်ပိုင်းက နှင်းမြူတွေကျပြီး နံနက် ၆ နာရီမိုးလင်းသည်အထိ မော်တော်ဆိုင်ကယ်များ ကားများမီးထွန်းသွားလာနေရကြောင်း ဒေသခံများထံမှ သိရသည်။

ဒေသခံထားဝယ်သားတစ်ဦးက“ကျွန်တော်တို့ထားဝယ်မြို့မှာဧပြီလအတွင်းမြူနှင်းကျတာ ၂ရက်ရှိပါပြီ၊ သင်္ကြန်အကျနေ့က တစ်ကြိမ်၊မြန်မာနှစ်ဆန်း ၂ရက်ကတစ်ကြိမ်၊ ၂ကြိမ်မြူနှင်းတွေ ကြပါတယ်။ ကျွန်တော်သတိထားမိသလောက် ထားဝယ်မြို့မှာ ရာသီဥတုဖောက်ပြန်နေတာ ၂နှစ်ရှိပါပြီ။ ဧပြီလမှာ အရင်က မြူနှင်းကျတာတွေမရှိပါဘူး။ ကျွန်တော် တနင်္သာရီတိုင်းဒေသကြီးဟာ သစ်တော၊ ဝါးတောနဲ့ တောတောင်တွေထူထပ်ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်ကစပြီး တောင်ယာခုတ်တာတွေ သစ်တောသစ်ပင်တွေ စည်းကမ်းမဲ့ခုတ်တာတွေကြောင့် ရေးနဲ့ထားဝယ်ကြားက တောင်တွေမှာ တောပြုန်းပြီး တောင်ကတုံးတွေ ဖြစ်နေပြီ။ အချို့က စီမံကိန်းဝင်သီးနှံတွေ ရာဘာတို့ဆီအုန်းတို့ စိုက်ပျိုးဖို့တောရှင်းတာတွေလည်းပါတယ်။ သစ်တောသစ်ပင်ကို ထိန်းသိမ်းစောင့်ရှောက်တာဟာ သစ်ပင်မခုတ်ရဆိုတဲ့ အရေးကြီး တားမြစ်နေလို့နဲ့မရပါဘူး။ သစ်ပင်တွေကို ဥပဒေမဲ့အပြောင်ရှင်းပြီး တောခုတ်နေတာတွေကို တာဝန်ရှိသူတွေ စနစ်တကျတားဆီးဖို့လိုပါပြီ” ဟု သူ၏အမြင်ကိုပြောသည်။

မန္တလေးမြို့မှ ဘုရားဖူးအဖွဲ့ဝင်တစ်ဦးက “ကျွန်တော်တို့ ထားဝယ်မြို့ လောကမာရဇိန် ဘုရား ကြီးဓမ္မာရုံမှာ ဧပြီ ၁၈ ရက်ညမှာ ညအိပ်ရပ်နားပါတယ်။ ဧပြီ ၁၉ ရက်မနက်ကျွန်တော်တို့ တည်းခိုတဲ့ လောကမာရဇိန်ဘုရားကြီးဝန်းကျင်နဲ့ ဘုရားကြီးရှေ့က လမ်းတွေမှာမြူတွေကျနေပြီး ဆောင်းတွင်းလိုဖြစ်နေတာတွေ့ခဲ့ရပါတယ်။ နွေလယ်မှာ ဆောင်းနံနက်ခင်းကို မြင်နေတာလာနီညာကြောင့်လားမသိဘူး” ဟု မျက်မြင်ကိုယ်တွေ့မြင်တွေ့ရသူတစ်ဦးက ပြောကြားသည်။

## PHOTO NEWS နားခိုစရာ ရှားပြီလား…






မုံရွာခရိုင်၊ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အကြား ဆက်သွယ်ဖောက်လုပ်ထားသော လည်ငေါက်–ချဉ်ပြစ် လမ်းမကြီးဘေးလမ်းလုပ်ငန်းဆောင်ရွက်နေသောယန္တရားတစ်စီးအား ဧပြီလ ၁၀ ရက်နေ့လယ်က ပျားများ ရုတ်တရက်စွဲအုံလာကြောင်း သိရှိရသည်။ ပြီးခဲ့သည့်နှစ်ကုန်ရက်ပိုင်း နှမ်းပန်းပွင့်ချိန်ပျားမွေးမြူရေးလုပ်ကိုင်သူ များပြောခဲ့သည့်နောက်ပိုင်း ယခုနှစ်ဧပြီလဆန်းပိုင်းအတွင်း ကောက်ပဲသီး နှံစိုက်ခင်းများရိတ်သိမ်းပြီးချိန် နားခိုရန်အရိပ်ရသစ်ပင်များ နည်းပါးလာသည့်အတွက်လမ်းလုပ်ငန်း မြေတူးစက်ယန္တရားအား ဧပြီလ ၁၀ ရက်နေ့ မွန်းလွဲပိုင်းမှစတင်ရပ်နားခဲ့ရာ တစ်ရက်ထက်တစ်ရက် ပျားအုံကြီးထွားလာခဲ့ကြောင်းသိရသည်။

ဓာတ်ပုံ – မျိုးမင်းဦး

## ရှေးဟောင်းစေတီနှင့်နတ်ကွန်းများ ရှေးမူမပျက် ပြုပြင်ထိန်းသိမ်း



မိုးမြင့်မိုး

ကန့်ဘလူ၊ မေပြီ- ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မြေထူးကျေးရွာ(မြေထူးမြို့ဟောင်း)ရှိယဉ်ကျေးမှုအမွေအနှစ်ရှေးဟောင်း စေတီတော်သုံးဆူနှင့်နတ်ကွန်းကိုးစင်တို့ကို ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရန် ဌာနဆိုင်ရာများ ပါဝင်သော ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကိုမတ်လ ၇ ရက်က ဖွဲ့စည်းပြီး လုပ်ငန်း များအကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။ သမိုင်းသုတေသီ၊ပညာရှင်ဆရာကြီးဦးမောင်မောင်တင်၊ဆရာမကြီးဒေါ်ရီရီနှင့်တို့၏ အဆိုအရမြေထူးမြို့ဟောင်းသည် ပျူမြို့ဟောင်းဖြစ်ပြီး သမိုင်းခေတ်ဦးမှကုန်းဘောင်ခေတ်အထိ ခံတပ်(ကင်း)မြို့အဖြစ် ထင်ရှားပြီး အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏သားတော် ဆင်ဖြူရှင်မြေဒူးမင်းစိုးစံခဲ့သောမြို့ဖြစ်ကြောင်းသိရသည်။ သာသနာတော်၌ တန်ခိုးကြီး ထင်ရှားသော စကားသားရုပ်ပွား ၁၀ ဆူတို့၏ မူလပင်မရွှေကူမြင့်မတ်ရုပ်ရုပ်ပွားတော်ကြီးနှင့် ရွှေကူမြင့်စေတီတော်ကြီးတို့မှာ မြေထူး မြို့ဟောင်း၌တည်ရှိသည်။ စည်ပုတ္တရာရှိရွှေလင်းပင်၊စမွန်ရှိရွှေစကားကြီး၊စဥ့်ကူးရှိရွှေတောမဲ၊ကလေးရှိစကားလှ၊တကောင်းကြာညှပ်ရှိရွှေစကားနှင့်အမြင့်ရှိမံ(သရိုး)ဘုရားတို့မှာ ရွှေကူမြင့်ရုပ်ပွားတော်ကြီး ထုလုပ်ရာစကားသားပင်စည်(တစ်တုံးတည်း)ကို ကိုးပိုင်းဖြတ်၍ ထုဆစ်ပူဇော်သောစကားသားရုပ်ပွားတော်များဖြစ်ကြောင်း ဘုရားသမိုင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

သိမ်တော်စေတီ၊ သက်တော်ရစေတီ၊ရွှေစည်းခုံစေတီ၊မြို့ထောင့်စေတီနှင့် ရှစ်မျက်နှာစေတီတော်များမှာ မြေဒူးမြို့ဟောင်း၏ တန်ခိုးကြီးထင်ရှားသော စေတီတော်များဖြစ်ပြီး ရွှေစည်းခုံစေတီတော်ကြီးကို ရှေးမူမပျက်မွမ်းမံပြင်ဆင်ပြီးဖြစ်သည်။ မြေဒူးမြို့ဟောင်းရှိရှေးဟောင်းသမိုင်းဝင်စေတီပုထိုး(၃၀)ကျော်တို့ကိုလည်း စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများ အလှူရှင်များကောင်းမှုဖြင့် ၁၉၉၉- ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၀- ၂၀၀၁ ခုနှစ်က ရှေးမူမပျက်ပြုပြင်မွမ်းမံထားပြီးဖြစ်ကြောင်း သိရသည်။ ယခုအခါ စေတီတော်သုံးဆူနှင့်နတ်ကွန်းကိုးစင်တို့ကို ရှေးမူမပျက်မွမ်းမံပြင်ဆင်မည်ဖြစ်ရာ စေတနာရှင်ကုသိုလ်ရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

PRIM MARY
Prim Mary Beauty School, No. 86, C2

ရွှေဆိုင်အရောင်းဝန်ထမ်းအလိုရှိသည်
ကျား – (၅)ဦး / မ – (၅)ဦး
ရန်ကုန်မြို့ Tel : 09-73041700

သဇင်
Body Beauty

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# လေပြင်းတိုက်ခတ်စဉ် ပေါ့ဆမှုတစ်ခုကြောင့် ရေစကြိုမြို့နယ်အတွင်း မီးလောင်မှုဖြစ်ပွား

မျိုးမင်းဦး

ရေစကြို၊ ဧပြီ - ၂၁

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဝွေးဂုဏ်ကျေးရွာတွင် ဧပြီ ၁၉ ရက် ညနေပိုင်း လေပြင်းတိုက်ခတ်နေစဉ် မီးအသုံးပြုသူတစ်ဦး၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ နေအိမ် ၈၀ မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၉၂ စု၊ ကျား ၂၆၈ ဦး၊ မ ၃၇၉ ဦး စုစုပေါင်းလူဦးရေ ၆၄၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

"ပြီးခဲ့တဲ့ ဧပြီ ၁၉ ရက် ညနေ ၃ နာရီခွဲမှာ လေပြင်းတိုက်ခတ်နေချိန်တွင် ဝွေးဂုဏ်ကျေးရွာ ဦးဝင်းသန်းထွန်းနေအိမ်က တစ်ဆင့်တပ်ဆင်ထားတဲ့ မီးသတ်ရေတိုင်တွေ၊ အပေါ့စားမီးသတ်စက်ငယ်တွေသာမက ရေစကြိုမြို့နယ် မီးသတ်တပ်ဖွဲ့က မီးသတ်ကားသုံးစီး၊ ဆားလင်းကြီးမြို့နယ် မီးသတ်တပ်ဖွဲ့က မီးသတ်ကားတစ်စီး ဒေသဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ဒေသခံတွေ ဝိုင်းဝန်းငြိမ်းသတ်တဲ့အတွက် ညနေ ၄ နာရီ ၁၅ မိနစ်မှာ မီးညွန့်ကျိုးသွားပြီး ညနေ ၄ နာရီခွဲမှာ မီးလုံးဝငြိမ်းသွားပါတယ်။ မီးလောင်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရတဲ့ အိမ်ထောင်စုဝင်များကို ရေစကြိုမြို့နယ်၊ ဝွေးဂုဏ်ကျေးရွာတောင်ဘက်ဒက္ခိဏာရာမကျောင်းတိုက်မှာ မီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပါတယ်"ဟု ရေစကြိုမြို့နယ်အုပ်ချုပ်ရေးမှူးရုံး တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေစကြိုမြို့နယ်၊ ဝွေးဂုဏ်ကျေးရွာအုပ်စု ဝွေးဂုဏ်ကျေးရွာသည် အိမ်ခြေ ၄၈၁ အိမ်ရှိပြီး ပေါ့ဆမှုကြောင့် အိမ်ခြေ ၈၀ မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သက်ဆိုင်ရာက တရားဝင်ထုတ်ပြန်သည်။ ဝွေးဂုဏ်ကျေးရွာသည် အကြီးမားဆုံးမီးလောင်မှု လေးကြိမ်ဖြစ်ပွားခဲ့ပြီး ခါးပြတိုက်သူများရှို့မီးကြောင့် တစ်ကြိမ်၊ ပေါ့ဆမှုကြောင့် သုံးကြိမ်ဖြစ်ပွားခဲ့ရာ တတိယမြောက် မီးလောင်မှုနှင့် ယခု အကြိမ် မီးလောင်မှုမှာ ၃၅ နှစ်ကြာမြင့်ခဲ့ကြောင်း ဝွေးဂုဏ်ကျေးရွာ ရပ်မိရပ်ဖများ၏ ပြောပြချက်အရ သိရှိရသည်။ ကောက်ပဲသီးနှံရိတ်သိမ်းချွေလှေ့ပြီးစီးချိန်များတွင်ပေါ့ဆမှုများကြောင့်မကြာခဏမီးလောင်မှုများဖြစ်ပွားလေ့ရှိသဖြင့် ကျေးရွာမီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိခဲ့သော်လည်း ယခုမီးဘေးကြုံခဲ့ရခြင်းဖြစ်သည်။



ဓာတ်ပုံ - မျိုးမင်းဦး

"မီးဘေးကြိုတင်ကာကွယ်ထားတဲ့ကြားက မီးလောင်ရာလေပင့်ဆိုသလို လေပြင်းတိုက်ခတ်တဲ့ အချိန်ဆိုတော့ အချို့မီးသတ်စက်တွေ မီးငြိမ်းရင်းနဲ့ မီးလောင်ဆုံးရှုံးခဲ့ရတဲ့အဖြစ် ကြုံခဲ့ရတယ်။ ဝွေးဂုဏ်ရွာရဲ့ တစ်ဝက်နီးပါးလောက် မီးလောင်သွားတယ်လို့ ဆိုလို့ရတယ်။ ရွာအလယ်တောင်၊ မြောက် လောင်သွားလိုက်တာ နံကပ်တိုက် ၁၆ လုံးနဲ့ ပျဉ်ထောင်အိမ်တွေအများဆုံးမီးလောင် ဆုံးရှုံးခဲ့တာပါ။ အချို့က မီးလောင်မှုကြောင့် အိမ်ခြေ ၁၇၀ ကျော် မီးလောင်ဆုံးရှုံးခဲ့တယ်လို့ဆိုပေမယ့် အမှန်တကယ် မီးလောင်ဆုံးရှုံးခဲ့တာ အိမ်ခြေ ၈၀ လို့ တရားဝင်ဖော်ပြထားပါတယ်" ဟု ဝွေးဂုဏ်ကျေးရွာ အုပ်ချုပ်ရေးမှူးဦးအောင်မြင့်ကပြောကြားသည်။

မီးဘေးကယ်ဆယ်ရေးစခန်းအဖြစ် ဝွေးဂုဏ်ကျေးရွာအတွင်း ဘုန်းတော်ကြီးကျောင်း လေးကျောင်းဖြစ်သော ဒက္ခိဏာရာမကျောင်းတိုက်၊ ရွှေဘုံသာကျောင်းတိုက်၊ ရွှေဥမင်ကျောင်းတိုက်၊ ဓမ္မာရာမကျောင်းတိုက်တို့တွင် မီးဘေးဒုက္ခသည်များထားရှိတည်းခိုပြီး ရေစကြိုမြို့မှ ကံပွင့်အမွှေးတိုင်အပါအဝင် ကုန်သည်၊ စက်မှုလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့များ၊ မုံရွာမြို့၊ စန်းမြသီတာကျောင်းတိုက် ဆရာတော်ဦးဆောင်သော အလှူရှင်များ၊ ခင်မွန်ဗောဓိတောရကျောင်းတိုက် ဆရာတော်ဦးဆောင်သော အလှူရှင်များ၊ အနီးပတ်ဝန်းကျင် ဒေသခံအလှူရှင်များ နေ့စဉ်လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ပေါ့ဆမှုကြောင့် မီးစတင်လောင်ကျွမ်းခဲ့သော အိမ်ပိုင်ရှင်ဦးဝင်းသန်းထွန်း အသက် (၂၆)နှစ်၊ အဘ ဦးရွှေဟန်အား ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ယခုနှစ် မတ်လအတွင်း ပြည်တွင်းဒေသစုံ မီးလောင်ကျွမ်းမှု ၁၃၈ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီးပေါ့ဆမီးမှတစ်ဆင့်မီးလောင်ကျွမ်းမှု ၁၀၇ ကြိမ်၊ အလိုအလျောက်မီးလောင်မှု၉ကြိမ်လျှပ်စစ်မီးမှ တစ်ဆင့် ၅ ကြိမ်၊ မသမာသူရှို့မီး ၉ ကြိမ်၊ တောမီး ၈ ကြိမ်ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုများကြောင့် အိမ်ခြေအဆောက်အအုံ ၇၆၇ လုံး၊ ဂိုဒေါင် ၃ လုံး၊ မီးဘေးဒုက္ခသည် ၃၆၄၅ ဦး၊ လူ ၇ ဦး သေဆုံးပြီး၅ဦးဒဏ်ရာရခဲ့ကြောင်း နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပါရှိသည်။

## စာ(၁၅)လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးစီမံကိန်းနယ်မြေအတွင်း ကျေးရွာအချို့ပြောင်းရွှေ့နိုင်ရန် စီစဉ် မှ

လက်ပန်းတောင်းတောင် ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်းကြောင့် ကျေးရွာ ၄ ရွာမှ အိမ်ခြေ ၄၀၀ ကျော်ပြောင်းရွှေ့ရမည်ဖြစ်ပြီး လက်ပန်းတောင်းတောင်အနီးတစ်ဝိုက်ရှိဖောင်းကား၊ မိုးကြိုးပြင်၊ ကိုင်းရွာ၊ ကျောက်ဖြူတိုင်၊ဇီးတော၊ ဆည်တည်း၊ တုံ၊ လယ်တီ၊ ဝက်မှေး၊ ကန်တော၊ အလယ်ရွာ၊ ရွာသစ်၊ ရွှေလှေ၊ တောကျောင်း စသည့် ကျေးရွာများမှ လယ်ယာမြေဧက ၇၀၀၀ ကျော်အား ကြေးနီတူးဖော်ရေးစီမံကိန်းနယ်မြေအတွင်းပါဝင်၍ ဒေသခံများထံမှ သက်ဆိုင်ရာကုမ္ပဏီကဝယ်ယူခဲ့ကြောင်း ဒေသခံများက ပြောသည်။

ကျေးရွာသစ်တည်ဆောက်ရေးစီမံကိန်းအတွက် ပလောင်ကျေးရွာအနီး လယ်ယာမြေများအားလယ်ယာမြေတစ်ဧကကျပ်ခြောက်သိန်းငါးသောင်းနှုန်းဖြင့် ဝယ်ယူခဲ့ပြီး ဖောင်းကတာကျေးရွာအနီး လယ်ယာမြေများအား လယ်ယာမြေတစ်ဧကကျပ်ခြောက်သိန်းကိုးသောင်းနှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။ ကြေးနီတူးဖော်ရေးလုပ်ငန်းခွင်နယ်မြေအတွင်း လယ်ယာမြေဧက ၇၀၀၀ ကျော်အား တစ်ဧကလျှင် ကျပ်ငါးသိန်းနှစ်သောင်းနှုန်းဖြင့် ဝယ်ယူခဲ့ပြီးထန်းပင်တစ်ပင်ကျပ်ငါးထောင်နှုန်းဖြင့် သက်ဆိုင်ရာကုမ္ပဏီမှ ဝယ်ယူခဲ့ကြောင်း သတင်းရရှိသည်။

"ဝက်မှေးနဲ့ ကန်တောကျေးရွာဘက်က လယ်ယာမြေတွေက စပါးမြေ၊ နှမ်းမြေဆိုပေမယ့် မြေတစ်ဧကကျပ်တစ်သိန်းခွဲဝန်းကျင်ပဲဈေးရခဲ့တာ။ ကျောက်ကုန်းမြေ၊ တောင်ခြေမှာကိုယ်တိုင်ရှင်းလင်းထားတဲ့ လယ်ယာမြေတွေဆိုရင် ဝယ်မည့်သူတောင်မရှိခဲ့ဘူး။ဆည်တည်းနဲ့ဇီးတောဘက်ကလယ်ယာမြေတွေကတစ်ဧကကျပ်၁၅သိန်းကနေ သိန်းနှစ်ဆယ်ထိ ဈေးကောင်းရတဲ့မြေတွေလည်းရှိတယ်။ ကြေးနီတူးဖော်ရေးစီမံကိန်း နယ်မြေအတွင်းကလယ်ယာမြေကောင်းတာရောညံ့တာပါ တစ်ဧက ကျပ်ငါးသိန်း နှစ်သောင်းနှုန်းနဲ့ ကုမ္ပဏီက ပေးဝယ်တယ်။ လက်ရှိ မြေပေါက်ဈေးထက်ပိုရတဲ့ လယ်ပိုင်ရှင်တွေပိုများပြီးလက်ရှိမြေပေါက်ဈေး ဆယ်ဂဏန်းအထိ ရောင်းရတဲ့ လယ်ယာမြေတွေလည်း အနည်းနဲ့ အများတော့ ပါတာပေါ့။ စီမံကိန်းမြေမှာကျပ်ငါးသိန်းအထိ ပေးလျော်တာရွာတွေကို နေအိမ်၊ လျှပ်စစ်မီးကအစ တည်ဆောက်ပေးတာ ပထမဆုံး အကြိမ်မို့ တောင်သူတွေအားလုံးနစ်နာတယ်လို့မဆိုသာဘူး။ ပေ ၄၀×၆၀ မြေကွက်တွေမှာ အိမ်အမျိုးအစား ၅ မျိုးဆောက်ပြီး တောင်သူတွေ ပြန်ပေးတယ်"ဟု ဆားလင်းကြီးမြို့နယ်တုံကျေးရွာဒေသခံတောင်သူတစ်ဦးကပြောသည်။

ကြေးနီတူးဖော်ရေးလုပ်ငန်းကြောင့် လက်ရှိလယ်ယာမြေများ စွန့်လွှတ်လိုက်ရသော တောင်သူများသည် ဖောင်းကတာကျေးရွာနှင့် ပလောင်ကျေးရွာအနီး လယ်ယာမြေများပြန်လည်ဝယ်ယူလုပ်ကိုင်လိုသူများကြောင့် ဖောင်းကတာကျေးရွာ၊တုံကျေးရွာ၊ပလောင်ကျေးရွာလယ်တီကျေးရွာအနီး တစ်ဝိုက်လယ်ယာမြေများနှင့်ချောင်းတွင်းမြစ်အတွင်း သက်ရင့်ကျွန်းများပေါ်ရှိ ကိုင်းစိုက်မြေများဝယ်လိုအားများပြီး ဈေးကောင်းလာကြောင်း သိရသည်။ လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသော ကျေးရွာများမှ ဘွဲ့ရပညာတတ်များနှင့် ဒေသခံတောင်သူများ အလုပ်လက်မဲ့မဖြစ်စေရေးအတွက် ကြေးနီစီမံကိန်းတွင် သင့်လျော်သော လုပ်သားများအဖြစ် ခန့်ရန် စီစဉ်မှုများအား မျှော်လင့်လျက်ရှိကြောင်း အဆိုပါဒေသခံများက ပြောသည်။

လက်ပန်းတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းကျေးရွာသစ်တည်ဆောက်ရေးအတွက် အိမ်ခြေ ၄၀၀ ခန့်နှင့် ဘုန်းတော်ကြီးကျောင်း ၅ ကျောင်းတည်ဆောက်ရေးလုပ်ငန်းများအား Htoo Construction Development Group Co.,Ltd မှတာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

လက်ပန်းတောင်း တောင်သည် တောင်အလုံးပေါင်း ၃၃ တောင်ရှိပြီး မီးတောင်ဟောင်းဖြစ်သည်။ လက်ပန်း တောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းအား သတ္တုတွင်းဝန်ကြီးဌာန နှင့်အတူ China Industries Corportion (နိုရင်ကိုကုမ္ပဏီ)၊ ပြည်တွင်းစီးပွားရေးကုမ္ပဏီအချို့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး စံပင်တောင်၊ ကြေးစင်တောင်၊ ကြေးနီစီမံကိန်း တည်ဆောက်စဉ် ၁၉၇၀ ခုနှစ်ခန့်က လယ်တစ်ဧကကျပ်တစ်ရာမှ ကျပ်ငါးရာအထိ ပေးလျော်ခဲ့ကြောင်း သိရသည်။

လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းအား ကျေးရွာ ၄ ရွာလူနေအိမ်ခြေ ၄၀၀ ကျော် အနီးတစ်ဝိုက်ကျေးရွာများမှလယ်ယာမြေဧက ၇,၀၀၀ ကျော်သတ်မှတ်ခဲ့သည်။

စံပယ်တောင်၊ ကြေးစင်တောင်ကြေးနီစီမံကိန်းနယ်မြေဖြစ်သော ကံကုန်း၊ ဒုန်းတော၊ ရွာသာစသည့် ကျေးရွာများရှိ လယ်ယာမြေများအား တစ်ဧကလျှင် ကျပ်တစ်ရာမှ ကျပ်ငါးရာအထိ ပေးဝယ်ခဲ့ရာမှ နောက်ပိုင်း လယ်ယာမြေတစ်ဧကကျပ် တစ်သောင်းအထိပေးဝယ်ခဲ့ကြောင်း အဆိုပါဒေသခံများပြောကြားချက်အရသိရသည်။

လယ်ယာမြေစာရင်းပါရှိသူများအား မြေဧကအလိုက် ဝယ်ယူမှုများကျေးရွာအလိုက်ဆောင်ရွက်ရှိပြီး လယ်ယာမြေစာရင်းတွင် မပါရှိသောလယ်ယာမြေများအား လယ်လုပ်သူလယ်ပိုင်စနစ်ဖြင့်ကျေးရွာတာဝန်ရှိသူများ ထောက်ခံချက်ဖြင့် လယ်ယာမြေတန်ဖိုးပေးချေခဲ့ကြောင်း လက်ပန်းတောင်းတောင်ခြေနေထိုင်သော ကျေးရွာတာဝန်ရှိသူများပြောသည်။

## စာ(၁၅) အသုဘယာဉ်တန်းအား သကြန်လည်သောကား ဝင်တိုက် ၂ ဦးသေဆုံး မှ

သကြန်လည်ရာမှ ပြန်လာသည့် ယာဉ်မောင်းသန်းဇော်လင်းမောင်းနှင်လာသော လိုက်ထရပ် အဖြူရောင်၈ဆ/××××ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသောကြောင့် ဖြစ်သည်။

ထိုမျှမကသေး လိုက်ထရပ်က အသုဘချရန် တင်ဆောင်လာသည့် နာရေးယာဉ်အား ဝင်တိုက်ပြီးအရှိန်မသတ်သေးဘဲဆိုင်ကယ်တစ်စီးနှင့် လမ်းဘေးရှိ KME ကုမ္ပဏီရုံးခန်းကိုပါ ထပ်မံတိုးမိသွားခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် အသုဘချရန်တင်ဆောင်လာသည့် ပုညကာရီနာရေးကူညီမှုကားပေါ်မှ သံဃာတော်နှစ်ပါး၊ လူ ၃ ဦးထိခိုက်ဒဏ်ရာရရှိပြီးဦးခင်မောင်မြင့် (၄၃)နှစ်(နာရေးမှသေသူ ဒေါ်ငွေမြိုင် ၈၄ နှစ်၏သား)နှင့် ဦးအန့် (၇၈)နှစ် (နာရေးမှ ဒေါ်ငွေမြိုင် ၈၄ နှစ်၏ မောင်ဝမ်းကွဲ)တို့မှာ အသက်သေဆုံးခဲ့ရသည်။ ထို့ပြင် အတိုက်ခံရသောဆိုင်ကယ်စီးနင်းသူသကြန်ပျော် လူငယ်နှစ်ဦးနှင့် လာရောက်တိုက်မိသော ၈ဆ/××××မှ လူ ရှစ်ဦးတို့မှာ အသီးသီး ဒဏ်ရာရရှိခဲ့ကြသည်။ ထို့ကြောင့် အသုဘချရန်သွားသော ယာဉ်တန်း သကြန်လည်သော ကားဝင်တိုက်မိမှုကြောင့် လူ ၂ ဦးသေ၍ လူ ၁၃ ဦးနှင့် သံဃာနှစ်ပါးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

သေဆုံးသူ ဦးခင်မောင်မြင့်၏ အမအရင်းတော်စပ်သူ ဒေါ်ကြင်လှိုင် (၆၃)နှစ်က"အဒေါ် တို့မှာကမောင်နှမအရင်း(၃)ယောက်ပဲရှိတာလေ အခုသေတဲ့ မောင်က အငယ်ဆုံး၊ လူပျိုကြီးပါ။ အဒေါ်ရဲ့ အမေဒေါ်ငွေမြိုင်သေလို့ မြေချဖို့ ကွင်းကြီးသုသာန်အသွား မောင်လေးခင်မောင်မြင့်က အမေရဲ့ အခေါင်းနားကအခေါင်းကိုကိုင်ပြီး လိုက်ပို့တာလေ။ အခုတော့ ဒုက္ခများသွားပြီပေါ့။ အမေဒေါ်ငွေမြိုင်သေတော့ အရမ်းကိုပူဆွေးရပါတယ်။ သောကတွေများရပါတယ်။ အခုတော့ အမေမြေချတဲ့နေ့ အမေ့အခေါင်းဘေးမှာပဲ မောင်လေးကကားတိုက်ခံရပြီး သေသွားတာဆိုတော့ ပိုပြီးတော့ တောင်ခံစားရပါသေးတယ်။ အမေသေတယ်ဆိုတာက (၈၄)နှစ်အရွယ်မှ ဆွေမျိုးသားချင်းသားသမီးတွေအများကြီးကြိုးစားကုသဂရုစိုက်ရင်းကမှ အသက်စေ့ကံကုန်လို့သေသွားတာလေ။ အခု မောင်လေးကတော့. . . "ဒေါ်ကြိုင်လှိုင် စကားဆက်မဆိုနိုင်တော့ပြောရင်းကနေ အသံတိုးဝင်သွားခဲ့ပါသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်ပျဉ်းမနားရဲစခန်း (ပ)၂၂၇/၂၀၁၁ ဥပဒေပုဒ်မ ၃၃၇/၃၃၈/၃၀၄(က)အရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရဲမှတ်တမ်းများတွင်ဖော်ပြထားသည်။







PRIVATE ENGLISH CLASSES
(ILBC ဆရာဖြစ်သင်တန်း တက်ရောက်ပြီး)
အသက် (၅) နှစ်မှ (၁၅)နှစ်လူငယ်များအတွက်
Grammar, Reading, Writing, Speaking, Listening, Study Guide
အထူးသင်ကြားပေးသည်။
အချိန်ညှိပေးသည်။
PH: 537337,0950-42547, 09-541-9462

7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011



# အလုပ်သမားအေဂျင်စီများ မလေးရှားဗီဇာလျှောက်ရန် မဲနှိုက်ဆောင်ရွက်

အောင်သူရ

**ရန်ကုန်၊ မေ - ၂၀**

မလေးရှားနိုင်ငံသို့ အလုပ်သမားပို့ဆောင်ပေးနေသော အေဂျင်စီများသည် မြန်မာနိုင်ငံသို့ မလေးရှားသံရုံးတွင် ပြည်ဝင်ခွင့်လျှောက်ထားနိုင်ရန် မဲနှိုက်ဆောင်ရွက်နေကြကြောင်း သတင်းရရှိသည်။

"တစ်ညတစ်ညကိုလာပြီး တန်းစီတဲ့အေဂျင်စီက ၅၀ လောက်ရှိတယ်။ လျှောက်ခွင့်ရှိတာက ၁၄ ခုပဲဆိုတော့ မဲနှိုက်လိုက်တယ်။ ပေါက်တဲ့အေဂျင်စီက ဗီဇာလျှောက်၊ မပေါက်တဲ့အေဂျင်စီက နောက်တစ်နေ့ ထပ်နှိုက်ပေါ့" ဟု ကိုယ်တိုင်မဲနှိုက်ခဲ့သူတစ်ဦးကပြောသည်။ ထိုကဲ့သို့ မဲနှိုက်ရန်အတွက် အေဂျင်စီများသည် ည ၂နာရီကပင်သံရုံး၌စုဝေးကြပြီး အေဂျင်စီအချင်းချင်း အဆင်ပြေရန်ညှိနှိုင်း၍ မဲနှိုက်ကြခြင်းဖြစ်သည်။

မလေးရှားနိုင်ငံသို့ပြည်ဝင်ခွင့်ဗီဇာအတုဖြင့် အလုပ်သမားစေလွှတ်ခြင်း တွေ့ရှိပြီးနောက် မလေးရှားသံရုံးက မတ်လ ၁၈ ရက်မှစ၍ အလုပ်သမားပြည်ဝင်ခွင့်အား တစ်နေ့လျှင် ၂၀၀ ဦးနှင့် အေဂျင်စီတစ်ခုလျှင် ၁၅ ဦးသာ လျှောက်ထားခွင့်ပြုခဲ့သည်။

ယခုနှစ် မတ်လဆန်းမှစ၍ မလေးရှားနိုင်ငံမှ အလုပ်သမားခေါ်ယူမှု ပြန်လည်မြင့်တက်လာခဲ့ပြီး ရုံးဖွင့်သည့်နေ့များတွင် နေ့စဉ်အလုပ်သမား ၅၀၀ ခန့် ပြည်ဝင်ခွင့်လျှောက်ထားရန် စောင့်ဆိုင်းနေကြကြောင်း သိရှိရသည်။

## စီးပွားရေးလုပ်ငန်းအချို့ မြန်မာနှစ်သစ်ကူးရုံးပိတ်ရက် အလုပ်ဆင်းသော ဝန်ထမ်းများအား လုပ်ခပိုမပေး

ညီညီဇော်

**မန္တလေး၊ မေ - ၂၁**

မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းအချို့တွင် မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ရက်အချို့တွင်လုပ်ငန်းခွင်ဝင်နေကြသော ဝန်ထမ်းများကို အချိန်ပိုလုပ်ခပေးခြင်းမရှိကြောင်း မန္တလေးမြို့ရှိ ကုမ္ပဏီဝန်ထမ်းများကပြောသည်။

ခရီးသွားဝန်ဆောင်မှုကုမ္ပဏီတွင် ဧပြီလ (၁၉) ရက်မှ စတင်ကာ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နေသော အမျိုးသားတစ်ဦးက "ကျွန်တော်တို့ ကုမ္ပဏီက ဘာသဘောလဲမသိဘူး။ မပေးဘူးဗျ။ ကျွန်တော့်သူငယ်ချင်းလုပ်တဲ့ကုမ္ပဏီဆို နှစ်တိုင်း ဒီလိုရက်ဆို လုပ်ခနှစ်ဆပေးတာ" ဟုပြောသည်။

အီလက်ထရွန်နစ် ပစ္စည်း ထုတ်လုပ်ရောင်းချသော ကုမ္ပဏီရှိ အသက် ၂၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးက "အစ်မတို့ကုမ္ပဏီက သင်္ကြန်အကြိုနေ့ထိဖွင့်ခဲ့တယ်။ အကျနေ့ကနေ နှစ်ဆန်း တစ်ရက်နေ့အထိပိတ်ပြီး နှစ်ဆန်းနှစ်ရက်မှာ ပြန်ဖွင့်တယ်။ ပုံမှန် အချိန်ပိုလုပ်ခတစ်ရက် တစ်ထောင့်ငါးရာပဲရပေမယ့် ဒီနှစ်သစ်ကူးရုံးပိတ်ရက်မှာတော့ တစ်ရက် ငါးထောင်တောင်ရတယ်" ဟု ပြောသည်။ အများပြည်သူအလုပ် ပိတ်ရက်များအက်ဥပဒေပုဒ်မ- ၃(၁)အရ "အလုပ်ရှင်က မိမိအလုပ်သမားအသီးသီးအား သက်ဆိုင်ရာ အခကြေးငွေ သို့တည်းမဟုတ် လစာငွေအပြည့်အစုံနှင့် အစိုးရရုံးပိတ်ရက်နေ့များကို အများအလုပ်ပိတ်ရက်အဖြစ် ခွင့်ပြုရမည်" ဟူ၍ပြဋ္ဌာန်းထားသည်။ သို့ရာတွင် အလုပ်သမားများသည်အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရလျှင် ထိုအလုပ်သမားအား သက်ဆိုင်ရာ အခကြေးငွေကိုသော်လည်းကောင်း၊ အခြေခံလစာငွေကိုသော်လည်းကောင်း၊ ထိုနေ့အတွက်ပေးမြဲနှုန်း နှစ်ဆရထိုက်စေမည့် အပြင် ရှားပါးစရိတ်ရနေလျှင် ထိုနေ့အတွက် ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်း ရထိုက်စေမည်ဟုလည်းကောင်း ပုဒ်မ- ၃ ပုဒ်မခွဲ (၂) တွင် ဖော်ပြထားသည်။

## ပြည်တွင်းနေ့စားရွှေ့ပြောင်းလုပ်သားများ ခေါ်ယူမှုအားကောင်းလာ

သဇင်ထွေး

**ရန်ကုန်၊ မေ-၁၆**

ယခုနှစ်ပိုင်းအတွင်း နယ်မြို့များရှိအလုပ်အကိုင်ရှာဖွေသူများမှာ ပြည်တွင်းရွှေ့ပြောင်းလုပ်ကိုင်မှုများကို ပိုမိုလုပ်ကိုင်လာကြောင်း အလုပ်ခေါ်ယူသူများထံမှ သိရသည်။

နယ်မြို့များတွင်လက်လုပ်လက်စားလုပ်ကိုင်သူများမှာ ကန်ထရိုက်လုပ်ငန်းများလုပ်ကိုင်ရာမြို့များသို့သွားရောက်လုပ်ကိုင်မှု ရှိလာကြောင်းသိရသည်။

"အခုနယ်မှာ ငယ်ငယ်ရွယ်ရွယ်အမျိုးသမီး၊ အမျိုးသား နည်းလာတယ်။ ရွာမှာ လာလာခေါ်တာတော့ နေပြည်တော်က ကန်ထရိုက်လုပ်ငန်းတွေမှာလုပ်ရမယ် တစ်နေ့ကို အလုပ်ပေါ်မူတည်ပြီး ၂၀၀၀ ကနေ ၃၀၀၀ ထိရမယ်။ နေစရိတ်စားစရိတ်ငြိမ်းဆိုပြီးခေါ်တယ်။ တချို့ကလည်း မြဝတီကစားသောက်ဆိုင်တွေမှာလုပ်ရမယ်။တစ်လ တစ်သိန်းလောက်တော့ရမယ်ဆိုပြီးလာခေါ်တာတွေရှိလာတယ်" ဟု အဆိုပါမြို့မှ မြို့ခံတစ်ဦးကပြောသည်။



ယင်းကဲ့သို့ အလုပ်သမားလာခေါ်ရာတွင် ယခင်အလုပ်ဟောင်း၌ လုပ်ကိုင်ခဲ့ဖူးသူများမှ တစ်ဆင့်ပြန်လည်လာရောက်ခေါ်ယူခြင်းဖြစ်ကြောင်းသိရသည်။

အလုပ်သမားများခေါ်ယူရာတွင် မြို့နေလူများထက် ရွာငယ်များမှ လူများကို ပိုမိုခေါ်ယူလာမှုများကြောင်းလည်း သိရသည်။ ၄င်းကဲ့သို့လာရောက်ခေါ်ယူပေးသောလူများကို ကန်ထရိုက်မှ တစ်ဦးလျှင်ငွေ ကျပ် ၁၅,၀၀၀ မှ ကျပ် ၃၀,၀၀၀ ထိပေးကြောင်း၊ခေါ်ယူသောမြို့အလိုက်ဈေးနှုန်းသက်မှတ်ပေးကြောင်း အလုပ်သမားလာရောက်ခေါ်ယူသူတစ်ဦး၏ပြောပြချက်အရသိရသည်။

လွန်ခဲ့သောနှစ်များက ပြည်ပရွှေ့ပြောင်းလုပ်ကိုင်မှုများ များပြားပြီး ယခုနှစ်ပိုင်းအတွင်း ပြည်တွင်းရွှေ့ပြောင်းလုပ်ကိုင်မှုမှာ ကန်ထရိုက်လုပ်ငန်း၊စားသောက်ဆိုင်လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းများအတွက်ခေါ်ယူမှုပိုလာကြောင်း ယင်းလုပ်ငန်းလုပ်ကိုင်သူများထံမှ စုံစမ်းသိရှိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

MYOB ကျွမ်းကျင်သူ အချိန်ပိုင်း (သို့) အချိန်ပြည့် အလိုရှိသည်။ လက်ရှိလည်ပတ်လုပ်ကိုင်နေသော (ကားပစ္စည်းရောင်း၊ ကားပြုပြင်) လုပ်ငန်းစာရင်းများကို MYOB အသုံးပြု၍ ကျွမ်းကျင်နိုင်နင်းစွာ စာရင်းရေးဆွဲနိုင်သူဖြစ်ရပါမည်။

**ဆက်သွယ်ရန် - ဦးမြ**

**ဖုန်း - ၀၉၅၄၀၀၁၁၂**

------------------------

**New Star Electronic**

Sales Execuitve 6 post

Accountant 2 Post

**Ph: 256385, 395548**

------------------------

PHP webdeveloper 4 (F)

Flash Developer 3 (M/F)

Web Designer 4 (M/F)

OJT Web Designer 4 (M/F)

Office Staff 2 (F)

**No.72, Ground Floor, Sat-twin Street, Ahlone T/s, Ygn**

------------------------

မော်ဒယ်သရုပ်ဆောင် ကျား၊ မ အလိုရှိသည်။ ပုပ္ပါးတောင်ကလပ်တွင်ဗီစီဒီရိုက်မည်ဖြစ်ပါ၍ ပါဝင်သရုပ်ဆောင်လိုပါက အမှတ်(၅)၊ ၁၁၈ လမ်း၊ ရန်ကုန်သို့ နံနက် (၉) နာရီမှ နေ့(၁၂) နာရီအတွင်း လာရောက်လျှောက်ထားနိုင်သည်။

**ဆရာမင်းဂွတ် (ဖုန်း- ၂၉၀၈၆၈)**

------------------------

ယာဉ်မောင်းတစ်ဦးအလိုရှိသည်၊ ဘယ်မောင်း၊ ညာမောင်း နှစ်မျိုးမောင်းနိုင်ရမည်။ လစာငွေကျပ် ၉၀,၀၀၀၊ အသက် (၃၅) နှစ်မှ ဆက်သွယ်ရန် **ဖုန်း - ၅၄၄၆၁၃၊ ၅၅၈၄၉၉၊ ၀၉-၈၀၂၃၉၁၈**

လိပ်စာ- ရွှေဂုန်ပလာဇာ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

------------------------

Marketing ဝန်ထမ်းအလိုရှိသည်။ (၁) ဘွဲ့ရ၊ (၂) ရုပ်ရည်ပြေပြစ်၍ လူမှုဆက်ဆံရေးကောင်းသူ၊ (၃) Clothes Marketing အတွေ့အကြုံရှိသူ၊ (၄) အသက် (၃၅) နှစ်အောက်။ CV form အပြည့်ဖြည့်ဖောင်အပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာနှင့် မိမိလုပ်ကိုင်ခဲ့ဖူးသော လုပ်ငန်းအတွေ့အကြုံ ထောက်ခံစာနှင့်တကွ လျှောက်ထားနိုင်သည်။ လစာ + ကော်မရှင် (၅၀ ကျပ်/pc) ရရှိမည် ဖြစ်သည်။ လျှောက်ထားလိုသူသည် ယုဇနပလာဇာ၊ နှင်းဆီလမ်း၊ တိုက် (၄)၊ အခန်း(၂)၊

**ဖုန်း - ၂၀၁၄၉၉၊ ၂၀၁၅၀၀**

------------------------

- ဆံပင်ညှပ်၊ လျှော်ကျွမ်းကျင်(မ) ၅ ယောက်၊ ခေါင်းလျှော်အလုပ်သင် မ- ၁၅ ယောက်၊ လစာ၊ နေရေး၊ စားရေးစီစဉ်ပေးမည်။

**ဖုန်း- ၀၉-၇၃၀၀၅၆၁၁**

No 83၊ C2၊ လေးထောင့်ကန်လမ်းမကြီး၊ သံလမ်းမှတ်တိုင်၊ ရန်ကုန်။ နံနက် (၉) နာရီမှ (၁၂) နာရီအတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

------------------------

ထိုင်းစားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်။

Cashier မ (၂) ဦး

Waiter, Helper ကျား (၃) ဦး

Kitchen Helper ကျား (၃) ဦး

CV From အပြည့်အစုံ၊ ဓာတ်ပုံ၊ မှတ်ပုံတင်၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ အောင်သုခထမင်းဆိုင်ဘေး။ အမှတ် ၁၂၆ (အေ)ဓမ္မစေတီလမ်းနှင့်အင်လျားလမ်းထောင့်

------------------------

**On Job Training**

စာရင်းကိုင် အတွေ့အကြုံမရှိသူများအတွက်၊ လုပ်ငန်းခွင်အတွင်း လက်တွေ့စာရင်းရေးဆွဲနိုင်ရန် သင်ကြားပေးခြင်းတို့ကိုလက်တွေ့ဆောင်ရွက်ပေးပါသည်။

(B Com. C.P.A. DMAc, LCCI)

လုပ်ငန်းအတွေ့အကြုံ ၁၅ နှစ်ရှိပါသည်။

**ဖုန်း - ၀၉၅၁၃၆၃၆၈၊ ၀၉၇၃၀၇၆၅၈၈**

------------------------

ယာဉ်မောင်း (ကျွမ်းကျင်) ကျား (၂) ဦး၊ အသက် ၂၅-၄၀ နှစ်၊ အထွေထွေဝန်ထမ်း ကျား- ၁၀ ဦး၊ အသက် ၂၀-၃၅ နှစ် (အခြေခံပညာအလယ်တန်းအဆင့်) နေစရာပေးမည်။

**ဖုန်း - ၀၉-၇၃၀၂၇၇၃၃**

------------------------

**ထွင်အပ်ချုပ်ဆိုင်**

စက်ချုပ်ကျွမ်းကျင် မ (၃) ဦး

စက်ကြီးပန်းထိုးကျွမ်းကျင် မ (၂) ဦး။ **ဖုန်း - ၀၉ ၅၁၈၀၀၀၉**

------------------------

စက်ဘီးတပ်ဆင်ကျွမ်းကျင် ကျား (၁) ဦး၊ စက်ဘီးတပ်ဆင်၊ ငွေချိန်ကျွမ်းကျင်ရမည်။

ဖုန်း - ၀၉၇၃၀၅၉၃၄၈

------------------------

ယာဉ်မောင်း ကျား (၁) ဦး

Suzuki R(-) ရန်ကုန်မြို့တွင်ကျွမ်းကျင်စွာ မောင်းနှင်တတ်ရမည်။ ပန်းဘဲတန်းမြို့နယ်တွင် ခန့်ထားမည်။

------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Monkey
Coffee mix
လေးပွက
ပူစူခရုတွေပဲချမ်းသာလို့
Monkey coffee နဲ့မှ
ကီးကိုက်တယ်
ခါးစိမ့် ချိုမွှေးပြီး
ကော်ဖီ အရသာက
ဖိုကောင်း ၊ မြှူး တဲ့ ...
Monkey coffee နဲ့ပဲ ကီးတယ်ဗျို့
အဲလေ သောက်တယ် ..
ဗျို့

Vol.10, No.6 • APRIL 28, 2011

# အပြောင်းအလဲများနှင့် ဗြိတိန်ကျောင်းဝင်ခွင့်မူဝါဒများ

**နေလင်းထွန်း**

ဗြိတိန်နိုင်ငံတွင် သွားရောက်ပညာသင်ယူမည့် ကျောင်းသားများအတွက် ကျောင်းသားပြည်ဝင်ခွင့်ဆိုင်ရာ မူဝါဒများအပြောင်းအလဲဖြစ်ပေါ်နေလျက်ရှိသည်။

လက်ရှိကျင့်သုံးနေသော အမှတ်ပေးစနစ်တီယာဖိုးကျောင်းသားပြည်ဝင်ခွင့်ပုံစံအား ယခုလ ၂၁ ရက်မှစတင်၍ စိစစ်ပြောင်းလဲမှုပြုလုပ်မည်ဖြစ်ကြောင်း ယူကေဘော်ဒါအေဂျင်စီမှ ထုတ်ပြန်ကြေညာထားသည်။



ကျောင်းသားပြည်ဝင်ခွင့် မူဝါဒအသစ်တွင် အဓိကအချက် ၇ ချက်ပါဝင်ပြီး ကျောင်းသားများတက်ရောက်မည့် ကျောင်းသည် Highly Trusted ဖြစ်ခြင်း၊ ကျောင်းသားများ၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု တိုးမြှင့်သတ်မှတ်ခြင်း၊ ဘဏ်ငွေစာရင်းအထောက်အထား စိစစ်တင်းကြပ်ခြင်း၊ အချိန်ပိုင်း အလုပ်လုပ်ကိုင်ခွင့်ကန့်သတ်လိုက်ခြင်း၊ မှီခိုသူလိုက်ပါခွင့် ကန့်သတ်ခြင်း၊ ကျောင်းသားတစ်ယောက်အဖြစ်နေထိုင်ခွင့် ကာလသတ်မှတ်လိုက်ခြင်း၊ ပညာသင်ယူပြီးဆုံးချိန်တွင် ၂နှစ် နေထိုင်အလုပ်လုပ်ကိုင်ခွင့်အား ရပ်ဆိုင်းလိုက်ခြင်းတို့ဖြစ်သည်။

ယူကေကျောင်းသားဗီဇာလျှောက်ထားမည့် ကျောင်းသားများအနေဖြင့် Highly Trusted ကျောင်းများတွင်သာ ကျောင်းအပ်နှံရတော့မည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကို ပိုမိုပြသရမည်ဖြစ်သည်။ ပညာသင်ကုန်ကျစရိတ်အတွက် ငွေစာရင်းပြသရာတွင် ယုံကြည်စိတ်ချရသော ဘဏ်၏ငွေစာရင်းကို ပြသရမည်ဖြစ်ပြီး အသိအမှတ်ပြုတက္ကသိုလ်များ၌ တက်ရောက်မည့် ကျောင်းသားအနေဖြင့် တစ်ပတ်လျှင် နာရီ ၂၀ တရားဝင် အလုပ်လုပ်ခွင့်ရမည်ဖြစ်သော်လည်း အစိုးရ ထောက်ပံ့ထားသော ကောလိပ်တွင်တက်ရောက်သော ကျောင်းသားများသည် တစ်ပတ်လျှင်၁၀နာရီသာတရားဝင်အလုပ်လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်ကာ အခြားကျောင်းသားများအနေဖြင့် တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိတော့မည်မဟုတ်ကြောင်း ကြေညာထားသည်။

အမှတ်ပေးစနစ် ကျောင်းသားပြည်ဝင်ခွင့်စနစ်အား ၂၀၀၉ ခုနှစ် မတ်လ ၃၁ ရက်နောက်ပိုင်းတွင် စတင်ကျင့်သုံးခဲ့ပြီး နောက် ၂နှစ်အကြာတွင် ယခုကဲ့သို့ ပြန်လည်စိစစ်တင်းကျပ်သော မူဝါဒများ ထွက်ပေါ်လာခြင်းဖြစ်သည်။

"သိသိသာသာကိုတင်းကျပ်သွားပါတယ်။ လက်ရှိချိန်ထိတော့ ကျောင်းသားတွေက သွားဖို့ပြင်နေကြတုန်းပါပဲ။ ဒီနိုင်ငံကြပ်လာတဲ့အတွက် ဘယ်နိုင်ငံသွားမှာလဲဆိုတာကလည်း စဉ်းစားစရာပါ" ဟုပညာရေးဝန်ဆောင်မှုလုပ်ကိုင်နေသူတစ်ဦးကပြောသည်။

၂၀၀၉ကုန်ပိုင်းနှင့် ၂၀၁၀ အစောပိုင်းတွင် ပြည်ဝင်ခွင့် အပြောင်းအလဲကြောင့် မြန်မာကျောင်းသားများ ဗြိတိန် နိုင်ငံသို့ သွားရောက်မှုသိသာစွာမြင့်တက်သွားခဲ့သည်။

စာ(၂၂)သို့

# Yaleနှင့် NUS တို့ပူးပေါင်း ကောလိပ်အသစ်တစ်ခု ထပ်မံဖွင့်လှစ်မည်

**သီဟ**

ရန်ကုန်၊ဧပြီ – ၂၃

ကမ္ဘာကျော်တက္ကသိုလ်တစ်ခုဖြစ်သည့် Yale နှင့်စင်ကာပူအစိုးရတက္ကသိုလ်တစ်ခုဖြစ်သည့် NUS တို့ပူးပေါင်း၍ စင်ကာပူနိုင်ငံတွင် Libral Arts College တစ်ခု ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ကောလိပ်အား လာမည့် ၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းသားများစတင်လက်ခံသွားမည်ဖြစ်ပြီး ပထမအသုတ်တွင်ကျောင်းသား ၁၅၀ ကိုလက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

Liberal Arts ပညာရေးသည် အခြားသော ပညာရေးများနှင့်မတူဘဲ အထွေထွေဗဟုသုတအစုံအား စတင်သင်ကြားရမည်ဖြစ်ပြီး ထို့နောက်မှသာ အဓိကဘာသာရပ်များကို ရွေးချယ်သင်ကြားကြရမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် ကောလိပ်တွင် ပထမစာသင်နှစ် ၂ နှစ်တွင် စာပေ၊ ဘာသာစကား၊ စိတ်ပညာ၊ သမိုင်း၊ သင်္ချာနှင့် သိပ္ပံအစရှိသည့် အထွေထွေဘာသာရပ်များကို သင်ကြားကြရမည်ဖြစ်ပြီး ဘွဲ့တစ်ခုရရှိရန် လေးနှစ်သင်ကြားရမည်ဖြစ်သည်။

"ဒီပညာရေးစနစ်က ကျောင်းသားကျောင်းသူတွေကို ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းအားကိုဖွံ့ဖြိုးတိုးတက်စေတဲ့ပညာရေးတစ်ခုဖြစ်ပါတယ်၊ပထမ ၂နှစ်မှာ ဘာသာရပ်အားလုံးကို သင်ကြားရလို့ကျောင်းသားကျောင်းသူတွေက မိမိတို့ ဘယ်ဘာသာရပ်တွေမှာ အားသန်တယ်ဆိုတာကို သိသွားနိုင်ပါတယ်"ဟု Crown Education မှပညာရေးအတိုင်ပင်ခံကို အောင်ကျော်ဆန်းကပြောသည်။

ပညာရေးသတင်းတိုများ

## အလယ်တန်းကျောင်းသားများအတွက် သင်တန်းကျောင်းသစ်ဖွင့်

ရန်ကုန်၊ ဧပြီ – ၂၃

အလယ်တန်းကျောင်းသားကလေးလူငယ်များ တက်ရောက်သင်ယူနိုင်သော Spectrum International သင်တန်းကျောင်းကို ဒဂုံမြို့နယ် နဝဒေးလမ်းတွင် ဖွင့်လှစ်ခဲ့သည်။ တစ်နှစ်လျှင် သင်တန်းကြေးကျပ်ငါးသိန်းကျော်ရှိမည်ဖြစ်ပြီး မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း၊ သင်္ချာ၊ အင်္ဂလိပ် စသည့်ဘာသာရပ်တို့ကို သင်ကြားသွားမည်ဟု သိရသည်။

## JCUပညာရေးဟောပြောပွဲကျင်းပမည်

ရန်ကုန်၊ ဧပြီ – ၂၁

အသက်မွေးဝမ်းကျောင်း ဘာသာရပ်များရွေးချယ်ခြင်းနှင့် ဘာသာရပ်နှစ်ခု သင်ယူခြင်းအကြောင်း ပညာရေးဟောပြောပွဲကို မေ ၇ ရက်တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ကျင်းပပြုလုပ်မည့် ဟောပြောပွဲအား James Cook University နှင့် Crown Education တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

## မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ပညာသင်ဆုလျှောက်နိုင်

ရန်ကုန်၊ ဧပြီ – ၂၀

ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားများအတွက်မဟာဘွဲ့နှင့်ပါရဂူဘွဲ့ သင်တန်းများအား Ford Foundation ပညာသင်ဆု လျှောက်ထားနိုင်ကြောင်း သိရသည်။ ပညာသင်ဆုအစီအစဉ် အသေးစိတ်အား www. fordifp-net တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။




7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

## မလေးရှားနိုင်ငံရှိ ပုဂ္ဂလိကကျောင်း ၅၉ ကျောင်း ဖျက်သိမ်းခံရ

သီဟ

ရန်ကုန်၊ဧပြီ-၂၃
မလေးရှားနိုင်ငံရှိပုဂ္ဂလိကကျောင်းပေါင်း ၅၉ ကျောင်းအားတရားဝင်ဖျက်သိမ်းခဲ့ကြောင်း မလေးရှားနိုင်ငံထုတ်သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့သည်ဟု ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် MSI မှ သိရသည်။

အဆိုပါဖျက်သိမ်းခံရသည့် ပုဂ္ဂလိကကျောင်းများသည် ကျောင်းသားများရရှိမည့်ဝန်ဆောင်မှုနှင့် အခွင့်အရေးများ အပြည့်အဝမရရှိခြင်း၊ University နှင့် University College များတွင်ရှိရမည့် စံချိန်စံညွှန်းများလျော့နည်းခြင်း၊ အရည်အချင်းပြည့်မီသည့် ဆရာ၊ ဆရာမများ လုံလောက်စွာမရှိခြင်း အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာများ ညံ့ဖျင်းသဖြင့် Malaysian Qualification Agency နှင့် Ministry of Education တို့မှ ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိမလေးရှားနိုင်ငံတွင် တက္ကသိုလ်စံချိန်စံညွှန်းနှင့်ပြည့်မီသည့်ကျောင်းပေါင်း ၂၄ ကျောင်း၊ပုဂ္ဂလိက University College စံချိန်စံညွှန်းနှင့်ကိုက်ညီသည့်ကျောင်းပေါင်း ၂၀ နှင့်ပြည်ပနိုင်ငံများမှ ကျောင်းခွဲများ လာရောက်ဖွင့်လှစ်မှု ငါးကျောင်းရှိသည်ဟု မလေးရှားနိုင်ငံ၏ အဆင့်မြင့်ပညာရေး ဒုတိယဝန်ကြီး Datuk Saifuddin Abdullah ကပြောသည်ဟု MSI မှထုတ်ပြန်သည့်သတင်းတွင် ပါရှိသည်။

## အဆန်းရှင်းတက္ကသိုလ်၏ စီးပွားရေးစီမံခန့်ခွဲမှုဒီဂရီဘွဲ့သင်တန်း ပြည်တွင်း၌ ဖွင့်လှစ်သင်ကြားမည်

ရန်ကုန်၊
ဧပြီ-၂၀
ထိုင်းနိုင်ငံရှိ အဆန်းရှင်းတက္ကသိုလ်(ABAC)၏ စီးပွားရေးစီမံခန့်ခွဲမှုဒီဂရီဘွဲ့သင်တန်းများကိုပြည်တွင်း၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း Myanmar Professional Development စင်တာမှ သိရသည်။



ယင်းသင်တန်းကို ဇွန်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး Marketing၊ Management၊ Finance and Banking၊ Accounting၊ Business Information Systems၊ Hospitality and Tourism Management၊ International Business Management၊ Information Technology Management စသည့်ဘာသာရပ်များကို ရွေးချယ်သင်ကြားနိုင်မည်ဟုဆိုသည်။

ပြည်တွင်းတက္ကသိုလ်များမှ ဒုတိယနှစ်အောင်မြင်ထားသူများအနေဖြင့် အထက်ပါသင်တန်းတတိယနှစ်သို့ တက်ရောက်နိုင်မည်ဖြစ်ပြီး၊ ပညာသင်နှစ်လေးနှစ်အတွက်တစ်နှစ်လျှင်ကျပ်သိန်းလေးဆယ်ခန့် ကုန်ကျမည်ဖြစ်ကြောင်း ယင်းသင်တန်းမှသိရသည်။

Myanmar Professional Development စင်တာသည်ပြီးခဲ့သည့် နှစ်ကုန်ပိုင်းမှစတင်၍ အထက်ပါတက္ကသိုလ်မှစီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းကြေးမှာ ကျပ်သိန်း ၉၀ ခန့်ရှိကြောင်းသိရသည်။

## ၈ – ၂၁၊ အပြောင်းအလဲများနှင့်ဗြိတိန်ကျောင်းဝင်ခွင့်မူဝါဒများမှ

အဓိက အကြောင်းရင်းအနေဖြင့် ပြည်ဝင်ခွင့် လွယ်ကူအဆင်ပြေသွားချိန်တွင် ကျောင်းသားအများအပြားသည် အသွင်ပြောင်းရွှေ့ပြောင်းအလုပ်သမားဖြင့် ယူကေသို့ရောက်ရှိသွားခြင်းကြောင့်ဖြစ်သည်။ သို့သော်သတ်မှတ်ချိန်ထက် အလုပ်ပိုမိုလုပ်ကိုင်နေသူများဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်လာခြင်း၊ ကျောင်းသားများ ဗီဇာသက်တမ်းတိုးချိန်တွင် သက်တမ်းရပ်ဆိုင်းလိုက်ခြင်းတို့သည် အလုပ်အကိုင်ရည်ရွယ်ချက်ဖြင့် ပညာသင်နေသော ကျောင်းသားများအား အခက်အခဲဖြစ်လာခဲ့သည်။

ယင်းကဲ့သို့ အခြေအနေတွင် ဗြိတိန်သို့ နိုင်ငံတကာကျောင်းသားအလုံးအရင်းဖြင့် ရောက်ရှိသွားကြပြီး နိုင်ငံတွင်း အခြေချနေထိုင်သော ကျောင်းသားများပြားနေခြင်းကြောင်း နိုင်ငံတကာ ကျောင်းသားဝင်ရောက်မှုကို တင်းကျပ်မည့် စည်းမျဉ်းသစ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မူဝါဒသစ်အရ ကျောင်းပြီးချိန်တွင် နေထိုင်အလုပ်လုပ်ကိုင်ခွင့် (Post-Study Work) ၂နှစ်ပေးနေခြင်းကို ရပ်ဆိုင်းလိုက်ခြင်းနှင့် အချိန်ပိုင်းအလုပ်လုပ်ခွင့်ကန့်သတ်လိုက်ခြင်းသည် ကျောင်းသားများအား ထိခိုက်မှုဖြစ်စေမည်ဖြစ်ကြောင်း ပညာရေးလေ့လာသူများက သုံးသပ်သည်။

ထို့ပြင် ကျောင်းသားတစ်ယောက်အနေဖြင့် နေထိုင်ခွင့်ကာလကို သတ်မှတ်လိုက်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းရည်ရွယ်ချက်ဖြင့် ဗြိတိန်သို့သွား ရောက်မည့် ကျောင်းသားများကို အခက်အခဲဖြစ်စေကြောင်း ဆို သည်။

ကျောင်းသားပြည်ဝင်ခွင့်အတွက် စိစစ်တင်းကျပ်သော မူဝါဒများထုတ်ပြန်နေခြင်းကြောင့်ကျောင်းသားများ၏ ငွေကြေးနှင့်အရည်အချင်းလိုအပ်ချက်မြင့်တက်လာမည်ဖြစ်ပြီး မိမိသွားရောက်မည့်နိုင်ငံအား ပြောင်း လဲရွေးချယ်ရမှုရှိလာနိုင်ကြောင်း လေ့လာသူအချို့ကဆိုသည်။

"အခုတစ်ခါ လျှောက်ထားတာ ကျတယ်။ နောက်တစ်ခါ ထပ်တင်မယ်။ ဒီတစ်ခါကျရင်တော့ စင်ကာပူကို သွားမယ်လို့ စိတ်ကူးထားတယ်" ဟု ဗြိတိန်သို့ သွားရောက်ရန် ကြိုးပမ်းနေသော ကျောင်းသားတစ်ဦးက ဆိုသည်။






7 DAY NEWS JOURNAL

Vol.10, No.6 • APRIL 28, 2011

# တိုးချဲ့ပေးသွားမည့် ဖုန်းလိုင်းသန်း ၃၀ တွင် ဂျီအက်စ်အမ်မိုဘိုင်းဖုန်း အမျိုးအစားများ အဓိကချပေးမည်



၂၀၁၀ပြည့်နှစ်အတွင်း ပြည်တွင်း၌တယ်လီဖုန်းသုံးစွဲနိုင်မှုအရေအတွက် လွန်စွာမြင့်တက်ခဲ့သည်။

ယုဇနကိုကို

ရန်ကုန်၊ဧပြီ-၂၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်းဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍတွင် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှုပမာဏအားငါးနှစ်တာကာလအတွင်း လိုင်းအင်အား သန်းသုံးဆယ်အထိ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

ပြည်တွင်း ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးမှုအပိုင်းအတွက် ဆောင်ရွက်ပေးမည့် အဆိုပါစီမံကိန်းသည် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းအမျိုးအစားများကို သာအဓိကချထားပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ နိုင်ငံ၏မိုဘိုင်းဖုန်းအသုံးပြုနိုင်မှုအရေအတွက်အားလိုင်းအင်အားသန်းသုံးဆယ်အထိ တိုးချဲ့တပ်ဆင်မည့်အစီအစဉ်တွင် ပထမနှစ်စီမံကိန်းအတွက် လိုင်းလေးသန်း၊ ဒုတိယနှစ်အတွက် လိုင်းငါးသန်း၊ တတိယနှစ်အတွက် လိုင်းခြောက်သန်း၊ စတုတ္ထနှစ်အတွက် လိုင်းခုနှစ်သန်း၊ ပဉ္စမနှစ်အတွက် လိုင်းရှစ်သန်း အစရှိသည်ဖြင့် တစ်နှစ်ချင်းအလိုက်ချထားပေးသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးဦးသိန်းထွန်းက ယခုလ ၂၂ ရက်က နေပြည်တော်ခရိုင်အတွင်း ကျင်းပခဲ့သည့် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယခုလက်ရှိ မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းအသုံးပြုနိုင်သည့် အခြေအနေမှာ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်နှစ်ဆန်းပိုင်းကာလများမှ စတင်ထွက်ပေါ်ခဲ့သည့်တစ်ခါသုံး ဂျီအက်စ်အမ်ကြိုတင်ငွေချေဖုန်းကတ်စနစ်များမှစတင်ပြီး ယခုလက်ရှိကာလအထိ တဖြည်းဖြည်းချင်း တိုးတက်လာလျက်ရှိ ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကဆိုသည်။

ယခုလက်ရှိကာလတွင် အဆိုပါအက်ဖ်အီးစီနှစ်ဆယ်တန် တစ်ခါသုံးဖုန်းကတ်များ ရောင်းချခြင်းရပ်တန့်လိုက်သော်လည်း ကျပ်ငါးသိန်းတန် စီဒီအမ်အေမိုဘိုင်းဖုန်းများနှင့် ဂျီအက်စ်အမ်ဖုန်းများကြောင့် နိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍမှာ နှစ်အနည်းငယ်အတွင်း အတိုးတက်ဆုံးအနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မိုဘိုင်းဖုန်းဈေးကွက်မှ ကျွမ်းကျင်သူများကသုံး သပ်ကြသည်။

# ရောယူနီကုဒ်အသစ်ရယူသုံးစွဲသူ တစ်သိန်းကျော်ရှိလာ




နေလင်းအောင်

ရန်ကုန်၊ ဧပြီ- ၂၃

မကြာသေးမီက အွန်လိုင်းမှ အခမဲ့ဖြန့်ဝေပေးလျက်ရှိသော ယူနီကုဒ်ဖောင့်အသစ်တစ်မျိုးဖြစ်သည့် ဧရာယူနီကုဒ်မှာ လက်ရှိတွင် ရယူသုံးစွဲသူတစ်သိန်းကျော်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

အင်တာနက် အသုံးပြုသူများအတွက် အဓိကရည်ရွယ်ထုတ်လုပ်ထားသော ဧရာယူနီကုဒ် ၆ ဒသမ ၀ ဗားရှင်းသည် နိုင်ငံတကာအက္ခရာရေးထုံးစနစ်တွင် အံဝင်စေသဖြင့် စံလွဲသည့်ပြဿနာမရှိဟုဆိုထားပြီး ကွန်ပျူတာစနစ်ဖြင့် သိမ်းထားသော အချက်အလက်များ ပြန်လည်ရှာဖွေရန်လွယ်ကူစေခြင်း အင်တာနက်သုံးစွဲရာတွင် စာလုံးပုံစံများ မှန်ကန်တိကျစွာမြင်ရစေခြင်းတို့ရှိကြောင်း ယင်းအဖွဲ့က ဆိုထားသည်။

“လောလောဆယ် ဧရာက အင်တာနက်သုံးတဲ့သူတွေအတွက် တော်တော်အဆင်ပြေတယ်။ သူ့လက်ကွက်တွေက ဇော်ဂျီနဲ့ သိပ်မကွာတော့ သုံးရတာ အသုံးပြုသူတွေအတွက် အခက်အခဲကြီးကြီးမားမားမရှိလောက်ဘူး” ဟု ယင်းဖောင့်ရယူသုံးစွဲနေသူတစ်ဦးက ပြောသည်။

ဧရာယူနီကုဒ်အဖွဲ့သည် Ayar Converter, Ayar Dictionary တို့ကိုလည်းထုတ်လုပ်ထားပြီးနောက်ပိုင်းတွင် အွန်လိုင်းသုံးစွဲသူများ အထောက်အကူဖြစ်မည့် Application များ ထုတ်လုပ်သွားရန်ရှိကြောင်း သိရသည်။




# အရေးယူမည်ဆိုသော်လည်း အင်တာနက်ဖုန်းခေါ်ဆိုမှု လုပ်ငန်းများရှိနေဆဲ

ရန်ကုန်၊ ဧပြီ- ၂၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်တွင်းရှိ နိုင်ငံတကာ အင်တာနက်ဖုန်းခေါ် ဆိုမှုအတွက် တရားမဝင် ဝန်ဆောင်ရောင်းဝယ်မှုပြုနေသော လုပ်ငန်းများအား အရေးယူမှုပြုမည်ဟု မကြာသေးမီက ထုတ်ပြန် ကြေညာခဲ့သော်လည်း လက်ရှိအချိန်တွင် အင်တာနက်ဆိုင်များနှင့် အခြားကွန်ပျူတာဆက်စပ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိနေဆဲဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

နိုင်ငံကာ VOIP စနစ်ဖုန်းဝန်ဆောင်မှုများကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နစ်နာမှုများကြုံတွေ့ခဲ့ရပြီး ပြည်တွင်း၌ Pfingo Skype, VZO အစရှိသည့် ဈေးနှုန်းသက်သာသော ဝန်ဆောင်မှုများအား အင်တာနက်ဆိုင်များတွင် လက်ရှိအချိန်အထိ အသုံးပြုနေဆဲဖြစ်ကြောင်း သိရသည်။ “အရေးယူမယ်ဆိုပေမယ့် အခုထိ ကြော်ငြာတွေမှာ Pfingo Account အရောင်းအဝယ် ကြော်ငြာထားတာတွေ တွေ့နေရတာပဲ။ နောက်မြို့ထဲက ဆိုင်တွေမှာလည်း Pfingo Top up Card တွေ ဝယ်လို့ရနေသေးတယ်’ ဟု နေအိမ်မှ အင်တာနက်ချိတ်ဆက်၍ Pfingo အသုံးပြုလျက်ရှိသူ

စာ(၂၄)သို့



# Developer Conference ပြိုင်ပွဲတွင်အသုံးပြုမည့် လိုဂိုဒီဇိုင်းပြိုင်ပွဲ ပြုလုပ်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဧပြီ- ၂၃**


ပထမဆုံးအကြိမ်ကျင်းပမည့် Developer Conference 2011 ပြိုင်ပွဲအတွက် အသုံးပြုမည့်လိုဂိုဒီဇိုင်း (Logo Design) ပြိုင်ပွဲကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) မှပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကွန်ပျူတာနယ်ပယ်အတွင်းမှ Developer ဘာသာရပ်များကို လေ့လာလိုက်စားနေသူများနှင့် ကျွမ်းကျင်အဆင့်ရှိသူများ စိတ်ပါဝင်စားသူများ တွေ့ဆုံပြီး ပြည်တွင်း၏နည်းပညာကဏ္ဍတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဖလှယ်တင်ပြမှုများပြုလုပ်နိုင်မည်ဟုဆိုသည့် အဆိုပါကွန်ဖရင့်တွင် အသုံးပြုမည့် လိုဂိုဒီဇိုင်းအား MCPA ၏ စည်းကမ်းသတ်မှတ်ချက်များအောက်တွင် ရေးဆွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး မည်သူမဆိုဒီဇိုင်းတစ်ခုထက်ပိုမိုယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဒီဇိုင်းလိုဂိုများကို လာမည့် မေလ ၉ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေကန့်သတ်မထားကြောင်းအသင်းမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

Developer Conference Yangon 2011 အတွက်အရွေးချယ်ခံရမည့် ပါဝင်ယှဉ်ပြိုင်သူအားအသင်းမှ ဂုဏ်ပြုလက်မှတ်နှင့်အတူ Logo ပုံစံတူ Trophy အားပေးအပ်မည်ဖြစ်သည်။

MCPA မှ ဦးစီးကျင်းပမည့် အဆိုပါဆွေးနွေးဟောပြောပွဲအား ရန်ကုန်တိုင်း၊ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်



ဝင်းအတွင်းတွင် ယခုနှစ်ဩဂုတ်လ ၂၁ နှင့် ၂၂ ရက်များတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




## အွန်လိုင်းဝတ္ထုတိုစာပေဆု စတင်ချီးမြှင့်

**နေလင်းအောင်**

**ရန်ကုန်၊ ဧပြီ- ၂၁**

အွန်လိုင်းပေါ်တွင် ရေးသားလွှင့်တင်ထားသည့် ဝတ္ထုတိုများမှ ဆုရွေးချယ်ပေးအပ်သည့် ပထမဆုံးအွန်လိုင်း ရွှေဝတ္ထုတိုစာပေဆုအား ပြည်တွင်းမှ ဘလော့ဂ်ဂါသုံးဦးရရှိခဲ့ကြောင်း သတင်းရရှိသည်။

ဘလော့ဂါ မြစ်ကျိုးအင်းမှ စတင်စီစဉ်သည့် အဆိုပါ အွန်လိုင်းဝတ္ထုတိုစာပေဆုအား ယခုနှစ် တွင် စတင်ပေးအပ်ခဲ့ရာ အွန်လိုင်းဝတ္ထုတိုများ ရေးသားလျက်ရှိသူများအနက် အွန်လိုင်းစာမူရှင် မြသွေးနီ၊ သတိုးနှင့် ချစ်ကြည်အေးတို့မှ အသီးသီးရရှိခဲ့သည်။

၎င်းတို့ ရေးသားသည့် ဝတ္ထုတိုများအား ရွှေအမြုတေမဂ္ဂဇင်းအယ်ဒီတာဦးဝင်ငြိမ်း၊ စာရေးဆရာနေဝင်းမြင့်နှင့် ဆရာမခင်ခင်ထူးတို့ ပါဝင်သော ဆုရွေးချယ်ရေးအဖွဲ့က ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း စီစဉ်သူအဖွဲ့ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယင်းဝတ္ထုတိုများအနက် မြသွေးနီရေးသားသည့်သမီးလေးရဲ့ မျက်လုံးဝတ္ထုက ပထမဆု၊ သတိုးရေးသားသည့် ပတ္တမြားလုံတံဝတ္ထုက ဒုတိယဆုနှင့်တတိယဆုအား ရွေးချယ်မှုများ ဝတ္ထုတို့ဖြင့် ချစ်ကြည်အေးတို့က ရရှိသွားခဲ့ပြီး ဆုကြေးများမှာ ပထမဆုဒေါ်လာ ၁၀၀၊ ဒုတိယဆုဒေါ်လာ ၅၀ နှင့် တတိယဆုအား ဒိုမိန်း ၂နှစ်စာ(သို့မဟုတ်)ယင်းနှင့်ညီမျှသည့်ဆုကြေးငွေသားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အွန်လိုင်း ဝတ္ထုတိုစာပေဆုအား ပြည်တွင်းပြည်ပမှ ငွေကြေးပံ့ပိုးမှုများနှင့် ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း သုံးလတစ်ကြိမ် ပေးအပ်ရွေးချယ်သွားဦးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ လွှင့်တင်ထားသည့် www.thebestnovel.com တွင် ဖော်ပြထားခြင်း စည်းကမ်းချက်များအားယင်းအဖွဲ့တွင် လေ့လာနိုင်သည်။

## Apple က Sansung အား မူပိုင်ခွင့် ချိုးဖောက်မှုဖြင့် တရားစွဲ

**ဆန်ဖရန်စစ္စကို၊ ဧပြီ - ၁၉**

နာမည်ကျော် ကွန်ပျူတာကုမ္ပဏီကြီး Apple သည်ကိုရီးယားနည်းပညာကုမ္ပဏီ Sansung အား စမတ်ဖုန်းများ၊ Tablet ကွန်ပျူတာများဆိုင်ရာမူပိုင်ခွင့်ချိုးဖောက်မှုဖြင့် တရားစွဲဆိုလိုက်ကြောင်း သိရသည်။ အဆိုပါအမှုကို ပြီးခဲ့သည့်ရက်ပိုင်းကပင် မြောက်ကာရိုလိုင်းနားရှိ ခရိုင်တရားရုံးတွင် စွဲချက်တင်ခဲ့ခြင်း ဖြစ်သည်။ Apple က Sansung မှ ထုတ်လုပ်သော Glaxy S4G, Nexus S စသောစမတ်ဖုန်းများနှင့် Glaxy tablet ကွန်ပျူတာများသည် ၎င်း၏ကုန်ပစ္စည်းများနှင့် အမှတ်တံဆိပ်များကို တုပထုတ်လုပ်ထားခြင်းဖြစ်ကြောင်းဆိုသည်။

Apple ၏ ကိုယ်စားလှယ်တစ်ဦးကလည်း "ဆမ်ဆောင်းရဲ့ နောက်ဆုံးပေါ် ထုတ်ကုန်တွေဟာ Apple ရဲ့ iPhone, iPad တွေနဲ့ အများကြီးဆင်တူနေပါတယ်။ ဟာ့ဒ်ဝဲလ်ပိုင်းကနေ user interface အထိ၊ ထုတ်ပိုးပုံ ပုံစံတွေအထိ ဆင်တူနေတာပါ" ဟုပြောသည်။ မိုဘိုင်းကွန်ပျူတာနည်းပညာလောကတွင် ယခုကဲ့သို့မူပိုင်ခွင့်ဆိုင်ရာ တရားစွဲဆိုမှုများမှာမကြာခဏဖြစ်လေ့ရှိသည်။

ယခင်က မိုက်ကရိုဆော့ဖ်နှင့်မော်တော်ရိုလာ၊ အော်ကလေနှင့်ဂူးဂဲလ်၊ Apple နှင့် နိုကီရာ၊ HTC တို့ကြားတွင်လည်းဖြစ်ခဲ့သည်။ Apple ၏အမှုဆောင်အရာရှိချုပ်စတိဗ်ဂျော့ဘ်သည် တစ်ခါကလည်း Sansung နှင့် အခြား tablet ကွန်ပျူတာ ထုတ်လုပ်သည့် ကုမ္ပဏီများအား ပုံတူကူးသူများအဖြစ် ဝေဖန်ခဲ့ဖူးသည်။

—Ref: AP

## စာ(၂၃) - အရေးယူမည်ဆိုသော်လည်း အင်တာနက်ဖုန်းခေါ်ဆိုမှုလုပ်ငန်းများရှိနေဆဲ မှ

တစ်ဦးက ပြောကြားသည်။


အလားတူ ယင်းကြေညာချက်ပေါ်ထွက်ပြီး နောက်ပိုင်းတွင် ပုဂ္ဂလိက အင်တာနက်ဆိုင်အစရှိသော Pfingo ဝန်ဆောင်မှုအား ခေတ္တရပ်နားခဲ့သော်လည်းလက်ရှိတွင်မြို့တွင်းမြို့ပြင်ရှိအင်တာနက်ဆိုင်အများအပြား၌ ယင်းဝန်ဆောင်မှုပေးနေဆဲဖြစ်ကြောင်း သိရသည်။

"လုပ်တာတော့လုပ်နေတုန်းပါပဲ။ ချက်ချင်းကြီးဆိုတော့ ဆိုင်တွေကလူဝင်နည်းသွာမှာကြောက်ပြီးလုံးဝမလုပ်တော့တာမျိုးတော့မရှိဘူး။ အရင်လိုပေါ်ပေါ် ထင်ထင်ကြီး ဆိုင်ရှေ့မှာ ဘယ်ရွေ့ဘယ်မျှဆိုပြီး ကြော်ငြာကပ်ထားတာမျိုးတော့သိပ်မတွေ့ရတော့ဘူး"ဟု ကမာရွတ်မြို့နယ်မှ အင်တာနက်ဆိုင်ရှင်တစ်ဦးက 7 Day News သို့ပြောသည်။

ပြည်တွင်း၌ Pfingo, Skype အစရှိသည့်အင်တာနက်ဖုန်းခေါ်ဆိုမှုများပြားလာသည့်နည်းတူ ယင်းတို့အတွက် ပြည်ပမှအသုံးပြုခွင့်အကောင့်တ်ဝယ်ယူပေးသည့်ကိုယ်စားလှယ်လုပ်ကိုင်သူများလည်း ပေါ်ထွက်လာပြီး ယခုကာလအထိ လုပ်ကိုင်သူအချို့ရှိနေဆဲဖြစ်သည်။

# နည်းလမ်းအသစ်ရှာဖွေခြင်း

ဝင်းနိုင်ထွန်း



တစ်ကမ္ဘာလုံး အပြိုင်အဆိုင် သူ့ထက်ငါ စီးပွားရေးလုပ်နေကြသည့် ယနေ့ဤကမ္ဘာခေတ်ကြီးတွင်မည်သည့်ကုန်ပစ္စည်းကိုမဆို ဈေးနှုန်းသက်သောင့်သက်သာဖြင့် သုံးစွဲနေရသည်ကိုပင် ကျေနပ်ပီတိဖြစ်မိနေကြသည်။ ရှေးယခင်က ကျွန်ကုန်ကူးသည့်လုပ်ငန်းသည် ကျွန်ကုန်ကူးသူများသာမက ထိုလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ခဲ့သူအားလုံးကို အကျိုးအမြတ်ဖြစ်ထွန်းစေခဲ့သည်။

ထိုအတိုင်းပင် ကမ္ဘာ့တိုက်ကြီးများ တစ်ခုမှတစ်ခုသို့ ရောင်းဝယ်ကူးသန်းနေကြသည့် ယနေ့ခေတ်လူကုန်ကူးမှုလုပ်ငန်းသည်လည်း တရားဝင်အလုပ်လုပ်ကိုင်နေကြသော လုပ်ငန်းရှင်ကြီးများကိုပါ သိသာထင်ရှားသည့်အကျိုးအမြတ်များစွာရယူပေးလျက်ရှိနေသည်။ စီးပွားရေးလုပ်ငန်းများသည် လူကုန်ကူးခံနေရသည့် အလုပ်သမားများအပေါ် အမြတ်ထုတ်ခြင်းမှ အခြားလက်ဆုပ်လက်ကိုင်ပြနိုင်သည့် အားသာချက်အကျိုးအမြတ်များ ခံစားရရှိကြသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် Demand Group ဖြစ်သော စီးပွားရေးလုပ်ငန်းရှင်များ၏ကဏ္ဍသည်လည်း အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်နေရာ UNIAP Regional Manager သည် ဟောင်ကောင်နိုင်ငံသို့ သွားကာ ထိုနိုင်ငံတစ်ဝန်းရှိ ငါးဖမ်းလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ဆက်သွယ်ရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ လုပ်ငန်းရှင်များအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရာတွင် မည်သို့ ပူးပေါင်းဆောင်ရွက်ပေးနိုင်သည်များကို သိရှိရန် ဆွေးနွေးခွင့်တောင်းခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင်ဘက်မှ အကြီးတန်းအရာရှိများနှင့် တွေ့လိုခွင့်တောင်းခဲ့ရာစီးပွားရေးလုပ်ငန်းရှင်များက လက်ခံတွေ့မည်၊ ဆယ်မိနစ်သာ စကားပြောခွင့်ပေးမည်ဟု ပထမပိုင်းက ပြောကြားခဲ့သည်။ စီးပွားရေးသမားများ၏ ထုံးစံအတိုင်း စီးပွားရေးရာကိစ္စများရှိသည့်အတွက် ၎င်းအား အချိန်မပေးနိုင်ခြင်းပင်။ လက်ခံတွေ့ဆုံသည့် စီးပွားရေးသမားလုပ်ငန်းရှင်အချို့ဆိုလျှင် စိတ်ဝင်စားဟန်မရှိကြ၊ လက်ပ်တော့နှိပ်နေကြသူများ၊ ဘလက်ဗယ်ရီနှိပ်ကြည့်နေသူများလည်းရှိသည်။ သို့သော် လူကုန်ကူးမှုအကြောင်းအရာများကို စတင်ပြောပြရာ ၁၀ မိနစ်၊ ၂၀မိနစ်၊ ၃၀ မိနစ်၊ ၄၀မိနစ်၊ နောက်ဆုံးတစ်နာရီကြာထိပြောဖြစ်ခဲ့သည်။ ပြောပြလိုက်သည့်အခါ ထိုစီးပွားရေးလုပ်ငန်းရှင်ကြီးများသည် လူကုန်ကူးမှုအကြောင်းအပေါ် စိတ်ဝင်စားမှုရှိလာကြသည့်အတွက်အချိန်ယူပြောဖြစ်ခဲ့ကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာထိုလုပ်ငန်းရှင်ကြီးများသည်လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ထိတွေ့ဆက်စပ်ယူကြရန်လိုသည့်အချက်ကိုတွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် လူသားချင်းစာနာသည့်စိတ်ထားသည် လူတိုင်းမှာ အခြေခံအားဖြင့်ရှိသလို ထိုစီးပွားရေးလုပ်ငန်းရှင်ကြီးများ၏စိတ်တွင်လည်း ကိန်းအောင်းလျက်ရှိသည်။

ထိုသူများသည် လူကုန်ကူးမှုတိုက်ဖျက်နေကြသည့်သူများထက် အချင်းချင်းဆက်သွယ်မှုကွန်ရက်ရှိပြီးသား၊ ငွေကြေးအရလည်း ပြည့်စုံစွာ သုံးစွဲနိုင်သူများဖြစ်ကြသည်။ လူကုန်ကူးမှုတိုက်ဖျက်မှုအတွက် အကြံဉာဏ်ကောင်းများ၊ မတူညီသည့်အကြံအစည်များလည်း ပေးနိုင်ကြသည်ကိုတွေ့လာရသည်။ ထိုဆွေးနွေးပွဲတွင် အစက စိတ်ဝင်စားဟန်မရှိသည့် လုပ်ငန်းရှင်တစ်ဦးဆိုလျှင် ထိုအစည်းအဝေးကိုစိတ်ဝင်စားလာကာ ပါဝင်ဆွေးနွေးခြင်း၊ အပြန်အလှန်မေးခွန်းများ မေးမြန်းခြင်းတို့ပြုလုပ်လာသည်။ မီဒီယာပိုင်းမှ ပါဝင်ကူညီရေးအတွက် ဆွေးနွေးကြရာတွင် ဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင်ကြီးများအသင်းတွင် မဲခေါင်ကလပ်ဆိုသည့် အဖွဲ့ရှိသည်။ ဝက်ဘ်ဆိုက်လည်းတင်ထားသည်။ မဲခေါင်နိုင်ငံများမှ စီးပွားရေးသမားများနှင့် လုပ်ငန်းအတူ ပူးပေါင်းလုပ်ဆောင်နေကြသူများဖြစ်ကြသည်။ ထိုအဖွဲ့မှလည်း မဲခေါင်ဒေသ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ပါဝင်ရမှာကို လှိုက်လှိုက်လှဲလှဲလက်ခံကြောင်း ပြောပြကြသည်။ မဲခေါင်ဒေသထဲမှ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် မဲခေါင်ကလပ်မှတစ်ဆင့် သူရဲကောင်းများအဖြစ်ပါဝင်အောင် UNIAP က တိုက်တွန်းနှိုးဆော်ခြင်းဖြစ်သည်ဟု ခံယူပါကြောင်း ဝမ်းပန်းတသာဖြင့်ပြောဆိုကြသည်။


သို့ကြောင့် ဟောင်ကောင်နိုင်ငံရှိလုပ်ငန်းရှင်များအချင်းချင်း လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် မည်သို့သောအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ကြမည်ကို ဆွေးနွေးတိုင်ပင်နေကြပြီဖြစ်သည်။ ၎င်းတို့နှင့် ဒိုးတူပေါင်ဖက် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေကြသော ကမ္ဘာပေါ်ရှိ လုပ်ငန်းရှင်အားလုံး လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပါဝင်လာအောင် ဟောင်ကောင်ကုန်သည်ကြီးများမှ တိုက်တွန်းဆော်ဩသွားမည်ဟု သံန္နိဋ္ဌာန်ချထားကြသည်။

ထိုဆွေးနွေးပွဲတွင် အပြန်အလှန်ဆွေးနွေးနိုင်ခြင်း၏ ရလဒ်ကောင်းများနှင့် Suggestion များသည် အစိုးရများ၊ လူမှုအဖွဲ့အစည်းများနှင့်ကုလသမဂ္ဂအဖွဲ့များ တစ်ခါဖူးမျှ မစဉ်းစားမိကြသည့် Strategy များ၊ Options များပါဝင်လာကြသည်ဟုဆိုသည်။ သူတို့တွင် လူမှုရေးစိတ်ဓာတ်အပြည့်ရှိကြသည်၊ လုပ်နိုင်သည်၊ အရည်အချင်းများလည်း အပြည့်အဝရှိကြသည့်အတွက်လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အားတက်စရာပင်ဖြစ်သည်။

လူကုန်ကူးခံရသူများ၏ အဆိုးသံသရာ လည်ခဲ့ရမှုကို ကြားသိရပြီးပါက ထိုအန္တရာယ် ကာကွယ်တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်လိုခြင်းမရှိသူမျိုးရှားလှသည်။ အဘယ်ကြောင့်ဆိုသော် လူကုန်ကူးခြင်းသည် Basic Human Rights ကို ချိုးဖောက်ခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် လူသားများ၏ Dignity ကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်။ လူသားများ၏ Ability ကိုလည်း ရိုက်ချိုးဖျက်ဆီးလိုက်ခြင်းဖြစ်သည်။

လူလူချင်း စာနာစိတ်ဖြင့် ထိုစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ Demand Group ကပါ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပါဝင်လာမှုသည် အလွန်ကောင်းမွန်သည့် အချက်တစ်ချက်ဖြစ်သည်။ မဲခေါင်မြစ်ဝှမ်းဒေသ ၆ နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး Stakeholders အချို့ကလည်း ဟောင်ကောင်ရှိ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရန် စီစဉ်နေကြပြီဖြစ်သည်။

COMMIT ၏ Sub Regional Plan of Action မှာလည်း Demand Reduction ဆိုသည့်အချက်ကြောင့် မဲခေါင်ဒေသ ၆ နိုင်ငံ၏ Stakeholders များနှင့် ထိုင်းနိုင်ငံမှ Business Executives များ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ရန် စီစဉ်ခဲ့ကြသေးသည်။ သို့သော် ထိုလုပ်ငန်းရှင်များသည် ပူးပေါင်းဆောင်ရွက်လိုဟန် ရှိပုံမပေါ်သဖြင့် အခြား နိုင်ငံတစ်နိုင်ငံရှာဖွေရာမှ ဟောင်ကောင်နိုင်ငံရှိ စီးပွားရေး လုပ်ငန်းရှင်ကြီးများနှင့် ဆွေးနွေးဖြစ်ခဲ့ကြခြင်းဖြစ်သည်။ ထိုခရီးစဉ်သည်မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး နည်းလမ်းသစ်ရှာဖွေဖော်ထုတ်ခြင်းပင်ဖြစ်ပေသည်။ ။



# အရှိန်တို့၏ သဘော

ကိုဝမ်း

ရန်ကုန်မြို့ပြည်လမ်းမကြီး၊ ဟံသာဝတီအဝိုင်းအနီးတွင် ကျွန်တော်သည် လမ်း၏အကွေ့ဘက်မှသည် အနောက်ဘက်(စာပေဗိမာန်)သို့ လမ်းဖြတ်ကူးရန်၊ မဟာမြိုင်ဘက်ကလာသည့်ကားရှင်းမည့်အချိန်ကိုစောင့်နေသည်။ မဟာမြိုင်ဘက်မှကားပေါင်းများစွာတို့သည် အရှိန်ပြင်းစွာဖြင့် မောင်းလာနေသည်။ ကျွန်တော်ကလည်း မိမိ၏ အလေ့အကျင့် အတိုင်း စိတ်ရှည်ရှည်ဖြင့် စောင့်သည်။ သိပ်မစောင့်လိုက်ရပါ။ နှစ်မိနစ်၊ သုံးမိနစ်ခန့်အကြာဝယ် မဟာမြိုင်ဘက်ကလာသောကားများ၏ အရှိန်ပါးသွားသည်။ မဟာမြိုင်မှ ဟံသာဝတီအဝိုင်းကြား တစ်ဖာလုံခန့် အကွာအဝေးအတွင်း ကားတစ်စီးမှ မရှိတော့ပါ။ ထိုအခါကျမှ ကျွန်တော်လမ်း၏ တစ်ဖက်ခြမ်းကို ကူးသည်။ လမ်း၏ဟိုဘက်ခြမ်းကို ကူးဖြတ်တော့လည်း ထိုနည်းတူစွာ။

အရှိန် (Acceleration) တို့မည်သည်ကာလဌာနတစ်ခုတွင် ရပ်တန့်သွားစမြဲဖြစ်သည်။ မော်တော်ကား မောင်းဖူးပါသလား၊ ကျွန်တော်ကတော့ မမောင်းဖူးပါ။ မမောင်းတတ်ပါ။ သို့သော် ဘတ်စ်ကားယာဉ်မောင်းနောက်ခုံကနေ ကြည့်ဖူးသည်။ ဂီယာနံပတ်(၁)ကုန်သော်၊ ဂီယာနံပါတ်(၂)ပြောင်းရသည်။ ဂီယာနံပတ်(၁)၏ အရှိန်အားကုန်သွား၍ ဖြစ်သည်။ ဂီယာနံပါတ်(၂)ကုန်သော် ဂီယာနံပတ်(၃)ပြောင်းရသည်။ ဂီယာနံပတ်(၃) ကုန်သော် ဂီယာနံပတ်(၁)ပြန်ပြောင်းရသည်။ ဂီယာ(၁)၊ (၂)၊ (၃)အရှိန်တို့ တစ်ခုပြီးနောက်တစ်ခု ဆက်နေသောကြောင့်သာ ဤကားသွားနေနိုင်ခြင်းဖြစ်သည်။ ဂီယာနံပတ်(၁) ကုန်ချိန် ဂီယာနံပတ်(၂)နှင့်(၃)ကို သုံးမရပါက ဤကားက သွားတော့မည်မဟုတ်ပါ။

လူ့ဘဝကြီးတွင်လည်း ထို့အတူဖြစ်သည်။ မသိလျှင်တော့ တစ်ဆက်တစ်စပ်တည်းလို့ ထင်ရသည်။ မွေးရာမှကြီး၊ ကြီးရာမှအို၊ အိုရာမှ သေရသည်။ သစ်ပင်ပေါ်ကသစ်သီးတစ်လုံး၏အလား၊ ပထမတော့ သီးကင်းဖြစ်သည်။ နောက် ကြီးသည်၊ မှည့်သည်၊ ပြီးတော့ ကြွေသွားပြီ။ ဤဆောင်းပါးသည် ဘာသာရေးဆောင်းပါး မဟုတ်ပါ။ သို့သော် တရားတော်သည် မျက်မှောက်ဘဝလူ့ခန္ဓာဖြစ်စဉ်ကနေ ထုတ်ထားသည်ဖြစ်၍လည်း လောကီသည် လောကုတ္တရာနှင့် ကင်း၍မရနိုင်ပါ။ သမုဒယဝယ ဓမ္မဆိုတော့ စာသံပေသံဆန်သွားမည်။ သမုဒယ-ဟူသည်ဖြစ်ခြင်း၊ ဝယ-ဟူသည် ပျက်ခြင်းဖြစ်သည်။ ဓမ္မဆိုတာက သဘောတရားဖြစ်သည်။ ဖြစ်ပြီးလျှင် ပျက်သော သဘောသည် သဒ္ဒါရဖြစ်သည်။ ဤကဲ့သို့ပြောသော် တရားသဘောများသိပ်ဆန်လေမလား၊ အနောက်တိုင်းအတွေးအခေါ် အရတင်ပြပါမည်။ ထိုတွေးခေါ်ပညာရှင်သေးလိခ်က ပြောင်းလဲခြင်းသည်သာ အစစ်အမှန်တရား (Changing is reality) ဟုဆိုခဲ့သည်။ ဂရိတွေးခေါ်ပညာရှင် ဆိုကရေးတီးခ်ကလည်းလူတစ်ယောက်သည် မြစ်တစ်မြစ်တွင်းသို့နှစ်ကြိမ် ဆင်း၍ မရနိုင်ဟု ဆိုခဲ့သည်။ ဒုတိယအကြိမ်ဆင်းမည်ပြုတော့ ပထမ အကြိမ်ရေတို့က မရှိတော့ပြီ၊ စီးဆင်း၍ သွားခဲ့ပြီ။

ကမ္ဘာပေါ်၌လည်းကောင်း မြန်မာပြည်၌လည်းကောင်းထင်ရှားကျော်ကြားလူကြိုက်များသော အနုပညာရှင်တွေ ရှိခဲ့ဖူးသည်။ ကာလတစ်ခုသာပါ။ ဤကာလကိုလွန်သော်မှေးမှိန်ပျောက်ကွယ်ရစမြဲသာဖြစ်သည်။ အရှိန်တို့၏သဘောပဲဖြစ်သည်။ ကမ္ဘာ့သမိုင်းတွင်ထင်ရှားခဲ့သောတန်နီဘောလိုပုဂ္ဂိုလ်တွေ၊ အလက်ဇန္ဒြားယားလိုပုဂ္ဂိုလ်တွေ၊ ဂျင်ဂျစ်ခန်လို ပုဂ္ဂိုလ်တွေ မည်မျှပင် ထင်ရှားခဲ့သည်ဖြစ်စေ၊ မည်မျှပင် စိုးမိုးနိုင်ခဲ့သည်ဖြစ်စေ အရှိန်ကုန်သော အခါ သမိုင်းမှ ပျောက်ကွယ်ခဲ့ရပြန်သည်။ တစ်ခါကကိုလိုနီစနစ်ဆိုတာရှိခဲ့သည်။ တောင်အမေရိကတိုက်နိုင်ငံတွေကိုစပိန်ကနှစ်ပေါင်း ၅၀၀ ကျော်ကိုလိုနီပြုခဲ့သည်။ ပေါ်တူဂီက အာဖရိက နိုင်ငံတွေကို ဒတ်ချ်တို့က အာရှတိုက်မြေတစ်လွှား နေမဝင်အင်ပါယာကိုလိုနီကိုထူထောင်ခဲ့ကြသည်။ အရှိန်ကုန်တော့ ပွဲပြီးမီးသေသွားခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးဆိုဗီယက်ယူနီယံက ဘုန်းမီးနေလ တောက်ပခဲ့သည်။ သူ့အရှိန်နှင့်သူ၊ သူ့ကိုမည်သူကမှ မတိုက်ရဘဲ နိဂုံးချုပ်သွားခဲ့သည်။

လောကတွင် မရပ်မနားဘဲ တစ်ဟုန်ထိုးပြေးလွှားနေသည်ဆိုသော အရှိန်သည်မရှိ၊ ကာလဌာနတစ်ခုမှာတော့ ယင်းအရှိန်ကသေရစမြဲရပ်ဆိုင်း၍ သွားရစမြဲ။ ဤဖြစ်စဉ်ဖြစ်ရပ် သဘောတရားကို နားလည်သူတို့က အကျိုးသင့်အကြောင်းသင့်လက်ခံသည်။ သူတို့၏ နိဂုံးက လှပစွာ ချုပ်လေ့ရှိသည်။ သဘာဝတရားကို နားမလည်သူတို့ကမူ မိမိတို့လုပ်လျှင်ဖြစ်ရမည်ဟု မာန်မာနတက်ကာ မျက်ကန်းတစ္ဆေမကြောက် လုပ်လေ့ရှိသည်။ ထိုက်တန်သော အဖြေကိုသာရလေ၏။

ကျွန်တော်က တစ်ခေတ်တစ်ခါက ဆရာသုခ၏ နာမည်ကျော် ဘဝသံသရာ သီချင်းကို သတိရလို့နေမိသည်။ မကြာသေးမီကမှ ကိုထွန်းရွှေကြီး ပြန်ဆိုတာကိုလည်းကြားလိုက်မိသည်။ “ခရီးပန်းတိုင်မရောက်မချင်း××တစ်ယောက်ဆင်းတစ်ယောက်တက်× × ဆက်လက်ထွက်ခွာလာ×× လောဘရယ်ဒေါသရယ်မောဟရယ်××အဝိဇ္ဇာပစ္စယာသင်္ခါရာတဲ့ ××ပျော်လိုက်ရွှင်လိုက်ငိုကာရယ်ကာ×× ဘယ်ဟာ မတည်မြဲ×× ဖောက်လွဲဖောက်ပြန်××အကြောင်းကံကမ္မသကာ”။

ဘယ်ဟာမှ မတည်မြဲ၊ ဖောက်လွဲဖောက်ပြန် လောကသည် ယင်း၏ သဘာဝနိယာမတရားနှင့်အညီပဲ၊ မည်သည့်အရာမှမတည်မြဲ၊ ဖောက်လွဲဖောက်ပြန်ဖြစ်လေ့ရှိပါ၏။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.6 ▪ APRIL 28, 2011

(၁)

ဂူလိုဏ်ခေါင်းအတိုင်းတက်ရသော လှေကားထစ်တွေမှာ ဖယောင်းတိုင်ငယ်လေးများ တစ်ထစ်ခြား၊ နှစ်ထစ်ခြား ထွန်းညှိထားသဖြင့် မှောင်မည်း၍မနေ၊ ပူကျက်နေသော ဘုရားရင်ပြင်ကိုဖြတ်သန်းခဲ့ရ၍ လှေခါးထစ်တွေ၏ အထိအတွေ့က အေးမြနေပါသည်။ အပေါ်ကို မော့ကြည့်လိုက်တော့ မုခ်ဦးဝမှာ နေရောင်အချို့ဖြာသက်ကျဆင်းလျက်၊ အထက်ပစ္စယံရောက်တော့ နိုင်ငံခြားဧည့်သည်အချို့ကို ကင်မရာကိုယ်စီဖြင့်တွေ့ရ၏။ ပုဂံနေဝင်ချိန်ရှုခင်းကို အမိအရရိုက်ယူဖို့ ကင်မရာတပြင်ပြင်၊

ကျစွာမင်းတည်ထားကိုးကွယ်ခဲ့သော ပြဿဒါးကြီးဘုရား (ဝါ)ပြသာဒ်ကြီးဘုရားမှာ ပုဂံနေဝင်ချိန်ရှုခင်းကြည့်ရာ စေတီတော်တစ်ဆူဖြစ်နေပါသည်။ နေဝင်ချိန်ရှုခင်းကြည့်လိုသူများ ရွှေဆံတော်စေတီသွားကြသည်။ မင်္ဂလာစေတီသွားကြသည်။ နန်းမြင့်မျှော်စင်ဆီသွားကြသည်။ မိမိတို့အဖွဲ့မှာ ကားကြိုတင်စီစဉ်ထားမှုဖြင့် ပြသာဒ်ကြီးဘုရားဆီရောက်ခဲ့ကြသည်။ ပြသာဒ်ကြီးဘုရားသည် အုတ်အပြားလိုက် (၁၅)လွှာအလွှာ(၂၀)စီပြီးတိုင်းဒေါင်လိုက်တစ်လွှာစီထားသည်ကိုတွေ့ရ၏။ ကျစွာမင်းသည် ပြသာဒ်ကြီးဘုရားကို တည်ထားခဲ့ရာ၌ ဘုရားတည်မည့်အုတ် စလုပ်သည့်နေ့မှာ ပြဿဒါး၊ ပန္နက်ချမည့်နေ့မှာ ပြဿဒါး၊ အလုံးစုံလုပ်ငန်းစခဲ့သောနေ့မှာ ပြဿဒါးနေ့များဟု အဆိုရှိခဲ့သည်။ ဟုတ်၊ မဟုတ်ကားမသိ။ မုံရွေးဆရာတော်ရေးသားတော်မူခဲ့သော စေတီယကထာတွင်မူကား တင့်တယ်ကြည်ညိုဖွယ်ရာရှိသော ဘုရား (သို့မဟုတ်) ပြသာဒ်ပုံတည်ထားအပ်သောဘုရားဟု အဓိပ္ပာယ်ဖွင့်ဆို ထားသည်။ မုံရွေးဆရာတော်ကပင် ထုံးတမ်းမသိသူတို့သာပြဿဒါးဘုရားဟုခေါ်ဝေါ်ကြောင်း ရာဇဝါဒကျမ်း၌ ဆိုထားခဲ့သည်။ ထားတော့၊ ပုဂံရာဇဝင်ပြောရလျှင် တုတ်ထမ်း၊ ဓားထမ်းပြောရမည်သာမကယနေ့ခေတ်တွင်သေနတ်ထမ်း၊အမြောက်ထမ်းပြောရပေတော့မည်။ မိမိတို့ကြည့်လိုသည်က ပုဂံရှုခင်း၊ နေဝင်ချိန် ပုဂံရှုခင်း. . .

ပြဿဒ်ကြီးဘုရား အထက်ပစ္စယံမှာ ဘုရားဖူးတွေ တဖွဲဖွဲလာနေဆဲ။ ပစ္စယံဝန်းကျင်မှာ ပုဂံရှုခင်းက ကြည့်မျှော်၍မဆုံးတော့။ ဓမ္မရံကြီး၊ သဗ္ဗညု၊ အာနန္ဒာ၊ ဟိုးအဝေးမှာ ရွှေစည်းခုံစေတီတော်မြတ်၊ ထန်းတောနှင့်ကုန်းကမူလေးများဖြင့် အမည်နာမသိနိုင်သောရှေးဘုရားအဆူဆူတို့သည် ရုပ်သိမ်းစ ပုဂံညနေခင်းနေခြည်အောက်ဝင်းပြက်တောက်စားနေ တော့သည်။ ဧရာမြစ်တစ်ဖက်ကမ်း တန့်ကြည့်တောင်ထက်မှ နေလုံးနီနီသည် တဖြည်းဖြည်းဖျော့တော့လာပြီး လိမ္မော်ရောင်၊ ယင်းမှခရမ်းစွက်သော ပုစွန်ဆီရောင်အသွေးဖြင့် တုံ့နှေးနှေးလျော့ရဲကျဆင်းနေပါသည်။ မကြာမီနေဝင်တော့မည်။ ပစ္စယံအထက်မှာတော့ ရှုခင်းကိုနောက်ခံထား၍ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဓာတ်ပုံရိုက်သူများမနည်း။ ဧည့်သည်အတော်များများကတော့ အနောက်ဘက်ဆီ တန်းစီညီညာထိုင်ရင်း ပုဂံညနေခင်းကိုခံစားကြသည်။ ခပ်လှမ်းလှမ်းမှ ဘုရားဆီအသော့နှင်လာသော မြင်းလှည်းသုံးလေးစီးမှာ ဘုရားဖူးတွေပါသည်။ နိုင်ငံခြားဧည့်သည်တွေပါသည်။ နေဝင်ချိန်ကိုမီပါ့မလား။ ဖုန်လုံးတွေက လှည်းလမ်းကြောင်းတစ်လျှောက် တလုံးလုံး။ နေမင်းသည် တန့်ကြည့်တောင် နှုတ်ခမ်းထက် မေးတင်လျက်ရှိပြီ။ အမောတကော တက်လာသော ဘုရားဖူးအချို့က နှုတ်ဆက်ထွက်ခွာသွားသော ညနေခင်းအား ငေးကြည့်ကြ။ ကင်မရာခလုတ်တွေပြိုင်တူနှိပ်လိုက်ကြ. . အားလုံးငေးမိငေးရာ၊ ငေးမိငေးမော . . .


နေဝင်သွားပါပြီ။

ဒါပေမဲ့ မြစ်ရေပေါ်မှာ ရောင်စဉ်အချို့ ချန်ထားခဲ့သည်။ပြာရီကောင်းကင်ထက် တိမ်မျှင်တိမ်လိပ်များပေါ် ရောင်စဉ်တန်းအချို့ ချန်ထားခဲ့သည်။ သည်အချိန်မှာ ပုဂံဆည်းဆာရီ၏ အလှပဆုံးအချိန်ဟု ဆိုနိုင်ပါသည်။ နေမင်းသည် သူ့ကိုယ်စား ရောင်စဉ်ရောင်သွယ်အချို့ကို ခေတ္တခဏထားခဲ့ခြင်းသာ ဖြစ်ပါသည်။

(၂)

ယခုတစ်ခေါက် ပုဂံရောက်ခဲ့သည်မှာ နွေခေါင်ခေါင်ကြီးဖြစ်သည်။ လူပေါင်းတစ်ရာကျော်နှစ်ရာခန့်ရှိသော လူစုလူဝေးကြီးကို ပုဂံပြတိုက်၊ ကန်တော့ပလ္လင်အနီးရှိ ပုဂံဟိုတယ်၌တည်းရန် ကြိုတင်စီစဉ်ခဲ့ကြသည်။ ပုဂံဟိုတယ်သည် ဧရာဝတီမြစ်ကမ်းနံဘေး သံတဲဟိုတယ်နှင့်အပြိုင် တည်ရှိပေသည်။ သံတဲဟိုတယ်သည် အနောက်တိုင်းဆန်သလောက် ပုဂံဟိုတယ်သည်ကား ပုဂံခေတ်ယဉ်ကျေးမှုအနုလက်ရာတို့ဖြင့် ထုံမွှမ်းတည်ဆောက်ထားပါသည်။ အထူးခြားဆုံးမှာ ဟိုတယ်ဧရိယာအတွင်း ရှေးဟောင်းဘုရားတစ်ဆူကို ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ဖြစ်သည်။ နွေခေါင်ခေါင်ရောက်လာသော မိမိတို့အဖွဲ့ ချက်ချင်းအပြင်မထွက်နိုင်၊ ခရီးပန်း၍ အတန်ကြာနားနေရပါသည်။ ဟိုတယ်ဝန်းကျင်ရှိ စိမ်းလန်းအေးမြသော တမာပင်၊ ထနောင်းပင်၊ သရက်ပင်တို့က အမောကိုပြေစေသည်။

(၃)



ဓာတ်ပုံ - ကျော်မောင်မောင်(အမရပူရ)

# ပုဂံသာလွမ်း

ချမ်းငြိမ်း

**ထိုရွှေဂူကြီးစေတီတည်ပြီးသည်မှ နောက်၌ အရှင်မဟာမောဂ္ဂလန်စီရင်တော်မူအပ်သော၊ ဝိသာခါဥပါသိကာမ၏ ပုဗ္ဗာရုံကျောင်းတော်နှင့်တူထသော၊ ဘုံနှစ်ဆင့်ရှိထသော၊ များစွာသော စောင်းတန်းလှေကားရှိထသော၊ အရာမကများလှစွာသော မုခ်လိုဏ်ခေါင်း ကြောင်လည်အထွတ်တို့ဖြင့် တန်ဆာဆင်အပ်ထသော၊ နှလုံးမွေ့လျော်ဖွယ်ရှိထသော၊ လေးဆယ်အယုတ်အတောင်နှစ်ရာ အစောက်ရှိထသော၊ သဗ္ဗညုမည်သော ကြီးစွာသောစေတီတော်ကိုလည်း တည်တော်မူ၍ အပြီးသို့ရောက်စေတော်မူပြီ။**

**(စေတီဝင်ကျမ်း)**

ပုဂံမြို့ဟောင်းတွင် ဦးစွာဖူးဖြစ်သည်မှာ သဗ္ဗညုစေတီတော်ကြီးဖြစ်သည်။ ပုဂံဒေသတွင် ဉာဏ်တော်အားဖြင့် အမြင့်ဆုံးဆိုကြသော သဗ္ဗညုစေတီတော်ကြီးကိုအလောင်းစည်သူမင်း(၁၁၁၃-၁၁၆၃)ကတည်ထားခဲ့ခြင်း ဖြစ်သည်။ ဉာဏ်တော်အမြင့်မှာ ပေပေါင်း ၂၄၀ ရှိ၏။ ပုဂံဒေသတွင် မည်သည့်နေရာက ကြည့်ကြည့်လွယ်လင့်တကူ ဖူးမြင်နိုင်သော စေတီတော်ကြီးနှစ်ဆူမှာ သဗ္ဗညုနှင့်ဓမ္မရံကြီးဖြစ်သည်။ ‘ထုမှာ ဓမ္မရံ၊ ဉာဏ်တော်မှာ သဗ္ဗညု’ ဆိုသကဲ့သို့ ယင်းစေတီတော်ကြီးနှစ်ဆူမှာ မည်သည့်နေရာကမဆို ထူးထူးခြားခြားဖူးမြော်နိုင်လေသည်။ ဂေါတမဘုရားရှင်လက်ထက်သာဝတ္ထိပြည်မှ ပုဗ္ဗာရုံကျောင်းတော်ကြီးကို နမူနာ ယူ၍ တည်ထားခဲ့သည့် သဗ္ဗညုစေတီတော်ကြီးသည် မဇ္ဈိမဒေသနှင့်အခေါက်ခေါက်အခါခါကူးလူးဆက်ဆံနေပြီဖြစ်သော ပုဂံခေတ်ကုန်သွယ်ရေး ထွန်းကားနေချိန်တွင် တည်ထားခဲ့ခြင်းကြောင့် အိန္ဒိယ၊ သီရိလင်္ကာ၊ မြန်မာမှုယဉ်ကျေးမှု အစုစုတို့စုဝေးနေသည့်ပုဂံခေတ်အနုလက်ရာလည်းဖြစ်ပါသည်။ နှစ်ပေါင်းရှစ်ရာကျော် ကိုးရာနီးပါးတည်တံ့နေသော သဗ္ဗညုစေတီတော်ကြီးတည်ဆောက်စဉ်က သစ်သားလုံးဝမပါ၊ အုတ်သက်သက်ဖြင့်သာ တည်ခဲ့ကြသည်ဟု ပညာရှင်များဆိုပါသည်။ စေတီတော်ကြီးပေါ် တက်ရောက်ခွင့် ပိတ်ပင်ထားခဲ့သည်မှာတော့ကြာပါပြီ။ နှစ်ပေါင်းရာချီသော အနုလက်ရာများပျက်စီးမည်စိုး၍ ယခုအခါတက်ရောက်ခွင့်မရှိတော့၊ ၁၉၅၀ ပြည့်လွန်နှစ်များက ရွှေကိုင်းသားဆရာတော် သဗ္ဗညုစေတီတော်ပေါ်သို့တက်ရောက်ခဲ့သည့်မှတ်တမ်းကို သတိရနေမိသည်။ ဆရာတော်သည်သဗ္ဗညုစေတီတော်ပေါ် တက်ရောက်ခဲ့သည့်အကြောင်းကို လူထုဂျာနယ်၌ အသေးစိတ်မှတ်တမ်းတင်ရေးသားခဲ့ကာ လူထုတိုက်ကပင် **ပုဂံသွားမှတ်တမ်း** ဟူ၍ စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ ၁၉၇၅ ပုဂံငလျင်ကြီးမလှုပ်ခင်က အခြေအနေကိုမှတ်တမ်းတင်ပြုစုခဲ့သဖြင့် ရွှေကိုင်းသား၏ ပုဂံစာအုပ်သည်အတော်ပြည့်စုံသော မှတ်တမ်းဖြစ်ခဲ့သည်။

**အုတ်ချပ်ကြား အပ်ဖျားထိုးမရ** ဟူသောစကားတွင်ကျန်ရစ်အောင် တည်ထားခဲ့သော ဓမ္မရံကြီးသည်ကား သမိုင်းကြောင်း မကောင်း။ ကုလားကျမင်းဟု ပုဂံပြည်သူများခေါ်ဝေါ်ခဲ့သော နရသူမင်း (၁၁၆၃-၁၁၆၅)သည် အဖေနှင့်အစ်ကိုအား သတ်ရုံမျှမက ငရင်းအားဆက်သခဲ့သော အိန္ဒိယပြည် ပဋိက္ကယားမင်း၏ သမီးတော်ကိုပင်ကွပ်မျက်ခဲ့၍ ပုဏ္ဏားယောင်ဆောင်သော ကုလားသူရဲကောင်းရှစ်ဦးတို့၏ လုပ်ကြံမှုဖြင့် အနိစ္စရောက်ခဲ့ရသည်။ နရသူမင်းသည် ဘုရားနံဘေးစံနန်း၌ စံတော်မူနေစဉ် ကုလားတို့၏ သတ်ဖြတ်မှုကို ကိုယ်ရံတော်ဓားအဖွဲ့က ဝိုင်းရံကာကွယ်မှု မပေးနိုင်ခဲ့သောကြောင့် ဘုရားကြီးကို ပုဂံသူ၊ ပုဂံသားတို့က ဓား-မရံမိဘုရား (နောင်ဓမ္မရံကြီး)ဟု ခေါ်တွင်ခဲ့ကြသည်။

(၄)

ပုဂံမြို့ဟောင်းထဲတွင် ဖူးမြော်စရာ စေတီပုထိုးတို့ကားများလှသည်။ သို့ဖြစ်ရာ အချိန်ရသလောက်သွားလာရလွယ်ကူသော အထင်ကရစေတီပုထိုးများသာ ဖူးမြော်ဖြစ်ကြသည်။ စွယ်တော်လေးဆူပြည့်အောင် တန့်ကြည့်တောင်နှင့် တူရွင်းတောင်စေတီများအား တစ်နေ့တည်းအရောက်ဖူးကြသည်။ ပုဂံ၏ ရှေးအကျဆုံးဗူးဘုရား၊ အနော်ရထာမင်းမြတ်၏ကောင်းမှုတော် ရွှေဆံတော်၊ ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော် အာနန္ဒာစေတီတော်မြတ်ကြီး၊ အလောင်းစည်သူ မင်းကြီးတည်ထားခဲ့သော ရွှေဂူကြီး၊ နာရပတိစည်သူမင်းတည်ထားခဲ့သော ဂေါ်တောပလ္လင်၊ နားတောင်းများမင်းတည်ထားခဲ့သော ထီးလိုမင်းလိုဘုရား၊ နာရသီဟပတေ့မင်း(တရုတ်ပြေးမင်း) တည်ထားခဲ့သော မင်္ဂလာစေတီတို့မှာ မရောက်မဖြစ် ရောက်သင့်သည် ဖြစ်၍ ဖူးမြော်ခွင့်ရခဲ့သည်။ မင်္ဂလာစေတီမှာ ပုဂံယဉ်ကျေးမှုနောက်ဆုံးလက်ရာလည်းဖြစ်သည်။ ဘုရားတည်စဉ်က တိုင်းရေးပြည်ရေးအခြေအနေမကောင်း၍ ‘ဘုရားလည်းပြီးပြည်ကြီးလည်းပျက်လတ္တံ့’ တဘောင်ပေါ်ခဲ့သည်။ ထိုတဘောင်အတိုင်း နရသီဟပတေ့မင်း၏မောက်မာမှုကြောင့် မွန်ဂိုတို့အလုံးအရင်းဖြင့် ဝင်ရောက်ဖျက်ဆီးခဲ့ရာမှ ပုဂံပြည်ကြီးပျက်ခဲ့ရ၏။

မင်္ဂလာစေတီကား ပုဂံအပျက်တွင် နောက်ဆုံးတည်ထားခဲ့သော စေတီဟုလည်း ဆိုနိုင်သည်။ ပုဂံမြို့ဟောင်းထဲ ဘုရားတွေအတော်စုံသွားတော့အညာနေကား တရှိန်ရှိန် တညီးညီးလောင်မြိုက်နေလေပြီ။ တစ်နေရာရောက်၍ သဲမြေပူပူကိုဖြတ်တိုင်း ခြေထောက်တွေ ခုန်ဆွခုန်ဆွဖြစ်ရသည်။ ဒေသခံပုဂံသူ၊ ပုဂံသားတို့ကားမှုပုံမပေါ်။ ရောက်လေရာ စေတီပုထိုးတိုင်းမှာဆီးကြိုကာ ဈေးရောင်းကြသည်။ ဆီးယို၊ ထန်းလျက်၊ ပုန်းရည်ကြီး၊ ပဲကြော် စားဖွယ်အစုံစုံရောင်းသူကရောင်း၊ ဘုရားပရိဝုဏ်ထဲက ဆိုင်တန်းတွေဆီမှာ အမှတ်တရလက်ဆောင်ဝယ်ကြသူတွေလည်း မနည်း။ ‘ပုဂံရောက်အမှတ်တရ’ ‘Welcome to Bagan’ ဆိုသော ဘုရားပုံနှင့် ရောင်စုံတီရှပ်လေးတွေဝယ်သူကဝယ်၊ မဝယ်မဖြစ်ကတော့ ဒေသထွက်ဦးထုပ်လေးများဖြစ်ကြသည်။ အမျိုးသမီးများက သနပ်ခါးတုံးတွေ တပွေ့တပိုက်ဝယ်ကြသည်။ အများစုကတော့ သနပ်ခါးဘဲကြားနှင့် ညိုစိမ့်စိမ့်ပုဂံသူ၊ ညောင်ဦးသူလေးများ၏ အရယ်၊ အပြုံး၊ အပြောများအောက် မျောသွားကြပါသည်။

(၅)

“ဘုရားသမိုင်း ရှင်းပြချင်လို့ပါ. . . ဘုရားသမိုင်း သားရှင်းပြပါ့မယ်” တစာစာပြောရင်း သွားလေရာတောက်လျှောက်လိုက်ပါတတ်သော ဒေသခံ(ဂိုက်) ဘုရားသမိုင်းပြောသည့်သူငယ်လေးများ ဘယ်ဘုရားရောက်ရောက်တွေ့တတ်သည်မှာ ပုဂံ၏အရိုးစွဲနေသော ဓလေ့တစ်ခုဖြစ်ပေလိမ့်မည်။ ကြုံရဖန်များလာသောအခါ စိတ်အနှောင့်အယှက်ဖြစ်မိပေမယ့် သေချာတွေးကြည့်တော့လည်း သနားစရာ။ လာသမျှဘုရားဖူးများကို ခရားရေလွှတ်ပြောကာ မုန့်ဖိုးပဲဖိုးတောင်းသူများအား အချို့က ပေးကမ်းသွားတတ်သော်လည်း အများစုမှာ ဘာသိဘာသာ။ “နှစ်ကိုးရာက အနော်ရထာမင်းကြီးနဲ့ ကျန်စစ်သားမင်းကြီးတို့ရဲ့ ကောင်းမှုတော် ရွှေစည်းခုံဘုရားကြီးမှာ ရွှေသက်န်းကပ်လှူနိုင်ပါတယ်ရှင်” ဆိုသော အသံပြေပြေအေးအေးလေးကိုကြားရတော့ ရင်ထဲတစ်မျိုးတစ်ဘာသာဖြစ်ရပြန်သည်။

တစ်ရက်တွင် သီးသန့်စီစဉ်၍ ဘုရားဖူးအဖွဲ့သားအားလုံး မြင်းကပါဘက်ထွက်ခဲ့သည်။ စုက္ကတေးမင်းနှင့် အနော်ရထာတို့ စီးချင်းထိုးသော မြင်းကပါအရပ်သည် ယခုတော့ ယွန်းထည်ထုတ်လုပ်ရာ အဓိကဒေသဖြစ်နေပါပြီ။

မြင်းကပါတွင် မနူဟာ၊ မြင်းကပါ၊ နန်းဘုရား၊ အပယ်ရတနာ၊ စိမ်းညက်ညီအစ်မဘုရားများ ဖူးမြော်ခဲ့ကြသည်။

ညောင်ဦးတစ်ဝိုက်တွင် ရွှေစည်းခုံစေတီတော်၊ ကျန်စစ်သား ဥမင်၊ ဂူပြောက်ကြီး၊ ကျောက်ဂူဥမင်နှင့် ညောင်ဦးဈေးကြီးသို့သွားခဲ့ကြသည်။ အချိန်အတော်ကြာကြီး ငေးငိုင်နေမိသည်မှာ လောကနန္ဒာဘုရားရင်ပြင်တော်မှာဖြစ်သည်။ အနော်ရထာမင်းကြီးတစ်ပါးတည်းကောင်းမှုဖြင့် တည်ထားခဲ့သော လောကနန္ဒာစွယ်တော်မြတ်စေတီသည် ပုဂံမြို့သစ် သီရိပစ္စယာမြို့ဟောင်း၏ အောက်စွယ်ဧရာဝတီမြစ်ကမ်းနဖူးပေါ်၌တည်ရှိလေသည်။ ဘုရားရင်ပြင်ထက်မှအောက်ငုံ့ကြည့်တော့ ကမ်းပါးမပြိုရလေအောင် အင်္ဂတေများဖြင့်မံထားသည်မှာ အပြန့်ကျယ်ကြီးဖြစ်ပြီး သဲသောင်ခုံများတိုင်ရှိလေသည်။

ပုဂံမလာမီက ဖတ်ခဲ့ဖူးသော ဗြိတိသျှစာရေးဆရာ Scott o'Connor ၏ စာအုပ်ကို ဆရာကျော်ဝင်းဘာသာပြန်ဆိုထားသည့် **‘သမိုင်းထဲက ပုဂံ၊ ပုဂံထဲကသမိုင်း’** စာအုပ်အား အမှတ်ရမိပါသည်။ မူရင်းစာရေးဆရာသည် ထိုစာအုပ်ကို လွန်ခဲ့သော နှစ်တစ်ရာကျော်ကရေးသားခဲ့ပြီး စာအုပ်တွင်ပါဝင်သော ဓာတ်ပုံများမှာလည်း နှစ်တစ်ရာကျော်ကပုံများဖြစ်ရာ သမိုင်းတန်ဖိုးကြီးမားလှသည်။ ယင်းပုံများအနက် လောကနန္ဒာဘုရားမှ ပြေပြေလေးဆင်းရုံဖြင့် ဧရာဝတီမြစ်ထဲရောက်ရှိနိုင်သော မြင်ကွင်းက စွဲထင်နေသေးသည်။ ယခုတော့ အကွာကြီးကွာခြားခဲ့ပေပြီ။ တစ်မျှော်တစ်ခေါ်ကြည့်မျှော်၍မဆုံးသောသဲသောင် ပြင်ကျယ်ကြီးသည် ဧရာဝတီမြစ်ကိုပင် အပေါ်စီးက မမြင်တွေ့နိုင်တော့။ သဘော်များ၊ သမ္ဗန်များသည် ကျဉ်းမြောင်းလှသော မြစ်ကြောင်းမှ ကွေ့ပတ်ခုတ်မောင်းနေရသည်။

*စာ(၃၂) သို့*

7 DAY NEWS JOURNAL

# Current Affairs

Vol.10, No.6 • APRIL 28, 2011



မြေငလျင်ကြောင့် ပြားပြားဝပ်ပြိုကျပျက်စီးနေသော တာလေမြို့မှ သာသနိကအဆောက်အအုံတစ်ခု။

ဓာတ်ပုံ - အားမာန်

# မြေအောက်က လူသတ်သမား

အားမာန်

အိပ်ရာခုတင်အား တစ်စုံတစ်ယောက်က ကိုင်လှုပ်သကဲ့သို့ ပြင်းပြင်းထန်ထန် လှုပ်ယမ်းသွားခြင်း ကြောင့် ကျွန်တော်တို့ ခေတ္တကြောင်သွားသည်။ စက္ကန့်ပိုင်းအတွင်း အခြေအနေမှန်ကို သိ၍ ကျွန်တော်နှင့် အခန်းဖော် ဇော်နိုင်ဦးတို့ အိပ်ရာမှ အလူးအလဲထ၍ အခန်းအုတ်နံရံကို ပြေးကပ်ရသည်။

ငလျင်လှုပ်သွားခြင်းဖြစ်၏။ စိုးရိမ်စိတ်တို့ကြောင့် ရင်ဘတ်နှင့်ခေါင်းတစ်ခုလုံး ပြောင်းဆန်သွားသည်။ မိုးနှင့် လေအေးအေးတို့ကြောင့် အေးစက်နေသော နံနက်ခင်းတွင် စောင်ခြုံ၍ ကွေးနေသော ကျွန်တော်တို့ ထိုငလျင်ကြောင့် အခန်းအပြင်သို့ အမြန်ထွက်ခဲ့ရသည်။ ရွှေတြိဂံဒေသတွင် ပြင်းအား ရစ်ချ်တာစကေး ၇ရှိ မြေငလျင်လှုပ်ပြီး၊ သုံးရက်အကြာ မတ်လ ၂၇ရက် တာချီလိတ်မြို့၏ နံနက်ခင်းမှာ ဖြစ်သည်။ မတ်လ ၂၄ရက် ညစနာရီခွဲဝန်းကျင်တွင် လှုပ်သွားသော မြေငလျင်ကြီး၏ နောက်ဆက်တွဲ မြေငလျင်များထဲမှ တစ်ခုနှင့် ကျွန်တော်တို့ ကြုံတွေ့ရစဉ်ဖြစ်၏။

မြေငလျင်ဒဏ် အဆိုးဆုံးခံခဲ့ရသော တာလေ၊ မိုင်းလင်းဒေသခံများကိုမေးမြန်းရင်း မကြောက်ရန် နှစ်သိမ့်ခဲ့သော်လည်း၊ ကိုယ်တိုင် နောက်ဆက်တွဲ ငလျင်ငယ်ကို ကြုံရရုံဖြင့် ငလျင်မှာ မည်မျှကြောက်စရာကောင်းကြောင်း ကိုယ်တွေ့သိရသည်။ လူပေါင်းများစွာ သေကျေဒဏ်ရာရခဲ့သော ငလျင်ကြီးနှင့် နောက်ဆက်တွဲ ငလျင်များကြောင့် ဒေသခံအများစု ပူပန်၊ စိုးရွံ့စိတ်ပိုကာ သွေးတိုးနေကြခြင်းကို ကောင်းစွာသဘောပေါက်တော့သည်။

ယခုတော့ မြေငလျင်အား ကိုယ်တိုင်ကြုံဖူးသူများသာမက မကြုံဖူးသေးသော လူအများလည်း ကြောက်နေပြီ။ ဂျပန်တွင် လူပေါင်းသောင်းချီသေဆုံးစေခဲ့သော မတ်လ ၁၁ ရက်တွင်လှုပ်ခတ်ခဲ့သော ပြင်းအား ရစ်ချ်တာစကေး ၉ အင်အားရှိ ငလျင်နှင့် ဆူနာမီ လှိုင်းလုံးကြီးများ၊ မတ်လ ၂၄ရက်က ရွှေတြိဂံမြေငလျင်တို့ လွန်ပြီးနောက် မြန်မာပြည်သူအများစုမှာလည်း ငလျင်ကို ကြောက်နေပြီဖြစ်သည်။

ယခုလပိုင်းအတွင်း လူထုကြားထဲ ကောလာဟလများထွက်နေသည်။ ဂျပန်ငလျင်ပြီးနောက် အက်ဆစ်မိုး ကောလာဟလထွက်ခဲ့သည်။ တာလေငလျင်ပြီးနောက် ထွက်နေသော ကောလာဟလတို့မှာ "မေလတွင် စစ်ကိုင်းငလျင်ကြော၌ ငလျင်လှုပ်မည်"၊ "၂၀၁၁ ခု မတ်လလယ်လောက်မှစ၍ ငလျင်များ စတင်လှုပ်ရှားမှာဖြစ်ကြောင်း၊ အဓိကအနေနှင့် စစ်ကိုင်း၊ တောင်ငူ၊ ပဲခူး စသည့်မြို့များဖြစ်ကြောင်း" စသည်စသည်ဖြင့်။ အချို့ကောလာဟလမှာပြောစကားမျှမကဘဲ၊ စာရွက်များ မိတ္တူကူး၍ ဖြန့်ခြင်းကြောင့် လူထုအကြောက်ပိုခဲ့သည်။

ယခုနောက်ပိုင်းနှစ်များတွင် နာဂစ်၊ ဂီရိမုန်တိုင်း၊ တာလေငလျင် စသော သဘာဝဘေးအန္တရာယ်များ နှစ်ဆက်ကြုံခဲ့ရသော ပြည်သူများက ငလျင်ကို ယခင်ထက် ပိုကြောက်လာခြင်းကပင် ကြိုတင်ကာကွယ်ရေးအတွက်ကောင်းသော အချက်တစ်ခုဖြစ်ကြောင်း သက်ဆိုင်ရာ ပညာရှင်ကဆိုသည်။

"ကြောက်လာတာကလည်း ကြိုတင်ကာကွယ်ရေးအတွက်တော့ မရှိမဖြစ် Awareness ပဲ။ ပထမဆုံးအဆင့်ပဲ။ ပထမဆုံးကတော့ စိတ်ခံစားမှုက အရေးကြီးတယ်။ ကိုယ့်အိမ်ပြိုမှာကြောက်ရင် မပြိုအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ ကြိုတင်ကာကွယ်တဲ့ အပိုင်းကို သွားနိုင်မှာမို့ပဲ"ဟု မြန်မာနိုင်ငံ မြေငလျင်ကော်မတီ အတွင်းရေးမှူး ဦးစောထွေးဇော်ကပြောသည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ကြုံခဲ့ရပြီးနောက် မြန်မာလူထုမှာ သဘာဝဘေးအန္တရာယ်များကိုပိုမို ဂရုပြု သတိထားလာပြီး ငလျင်လှုပ်မည်ကို လူအများ ကြောက်နေကြခြင်းမှာ ကြိုတင်ကာကွယ်ရေးအတွက် အရေးပါကြောင်း ဦးစောထွေးဇော်ကဲ့သို့ပင် အဆိုပါကော်မတီမှ အတွင်းရေးမှူးတစ်ဦးဖြစ်သော ဦးစိုးသူရထွန်းကလည်း ပြောသည်။ "သတိကတော့ ထားနိုင်ရင် အကောင်းဆုံးပဲ။ ပညာရပ်အမြင်အရတော့ ငလျင်က ကြိုမသိနိုင်ဘူး"ဟုလည်း ဦးစိုးသူရထွန်းကဆက်ပြောသည်။

မြန်မာနိုင်ငံ အလယ်မှ အပေါ်အောက် တည့်တည့်ဖြတ်သွားသော စစ်ကိုင်းပြတ်ရွေ့ကြော (စစ်ကိုင်းငလျင်ကြော)ရှိသည်ကို ပထမဆုံး တွေ့ရှိဖော်ထုတ်နိုင်ခဲ့သော မြေငလျင်ပညာရှင်ဦးဝင်းဆွေက အရပ်ထဲတွင် ထွက်ပေါ်နေသော ကောလာဟလနှင့်ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်သည်။ "ငလျင်ကောလာဟလမျိုးတွေကတော့ ဗေဒင်ဟောကိန်းအချို့က ထွက်တတ်တယ်။ သိပ္ပံပညာရှင်တွေကတော့ အဲလို မပြောဘူး။ ပညာရှင်တွေက လှုပ်မယ်ဆိုတာသိတယ်။ ဘယ်တော့ လှုပ်မယ်ဆိုတာမသိဘူး"။ ဦးဝင်းဆွေမှာ မြန်မာနိုင်ငံအပေါ်ပိုင်းမှ ကပ္ပလီပင်လယ်ထဲသို့တိုင်အောင် စစ်ကိုင်းပြတ်ရွေ့ကြောရှိနေသည်ကို ၁၉၆၉ တွင် ကွင်းဆင်းလေ့လာ တွေ့ရှိပြီး၊ ၁၉၇၀ တွင် မြန်မာနိုင်ငံသုတေသနစာတမ်းဖတ်ပွဲတွင် စတင်ဖတ်ကြားခဲ့သူဖြစ်သည်။ ထို့နောက်ပိုင်း စစ်ကိုင်းငလျင်ကြောရှိသည်ကို ပညာရှင်များ လက်ခံလာကြခြင်းဖြစ်သည်။

စစ်ကိုင်းငလျင်ကြောတစ်လျှောက်တွင် လှုပ်ခဲ့သော မြေငလျင်ကြီးများမှာ အကြမ်းဖျင်း နှစ် ၇၀၊ ၈၀ သာရှိသေးပြီး၊ အချို့ပြတ်ရွေ့ကြောများမှာ မကြာခဏ ငလျင်အသေးများ လှုပ်ခတ်နေခြင်းကြောင့် ငလျင်အကြီးများဖြစ်နိုင်ခြေနည်းကြောင်း ဦးစိုးသူရထွန်းက ပြောသည်။ သို့သော် မန္တလေးမြို့နှင့် အင်းဝတောင်ဘက်ရှိစစ်ကိုင်းပြတ်ရွေ့ကြောအပေါ်မှ ဒေသအချို့မှာ ငလျင်အကြီးလှုပ်ခဲ့သည်မှာ နှစ်တစ်ရာကျော်ရှိပြီး(ထိုဒေသတွင် ၁၈၃၉ ခုနှစ်က အင်အားကြီးငလျင်တစ်ခုလှုပ်ခဲ့သည်)၊ ထို့နောက်ပိုင်းတွင် လှုပ်ရှားမှုမရှိ၍ ထိုဒေသ၌ မြေငလျင်ကို ပိုမိုသတိထားရန်လိုကြောင်းလည်း ဦးစိုးသူရထွန်းက အကြံပြုသည်။

အကြမ်းဖျင်းအားဖြင့် မြေငလျင်ပြတ်ရွေ့ကြောများတွင် မြေငလျင်ကြီးများ လှုပ်ပြီးပါက နှစ်တစ်ရာဝန်းကျင်ကာလတွင် တစ်ကြိမ်ပြန်၍ လှုပ်တတ်သည်ဟု ပညာရှင်များကဆိုသည်။ သို့သော်ကြားကာလများတွင် ငလျင်အသေးများ မကြာခဏလှုပ်ပါက မြေငလျင်ကြီး လှုပ်နိုင်ခြေကို လျော့ပါးစေသည်ဟုလည်း အဆိုရှိသည်။ ထိုသို့မဟုတ်ဘဲ မြေငလျင်ကြီးတစ်ခုလှုပ်ပြီး နှစ်ရာချီ၍ ငြိမ်သက်ခြင်းမှာ ငလျင်ကြီးများဖြစ်ရန်အလားအလာပိုရှိသည်ဟု မြေငလျင်ပညာရှင်အချို့က ဆိုသည်။ သို့သော် မြေငလျင်နှင့်ပတ်သက်၍ သေချာသည်မှာ တိကျသည့် ခန့်မှန်းချက်များကို မည်သူမှ မည်သည့်နိုင်ငံတွင်မှ မပြုလုပ်နိုင်သေးခြင်းဖြစ်သည်။

လူပြောများသည့် စစ်ကိုင်းပြတ်ရွေ့ကြော၏ တစ်နှစ်ရွေ့လျားမှုမှာ ၁၈ မီလီမီတာ(တစ်လက်မနီးပါး)ရှိသည်။ ပြတ်ရွေ့တစ်ခုလျှင် ထိုနှုန်းဖြင့် ရွေ့လျားပါက နိုင်ငံတကာ မြေငလျင်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အကြမ်းဖျင်း နှစ်၁၆၀ လျှင် တစ်ကြိမ် ငလျင်ကြီး လှုပ်လေ့ရှိသည်ဟု ပညာရှင်များကပြောသည်။ မြန်မာနိုင်ငံတွင် ငလျင်ကြောကြီးများအဖြစ် စစ်ကိုင်းပြတ်ရွေ့ကြော၊ ရခိုင်ကမ်းရိုးတန်းပြတ်ရွေ့ကြောတို့ရှိပြီး ပြတ်ရွေ့ကြောအလတ်နှင့် အငယ်မှာများစွာရှိသည်။ သို့သော် သမိုင်း၌ အင်အားအကြီးဆုံး မြေငလျင်မှာ စစ်ကိုင်းနှင့် ရခိုင်ပြတ်ရွေ့ကြောတို့၌မဟုတ်ဘဲ ၁၉၁၂ ခုနှစ်တွင် ကျောက်ကြမ်း ပြတ်ရွေ့ကြောပေါ်၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ထိုအခြေအနေများကြောင့် လူထုက မြေငလျင်အန္တရာယ်ကို အမြဲသတိရှိနေပြီး ကြိုတင်ကာကွယ်ရန်မှာ အကောင်းဆုံးဟု ဦးစိုးသူရထွန်းကပြောသည်။

စာ(၃၀)သို့

## ငလျင်ဘေးအန္တရာယ်လျော့နည်းစေရန် လုပ်ဆောင်သင့်သော အချက်များ

**ငလျင်မလှုပ်မီ ဆောင်ရွက်ရန်**

- အခန်းတွင် ခိုင်ခံ့သော စားပွဲခုံ၊ အတွင်းနံရံ သို့မဟုတ် တိုင် တံခါးဘောင်အောက်စသော လုံခြုံသော နေရာများကို သိအောင် လုပ်ထားရန်
- ယင်းနေရာများအောက် သို့ အမြန်ဝင်၍ အကာအကွယ်ယူ၊ဆွဲကိုင်ရန် လေ့ကျင့်ထားရန်
- ပြတင်းပေါက်များ၊ မှန်များ၊ တွဲလောင်းချိတ်ထားသော ပစ္စည်းများ၊ ယိုင်လဲသော ပရိဘောဂများ စသည့် ပြိုလဲပျက်စီးနိုင်သော နေရာများကို သိထားရန်
- အိမ်ပြင်ပတွင် သစ်ပင်များ၊ တံတားများ၊ အဆောက်အအုံများ၊ ဓာတ်တိုင်များစသော ပြိုကျပျက်စီးနိုင်သောအရာများနှင့် ဝေးသော ကွက်လပ်၊ ကွင်းများကို သိအောင် လုပ်ထားရန်
- ထွက်ပြေးရန်နှင့် အရံထွက်လမ်းကြောင်းများကို သိထားရန်
- ရေ၊ ဓာတ်ငွေ့၊ လျှပ်စစ်မီးတို့ကို အပေါ်ဖြတ်တောက်နိုင်အောင် လေ့ကျင့်လုပ်ကိုင်ထားရန်
- ရှေးဦးသူနာပြုစုနည်းများကို လေ့လာထားရန်

မိမိနေအိမ်ကို လုံခြုံအောင် ဆောက်ရွက်ရန်

- နံရံတွင် ကပ်ထားသော လေးလံသည့် ဗီရို၊ သေတ္တာစသည့် ပရိဘောဂများကို ယိုင်လဲပြီး မပြိုလဲစေရန်၊ နံရံနှင့် တွဲကပ်ထားရန်။
- ကြီးမားလေးလံသော ပစ္စည်းနှင့် ကွဲတတ်သော ပစ္စည်းများကို အမြင့်တွင်မထားဘဲ၊ အနိမ့်တွင်သာထားရန်
- လောင်ကျွမ်းတတ်သော အရည်များကို အိမ်အပြင်ဝေးရာတွင် လုံခြုံစွာထားရန် (ငလျင်ကြောင့် မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းများ ဖြစ်တတ်သည်)
- ပန်းချီကား၊ မှန်များစသော လေးလံကွဲရှတတ်သောအရာများကို အိပ်ရာ၊ ထိုင်ခုံရှည်စသော လူလဲလျောင်းရာနေရာနှင့် ဝေးဝေးထားရန်
- မီးလုံး၊ မီးဆိုင်းများကို ငလျင်လှုပ်လျှင် ပြုတ်မကျစေရန် ခိုင်ခံ့စွာထားရန် ငလျင်လှုပ်စဉ် လုပ်ဆောင်ရန်များ
- အေးဆေးတည်ငြိမ်စွာ နေရန်၊ အဆောက်အအုံထဲတွင်ဖြစ်က အထဲတွင်သာ နေရန်၊ ပြင်ပတွင်ဖြစ်က ပြင်ပတွင်သာ နေရန်(ထိခိုက်မှုအများစုသည် ငလျင်လှုပ်စဉ် အဆောက်အအုံတွင်းမှ ထွက်ပြေးခြင်း၊ အတွင်းသို့ပြေးဝင်ခြင်းတို့ကြောင့် အဖြစ်များသည်)
- ပြတင်းပေါက်၊ တံခါး၊ ဘီရိုအမြင့်များ၊ ကွဲနိုင်၊ ပြုတ်ကျနိုင်သော ပစ္စည်းများနှင့် ဝေးဝေးနေရန်
- ခိုင်ခံ့သည့် စားပွဲခုံ၊ တံခါးဘောင်အောက်၊ အတွင်းနံရံစသည့်တို့အောက်တွင် ဝပ်နေရန်၊ အကာအကွယ်ယူရန်
- အဆောက်အအုံအတွင်းမှ ထွက်ခွာမည်ဆိုပါက အလောတကြီးထွက်ပြေးခြင်းမပြုဘဲ စနစ်တကျထွက်ခွာပါ။ ဓာတ်လှေကားများကို အသုံးမပြုပါရန်
- အဆောက်အအုံပြင်ပတွင် ဖြစ်ပါက သစ်ပင်များ၊ ဆိုင်းဘုတ်များ၊ အဆောက်အအုံများ၊ ဓာတ်ကြိုးများနှင့်ဝေးသော ကွင်းပြင်၊ ကွက်လပ်နေရာများသို့ သွားနေပါ။ ငလျင်လှုပ်ပြီးသည်အထိ ခေါင်းငုံ့၍ကာကွယ်ထားရန်
- ကားအတွင်းဖြစ်ပါက စက်ရပ်ပြီး ငလျင်လှုပ်ပြီးသည်အထိ ကားအတွင်းနေရန်၊ အဆောက်အအုံများ၊ ခုံးကျော်တံတားများ၊ ဓာတ်တိုင်များနှင့် မြေပြိုမှုဖြစ်နိုင်သော နေရာများအနီးရှိလမ်းကိုရှောင်ရန်၊ လမ်းပျက်စီးမှုများကို သတိပြုရန်။

မှတ်ချက် - အာရှသဘာဝဘေးအန္တရာယ်လျော့ပါးရေးကော်မတီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ပူးပေါင်းထုတ်ဝေသော ငလျင်များနှင့်နေထိုင်ခြင်းစာအုပ်ပါ အချက်အလက်များကို မှီငြမ်းသည်။



7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

မညီမညာရပ်ထားသောဆိုင်ကယ်များက ဝေါမြို့နယ်ခန်းမပတ်ပတ်လည် မြေကွက်လပ်အပြည့်နေရာယူထားသည်။ အဆင့်ဆင့်ထပ်၍ ရပ်ထားသဖြင့် ရှေ့ဆုံးရောက်နေသော ဆိုင်ကယ်အား အလွယ်တကူထုတ်၍မရပေ။

အဆိုပါဆိုင်ကယ်များမှာ ဝေါမြို့နယ်ခန်းမတွင်ပြုလုပ်သော မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်နှင့်စိုက်ပျိုးရေးပညာရှင်ဒေါက်တာရဲတင့်ထွန်းတို့၏ ဘာသာရပ်ဆိုင်ရာဟောပြောပွဲအားနားထောင်ရန် လာရောက်ကြသော တောင်သူများ၏ဆိုင်ကယ်များဖြစ်သည်။

လာရောက်သူအရေအတွက်အား မရေတွက်ထားသော်လည်း ခန်းမပြည့် ခင်းထားသောထိုင်ခုံတစ်ထောင်ကျော်ပြည့်သည့်အပြင် မတ်တပ်ရပ်နားထောင်သူများပင်များစွာရှိသည်။ ဟောပြောပွဲအားနံနက် ၁၀ နာရီတွင် စတင်ရန်ကြေညာထားသော်လည်း ၈ နာရီမထိုးခင်ကပင် တောင်သူများရောက်ရှိနေရာယူထားကြသည်။

ထိုဟောပြောပွဲသို့ တက်ရောက်လာသူ အသက် ၆၆ နှစ်အရွယ် တောင်သူဦးကျော်မြိုင်က “မိုးလေဝသသတင်းက အရေးကြီးပြီ။ ဒီနှစ် မိုးလေဝသသတင်းနားထောင်ဖို့ ရေဒီယိုနှစ်လုံးဝယ်ထားတယ်။ တစ်လုံးက အိမ်မှာနားထောင်ဖို့၊ တစ်လုံးက လယ်ထဲအလုပ်လုပ်ရင်း နားထောင်ဖို့”ဟု ဆိုသည်။

ဦးကျော်မြိုင်တွင် လယ် ၁၂ ဧကပိုင်ဆိုင်ပြီး ရာသီဥတုဖောက်ပြန်သဖြင့် ယခုနှစ် စိုက်ပျိုခဲ့သော မိုးစပါးနှင့် ဆောင်းသီးနှံပဲများ ပျက်စီးဆုံးရှုံးမှုများခဲ့သည်ဟု သူကဖွင့်ဟသည်။

“ဒီနှစ် မိုးကြောင့် စပါးရောပဲရောထိတယ်။ ရာသီဥတုအခြေအနေကို သိအောင်လုပ်ရတော့မယ်”ဟု ဟောပြောပွဲတက်ရောက်သူ ဝေါမြို့ခံတောင်သူဦးမျိုးကြည်ကလည်းဆိုသည်။

ယခုနှစ် မိုးစပါးရိတ်သိမ်းချိန် နိုဝင်ဘာနှင့် ဒီဇင်ဘာလများ


ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များကြောင့် သည့်နှစ်များအတွင်း ပျက်စီးဆုံးရှုံးမှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရသည်။

# မိုးလေဝသသတင်းတန်ဖိုးတွေ ပိုသိလာသည့် တောင်သူများ

သူရအောင်ထက်

တွင် မိုးရွာသွန်းခဲ့သဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမိုးစပါးများ ပျက်စီးဆုံးရှုံးမှုရှိခဲ့သည်။ ထို့အတူ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသော ပဲမျိုးစုံစိုက်ပျိုးချိန် ဒီဇင်ဘာနှင့် ရိတ်သိမ်းချိန်မတ်လတို့တွင် မိုးရွာသွန်းခဲ့သဖြင့် ပျက်စီးဆုံးရှုံးရပြန်သည်။

မိုးမိ၍ ပဲစေ့များအပင်ပေါက်ကာ တစ်တင်းလျှင် ကျပ်လေးသောင်းဝန်းကျင်ရှိခဲ့သော ပဲတီစိမ်းမှာ ကျပ်ခုနစ်ထောင်ဖြင့် ရောင်းချခဲ့ရပြီး တောင်သူများအထိနာခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၇၈ ခုနှစ်နောက်ပိုင်းမှစ၍ မိုးရွာသွန်းမှုပြောင်းလဲလာခဲ့သည်ဟု မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကဆိုသည်။ မိုးရွာရက်လျော့နည်းလာခြင်း၊ မိုးရွာသွန်းမှုပုံစံသည် ပျံ့ပျံ့နှံ့နှံ့ရွာသော မုတ်သုံမိုးထက် အခြားသော မုန်တိုင်းမိုး၊ မိုးတိမ်တောင်မိုးနှင့် လေပွေလှိုင်းမိုးများဖြစ်လာခဲ့သည်။ ထို့ကြောင့် မိုးသည်နေရာအားဖြင့်လည်းကောင်း အချိန်ကာလအားဖြင့် လည်းကောင်း ပျံ့နှံ့မှုဖြန့်ဝေမှုအားနည်းလာခဲ့သည်။ မိုးကြိုနှင့်မိုးလွန်မိုးများ ကောင်းလာခဲ့သဖြင့် စိုက်ပျိုးရေးအထောက်အကူပြုမိုးများ မဟုတ်တော့ပေ။

၁၉၇၈ ခုနှစ်နောက်ပိုင်းမှစ၍ မိုးကြိုကာလမှာ ပြေ ၁၅ရက်မှ မေလကုန်အထိ ၄၅ရက်ဖြစ်လာပြီး ၁၅ရက်တိုးလာခဲ့သည်။ ထိုအတူ မိုးလွန်ကာလမှာလည်း စက်တင်ဘာလလယ်မှ နိုဝင်ဘာလကုန်အထိ ၇၅ရက်ဖြစ်သွားကာ ၂၅ရက်တိုးလာခဲ့သည်။

ထို့အပြင် အစွန်းရောက်ရာသီဥတုများဖြစ်သော အယ်လ်နီညို၊ လာနီညာရာသီဥတုများသည် ယခင်က ၅နှစ်မှ ၇နှစ် တစ်ကြိမ်သာဖြစ်လေ့ရှိသော်လည်း ၂၀၀၆ ခုနှစ်နောက်ပိုင်းမှစ၍ ၂နှစ် တစ်ကြိမ် သို့မဟုတ် နှစ်စဉ်ဖြစ်ပေါ်ခဲ့သည်။ ၂၀၀၉ ခုနှစ်နောက်ပိုင်းမှ ၂၀၁၀ နှစ်ဦးပိုင်းအထိ ပူပြင်းခြောက်သွေ့သော အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်စံချိန်တင်ခဲ့ပြီး ၂၀၁၀ပြည့်နှစ်နှောင်းပိုင်းမှ ၂၀၁၁ ခုနှစ် မတ်လကုန်အထိ အေးပြီးစိုစွတ်သော လာနီညာရာသီဥတုဖြစ်ပေါ်ခဲ့သည်။ ထိုရာသီဥတု၏ အကျိုးဆက်ကြောင့် နိုဝင်ဘာလမှ မတ်လအထိ လတိုင်းမိုးရွာသွန်းမှုများရှိခဲ့သည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၀ ပြည့်နှစ်၌ ရွာသွန်းခဲ့သောမိုးရေချိန်မှာ ယခင်နှစ်များထက် ၅ ဒသမ ၃၃ လက်မလျော့နည်းခဲ့ပြီး ဝေါမြို့နယ်အတွင်း မိုးရွာသွန်းမှုမှာ ၁၀ နှစ် ပျမ်းမျှ မိုးရွာသွန်းမှုထက် သုံးရက်လျော့နည်းခဲ့ကာ မိုးရေချိန် ၃၃ ဒသမ ၃၉ လက်မလျော့နည်းခဲ့သည်ဟု ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာကပြောသည်။

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး၏အရှေ့ဘက်ခြမ်းဖြစ်သော ပဲခူးနှင့် တောင်ငူခရိုင်တို့တွင် ၂၀၀၉ ခုနှစ်၌ ဇူလိုင်လကုန်တွင် လယ်ဧက ၁၇ သိန်းကျော်စိုက်ပျိုးပြီးစီးခဲ့သော်လည်း ၂၀၁၀ ခုနှစ်တွင် ၁၅ ဒသမ ၅ သိန်းဧကသာ ဇူလိုင်လကုန်တွင်စိုက်ပျိုးနိုင်ခဲ့ပြီး ကျန် ၁ ဒသမ ၂ သိန်းဧကမှာ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် စိုက်ပျိုးခဲ့ရသည်ဟု တိုင်းစိုက်ပျိုးရေးမန်နေဂျာက ထပ်ဆင့်ပြောဆိုသည်။

ထို့ကြောင့် ယခုနှစ်ပိုင်းမှစ၍ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အပါအဝင် မြန်မာနိုင်ငံအနှံ့အပြားမှ တောင်သူများသည် မိုးလေဝသနှင့်ပတ်သက်သော သတင်းများအား မကြာခဏ ဖုန်းဆက်၍ မေးလာကြကြောင်း မိုးလေဝသပညာရှင်ဦးထွန်းလွင်က ပြောသည်။

“ဦးတို့ဆိုမိုးလေဝသသတင်းဘယ်ဂျာနယ်ထဲမှာပါလဲ လိုက်ရှာဖတ်တယ်။ ဂျာနယ်တွေမှာလည်း မိုးလေဝသသတင်းကို ပုံမှန်ထည့်တဲ့ဂျာနယ်ကမရှိဘူး။ မိုးလေဝသသတင်းပါတဲ့ဂျာနယ်ဆိုဝယ်တယ်။ တခြားတောင်သူတွေကိုလည်း ပြောပေးလိုက်တယ်”ဟု ဝေါမြို့ခံတောင်သူဦးသောင်းရင်ကပြောသည်။

ဦးဆောင်းရင်မှာ မြို့ပေါ်တွင် နေထိုင်သဖြင့် မိုးလေဝသသတင်းအား ဂျာနယ်များမှတစ်ဆင့်သိရှိနိုင်သော်လည်း တောင်သူအများစုကမူ မိုးလေဝသသတင်းသိရှိရန် ရေဒီယိုများကိုသာ အားကိုးကြရသည်။

“အရင်တုန်းကတော့လကုန်ရက်တိုင်းမှာ တီဗီကလာတဲ့ မိုးလေဝသခန့်မှန်းချက်ကိုကြည့်တယ်။ အခုနောက်ပိုင်းတော့မကြည့်ဖြစ်ဘူး။ သတင်းက ဘယ်အချိန်ပြီးမှန်းလဲမသိဘူး။ သတင်းပြီးတဲ့အချိန်ကျတော့ အိပ်ပျော်ပြီ”ဟု ဝေါမြို့ခံတောင်သူတစ်ဦးကဆိုသည်။

ရာသီဥတုပြောင်းလဲခြင်းအား မြန်မာနိုင်ငံအပါအဝင် ဆန်စပါးအဓိကစိုက်ပျိုးသော ထိုင်းနိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းရှိနိုင်ငံများပါ ကြုံတွေ့နေရသည်။ သို့သော် ထိုတောင်သူများမှာ စက်ကိရိယာများအသုံးပြုကြခြင်း၊ နည်းပညာနှင့်သတင်းအချက်အလက်ရရှိနေခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုနည်းကြသည်။

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော မြန်မာနိုင်ငံရှိ တောင်သူအများစုမှာ မိရိုးဖလာအတိုင်း ကျွဲ၊ နွားများဖြင့်သာ လုပ်ယာလုပ်ငန်းအား လုပ်ကိုင်ကြသူများပြီး စက်ယန္တရားအသုံးပြုလုပ်ကိုင်နေသော တောင်သူများ အနည်းငယ်သာရှိသည်။ ထို့ကြောင့် ရာသီဥတုဖောက်ပြန်မှုနှင့် ကြုံတွေ့ရသောအခါ အပျက်အစီးများခဲ့ကြသည်။

ထို့အပြင် ရာသီဥတုနှင့်ပတ်သက်သော သတင်းအချက်အလက်များ သိရှိသူ နည်းပါးကြသည်။

ထို့ကြောင့် သက်ဆိုင်ရာက မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်ကြီးများအားဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိတောင်သူများအား သွင်းအားစုများကူညီရန် ဆန်စပါးအထူးပြုကုမ္ပဏီဖွဲ့စည်း၍ တာဝန်ပေးခဲ့ကြသည်။ ထိုအထူးပြုကုမ္ပဏီများထဲတွင် ကုမ္ပဏီအချို့သာ ထိထိရောက်ရောက်ကူညီကြသော်လည်း အများစုမှာ မေ့မေ့ပျောက်ပျောက်ဖြစ်နေကြပြီ။

ထိုအခြေအနေကိုသိသော မြန်မာနိုင်ငံဆန်စပါးအသင်း(ဝေါမြို့နယ်)နှင့် ဘဝတူ ဝေါမြို့ခံအကျိုးဆောင်တောင်သူများ ပူးပေါင်းကာ ပြောင်းလဲလာသော ရာသီဥတုအကြောင်းနှင့် စိုက်ပျိုးရေးနည်းပညာများအား တောင်သူများသိရှိစေရန် ပညာရှင်များဖိတ်ကြား၍ ဘာသာရပ်ဆိုင်ရာဟောပြောပွဲအားပြုလုပ်ပေးခဲ့ကြ



ခြင်းဖြစ်သည်။

“ဒီဟောပြောပွဲလုပ်တာကို နားထောင်ပြီး ညောင်လေးပင်တို့၊ သထုံနဲ့ ကဝက လူတွေလာမေးကြတယ်။ ဒီလိုပွဲလေးလုပ်ချင်လို့ ဘယ်လောက်ကုန်သလဲလို့”ဟု ဟောပြောပွဲဖြစ်မြောက်ရန်ဆောင်ရွက်သူတစ်ဦးဖြစ်သူ ဝေါမြို့ခံဦးကျော်တင့်ကပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

အဆိုပါဟောပြောပွဲတွင် ဟောပြောခဲ့သူ စိုက်ပျိုးရေးပညာရှင် ဒေါက်တာရဲတင့်ထွန်းက “တောင်သူတွေသိထားဖို့က ရာသီဥတုသတင်းပေါ့။ ဥပမာ-စပါးစိုက်မယ်ဆိုရင် ဒီနှစ်မိုးများမလား၊ နည်းမလား အဲဒီ့ရရှိတဲ့ မိုးလေဝသသတင်းပေါ်မူတည်ပြီး ဘယ်မျိုးကို စိုက်မလဲစဉ်းစားရမယ်။ ဒါသိပ်အရေးကြီးတယ်”ဟု ဟောပြောအကြံပြုသွားခဲ့သည်။

ထို့အတူ မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကလည်း လာမည့် မိုးရာသီဖြစ်သော ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် မိုးရွာသွန်းမှုမှာ ဖြစ်မြဲထက် ပိုမည်ဖြစ်ပြီး အပူမကဲ၊ မိုးမနည်းသောနှစ်ဟုဆိုသည်။

ထို့ကြောင့် တောင်သူများအား သွင်းအားစုများ ပံ့ပိုးကူညီပေးမှု၊ နည်းပညာနှင့်သတင်းအချက်အလက်နှင့် နည်းပညာနှင့်ပတ်သက်သောဟောပြောပွဲများ ပြုလုပ်ရန်လိုအပ်နေပြီဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက အကြံပြုသည်။

“ဂျာနယ်တွေမှာဆိုလည်း မိုးလေဝသသတင်းကို အပတ်စဉ်ထည့်စေချင်တယ်။ တီဗီမှာဆိုရင်လည်း တောင်သူတွေမအိပ်ခင် မိုးလေဝသသတင်းကို ဖော်ပြပေးစေချင်တယ်”ဟု ပဲခူးမြို့ခံ တောင်သူတစ်ဦးက အကြံပြု တောင်းဆိုသည်။

မြန်မာနိုင်ငံရှိတောင်သူများမှာ သီးနှံဈေးနှုန်းမတည်ငြိမ်ခြင်း၊ ဓာတ်မြေဩဇာများ အရည်အသွေးမမှန်ခြင်းနှင့် နှစ်လုံး၊ သုံးလုံးလောင်းကစားများ၏ နှိပ်စက်မှုအောက်တွင် ရုန်းကန်နေကြရသည်။ ထိုအခြေအနေတွင် ရာသီဥတုဖောက်ပြန်မှုနှင့် ထပ်မံကြုံတွေ့နေရသဖြင့် သူတို့ဘဝများ နာလန်ထူရန် ခက်ခဲနေကြရသည်။

သို့သော် သူတို့ အားမလျှော့ကြ။ တောင်သူပီပီ ဇွဲကောင်းကြသည်။ စိုက်ရန်ပြင်ဆင်နေကြပြီ။ မိုးလေဝသသတင်းအား နားစွင့်နေကြလေပြီ။

ဟောပြောပွဲ ကြီးပြီးပြီ ။ ညနေ ၆ နာရီလည်းထိုးပြီ။ ထိုအချိန်ကျမှသာ တောင်သူများ အိမ်ပြန်ကြတော့သည်။



# ဈေးငွေအားနည်းချက်ကြောင့် လယ်ပိုင်များ လယ်ယာမဲ့ဖြစ်စေ

■ပြည်သိမ်း

**အခန်း**ငယ်အတွင်း များပြားလှသည့် လူများကို ကြည့်၍ လယ်သမားကြီး ဦးထွန်းထွန်းသက်ပြင်းချလိုက်သည်။ အသက် ၅၀ ခန့်ရှိပြီ ဖြစ်သည့်ဦးထွန်းထွန်းသည် အခန်းအတွင်းက ခုံတန်းလွတ်တွင် ဝင်ထိုင်ရင်း နဖူးမှချွေးများ ကိုပဝါဖြင့် သုတ်နေသည်။

ဖျာပုံမြို့နယ်ရှိကျေးရွာတစ်ချို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ငွေကြေးနှင့် နည်းပညာကူညီထောက်ပံ့ပေးနေသည့် အောင်ရတနာလူမှုရေးအသင်းမှ အကူအညီတောင်းသဖြင့် ငါးမိုင်ခန့်ဝေးသော ကျုံမင်ကျေးရွာသို့ လှေဖြင့် လာခဲ့ရသည်။ လုပ်ကိုင်နေသည့်မိမိအလုပ်ကိုပစ်၍ အနာဂတ်တွင်ချေးငွေ အ ထောက်အပံ့များ ရနိုင်လေမလား ဟုမျှော်လင့်ချက်ဖြင့် လာခဲ့ခြင်းလည်းဖြစ်သည်။

သို့သော်ယခုတွေ့ဆုံပွဲသည် ဦးထွန်းထွန်းထင်ထားသကဲ့သို့ ချေးငွေပေးသည့်ပွဲမဟုတ်ပေ။ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် NGO အဖွဲ့တစ်ခုဖြစ်သည့် ပျိုးပင်အဖွဲ့၏ စီစဉ်မှုဖြင့် လယ်သမားများနှင့် စာနယ်ဇင်းအဖွဲ့များတွေ့ဆုံပွဲပင်ဖြစ်သည်။

“အခုဆိုရွာက တချို့လယ်တွေက ငွေရှင်ကြေးရှင်းတွေလက်ထဲရောက်နေပြီ” ဟုလက်ရှိကြုံတွေ့နေရသော အခက်အခဲကို ဦးထွန်းထွန်းက ရှင်းပြသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းနှစ်များတွင်မြစ်ဝကျွန်းပေါ်မှ လယ်သမားများသည် အခက်အခဲတစ်ခုပြီး တစ်ခုကြုံတွေ့နေရသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့်စိုက်ပျိုးသီးနှံများအထွက်ဆုတ်ခြင်း၊ ခိုင်းကျွဲနွားများမပြည့်စုံခြင်း၊ ငွေကြေးအရင်းအနှီးမပြည့်စုံခြင်းကြောင့် သွင်းအားစုများလုံလောက်စွာ မဝယ်ယူနိုင်ခြင်းစသည့်ပြဿနာများကို ယနေ့ထိခံစားနေရသည်။ လူမှုရေးအဖွဲ့အစည်းများ၊ INGO များ၊ အစိုးရအဖွဲ့အစည်းများ ထောက်ပံ့မှုများပြုလုပ်ပေးနေသော်လည်း မူလအခြေအနေကိုပြန်လည်ရောက်ရှိရန်များစွာ ကြိုးစားရန်လိုအပ်နေသေးသည်။

“လောလောဆယ် ကျွဲနွားအစား စက်တွေတော့ သုံးနေရရတယ်။ ဒါပေမဲ့ ဆီဝယ်ထည့်ပြီး လုပ်ရတာဆိုတော့ ဟင်းကောင်းကျွေးကောင်းတောင် မစားနိုင်ဘူး” မြင်းကကုန်းကျေးရွာမှ လယ် ၆ ဧက ပိုင်ရှင် ဦးမင်းစိုးက ဆိုလာသည်။

စက်သုံးဆီဈေးနှုန်းများ မြင့်မားခြင်း၊ ဝယ်ယူရရှိမှု ခက်ခဲခြင်းကလည်းလယ်သမားများအတွက် အသက်ရှူကျပ်စရာတစ်ခုပင်ဖြစ်သည်။

ထို့အပြင် ယခုနှစ်မိုးစပါး၌ ရာသီဥတုဆိုးနေသဖြင့် လယ်သမားများ အခက်အခဲကြုံတွေ့ခဲ့ရသည်။ မိုးဦးရာသီတွင် အယ်လ်နီညိုရာသီဥတုကြောင့် မိုးခေါင်ခဲ့သည်။ စပါးများရင့်မှည့်ချိန်တွင် လာနီညာရာသီဥတုနှင့် ကြုံတွေ့နေရသဖြင့် ရေနစ်ပြီးလေလွင့်ဆုံးရှုံးမှုများ ကြုံတွေ့နေရသည်။ ယင်းကြောင့် ဒေသအတွင်း အဓိကထားစိုက်သည့် ပေါ်ဆန်းဘေးကြားမှာ အထွက်ဆုတ်ခဲ့သည်။ နှစ်စဉ်ထွက်နေကျ တစ်ဧကကိုတင်း ၅၀ မှတင်း ၃၀ ထိ လျော့ကျခဲ့သည်။ ယင်းကြောင့် ကြွေးယူလုပ်ကိုင်ရသော လယ်သမားများသည် ဘဝရပ်တည်ရေးခက်ခဲလာကြောင်း ဦးထွန်းထွန်း ကဆိုသည်။

နာဂစ်နောက်ပိုင်း လယ်သမားများ အခက်အခဲကြုံတွေ့ရမှုအပေါ် နိုင်ငံတော်အစိုးရကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တိုင်ပင်၍ လယ်သမားများကိုချေးငွေများထုတ်ပေးစေခဲ့သည်။ ရရှိသည့် ချေးငွေပမာဏနှင့် အတိုးနှုန်း(၂ကျပ်တိုး)မှာလုပ်သာကိုင်သာရှိသော်လည်း ထုတ်ပေးနိုင်သောလယ်ဧကပမာဏမှာ တစ်နိုင်ငံလုံးနှင့်နှိုင်းယှဉ်လျှင် နည်းပါးနေသေးကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ဖူးသည်။

“မတည်ရင်းနှီးငွေနည်းတဲ့အတွက် လယ်သမားတိုင်းကို မပေးနိုင်သေးဘူး။ ဒေသတွင်းမှာဆို ငါးရာခိုင်နှုန်းလောက်ပဲ ပေးနိုင်တယ်” ဟုဖျာပုံခရိုင်အခြေပြု၍ဖွဲ့စည်းထားသော ရောဝတီဂရင်းလန်းဆန်စပါး အထူးပြုကုမ္ပဏီမှ ဒါရိုက်တာ ဦးအုံးဟန်က ဆိုသည်။

ရောဝတီတိုင်းတွင်ဆန်စပါး အထူးပြု ကုမ္ပဏီစုစုပေါင်း ၃၃ ခု ဖွဲ့စည်းထားသည်။ ကုမ္ပဏီအချို့မှလွဲ၍ အများစုမှာ အတော်အသင့်သာချေးငွေများ ထုတ်ပေးကြသည်။ ကုမ္ပဏီတစ်ခုချင်းစီ၏ စုပေါင်း ရင်းနှီးမြှုပ်နှံသည့် ပမာဏမှာလည်း ကုမ္ပဏီအများစုက လိုအပ်နေသည့် လယ်သမားများ၏ ပမာဏနှင့် နှိုင်းယှဉ်လျှင် များစွာနည်းနေသည်။ ချေးငွေထုတ်ပေးသည့် ကုမ္ပဏီအများစုကလည်း ပြည်ပသို့ ဆန်တင်ပို့ရောင်းချလိုသူများဖြစ်သည်။ ယင်းကြောင့် Supply Chain တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေကြေး သွင်းအားစု နည်းပညာများ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းကိုလည်း အထူးပြုကုမ္ပဏီများအစည်းအဝေးတွင် ကုမ္ပဏီတည်ထောင်သူတစ်ဦးက ဆိုခဲ့ဖူးသည်။

မြန်မာလယ်သမားများ၏ ချေးငွေများတွင် လယ်ယာစိုက်ပျိုးရေးဘဏ်က ထုတ်ချေးသည့် ချေးငွေကလည်း အရေးပါနေသည်။ တစ်ဧကအတွက်ထုတ်ပေးသည့် ချေးငွေပမာဏသည် နည်းပါးသော်လည်း အားကိုးနေရသည်။

“တစ်ဧကကျပ်နှစ်သောင်းကလုံလောက်မှုတော့မရှိဘူး။ ဒါပေမယ့် အထောက်အကူတော့ ရတယ်” ဟုဖျာပုံခရိုင်နောက်ပြန်တိုးကျေးရွာမှ လယ်သမားတစ်ဦးကဆိုသည်။

သို့သော် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေသည် အကန့်အသတ်ရှိပြီး လိုအပ်သလောက်မရပေ။ လယ်သမားတစ်ဦးကို လယ် ၁၀ ဧကဖိုးသာ ချေးငွေရရှိသည်။

မိုးစပါးတစ်ရာသီအတွက် စုစုပေါင်းစိုက်ပျိုးစရိတ်ကုန်ကျငွေသည် ပျမ်းမျှတစ်ဧကလျှင် ဒေသအလိုက် ကျပ်တစ်သိန်းမှ နှစ်သိန်းကြားတွင်ရှိကြောင်းကိုလည်း ဆန်စပါးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦးကပြောခဲ့ဖူးသည်။

“လယ်သမားတစ်ဦးချင်းက ကိုယ်လုပ်နေတဲ့ လယ်ကိုငါပိုင်တယ်ဆိုမှ Industry တစ်ခုလုံး တိုးတက်လာမယ်”ဟု မြန်မာ့ဆန်စပါး လုပ်ငန်းကို သုတေသနပြုလုပ်နေသူတစ်ဦးကလည်း ရှင်းပြသည်။

လယ်သမားများသည် လက်ရှိအချိန်၌ မိမိလယ်ယာများကို ဘဏ်များအဖွဲ့အစည်းများ၌ အာမခံထား ငွေချေးငှားမရပေ။ ယင်းကြောင့် ငွေကြေးလိုအပ်လာသည့် အခါ ဒေသခံငွေတိုးချေးသူထံမှ အတိုးနှုန်းကြီးစွာဖြင့် ပေါင်နှံခြင်း၊ စပါးပေးငွေယူခြင်းများ ပြုလုပ်နေရသည်။ ဘဏ်များ၏ အတိုးနှုန်းသည် စပါးတစ်ရာသီကို ၁၇ ရာခိုင်နှုန်းသာရှိသော်လည်း

စာ(၃၀)သို့



ဟိုတစ်လောက ဤ 7Day News စာစောင်တွင် ဆရာဝန်တစ်ဦးရေးသော ဆောင်းပါးတစ်ပုဒ်ကိုဖတ်လိုက်ရပါသည်။ ၎င်းဆရာဝန်ရေးလိုသည်မှာ လွန်ခဲ့သောနှစ်က ရန်ကုန်မြို့၏ နာမည်ကြီးပုဂ္ဂလိကဆေးတိုက်တစ်ခုတွင် ဖြစ်ပွားခဲ့သောဆရာဝန်နှင့် ဆေးတိုက်အား တရားစွဲဆိုသောကိစ္စကြောင့် ဆရာဝန်နှင့်လူနာကြား သံသယပွားရသောအကြောင်းများကို အဓိကထားတင်ပြသွားပါသည်။ ဤကိစ္စကြောင့် ဆရာဝန်နှင့်လူနာကြား သံသယပွား၍ လူနာကလည်း ဆရာဝန်ကို မယုံ၊ ဆရာဝန်ကလည်း လူနာကိုသံသယပွားရသောအကြောင်းဖြစ်ပါသည်။ အချို့သောလူနာများကလည်း ဆရာဝန်မှားကွက်ကိုစောင့်၍ တရားစွဲဆိုချင်၊ စွဲဆိုတတ်သော အကျင့်စရိုက်များတိုးပွားလာသည်ဟု ဆိုချင်ပုံရပါသည်။

# သာစေ – နာစေမရှိပါ

## ‘ဆရာဝန်ကောင်းတစ်ယောက်ဆိုတာ’

ရွှေကသစ်(ကျောက်မျက်)



လူနာဆိုတာ ဆရာဝန်များ အမှားကိုစောင့်၍ တရားစွဲဆိုချင်တယ်ဆိုတာ လုံးဝမဟုတ်ပါ၊ သံသယရှိပြီး မိမိမယုံကြည်သော ဆရာဝန်ဆီကိုလည်း စကတည်းက ဆေးသွားမကုကြပါ။

ကိုယ်ချင်းစာတရားဖြင့် လူနာများဘက်ကလည်း ပြန်ကြည့်စေချင်ပါသည်။ လူနာတစ်ယောက် နေထိုင်မကောင်း၍ ဆရာဝန်ဆီသွားပြဆေးကုသမှုခံယူမယ်ဆိုရင် အဲဒီ လူနာရဲ့ အသက်ဘဝသာမက ငွေကြေးပါ ပုံပေး၍ ဆရာဝန်ရဲ့ ဆေးကုသမှုကိုခံကြရတာပါ။ ဆရာဝန်ကို တရားစွဲဆိုဖို့ဆိုတာ လုံးဝစိတ်ကူးမရှိကြပါ။

ဆရာဝန်ဖြစ်သူကမိမိသိက္ခာကိုမထောက်ထားဘဲ တရားလွန်တရားမဲ့ မှားယွင်းခဲ့ရင်တော့ တရားစွဲဆိုတာဟာ သဘာဝကျပါသည်။ မိမိရဲ့အသက်မွေးဝမ်းကျောင်း အလုပ်ကို ကြိုးကြိုးစားစား နားလည်တတ်သိအောင် မကြိုးစားဘဲ မသင်ကြားဘဲ အတွေ့အကြုံ မကျွမ်းကျင်ဘဲ ဆေးတက္ကသိုလ်က ဆေးလက်မှတ်ရရုံနှင့် ဆေးကုစားနေကြသော ဆရာဝန်များများစွာရှိနေပါသည်။ ဆရာဝန်များ မှားတိုင်း တရားစွဲရမည်ဆိုလျှင် မြန်မာပြည်တစ်နံတစ်လျား အလွန်ပင်များပြားလှပေလိမ့်မည်။ ဗုဒ္ဓဘာသာများပီပီ ဆရာဝန်ဘယ်လောက် မှားမှား ဘယ်လောက်သေသေ သူ့ကံက ဒါလောက်ပဲပါတော့လေ ဆိုပြီး ကိုယ့်စိတ်ကိုယ် ဖြေဖျောက်ခွင့်လွှတ်ကြတဲ့သူပဲများပါသည်။

စာရေးသူမိတ်ဆွေ၏သမီးတစ်ယောက်မှာ အင်္ဂလန်တွင် ဒေါက်တာဘွဲ့ရ၍ ဆေးကုသနေပြီး မြန်မာပြည်ရှိ မိဘများကို ထောက်ပံ့လျက်ရှိပါသည်။ တစ်နေ့ ၎င်းမိတ်ဆွေနှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဆုံမိရာ သူ့သမီးက “မြန်မာပြည်ကို ပြန်လာချင်ပြီ”ဟုပြောပါသည်။

စာရေးသူက “ဘာလို့ပြန်လာစေမှာလဲ။ အင်္ဂလန်လိုနေရာမျိုးမှာ ဆရာဝန်ဖြစ်ပြီး အလုပ်လုပ်ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး”စသည့်အကြောင်းပြောရာ စာရေးသူမိတ်ဆွေက “ဆရာက မသိဘူး။ အင်္ဂလန်မှာ ဆေးကုရတာငွေတော့ရပါရဲ့။ ဆရာဝန်တစ်ချက်မှားရင်ပေါင်စတာလင်သောင်းသိန်းချီပြီးလျော်ရတော့ သမီးက စိုးရိမ်ပြီး ကြောက်ရွံ့နေလို့ပြန်လာချင်တာပါ”ဟု ဆိုပါသည်။

၎င်းဆောင်းပါး၏ စာတစ်ပိုဒ်တွင် စာရေးသူတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်၍ နိုင်ငံသူနိုင်ငံသားများတွင် ဆေးပညာအပေါ် နားလည်သော (တစ်နည်းအားဖြင့် တရားစွဲဆိုသင့်၊ မသင့်သည်ကိုသိသော)လူ အလွန်နည်းပါးနေသည်ဟုဆိုရာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆရာဝန်များအမှားသည် ပိုပြီးကြောက်စရာကောင်းပါသည်။

စာရေးသူ လက်လှမ်းမီသလောက်သိရသော ဆရာဝန်၏ ပြင်မရသောအမှားလေးများကို အနည်းငယ်တင်ပြလိုပါသည်။ ပထမတစ်ခုက မျက်စိခွဲစိတ်မှုတစ်ခုပါ။ ၎င်းမိတ်ဆွေမှာ စာရေးသူ ကျောက်ကုန်သည်ဘဝ သူက ကျောက်ပွဲစားအဖြစ်ကတည်းက ခင်မင်လာကြသောမိတ်ဆွေတစ်ယောက်ပါ။ ယခုအချိန်တွင် ၎င်းပုဂ္ဂိုလ်မှာ အသက်ကြီးပြီဖြစ်၍ စာလေးပေလေးရေးပြီး အသက်မွေးလျက်ရှိပါသည်။ တစ်နေ့ သူ့မျက်စိမှုန်လာ၍ မျက်စိခွဲစိတ်ရန် ပြဿနာရှိခဲ့ပါသည်။ သူ့ဘဝမှာလည်း အင်မတန် ချို့တဲ့ရှာပါသည်။ ဒီလိုနေလာရင်းက ၂၀၀၃ ခုနှစ်မှာ သူ့အခက်အခဲများကို သိကြရသော အနုပညာသမားများမှာ ကိုကံချွန်(စာရေးဆရာ၊ ပန်းချီဆရာ) မကွယ်လွန်မီက ဦးဆောင်၍ အနုပညာရှင်အပေါင်းအသင်းများ တတ်နိုင်သ၍ ငွေစုပြီး ၎င်း၏မျက်စိကိုခွဲစိတ်စေကြပါသည်။ အဲဒီအချိန်က မျက်စိ၊ နား၊ နှာခေါင်းဆေးရုံအုပ်ကြီးဆီမှာ ကိုကံချွန်ကပဲ ဦးဆောင်အပ်ပေးပြီး ခွဲစိတ်စေခဲ့ပါသည်။

ခွဲစိတ်သောနေ့တွင် တစ်ခါတည်းနှင့်မပြီးဘဲ နောက်တစ်နေ့ ခွဲစိတ်ခန်းကိုထပ်ဝင်ပြီး ခွဲစိတ်ခဲ့ရဖြစ်ပါသည်။ ခွဲစိတ်မှုပြီးစီး၍ ပတ်တီးဖြည့်ပြီး ဆေးရုံမှာနေစဉ်အတွင်း ၎င်းဆေးရုံအုပ်ကြီး လူနာလှည့်လာတိုင်း မျက်စိကို မီးထိုးကြည့်ပြီး စစ်ဆေးမေးမြန်းရာ မျက်စိမှာ ကောင်းစွာမမြင်ရကြောင်း လူနာကပြောပြရာ “ခွဲထားတဲ့ဒဏ်ကြောင့်ပါ ကောင်းသွားမှာပါဟုပဲ” ပြောပြောသွားပါသည်။

ရက်စေ့၍ ဆေးရုံမှဆင်းပြီး ဆရာဝန်ကြီးချိန်းသည့်ရက်တွင် ၎င်းဖွင့်ထားသော ဆေးခန်းသို့သွားပြ၍ မျက်စိမမြင်တော့ကြောင်းပြောပြရာ “ခင်ဗျား အစက ဘာလို့မပြောသလဲ”ဟု ကိုယ့်အသုံးမကျမှုကို လူနာအားအပြစ်ဖို့သော စကားတစ်ခွန်းနှင့် လူနာဖြစ်သူမှာ အမြင်ဘဝဆုံးခဲ့ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အခြားမျက်စိတစ်ဖက်ကလည်းကောင်းကောင်း မမြင်၊ မျက်စိတစ်ဖက်ကလည်း ဆရာဝန်ခွဲစိတ်ပုံ အသုံးမကျ၍ ပျက်စီး ဆုံးရှုံးခဲ့ရရှာပါသည်။ စာရေးသူဆိုသည်မှာ မျက်စိကို အရင်းပြုပြီးမှ ထမင်းစားရသော သူများဖြစ်ကြရာ ယခုစာရေးစားသူတစ်ယောက် မျက်စိကန်းသွားရတာဟာ အဲဒီလူရဲ့ဘဝကို ဖျက်ဆီးပစ်လိုက်တာပါပဲ။ သူ့ဘဝကို ဘယ်သူတာဝန်ယူသင့်ပါသလဲ။ ဆရာဝန်လုပ်မယ်ဆိုရင် တတ်ကျွမ်းမှ လုပ်ပါ။ တတ်အောင်လည်း ကြိုးစားကြပါ။ ဆရာဝန်တစ်ချက်မှားလျှင် လူနာများ ဘဝပျက်ပြားရပါသည်။ သေဆုံးကြပါသည်။ ဆေးကျောင်းက အောင်၊ ဆေးလက်မှတ်ရအမြီးရှည်အောင် နိုင်ငံခြားသွားဘွဲ့တွေယူ၊ စာတတ်သာတာရှိပါသည်။ ဆေးကုသမှုအတွေ့အကြုံမရှိကြပါ။

နောက်တစ်ခု စာရေးသူကိုယ်တိုင်ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ၂၉ လမ်းပေါ်က နာမည်ကြီးဆေးခန်းတစ်ခု၌ သမီးကြီး မီးဖွားပါသည်။ စာရေးသူလည်း ပူပြင်းလှသောနွေအပူဒဏ်ကြောင့် ချောင်းဆိုးချွဲထလျက်ရှိပါသည်။ ဧပြီ ၁၂ ရက်နေ့တွင် သမီးကြီးအား ၎င်းဆေးတိုက်တွင် သွားမေးရာ သမီးက “အဖေ ဆေးတိုက်ရောက်တုန်း အထွေထွေမှာသွားစစ်လိုက်ပါ”ဟုပြောပါသည်။ စာရေးသူက “မစစ်ချင်ပါဘူးသမီးရယ်။ အဖေ့ကျန်းမာရေး အဖေသိပါတယ်” ပြောရာ “မဟုတ်ဘူး အဖေ အဆုတ်တွေ ဘာတွေ ရောင်နေမှာစိုးလို့ သွားသာစစ်လိုက်ပါ” ဆို၍ ၎င်းဆေးတိုက်မှ အသက်လေးဆယ်ဝန်းကျင်ရှိဆရာဝန်လေးနှင့် ပြရာ ရင်ဘတ်ဓာတ်မှန်ရိုက်၊ သွေးစစ်၊အီးစီဂျီရိုက်ရပါသည်။ နောက်တစ်နေ့ပြန်ပြရာ ဘာရောဂါမှမရှိပါ။ ၎င်းဆရာဝန်လေးက ဓာတ်မှန်ကိုဖတ်ပြီး “ဦးလေး နံရိုးသုံးချောင်းကျိုးဖူးတယ်တဲ့ ဟုတ်သလား”ဟုမေးရာ စာရေးသူမှာ လုံးဝနံရိုးမကျိုးဖူးပါကြောင်း ပြောပြရာ “မသိမသာကျိုးသွားတာနေမှာပေါ့”ဟုပြောပါသည်။ စာဖတ်သူစဉ်းစားကြည့်ပါ။ နံရိုးမသိမသာကျိုးတာရှိပါသလား။

ဆရာဝန်တစ်ယောက်၏ သိက္ခာ၊ ဆရာဝန်တစ်ယောက်၏ ဂုဏ်ကိုမထောက်ဘဲ လူကြီးတစ်ယောက်အား မူလတန်းအရွယ်ကလေးတစ်ယောက်ကိုပြောသလို ပြောခဲ့ခြင်းဖြစ်ပါသည်။ အချို့ကိစ္စတွေဟာ အင်မတန်စိတ်ပျက်ဖို့ကောင်းပါသည်။ အဲဒီလောက်ညံ့ဖျင်းသော ဆရာဝန်များရှိသလို မြန်မာပြည်မှာ၊ ကျွန်တော်တို့ မန္တလေးမှာ အင်မတန်တတ်သော အင်မတန်တော်သော ဆရာဝန်ကြီးများလည်း ရှိခဲ့ဖူးပါသည်။ ၎င်းဆရာဝန်ကြီးများနှင့် ပြသကုသခံရသည်မှာ အင်မတန်မှ တတ်ကျွမ်း၍ လူနာမှာ အင်မတန်မှ စိတ်ချမ်းသာရပါသည်။ ရောဂါခန့်မှန်းတာ သိပ်တော်ကြပါသည်။ ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဆိုနီ၊ ဒေါက်တာဘာဆူဒွေ၊ ဒေါက်တာအေကေဂူးဟား၊ ဆရာဝန်ကြီးဒေါက်တာထွန်းရွှေ၊ ဆရာဝန်ကြီး ဦးထွန်းသင် ယခုသက်ရှိထင်ရှားရှိနေသေးသော ဒေါက်တာဦးဟံစောတို့မှာ အင်မတန်ထက်သော တော်သော ဆရာဝန်ကြီးများဖြစ်ကြရာ ဆရာကြီးများ မျက်နှာကိုမြင်လိုက်ရတာနှင့် ရောဂါတစ်ဝက် သက်သာသွားသလိုခံစားရပါသည်။ ဆရာဝန်ဆိုတာ အဲဒီလို လူနာယုံကြည်မှုရှိအောင် ဆေးပညာကို တတ်ကျွမ်းအောင် လေ့လာသင်ကြားထားရပါမည်။

စာရေးသူနှင့် အလွန်ခင်မင်ရင်းနှီးခဲ့ဖူးသော ဆရာဝန်ကြီး ဒေါက်တာအေကေဂူးဟား ဆေးကုသပုံများကိုပြောပြလိုပါသည်။

လူနာတစ်ယောက် ဆေးတိုက်သို့ရောက်လာလျှင် ပထမ စာရေးကြီးထံတွင် ဆေးကုသကတ်လုပ်ရပါသည်။ စာရေးကြီးမှ ဆေးကုသကတ်နှင့် နံပါတ်တူဖိုင်တစ်ခုဖွင့်၍ ကတ်တွင် စာရင်းသွင်းနံပါတ်၊ယောက်ကျား/မိန်းမ အသက်နှင့် နေရပ်လိပ်စာများ ရေးသွင်းပြီး လူနာကိုပေးပါသည်။ မိမိဖိုင်ထဲတွင် မတည့်သောဆေးများ ရေးမှတ်ပြီး ယင်းဖိုင်ကိုလက်ထောက်ဆရာဝန်ထံ တင်ရပါသည်။ မိမိအလှည့်ရောက်လျှင် လက်ထောက်ဆရာဝန်က နာမည်ခေါ်၍ အဖျားနှင့်သွေးပေါင်ချိန်များတိုင်း၊ ယင်းဖိုင်တွင်ဖြည့်ပြီး ဆရာဝန်ကြီးဆီတင်ရပါသည်။ အလှည့်ရောက်က ဆရာကြီးမှ အသေးစိတ်စစ်ဆေးပြီး စားဆေးများပေးပါသည်။ ဆရာကြီးမှာ ထိုးဆေးကို အင်မတန်လိုအပ်မှ ထိုးပါသည်။ စာရေးသူ၏ ကလေးငါးယောက်လုံး ဆရာ့ဆေးတိုက်တွင် မွေးဖွားခဲ့ရာ အလယ်တန်းကျောင်းရောက်သည်အထိ ဆေးထိုးမခံရဖူးကြပါ။ အချိန်တစ်ခုတွင် ဆရာကြီးက စာရေးသူအား ပြောခဲ့ဖူးပါသည်။ “ပါးစပ်ကစားနိုင်လျှင် ပါးစပ်ကစားလို့ဖြစ်တဲ့အားသာကောင်းပါသည်။ လူဆိုတာ မွေးကတည်းက အသက်ရှင်ရပ်တည်ဖို့က ပါလာပြီးသားပါ။ သေလျှင် ဆေးကြောင့်သေတတ်ပါသည်။ အားဆေးသွင်းရာ အပ်နုတ်လိုက်တာနှင့် အသက်သေသွားသူတွေရှိသည်”ဟုပြောဖူးပါသည်။

ဆရာကြီးမှာ လူနာများအပေါ်တွင် အင်မတန်မှ သဘောထားပြည့်ဝပြီး သက်ညှာသနားတတ်ပါသည်။ ဆရာကြီးနှင့် ဆက်ဆံဖူးသူတိုင်း ဆရာကြီးကို လေးစားချစ်ခင်ပြီး ဆရာကြီးဆုံးပါးသွားသည်ကို နှမြောတသ သတိရလျက်ရှိကြပါသည်။

ဆရာ့ဆေးတိုက်တွင် ကိုယ်ဝန်ဆောင်များနေ့မှာ သောကြာ၊ အင်္ဂါဟုထင်ပါသည်။ အဲဒီလိုနေ့မျိုးမှာ ဆေးတိုက်တွင် နေစရာထိုင်စရာမရှိအောင် ကိုယ်ဝန်ဆောင်များနှင့်စည်ကားလျက်ရှိပါသည်။ အဲဒီခေတ်က ကိုယ်ဝန်ဆောင်တစ်ယောက်ဗိုက်ပြင်လျှင် အချို့ဆရာဝန်များက တစ်ရာကျပ်ယူကြရာ ဆရာကြီးက ဗိုက်ပြင်ခ တစ်ဆယ်ကျပ်သာယူပါသည်။ အချိန်တစ်ခုတွင် စာရေးသူနှင့် အခန်းတစ်ခုတည်း နှစ်ယောက်တည်းရှိချိန်တွင် စာရေးသူက “ဆရာ ဗိုက်ပြင်ခကို တစ်ဆယ်ယူတာမနည်းလွန်းဘူးလား။ တခြားဆရာတွေ တစ်ရာယူတာ ဆရာက ငါးဆယ်လောက်တော့ယူသင့်တာပေါ့”ဟုပြောရာ “အဲဒီ တစ်ဆယ်ယူတာတောင် မယ်တော်က ခွင့်မပြုဘူး။ ငါ့အလုပ်ကို နင်မလုပ်ဘူး၊ နင့်အတွက်ကိုပဲ နင်လုပ်နေတယ်၊ ငါ့ရင်ခွင်ထဲကို (နိဗ္ဗာန်ကိုဆိုလိုဟန်ရှိပါသည်)နင်ဘယ်တော့မှ မရောက်နိုင်”ဟုဆိုပါသည်။ ဆရာကြီးမှာ ဟိန္ဒူဘာသာဝင်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်သူဖြစ်ပါသည်။

ဆရာကြီး၏ ဆေးတိုက်မှာ အင်မတန်စည်းကမ်းကြီးပါသည်။ လူနာတစ်ယောက်က ဆရာမလေးများကို၊ သူ့ဆေးတိုက်မှ ဝန်ထမ်းများကိုလက်ဆောင်ပေးလျှင် လုံးဝမယူရပါ။ ယူတာတွေ့ရှိပါက အဲဒီဝန်ထမ်းအား ထုတ်ပစ်ပါသည်။ လက်ဆောင်ပေးလိုက ဆရာကြီးကိုသာ ပေးရပါသည်။ ဤလူနာများပေးသော လက်ဆောင်ပစ္စည်းများကို ဆရာကြီးက လုံးဝမသုံးစွဲပါ။ တစ်လ(သို့မဟုတ်) နှစ်လတစ်ကြိမ် ဝန်ထမ်းများကိုသာ အလှည့်ကျဝေငှပေးလိုက်ပါသည်။

စာရေးသူပြောလိုသည်မှာ ဆရာကြီးများလို တတ်သိအောင် လေ့လာသင်ကြား၍ လူနာများအပေါ်တွင် ဆရာကြီးလို စည်းကမ်းရှိသော ဆေးတိုက်မျိုး ဆရာဝန်များ ဖွင့်စေလိုခြင်းဖြစ်ပါသည်။ ဤလို ဆရာဝန်မျိုးကို ဘယ်သူကမှ တရားစွဲဖို့ အပထား၊ သေဆုံးသွားသည်ကိုပင် လူနာများက နှမြောတသလွမ်းလျက်ရှိကြပါကြောင်း ဆရာဝန်ကောင်းတစ်ယောက်အကြောင်း စာရေးသူ သိသမျှတင်ပြရပါသည်။

“ခဏရောက်ရလူ့ဘဝ သုခချမ်းသာပြည့်ကြပါစေ”။ ။

7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# စိတ်ဒဏ်ရာမရစေလိုပါ

သဇင်ထွေး



တစ် နှစ်တာလုံး ပင်ပန်းခဲ့သမျှ အနားယူဖို့မျှော်လင့်ခဲ့ရတဲ့နှစ်သစ်ကူးရုံးပိတ်ရက်လေးမှာ လည်တဲ့သူလည်းလည်တယ်။ အိမ်မှာ နေတဲ့သူလည်းနေကြတယ်။

အိမ်မှာပဲ အနားယူနေထိုင်တဲ့လူတွေအဖို့ စားသောက်ရေးကလည်း ဒီလိုရက်မျိုးမှာ အခက်အခဲရှိပါတယ်။

ကျွန်မက လက်ဖက်ရည်ကြိုက်တယ်။ နေတာက ဗဟန်းမှာ အခါကြီးရက်မို့ ဆိုင်တွေကလည်း ရှားတယ်။ နေ့တစ်ဝက်ထွက်တဲ့ ဆိုင်တွေကများတယ်။ ရောက်သွားရင်လည်းကုန်သွားတာများတော့ ဒီနေ့တော့စောစောထဖြစ်တယ်။ ဒီနေ့ဆိုတာ သင်္ကြန်အကျနေ့ပေါ့။ ဖြစ်ချင်တော့လည်း အနီးနားဆိုင်တွေက မနက် ၈ နာရီခွဲပဲ ရှိသေးတယ်။ ကုန်သွားပြီဆိုတာနဲ့ ဗဟန်းဈေးထိပ်နားက လူရှင်းတဲ့ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ထဲ ဝင်ထိုင်လိုက်တယ်။

ဆိုင်ထဲရောက်တာနဲ့ ကိုယ်စားချင်တာမှာပြီး စားနေတယ်။ ဗိုက်ဆာနေတော့ ပတ်ဝန်းကျင်ကို စိတ်မဝင်စားနိုင်ဘူးပေါ့။ ဒါပေမဲ့ ကျွန်မ စားလက်စကို ပစ်ပြီးမကြည့်ဘဲမနေနိုင်လောက်တဲ့ အသံတစ်သံက ကျွန်မရဲ့ နောက်ကျောစားပွဲနားကထွက်ပေါ်လာတော့ ကြည့်မိလိုက်တယ်။

'ဖျန်း. . . . ဖျန်း' ဆိုတဲ့အသံနောက်ကိုကြည့်လိုက်တော့ စိတ်မကောင်းစရာနှစ်သစ်ကူးမြင်ကွင်းတစ်ခုပါ။ အဲဒီအချိန်မှာ ဆိုင်ရှင်ရဲ့ အသံကတော့ "မင်းက ဘာမို့လို့ စားသောက်သူကို ရင်းရင်းနှီးနှီး ဆက်ဆံတာလဲ။ မင်းအဆင့်က ဘာလဲ။ စားပွဲထိုးကစားပွဲထိုးနေရာနေ။ မင်းကိုငါလုပ်ရင်သေမယ်" လို့ ပြောနေလေရဲ့. . .

ဆိုင်ရှင်ရဲ့ရိုက်နှက်မှုကို အသက် ၁၄ နှစ်အရွယ် စားပွဲထိုးလူငယ်လေးက ခံလိုက်ရပေမယ့် သူလုပ်ရမယ့်အလုပ်ကိုတော့ မျက်ရည်မကျအောင် ထိန်းရင်းဆက်လုပ်နေရှာတယ်။

စားပွဲထိုးကောင်လေး ပိုက်ဆံရှင်းရင်းအရိုက်ခံလိုက်ရတဲ့ဝိုင်းကိုလှမ်းမေးကြည့်လိုက်တော့ ရှင်းပြီးသားခွက်ကို စားသောက်သူရဲ့ ပခုံးဖိပြီး ကောက်ယူမိလို့ပါတဲ့။ စားသောက်သူကတောင် ဘာမှ မပြောဘဲဆိုင်ရှင်က 'ဖျန်း. . ဖျန်း' ဆိုရိုက်လိုက်တာတဲ့. . ဒီလူက အိုဗာဖြစ်လွန်းတယ်။ မစာမနာနဲ့လို့ ဆိုပါတယ်။

ကျွန်မရဲ့ဘေးပတ်ဝန်းကျင်ရှိ စားပွဲတစ်ခုက စားသောက်သူတစ်ယောက်ပြောတဲ့အသံကိုကြားလိုက်ရတာတော့ ဆိုင်ရှင်ကအဲဒီလိုပဲချနေကျတဲ့။ တစ်နေ့ကို တစ်ယောက်လောက်ကတော့ အရိုက်ခံနေကြရတယ်။

အသက် ၁၄နှစ်ဆိုတဲ့အရွယ်ကရှက်တတ်တဲ့အရွယ်ဖြစ်တဲ့ လူကြီးမကျ၊ ကလေးမကျ အရွယ်ပါ။

ခုလိုရိုက်ခံရတဲ့ကောင်လေးကဒီဆိုင်မှာလာလုပ်တာ တစ်နှစ်ရှိနေပြီတဲ့။ ဧရာဝတီတိုင်းဘက်က ရွာလေးတစ်ရွာက ညီအစ်ကိုမောင်နှမသုံးယောက်ရှိပြီးအမေပဲရှိတယ်။ အဖေမရှိတော့ဘူးတဲ့။ ရတဲ့လစာလေး တစ်သောင်းခွဲကို အမေ့ဆီပြန်ပို့ပေးရတယ်။ ဒီဆိုင်မှာ လုပ်ဖြစ်တာကလည်း အသိတစ်ယောက်ကနေ ခေါ်လာပေးတာလို့ သိရတယ်။ နေစရိတ်၊ စားစရိတ် မကုန်လို့သာနေ နေရပေမယ့် တစ်ပတ်မှာ ခုလို သုံးခါလောက်တော့အကြောင်း အမျိုးမျိုးနဲ့ အရိုက်ခံရတယ်လို့ သိရတယ်။ တစ်လဆို အချက်ဘယ်လောက်ရှိမလဲ တွေးကြည့်ပါတော့။ အလုပ်သမားတစ်ယောက်ကို ဂျပန် ပါးရိုက်နည်းနဲ့ ရိုက်ရလောက်အောင် သူ့ရဲ့အပြုအမူက ဘယ်လောက်ရိုင်းနေလဲ။ ဘယ်လောက်တောင် စည်းကမ်းမဲ့နေလည်းဆိုတာ ဆိုင်ရှင်အနေနဲ့ ကြည့်သင့်တယ်လို့ယူဆပါတယ်။ သူ့အဲဒီလိုလုပ်ခဲ့ရင်တောင် ဥပမာ ခြေထောက်ကိုရိုက်တာမျိုးပေါ့။ ရိုက်ခဲ့ရင်လည်း စားသောက်သူတွေရှေ့မှာမဟုတ်ဘဲ ရိုက်သင့်တယ်ထင်မိတယ်။ ဒီလိုမြင်ကွင်းမျိုးကိုစားသောက်သူတွေအနေနဲ့ မြင်ချင်မှာမဟုတ်ဘူးလို့ထင်တယ်။ တချို့ဆိုင်တွေက စားပွဲထိုးတွေ ယဉ်ကျေးမှုမရှိတာလည်း ရှိပါတယ်။ ဆိုင်ရှင်တွေက ရိုက်တဲ့ အစားအလုပ်က ထုတ်ပစ်တာမျိုးတွေလည်း တွေ့ခဲ့ဖူးပါတယ်။

ဒီဆိုင်ရဲ့အကြောင်းကို ညဘက်ဘောလုံးပွဲသွားကြည့်သူတွေရဲ့အပြောကတော့ ခွက်၊ ပန်းကန်ကျကွဲရင်လည်း အရိုက်ခံရတယ်။ ဆိုင်တော်တော်များများက ဒီလိုကွဲရှမှုတွေကိုလစာကဖြတ်ပြီးနုတ်ယူတာမျိုးပဲရှိတာကိုကြားရတယ်။

ဂျာနယ်တွေမှာစားပွဲထိုးကိုနှိပ်စက်လို့အရေးယူမှုတွေလုပ်တာကို ဖတ်ရမှာပါ။ အရွယ်မရောက်သေးတဲ့ကလေးငယ်များကိုခိုင်းတဲ့ ဆိုင်ရှင်များအနေနဲ့သိထားသင့်တယ်။

ဒီလိုအဖြစ်ပျက်မျိုးတွေကလည်း လက်ဖက်ရည်ဆိုင်ကြီးတွေထက် လက်ဖက်ရည်ဆိုင်ခပ်သေးသေးလေးတွေမှာပိုဖြစ်တယ်လို့ သူငယ်ချင်းတစ်ယောက် ပြောတာကိုလည်း သတိရမိတယ်။

ရန်ကုန်မြို့ပေါ်မှာရှိတဲ့ စားပွဲထိုးတော်တော်များများဟာဧရာဝတီတိုင်းဘက်ကရောက်ရှိလာတဲ့ ကလေးတွေများလာတာကို လက်ဖက်ရည်ဆိုင်ထိုင် စပ်စုမိရင်း သတိထားမိမှာပါ။ နယ်ကလာတဲ့ အသက်မပြည့်သေးတဲ့ ကလေးတွေက လက်ဖက်ရည်ဆိုင်တွေမှာ ဝင်လုပ်ကြတာများပါတယ်။

တချို့သော စားသုံးသူတွေရဲ့ လိုတာထက်ပိုတဲ့ အပြုအမူတွေကြောင့်လည်း စားပွဲထိုးလေးတွေ အရိုက်ခံရတာမျိုးဖြစ်သွားနိုင်ပါတယ်။ ဘယ်လက်ဖက်ရည်ဆိုင်ကို သွား သွား၊ ကိုယ့်ရဲ့အဆင်မပြေမှုကို အတတ်နိုင်ဆုံး ထိန်းသိမ်းပြီးတော့ ပြောရမယ်။ ကိုယ်ပြောတာထက်ပိုပြီး အပြစ်ပေးတဲ့ ဆိုင်ရှင်အချို့ကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်နေရတဲ့ ကလေးငယ်တွေ စိတ်ဒဏ်ရာမရစေလိုပါ။ ။

## JOKE

### တက်ဆပ်ကောင်းဘွိုင်း

မြို့လေးတစ်မြို့သို့ကောင်းဘွိုင်တစ်ယောက်ရောက်လာပြီး ဘားခန်းတစ်ခုထဲဝင်ကာ ဘီယာသောက်သည်။ ဘားခန်းမှထွက်လာ၍ သူ့မြင်းပျောက်နေသည်ကိုတွေ့ရသောအခါ ဘားခန်းထဲသို့ ပြန်ဝင်လာပြီး မိုးပေါ်သို့ ထောင်၍ သေနတ်တစ်ချက်ဖောက်လိုက်ကာ "ဘယ်ကောင်ငါ့မြင်းကိုခိုးထားလဲကွ" ဟုအော်ဟစ်မေးမြန်းရာ မည်သူထံမှ အဖြေမရပေ။

"ကောင်းပြီ။ အခု ငါဘီယာတစ်ပုလင်းထပ်သောက်မယ်။ အေး ဒီဘီယာကုန်လို့မှ ငါ့မြင်းပြန်မရောက်ရင်တော့ တက်ဆပ်ပြည်နယ်မှာလိုပဲ လုပ်ရတော့မှာပေါ့ကွာ" ဟုဆိုကာ ဘီယာထိုင်သောက်သည်။ ခဏနေ၍ကောင်းဘွိုင်အပြင်ထွက်သွားချိန်တွင် ၎င်း၏ မြင်းပြန်ရောက်နေသည်ကိုတွေ့ရာ ကောင်းဘွိုင်က မြင်းစီးပြန်ရန် ပြင်ဆင်လိုက်သည်။

ဤအဖြစ်အပျက်ကို အစအဆုံး စိတ်ဝင်စားနေသော ဘားပိုင်ဆိုင်ပိုင်ရှင်က ကောင်းဘွိုင်နားကပ်၍ စူးစမ်းပါလေသည်။ "သူငယ်ချင်းတက်ဆပ်မှာဆိုဘယ်လိုလုပ်သလဲ" ဤတွင်ကောင်းဘွိုင်က "မြင်းမရှိတော့ အိမ်ကို လမ်းလျှောက်ပြန်တာပေါ့ဗျ" ဟူ၍ ပြန်ပြောပါ၏။

### ရေနစ်နေတယ်

"သားရေ၊ မင်းစာမေးပွဲရမှတ်တွေ ဘယ်လိုနေလဲကွ" ဟုအဖေဖြစ်သူက သားအား မေးမြန်းသည်။

"သားရဲ့ရမှတ်တွေအကုန်လုံး ရေနစ်နေတယ်အဖေ" ဟု သားက ပြန်ဖြေရာ အဖေဖြစ်သူက စိတ်ရှုပ်သွားပြီး "ဘာဖြစ်လို့လဲကွ" ဟု မေးရာ သားဖြစ်သူက "တစ်ဘာသာမှ အောင်မှတ်မရဘူးလို့ပြောတာအဖေ" ဟု ဆိုပါတော့သည်။

## စာ(၂၆) ပုဂံအလွမ်းမှ

တစ်ချိန်က ပင်လယ်ကူးရွက်တိုက်လှေကြီးများ သမုဒ္ဒရာမှတစ်ဆင့် ဤဆိပ်ကမ်းသို့ ဝင်ထွက်သွားလာခဲ့သည်ဆိုလျှင် ယုံချင်စရာမရှိတော့။ အရိမဒ္ဒနာမြို့တော်ကို စွန့်၍ သီရိပစ္စယာအရပ်၌မြို့သစ်တည်သော သေလည်ကြောင်မင်းလက်ထက်တွင် လောကနန္ဒဆိပ်ကမ်းသည် အိန္ဒိယ၊ သီရိလင်္ကာတို့နှင့် ရောင်းဝယ်ဖောက်ကားရာ ဆိပ်ကမ်းမြို့ကြီး ဖြစ်ခဲ့သည်။ ထိုသေလည်ကြောင်မင်းလက်ထက်တွင်ကုန်ရောင်းကုန်ဝယ်ကောင်း၍စီးပွားရေး အလွန်ထွန်းကားခဲ့ပြီးရှင်အဩျဂေါဇာကဲ့သို့ပုဂ္ဂိုလ်ထူးမျိုးလည်း ပေါ်ပေါက်ခဲ့သည်။

သို့သော် 'ညောင်ဦးကမ်းပါး အစဉ်အတိုင်းပြို၏' နိမိတ်စကားအရလည်းကောင်း၊ သက္ကရာဇ်၆၅၂ တွင် တရုတ်ပြန်ဘုရားမင်းစာ၌ "ငါ့ကောင်းမှုကိုဖျက်သူကား ညောင်ဦးမှသည် သီရိပစ္စယာတိုင်အောင် ကမ်းပါးပြိုသကဲ့သို့ ပျက်စီးစေသတည်း" ကျိန်ဆိုခဲ့သည်အရလည်းကောင်း၊ ပုဂံမင်းဆက်(၆)ဆက်နှစ်ပေါင်း(၁၅၀)တည်တံ့ခဲ့သော သီရိပစ္စယာမြို့ကိုစွန့်၍ သိုက်တိုင်မင်းသည်မြစ်ကမ်းပါးမှ အတွင်းကျသောတမ္ပဝတီအရပ်၌ မြို့သစ်တည်ခဲ့သည်ဟု ရာဇဝင်၌ဆိုထားသည်။ ထို့ကြောင့် ယခုနောက်ပိုင်းပညာရှင်တို့၏ တွက်ချက်မှုအရ ပုဂံမြို့ဟောင်း၏ ဧရိယာလေးပုံတစ်ပုံသည် ဧရာဝတီမြစ်ထဲ ကျရောက်နေကြောင်း တွေ့ရှိခဲ့ကြသည်။

လောကနန္ဒာရင်ပြင်မှ သီရိပစ္စယာမြို့ဟောင်းနေရာအားငေးမျှော်ကြည့်ရင်း နှစ်ပေါင်းတစ်ထောင်ကျော်က ပုဂံ၊ Scott o' Connor ၏ နှစ်တစ်ရာကျော်က ပုဂံ၊ ရွှေကိုင်းသား၏ နှစ်ပေါင်းငါးဆယ်ကျော်ကပုဂံနှင့်ယခုမြင်နေရသော ပုဂံကို နှိုင်းယှဉ်နေမိသည်။ သိသာထင်ရှားသည်ကတော့ နှစ်ငါးဆယ်၊ တစ်ရာအတွင်း သဘာဝအလှတရားများ ပျက်စီးလျော့နည်းသွားကာ ဧရာဝတီမြစ်ကြီး တစ်စထက်တစ်စ တိမ်ကောလာခြင်းပင်၊ မကြာသေးမီနှစ်များက သစ်တောဦးစီးဌာန၊JICAနှင့်ဂျပန်လူငယ်ပတ်ဝန်းကျင်စောင့်ရှောက်ရေးအဖွဲ့တို့၏ စွမ်းဆောင်မှုဖြင့် ပုဂံဒေသ၌သစ်ပင်များစနစ်တကျပြန်လည်စိုက်ပျိုးခဲ့ရာ ယခုလို အထိုက်အလျောက်စိမ်းစိမ်းစိုစို မြင်နေရခြင်းဖြစ်သည်။

လောကနန္ဒာအုတ်လှေကားများမှ ဆင်းလာတော့ နေအတော်မြင့်နေပါပြီ။

(၆)

သည်လိုနဲ့ ပုဂံမှာ သုံးရက်ကြာသွားသည်။ ပုဂံဘုရားတွေကား ဖူးမြော်၍မကုန်နိုင်။ ပြန်ရမည့်နေ့ ရောက်လာသည်။ မိမိတို့အဖွဲ့ အထုပ်အပိုးပြင်ကာ ပုဂံဟိုတယ်အား နှုတ်ဆက်ပြန်ခဲ့သည်။ ပုဂံဟိုတယ်မှာ နံနက်စာ စားခဲ့ကြသည်။ ညစာစားခဲ့ကြသည်။ မမျှော်လင့်ဘဲဟိုတယ်ကတင်ဆက်သော အရည်းကြီးခေတ်ပန်းဦးဆက်ပွဲပါဖျော်ဖြေမှုကိုကြည့်ခဲ့ရသည်။ ပုဂံဟိုတယ်မှအထွက် တမာရန့်ဝေလေပြီ။ အပြန်လမ်းတွင် လွန်ခဲ့သော ၂ နှစ်ကျော်က ရေးခဲ့ဖူးသော **ပုဂံ၌သာ လူဖြစ်ချင်သည်** ဟူသော ဆောင်းပါးကို အမှတ်ရမိကြောင်း မိတ်ဆွေတစ်ဦးအား ပြောမိသည်။ ထိုမိတ်ဆွေက "ဒီလောက်ပူပြင်းတဲ့နေရာမှာ ဘာလို့လူဖြစ်ချင်ရတာလဲဗျာ။ ပြင်းခြောက်ခြောက်ကြီး"ဟုဆိုပါသည်။ သူ့အဆိုကို မည်သို့မျှပြန်လည်မချေဖျက်နိုင်။ မိမိမြင်ကွင်းထဲမှာတော့ လက်ညှိုးထိုးမလွဲသော စေတီပုထိုးများကြား လူနေအိမ် ကျဲပါးစွာ တည်ရှိနေတာ ပုဂံမြို့ဟောင်းပဲဖြစ်သည်။ အမြင်ပူသလောက် ခံစားရတာ အေးမြပါသည်။ မြောက်မြားစွာသောစေတီပုထိုးများကြားအေးငြိမ်းမှုကိုရှာဖွေနိုင်ပါလိမ့်မည်။ ရွှေကိုင်းသား၏ ပုဂံသွားမှတ်တမ်း စာအုပ်ထဲမှ စကားတစ်ခွန်းကို အမှတ်ရမိပြန်သည်။ "လောက၌ အလှမျိုးပေါင်းသောင်းခြောက်ထောင် ရှိပေလိမ့်မည်။ ကျွန်ုပ်တို့အဖို့သော်ကား တွေ့မြင်ခဲ့ရသည့် ပုဂံရှုခင်းထက် ပို၍လှသော အလှမျိုး ရှားပါပေမည်ဟုပင်ဆိုချင်ပေသည်။ ဗုဒ္ဓ၏အရိပ်အာဝါသ၊ ဗုဒ္ဓ၏အလှထက် မည်သည်က ပို၍လှစေနိုင်ပါဦးမည်နည်း"။ ။


**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7DAY NEWS JOURNAL

Vol.10, No.6 • APRIL 28, 2011



## အင်တာနက်ဆိုင်အချို့ ငွေအကြွေအမ်းရာတွင် ကူပွန်သုံးစွဲလာ

**ရန်ကုန်၊ ဧပြီ - ၂၀**

ရန်ကုန်မြို့တွင်းရှိ အင်တာနက်ဆိုင်အချို့သည် အင်တာနက်သုံးစွဲသူများအား ငွေအကြွေပြန်အမ်းရာတွင် ကူပွန်အသုံးပြုမှုများရှိလာကြောင်းသိရသည်။

အင်တာနက်ဆိုင်အချို့သည် ငွေကျပ်တစ်ရာတန်ကူပွန်များကို မိမိတို့ဆိုင် အမှတ်တံဆိပ်ဖြင့် ရိုက်နှိပ်၍ ငွေစက္ကူအစားထိုး အသုံးပြုလာခြင်းဖြစ်သည်။

"ငွေတစ်ရာအစားကူပွန်ပေးတာပေါ့။ နောက် အဲဒီဆိုင်မှာပဲ ပြန်သုံးလို့ရတယ်။ အရင်တုန်းကတော့ တစ်ရှူးထုပ်တွေပေးတာပေါ့။ တစ်ရှူးထုပ်ရတာထက်စာရင် ကူပွန်ရတာက ပြန်သုံးလို့ရသေးတာပေါ့"ဟု တာမွေမြို့နယ်ရှိ အင်တာနက်ဆိုင်တစ်ဆိုင်တွင် အသုံးပြုခဲ့သူတစ်ဦးကဆိုသည်။

ငွေကြေးလဲလှယ်အသုံးပြုရာတွင် ငွေကျပ်တစ်ရာတန်နှင့် ငါးဆယ်ကျပ်တန်တို့မှာ ရှားပါးလာခြင်းကြောင့် ဈေးဝယ်စင်တာနှင့်အင်တာနက်ဆိုင်အချို့တို့တွင် ကူပွန်ကတ်များ အသုံးပြုမှုများရှိလာကြောင်းသိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဆန်အရောင်းအဝယ်အေးကာ ဈေးကျဆင်းနေ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဧပြီ - ၂၀**

သင်္ကြန်ပြီးနောက် အရောင်းအဝယ်ပြန်လှုပ်ရှားလာသော်လည်း ရန်ကုန်ဆန်ဈေးကွက်သည် အရောင်းအဝယ်အေးပြီး ဈေးနှုန်းများကျဆင်းနေရကြောင်း ဈေးကွက်မှ သတင်းရရှိသည်။

လက်ရှိအခြေအနေမှာ သင်္ကြန်အပြီး ဈေးကွက်ပြန်စသဖြင့် ဈေးနှုန်းကျဆင်းနေခြင်းဖြစ်သော်လည်း ရှေ့ဆက်၍ စပါးဈေးမှာပြန်လည်မြင့်တက်လာနိုင်ကြောင်း လယ်သမားလက်ထဲတွင် စပါးလက်ကျန်အနည်းငယ်သာရှိပြီး မိုးအတွက် သိုလှောင်ထားသူများကြောင့်သာ ယခုကဲ့သို့ ခန့်မှန်းရခြင်းဖြစ်ကြောင်း မော်တင်ဆန်ဈေးကွက်မှ ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

"ဈေးကွက် ၄၊ ၅ ရက် ပိတ်ပြီးချိန်မို့ပါ။ လကုန်လောက်ဆိုဈေးက အတက်ပဲရှိတော့တယ်" ဟုအထက်ပါပုဂ္ဂိုလ်က ဈေးကွက်အခြေအနေကို ရှင်းပြသည်။

လက်ရှိဈေးကွက်တွင်ရောင်းချသော ဆန်ချောနှင့် ဆန်ကြမ်းဈေးမှာ တစ်အိတ်လျှင် ကျပ် ၅၀၀ ဝန်းကျင် ဈေးကျသွားပြီး သင်္ကြန်မတိုင်ခင်ကတစ်အိတ်လျှင် ၂၇,၅၀၀ ကျပ်ရှိ သောဆန်ချောများမှာ ယခုရက်ပိုင်း ၂၇,၀၀၀ ကျပ်အောက်သို့ကျလာသည်။ ယင်းကဲ့သို့ပင် နွေဆန်ကြမ်းမှာလည်း ၁၅,၀၀၀ ကျပ်ကျော်ဝန်းကျင်မှ ၁၄,၀၀၀ ကျပ်နီးပါးထိဈေးကျလာသည်။ မိုးဆန်များမှာမူ ဈေးကွက်တွင် ရှားပါးနေပြီး ၁၆,၀၀၀ ကျပ်ဝန်းကျင်ဈေးရှိသည်။

ယင်းကဲ့သို့ ဆန်ဈေးမှာအနည်းငယ်ကျဆင်းသော်လည်း စပါးဈေးမှာ တင်းတစ်ရာကို ကျပ်နှစ်သောင်းကျော်ဖြင့် တက်လာသည်။ မတ်လဝန်းကျင်က တင်းတစ်ရာလျှင် ကျပ်သုံးသိန်းနှစ်သောင်းဝန်းကျင်ရှိသည့် ဆန်ကြမ်းစပါးမှာ သင်္ကြန်ပြီးနောက် ကျပ်သုံးသိန်းခုနစ်သောင်းထိ ဈေးတက်လာကြောင်း မိုးစပါးမှာလည်း လက်ရှိအချိန်တွင် ကျပ်သုံးသိန်းရှစ်သောင်းထိရှိကြောင်း ဆန်ချောစပါးမှာ တင်းတစ်ရာလျှင် ကျပ်ခုနစ်သိန်းငါးသောင်းဈေးရှိကြောင်း မြောင်းမြမြို့နယ်မှ စက်ပိုင်တစ်ဦးထံမှ သိရှိရသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၅၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၃၇ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၉၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၈ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၃၁ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၉၀၀ | ကျပ် |

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၅၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၈၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၈၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၀၆၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၁၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၄၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၀. ၈၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၀၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၈၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၃၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၅၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၅၄၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၂၄၈၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၁. ၉၃၀၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ဒေါ်လာ | ၂၈. ၀၀၂၁ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၅၀၃. ၀၀၀ |
| ရေနံစိမ်း | စည် | ၁၂၃. ၉၉၀ |
| ငွေ | ၁ အောင်စ | ၄၆. ၀၇၇ |
| ကြေးနီ | ပေါင် | ၄၄၁. ၉၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၄၁၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဧပြီလ ၂ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## တောင်ကြီး-လွိုင်လင်လမ်းရှိ လွိုင်လင်ဂိတ်တွင် လမ်းတံတားကောက်ခံနှုန်းလျှော့ချ ကောက်ခံ

**အိဖြူမွန်**

**ရန်ကုန်၊ ဧပြီ- ၁၈**

BOTစနစ်ဖြင့်ဆောင်ရွက်ထားသော တောင်ကြီး-လွိုင်လင်လမ်း ၅၇ မိုင်လမ်းပိုင်းတွင်ရှိသော လွိုင်လင်ဂိတ်တွင် လျှော့ချထားသည့် လမ်းတံတားကောက်ခံနှုန်းအသစ်ကို ဧပြီ ၁ ရက်မှစတင်၍ လျှော့ချကောက်ခံပြီဖြစ်ကြောင်း သိရသည်။

ယင်းလွိုင်လင်ဂိတ်သည်ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်ရှိပြီး ယခုသတ်မှတ်ထားသောနှုန်းထားအတိုင်း ၂၀၀၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစတင်၍ ကောက်ခံမည်ဖြစ်သည်။ ယခုလျှော့ချထားသောနှုန်းထားသည် ၁၀၀ ရာခိုင်နှုန်းလျှင် ၈၅ ရာခိုင်နှုန်းသို့ လျှော့ချထားပြီး ကျန် ၁၅ ရာခိုင်နှုန်းကို သာပေးဆောင်ရမည်ဖြစ်သည်။

ယခင်က နှစ်တန်အောက် ထော်လာဂျီအသေး ၂၀၀ ကျပ်အောက် ထော်လာဂျီ(အကြီး) ၅၀၀ ကျပ်၊ နှစ်တန်အောက်ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးလျှင် ၂၀၀ ကျပ်များအား ယခုအခါယင်းနှုန်းထားများမှ ၃၅ ကျပ်သို့ ပြောင်းလဲကောက်ခံမည်ဖြစ်သည်။

၂ တန်အောက်ဒိုင်နာ (ခရီးသည်တင်) ၁,၀၀၀ ကျပ်၊ ၂တန်မှ ၅ တန်အကြားဒိုင်နာယာဉ် ကျပ် ၂,၀၀၀၊ ၂ တန်မှ ၅ တန်အကြား မှန်လုံအလတ် ၂၀၀၀ ကျပ် ကောက်ခံခဲ့ရာမှ ယခုအခါ ၁၄၅ ကျပ်နှုန်း ကောက်ခံမည်ဖြစ်သည်။

ထို့အပြင် ၅ တန်အထက် ၆ ဘီး၊ ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်များအား ကုန်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ၊ ယခင်ကောက်ခံခဲ့သော လမ်းတံတားနှုန်းထားအနိမ့်ဆုံး ၄,၀၀၀ ကျပ်မှ

စာ(၃၄)သို့



7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

## ရွှေဈေး ဆက်မြင့်နေသော်လည်း အရောင်းအဝယ်နည်းနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဧပြီ - ၁၉**

သင်္ကြန်ပြီးကာလတွင် ရွှေဈေးနှုန်းများ မြင့်တက်နေသော်လည်း အရောင်းအဝယ်ပြုလုပ်သူနည်းနေသေးကြောင်း ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များက ပြောသည်။

"ပြည်တွင်းအနေအထားက ပုံမှန်ဆိုရင် သင်္ကြန်ပြီးကာလမှာ ရွှေဈေးကျတတ်တယ်။ ဒါပေမဲ့ အခု ကမ္ဘာ့ရွှေဈေးက တက်နေတော့ ရွှေဈေးမြင့်နေတဲ့သဘောပဲ"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၄၉၀ ဒေါ်လာထိ မြင့်တက်နေ၍ ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၄,၅၀၀ ကျပ်နှင့် ၁၅ ပဲရည်တစ်ကျပ်သားလျှင်၆၃၅,၀၀၀ ကျပ်ဖြင့်ရောင်းချနေကြောင်းသိရသည်။

ပုံမှန်အားဖြင့် သင်္ကြန်ပြီးကာလတွင် ရွှေဈေးနှုန်းမှာ ကျဆင်းလေ့ရှိသကဲ့သို့ ရွှေပြန်ရောင်းသည့် ဈေးကွက်ကောင်းသောကာလ တစ်ခုဖြစ်လေ့ရှိကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

သို့သော် ယခုနှစ်တွင် ရွှေဈေးနှုန်းများ မြင့်တက်နေသော်လည်း အရောင်းအဝယ်ပြုလုပ်သူနည်းနေသေးကြောင်း ရွှေဆိုင်ပိုင်ရှင်များကပြောသည်။

"ဒီအချိန်က နှစ်စဉ်ဆိုရင် သင်္ကြန်တွင်းမှာ သုံးထားတာကြောင့် ပြန်ထုတ်တဲ့သူတွေ၊ စီးပွားရေးလုပ်ငန်းတွေပြန်စဖို့ထုတ်တဲ့သူတွေနဲ့ အရောင်းအဝယ်ကောင်းလေ့ရှိတယ်။ ဒီနှစ်က ဈေးကလည်းတက်နေတော့ပြန်ထုတ်တဲ့သူနည်းနေသေးတယ်"ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ဈေးတက်သည်ဟုဆိုသော်လည်း ကမ္ဘာ့ရွှေပေါက်ဈေးနှင့် ကျပ်တစ်သောင်းနီးပါး လျော့နေသေး၍ ကမ္ဘာ့ရွှေဈေး တက်ရိပ်ပြနေပါက ရွှေဈေးနှုန်းများ ဆက်လက်မြင့်တက်နိုင်ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။






## သင်္ကြန်မဏ္ဍပ်များအနီး ရောင်းချသည့်ဈေးသည်များ ဈေးကောက်များစွာပေးခဲ့ရဟုဆို



**သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဧပြီ - ၂၀

သင်္ကြန်တွင်းကာလ မဏ္ဍပ်များအနီး ရောင်းချသောဈေးသည်များသည် ယခင်နှစ်များကဲ့သို့ နေရာအတွက် မြို့တော်စည်ပင်သို့ ဈေးခွန်ပေးသွင်းခြင်းမပြုရသော်လည်း ဈေးကောက်များစွာ ပေးဆောင်ခဲ့ရကြောင်း ဈေးသည်များကပြောသည်။

"အရင်နှစ်တွေက ဈေးရောင်းဖို့ နေရာအတွက် သတ်မှတ်နှုန်းပေးပြီးရင် ဘာမှထပ်ပေးစရာမလိုတော့ဘူး။ ဒီနှစ်က နေရာအတွက် ငွေမသွင်းရပေမယ့် ဝန်ထမ်းတွေကို တစ်ယောက်ပြီးတစ်ယောက် ပေးနေရတာ ဈေးခွန်ထမ်းထက်တောင် ပိုများနေသေးတယ်"ဟု ဘီယာနှင့် အအေးရောင်းချသူဈေးသည် တစ်ဦးကပြောသည်။

"ဈေးခွန်မပေးရဘူးဆိုပေမယ့် စည်ပင်ဝန်ထမ်းတွေက လာလိုက်၊ ရဲတွေလာလိုက်နဲ့ ဈေးခွန်ထက်တောင်ပိုပေးရသေးတယ်။ ကျွန်တော်တို့ ဥပဒေနဲ့လွတ်တာရောင်းတာတောင် ပေးရတော့ အရက်၊ ဘီယာရောင်းတဲ့သူတွေဆို ပိုပေးရတယ်"ဟု ငုံးကြော်ရောင်းချသူဈေးသည်တစ်ဦးကပြောသည်။

မဏ္ဍပ်အနီးရောင်းချသောဈေးသည်များသည် ဈေးကောက်များစွာပေးရသော်လည်း ယခုနှစ်သင်္ကြန်မှာ ယခင်နှစ်သင်္ကြန်ထက် ရောင်းအားကောင်းခဲ့ကြောင်း ၎င်းတို့ကပြောသည်။

ရောင်းအားများခြင်းမှာလည်း ရောင်းချသည့်ဈေးသည်နည်းခြင်းကြောင့်ဖြစ်ကြောင်း ၎င်းတို့ကပြောသည်။


## ဓာ(၃၃) - တောင်ကြီး-လွိုင်လင်လမ်းရှိ လွိုင်လင်ဂိတ်တွင် လမ်းတံတားကောက်ခံနှုန်းလျှော့ချကောက်ခံ မှ

၁၂,၅၀၀ ကျပ်အကြား ကောက်ခံခဲ့မှုများအား ယခုအခါတစ်ပြေးညီနှုန်းထားဖြစ်သော ၃၆၀ ကျပ်သို့ပြောင်းလဲ ကောက်ခံမည်ဖြစ်ကြောင်းသိရသည်။

၂ တန်အောက်ဟိုင်းလတ် (ခရီးသည်တင်)၅၀၀ ကျပ်မှ ၉၀ ကျပ်သို့လည်းကောင်း၊ ၅ တန်အထက် မှန်လုံအကြီး ငွေ ၃,၀၀၀ ကျပ်မှ ၈၀ ကျပ်သို့လည်းကောင်းပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်းသိရသည်။

# 7DAY BOOK REVIEW

## တို့ဘုရားကို တို့ဖူးပြီ
(မောင်ကိုကို–အမရပူရ)




မဟေသီ၊ မန္တလေး နှစ် (၁၅၀) ပြည့် မဂ္ဂဇင်း၊ မြန်မာတိုင်းမ်၊ Bi Weekly Eleven၊ ပေါ်ပြူလာ၊ 7 Day News၊ Hot News အစရှိသည့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ၂၀၀၈မှ ၂၀၁၀ပြည့်နှစ်အတွင်း ရေးသားခဲ့သော အက်ဆေးစုစည်းမှု စာအုပ်ဖြစ်သည်။

မောင်ကိုကို(အမရပူရ)သည်သူခံစား၍ရသော လူပုဂ္ဂိုလ်၊ နေရာဒေသ၊ အနုပညာ၊ ယဉ်ကျေးမှုပွဲတော်များ စသဖြင့် အကြောင်းအရာ နယ်ပယ်အစုံမှ ဖြစ်ရပ်တို့ကို အရေးအသားသွက်သွက်ဖြင့် အက်ဆေးများရေးခဲ့သည်။ လူပုဂ္ဂိုလ်အားဖြင့် ပန်းချီခင်မောင်ရင်၊ ထူးအိမ်သင်၊ ခင်ဝမ်း၊ ဒဂုန်တာရာ၊ မောင်ချောနွယ်၊ ဦးခင်မောင် (ဘဏ်)၊ ဝသုန်၊ ပန်းချီရာဟုလာ၊ ဦးချစ်သိန်းဦး အစရှိသူများနှင့် ဆလုံဒေသ၊ ပုဂံဒေသ၊ ဘော်ကြိုပွဲ၊ တောင်ပြုန်းပွဲ၊ ရတနာ့ဂူပွဲ၊ ကထိန်ပွဲ၊ နှစ်ဆန်းတစ်ရက်နေ့ ရွှေတိဂုံစသည့် ယဉ်ကျေးမှုပွဲတော်များနှင့် သူခံစားရသော နေရာဒေသတို့အပေါ် ရှင်းလင်းသောစကားပြေဖြင့် တိုတိုထိထိ ရေးဖွဲ့ထားသည်။ အထူးသဖြင့် မြန်မာပြည်နှင့် အကြောင်းကြောင်းကြောင့် ဝေးကွာနေသူများအတွက် ယခုစာအုပ်သည် နွေးထွေးရင်းနှီးစေသော စာအုပ်မျိုးဖြစ်သည်။

စာရေးသူကိုယ်တိုင်ကလည်း "မြန်မာပြည်ထဲမှာနေထိုင်သော ကျွန်တော်သည်ပင် မြန်မာပြည်ကို လွမ်းဆွတ်နေတတ်လျှင် နိုင်ငံရပ်ခြားသို့ရောက်ရှိနေသော မြန်မာတစ်ဦးသည် ကျွန်တော်၏ တို့ဘုရားကို တို့ဖူးပြီ စာအုပ်ကိုဖတ်မိပါက မြန်မာပြည်ကို သူပိုမိုလွမ်းဆွတ်မည်လား" ဟု ရေးသားခဲ့ပြီး "သေချာတာကတော့ ဤစာအုပ်သည်မြန်မာနိုင်ငံသားတစ်ဦးမြန်မာနိုင်ငံတွင်းမှာ မြန်မာနိုင်ငံကို ချစ်ခြင်းအားဖြင့် ပူနွေးလှုပ်ရှားတောက်ပသောကြည်လင်စွာစီးဆင်းနေသော အသံမြည်နေသော မြန်မာနိုင်ငံရနံ့ ထုံမွှမ်းသော အရသာရှိရှိရင်ခုန်သံများဖြစ်ပါသည်" ဟုဖော်ပြပါရှိသည်။

The Book House စာအုပ်တိုက်မှ တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ဆယ်ကျော်သက်များအတွက် အလှအပနှင့် အသားအရေပြုပြင် ထိန်းသိမ်းနည်းလမ်းညွှန်



အလှအပကို စိတ်ပါဝင်စားသောဆယ်ကျော်သက်အရွယ်များအတွက် ရည်ရွယ်ထုတ်ဝေလိုက်သောစာအုပ်ဖြစ်ပေသည်။ အလှအပဆိုသည်မှာ အရေပြားတစ်ထောက်ဟုဆိုသော်လည်း ထိုအရေပြားသည်ပင် ကျန်းမာရေးအရ လျစ်လျူရှု၍မရသော ကဏ္ဍတစ်ရပ်ဖြစ်သည်။

ယခုစာအုပ်ကို ဒေါက်တာကျော်ကျော်(အရေပြားအထူးကု)၊ ဆွေဆွေမျိုးနိုင်(ဆေးဝါးတက္ကသိုလ်) ပူးတွဲပြုစု ရေးသားထားပြီး ဆယ်ကျော်သက်တိုင်း သိသင့်သော ဝက်ခြံ၊ ဆယ်ကျော်သက်များအတွက် ဆံပင်ကျန်းမာရေးနှင့် အလှအပထိန်းသိမ်းနည်းလမ်းညွှန်၊ အသားအရေထိန်းသိမ်းစောင့်ရှောက်မှု၊ မိတ်ကပ်လိမ်းခြယ်အလှပြင်နည်းများ၊ စသဖြင့် အခန်းလိုက်ခွဲပြီး စနစ်တကျ ရေးသားထားပါသည်။ ဝက်ခြံနှင့် ပတ်သက်သော အကြောင်းအရာများ၊ ဘောက်ထခြင်း၊ ဆံပင်ဖြောင့်ခြင်း၊ ဆံပင်အရောင်ဆိုးခြင်း၊ အဆီပြန်သော အသားအရေအတွက် အိမ်တွင်းကုသမှု၊ နေရောင်ခံလိမ်းဆေးများ၊ ဗီတာမင်အီးနှင့် အသားအရေလှပမှု၊ ပါးနီဘယ်လိုခြယ်မလဲ၊ အိုင်းလိုင်နာ ဘယ်လိုဆွဲမလဲ၊ မျက်တောင်ကော့ဆေး အသုံးပြုနည်း၊ နှုတ်ခမ်းနီဆိုးတဲ့အခါ၊ မျက်ခုံးပုံဖော်ခြင်း၊ အရေပြားမထိခိုက်စေရန် စနစ်တကျ မိတ်ကပ်ဖျက်နည်း၊ အလှကုန်ပစ္စည်းများနှင့် ဓာတ်မတည့်ခြင်း စသည့်ဆောင်းပါးများသည်အပေါ်ယံအလှအပသာမက ကျန်းမာရေးနှင့် ညီညွတ်စေသောစနစ်တကျ လှပလိုသူများအတွက် ဖတ်ရှုသင့်သောဆောင်းပါးများဖြစ်သည်။ အလှပြင်ဆိုင်၊ အလှပြုပြင်ရေး လုပ်ငန်းလုပ်ကိုင်နေသူများအတွက်ဖတ်ရှုသင့်သော စာအုပ်လည်းဖြစ်ပါသည်။

အလင်းဖြူစာပေမှ ဖြန့်ချိသည်။

# Knowledge ပဟုသုတ

## သဲကန္တာရရဲ့ အိုအေစစ်

စွန်ပလွံပင်သည် သဲကန္တာရ၏သဘာဝအိုအေစစ် အပင်တစ်မျိုးဖြစ်ပြီး အပင်၏အမြစ်များက မြေအောက်ရေကို ရှာဖွေမတွေ့ရှိမချင်း အနက်ရှိုင်းဆုံးအထိတူးယူရှာဖွေလေ့ရှိကာ အိုအေစစ်ဖြစ်ရန် ကူညီထောက်ပံ့ပေးသည်။ အိုအေစစ်ဟူသည် သဲကန္တာရထဲတွင် ရေနှင့်သစ်ပင်များတွေ့ရှိရာနေရာ ဖြစ်သည်။ စွန်ပလွံပင်များသည် နေရောင်ခြည်ကောင်းကောင်းရသည့်နေရာတွင် အားမာန်အပြည့်ဖြင့် ကြီးထွားရှင်သန်ကြပြီး အရွယ်ရောက်သစ်ပင်သည် အမြင့် ၂၀ မီတာကျော်ရှိသည်။ ကျစ်လျစ်သောဆလင်ဒါပုံစံ ပင်စည်ရှိပြီး အပင်ထိပ်ပိုင်းတွင် အရွက်များအုံ့ဆိုင်းနေကာ ယင်းအောက်တွင်မှအပွင့်ပွင့်ပြီး စွန်ပလွံသီးများသီးခြင်းဖြစ်သည်။ ကြီးမားသောစွန်ပလွံကိုင်းတစ်ကိုင်းတွင် အသီးပေါင်း ၁၀၀၀ ခန့်ရှိပြီး ၁၀ ကီလိုဂရမ်ခန့်အလေးချိန်ရှိသည်။ စွန်ပလွံပင်သည် သဲကန္တာရတွင် အမှီပြုနေထိုင်သူများအတွက် အလွန်အရေးပါသည့်အပင်ဖြစ်ပြီး စွန်ပလွံသီးသာမက သစ်ပင်တစ်ခုလုံးအသုံးဝင်လှသည်။ စွန်ပလွံသားသည် အဆောက်အအုံတည်ဆောက်ရာတွင် အသုံးပြုနိုင်ကာ အရွက်များကိုအခြောက်လှန်းပြီး အိမ်အမိုး၊ ဖျာနှင့်ကြိုးများ၊ သစ်ပင်၏အစေးကိုသောက်သုံးနိုင်ပြီး အစေ့ကိုကြိတ်ထောင်းကာ ကော်ဖီကဲ့သို့သောဖျော်ရည်ပြုလုပ်နိုင်သည်။ အိန္ဒိယမျိုးစိတ်စွန်ပလွံပင်ဆိုပါက အစေးမှစွန်ပလွံသကြားကို ထုတ်လုပ်သည်။

—*Source: Wisdom Monthly Digest*

# တစ်ပတ်တာကံကြမ္မာ

ဧပြီ ၂၇ ရက် မှ မေ ၃ ရက် အထိ



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မိမိအပေါ် ဒုက္ခပေးသောသူများ၊ အနှောင့်အယှက်ပေးသောသူများဘေးရန်မှ ကင်းလွတ်မည်။ ရွေးချယ်ရန် အခွင့်အရေးသစ်များအပေါ် ပေါက်မည်။ အများကိစ္စ၊ လူမှုရေးအသင်းအဖွဲ့ကိစ္စများ ဆောင်ရွက်ရမည်။ ကာလအတန်ကြာ အပင်ပန်းခံဆောင်ရွက်ထားသည်များမှ အကျိုးဆက်ကောင်းရရှိမည်။ ပြောစကား၊ ဆိုစကားများအောင်မြင်မည်။ ကျန်းမာရေးအညံ့ရှိတတ်သည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မှန်းထားသည်နှင့်လက်တွေ့ကွာခြားပြီး လက်တွေ့ပိုင်းတွင် အကျိုးပေးမှုအထူးကောင်းသည်။ ပိုင်ပိုင်နိုင်နိုင်သေချာပေါက်ရရှိမည်ဟုတွက်ဆထားပြီး ၎င်းငွေကြေးကို လက်ဝယ်မရမီ ကြိုတင်တွက်ဆပြီး သုံးစွဲထားသည့်ငွေအတွက် ပြန်ဖြည့်ရန်ခဲယဉ်းမည်။ သေချာပေါက်ရရှိမည့်ငွေ မဝင်သောကြောင့်ဖြစ်မည်။ ပြဿနာအခက်အခဲများပေါ် ပေါက်က ချက်ချင်းဖြေရှင်းပါ။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ကောင်းသောအပြောင်းအလဲနှင့်တိုးတက်မည်။ တစ်ပါးသူ အထင်မကြီးသည့် အသေးအမွှားအလုပ်မှ အောင်မြင်ခြင်း၊ အဆင်ပြေခြင်းရရှိမည်။ ထိုသောအခါ မိမိချဉ်းကပ်သည့်လမ်းကြောင်းမှ လိုက်လံတုပဆောင်ရွက်ခြင်းမျိုးရှိမည်။ စိတ်ရှည်ပါ။ ကိုယ်လုပ်စရာရှိသည်များ အဆင့်ဆင့်လုပ်ဆောင်ပါ။ အပြောင်းအလဲများပြုပါ။ ပြောင်းလဲခြင်းများ နောက်ကွယ်မှ တိုးတက်ခြင်းများရှိမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အခက်အခဲများကင်းစင်သွားမည်။ ရည်ရွယ်ထားသည်များ အပြည့်အဝအောင်မြင်မည်။ ခရီးကိစ္စများ အောင်မြင်မည်။ မိမိကိုယ်တိုင်အတွက် ဦးစားပေးဆောင်ရွက်ရန်မသင့်။ မိသားစုနှင့် မိမိလုပ်ငန်းလုပ်ရာဝန်းကျင်အတွက် ဦးစားပေးဆောင်ရွက်ပါ။ ထူးခြားစွာအကျိုးရှိမည်။ လက်ဝယ်ရှိငွေများ ထူးခြားစွာပြတ်လပ်သွားမည်။ အသုံးစရိတ်လျှော့ပါ။ ရပ်ဝေးမှငွေဝင်မည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရသင့်လျက် ကြန့်ကြာနေသည်များ၊ လုပ်ဆောင်နေဆဲ အခက်အခဲနှင့်တွေ့ကြုံနေရသည်များ ပြီးမြောက်အောင်ဆောင်ရွက်နိုင်သည့်ကာလများဖြစ်သည်။ စကားများရမည်။ အပြိုင်များမည်။ ဆန့်ကျင်သူပေါ်များမည်။ စိတ်ရှုပ်ထွေးရမည်။ ခက်ခဲသောကိစ္စများ ဖြေရှင်းနိုင်မည်။ ရန်အနှောင့်အယှက်များ ကျော်လွှားနိုင်မည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ စီးပွားတိုးတက်မည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

လုပ်သမျှအောင်မြင်မည်။ ရည်ရွယ်ချက်များ လက်တွေ့ဆောင်ရွက်၍ကောင်းသောအကျိုးဆက်များဖြစ်ပေါ်မည်။ မိသားစုအတွက်အချိန်ပေးနေရမည်။ သူတစ်ပါးအတွက်ရည်စူးပြီး ဆောင်ရွက်သောကိစ္စများ အောင်မြင်မည်။ အိမ်တွင်းရေး၊ လူမှုရေးအထူးကောင်းသည်။ မေတ္တာရေးကံကောင်းမည်။ သူတစ်ပါး အပေါ် ပြောစကား၊ ဆိုစကားများအောင်မြင်မည်။ ငွေဝင်ကောင်းမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ကိုယ်ပိုင်အရည်အသွေး ထွန်းတောက်နေမည်။ အောင်မြင်မှုများ ဆက်တိုက်ရမည်။ စိတ်ကူးထားသည်များ စနစ်တကျဆောင်ရွက်၍အကျိုးရှိမည်။ သူတစ်ပါးထက်သာအောင်ဆောင်ရွက်နိုင်သည်။ အေးချမ်းပျော်ရွှင်ခြင်း၊ တိုးတက်အောင်မြင်မှုများဖြစ်ပေါ်မည်။ ရပ်တန့်ထားသည့်လုပ်ငန်းများပြန်လည်စတင်ရမည်။ သူတစ်ပါးနှင့်စကားအတိုက်အခံပြောရတတ်သည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် စိတ်တိုင်းမကျစရာများကြုံမည်။ မိမိနှင့် သဘော သဘာဝဆန့်ကျင်သူများကို နေ့စဉ်နှင့်အမျှရင်ဆိုင်နေရမည်။ ကိုယ့်ကိစ္စထက် တစ်ပါးသူကိစ္စများကြောင့် အချိန်ကုန်လူပန်း၊ ငွေကုန်ကြေးကျများခြင်းများရှိမည်။ သူတစ်ပါးအပေါ် ကိုယ်က ကောင်းသလောက် ၎င်းတို့က ကောင်းခြင်းမရှိသည့်အပြင် ဒုက္ခပေးတတ်သည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလွန်စိတ်ရှုပ်ရမည်။ မိမိမျှော်လင့်ထားခြင်းမရှိဘဲ ပြဿနာများပေါ်မည်။ တစ်ချက်မှား၍မရ။ ဇွတ်လုပ်၍မရ။ အခြေအနေနှင့် အချိန်အခါကို စောင့်ကြည့်လုပ်ကိုင်ရမည်။ ရှေ့တိုးမရ၊ နောက်ဆုတ်မရ အခြေအနေသို့ရောက်ရှိမည်။ ပေါ်လာသောလုပ်ငန်းအခွင့်အလမ်းများအပေါ် လွန်လွန်ကဲကဲတွေး၍ လက်လွှတ်ရတတ်သည်။ ပညာရေးကောင်းသည်။ ပျိုရွယ်သူများစန်းပွင့်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

စိတ်အနှောင့်အယှက်များဖြစ်ပွားနိုင်သည်။ ခက်ခဲသောပြဿနာများဖြေရှင်းရမည်။ ဘာသာရေး၊ သာသနာရေးကိစ္စများ ဆောင်ရွက်နေရမည်။ အာမခံခြင်း၊ ငွေလက်လွှဲလက်ပြောင်းကိစ္စများတွင် စာရင်းဇယားနှင့်တိတိကျကျဆောင်ရွက်ပါ။ ငွေကုန်များတတ်သည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ ဆုံးဖြတ်ချက်မှားယွင်း၍ ရန်အန္တရာယ်များကြုံတတ်သည်။ ပညာကံကောင်းမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရည်မှန်းချက်များအောင်မြင်မည်။ ဘာသာရေး၊ လူမှုရေးကိစ္စများ ဆောင်ရွက်အကျိုးပေးမည်။ ထူးခြားသောလက်ဆောင်ပစ္စည်းများရရှိနိုင်သည်။ စကားကတိမတည်သောသူများကြောင့် စိတ်အနှောင့်အယှက်ရှိလင့်ကစား ကြီးမားသောအညံ့မရှိ။ အလုပ်ပင်ပန်းမှုကြောင့်လည်းကောင်း၊ စိတ်ပင်ပန်းမှုကြောင့်လည်းကြောင်း စိတ်တိုဒေါသထွက်ကာ ပြောဆိုဆောင်ရွက်မှုများမှ ဆိုးသောအကျိုးဆက်များဖြစ်တတ်သည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စီစဉ်ထားသည်ကတစ်မျိုး လက်တွေ့ဖြစ်လာသည်ကတစ်မျိုးကြုံရမည်။ မိသားစုတွင် နေရာထိုင်ခင်းကိစ္စများ ပြောဆိုဆောင်ရွက်ရမည်။ ကိုယ်ကျိုးအတွက် အဓိကမလုပ်ဘဲ သူတစ်ပါးအတွက်ဆောင်ရွက်ခြင်းများတွင် ပိုမိုအောင်မြင်မည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်တိုးတက်မည်။ အဆင့်တိုးတက်မည်။ နေဝင်မိုးချုပ်ပိုင်းတွင် အသွားအလာဂရုစိုက်ပါ။ မတော်တဆထိခိုက်တတ်သည်။

7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011



# မဲခေါင်မြစ်ပေါ်က ဆည်

ကြည်နေဝင်းမင်း

**ဟွေဆွေး၊ လာအိုနိုင်ငံ။**

ဤဆင်းရဲသော ရွာလေးအားဖြတ်သန်းသွားချိန်တွင် မဲခေါင်မြစ်မှာ နုန်းမြေများကြောင့် အညိုရောင်ထနေပြီဖြစ်ရာ ရွှံ့ရေများဟုပင်ခေါ်ဆိုနိုင်လောက်ပါသည်။ မြစ်အောက်ပိုင်းတွင် နေထိုင်သော လူသန်းပေါင်းများစွာအတွက်မူ ယင်းမှာ ၎င်းတို့၏ဘဝဖြစ်သည်။ တိဗက်တောင်တန်းများပေါ်တွင် မြစ်ဖျားခံ၍ ဗီယက်နမ်မြစ်ဝကျွန်းပေါ်တွင် အဆုံးသတ်သော မဲခေါင်မြစ်ကြီးသည် ငါးမျိုးစိတ်ပေါင်းများစွာနှင့် သံယံဇာတများစွာ ပြည့်နှက်နေသော မြစ်ကြီးဖြစ်ရာ မြစ်ကြောင်းတစ်လျှောက် ရွာပေါင်း၊ မြို့ပေါင်းများစွာမှ လူသန်းပေါင်းများစွာအတွက် အသက်ရှင်သန်ရာလမ်းကြောင်းဖြစ်ပါသည်။

နောက်ရက်အနည်းငယ်အတွင်းမှာပင် မဲခေါင်မြစ်အောက်ပိုင်းအား ခွဲဝေပိုင်ဆိုင်သော နိုင်ငံလေးနိုင်ငံသည် မဲခေါင်မြစ်ပေါ်တွင်အငြင်းပွားဖွယ်ရာဆည်အားတည်ဆောက်ရေးအတွက် သဘောတူကြမည် လားဆိုသည်ကို ဆုံးဖြတ်ကြမည် ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်မှာ ကမ္ဘာပေါ်တွင် အရှည်ဆုံးနှင့် ရင်းမြစ်အကြွယ်ဝဆုံး မြစ်တစ်စင်း၏ သဘာဝအရ ပေါကြွယ်ဝမှုနှင့် အနေအထားကို ထာဝရပြောင်းလဲသွားစေမည်ဖြစ်သည်။

လာအိုနိုင်ငံတွင် ဆည်တည်ရှိရာဒေသကို လိုက်၍ဇာရာဘူရီဟုလူသိများသော ဆည်တည်ဆောက်ရေးမှာ မဲခေါင်မြစ်၏ အရင်းအမြစ်များကို မျှဝေခံစားရေး လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့၏ ၁၉၉၅ ခုနှစ် သဘောတူညီချက်အတွက် အစမ်း သပ်ခံကိစ္စဖြစ်သည်။ ယင်းသဘော တူညီချက်မှနေ၍ မဲခေါင်မြစ်အား ထိခိုက်မည့်ကိစ္စရပ်များတွင် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြရန် တိုက်တွန်းထားပြီး ဗီယက်နမ်စစ်ပွဲအတွင်း မသင့်မမြတ်ဖြစ်ခဲ့ကြသောနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိကခြေလှမ်းတစ်ရပ်ဖြစ်သည်။

သို့သော် အိမ်နီးချင်းနိုင်ငံများ၏ သဘောတူညီမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆည်များတည်ဆောက်ခွင့်ကိုနိုင်ငံလေးနိုင်ငံစလုံးက ဆက်လက်ရယူထားခဲ့သည်။ ဇာယာဘူရီဆည်တည်ဆောက်မည့် နေရာတွင်လည်း ဆည်တည်ဆောက်ရေး လုပ်ငန်းများစတင်ပြင်ဆင်နေပြီဖြစ်သည်။ အလုပ်သမား ရာပေါင်းများစွာ ဆည်တည်ဆောက်မည့်နေရာသို့ လမ်းဖောက်ခြင်း၊ ဆိပ်ခံများတည်ဆောက်ခြင်းနှင့် ကွန်ကရစ်ဖျော်စက်ရုံများတည်ဆောက်ခြင်း လုပ်ငန်းများဖြင့် တည်ဆောက်ရေးလုပ်ငန်းများမှာ နိုဝင်ဘာလမှစ၍ လှုပ်ရှားသက်ဝင်နေပြီဖြစ်သည်။

တရုတ်နိုင်ငံမှာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုတွင် မပါဝင်ပေ။ မဲခေါင်မြစ်နှင့် နီးစပ်သောနေရာများတွင် တရုတ်နိုင်ငံက ဆည်လေးခုတည်ဆောက်ထားသည်။ သို့သော် လာအိုနိုင်ငံတွင် တည်ဆောက်မည့် ဆည်မှာ အချက်အချာကျသည်ဟု ရှုမြင်ခံရသည်။ အကြောင်းမှာ ယင်းဆည်ကြောင့် ငါးမျိုးစိတ်များ ပြောင်းရွှေ့ကျက်စားမှုကို ထိခိုက်နိုင်ပြီး မြစ်အောက်ပိုင်းတွင် တည်ဆောက်ရန်လျာထားသည့် အခြားဆည်ပေါင်းငါးခုခန့်တည်ဆောက်ခြင်းကိုလည်း ဖြစ်ပေါ်လာစေနိုင်၍ ဖြစ်သည်။

ဇာယာဘူရီဆည်၏ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအပေါ် ကျွမ်းကျင်သူများ၏ လေ့လာချက်များတွင်လည်း အနာဂတ်အတွက် စိုးရိမ်မှုများ၊ ဝေဖန်ဆန်းစစ်ချက်များ၊ သံသယများဖြင့် ပြည့်နေပြီး ယင်းမှာ မဲခေါင်မြစ်ကို မျှဝေသုံးစွဲနေသော နိုင်ငံများအကြား ပဋိပက္ခမျိုးစေ့ချပေးသလို ဖြစ်နိုင်ပါသည်။

အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်ဆီးနိတ်လွှတ်တော်ဆပ်ကော်မတီကို ဦးဆောင်သူအထက်လွှတ်တော်အမတ်ဂျင်မ်ဝက်ဘ်ကလည်း ယင်းမဲခေါင်ဆည်စီမံကိန်းမှာ နိုင်ငံတကာအဆင့်အတန်းမမီဟု ယခင်ရက်သတ္တပတ်အတွင်းက ဝေဖန်ပြောကြားခဲ့ပြီး မဲခေါင်မြစ်ကို မျှဝေပိုင်ဆိုင်သော နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုပြုရန် ပျက်ကွက်ခြင်းမှာ ဆိုးဆိုးဝါးဝါး နောက်ဆက်တွဲဖြစ်ရပ်များရှိလာနိုင်သည်ဟု ပြောကြားခဲ့သည်။ မဲခေါင်မြစ်ပေါ်တွင် မှီခိုနေထိုင်သော လူသားပေါင်း သန်း ၆၀ ၏ဘဝသာယာဝပြောရေးကို ဆက်လက်ထိန်းသိမ်းပြီး ဒေသတွင်းပဋိပက္ခကို ရှောင်လွှဲနိုင်ရေးမှာအမေရိကန်နှင့် ကမ္ဘာ့အသိုင်းအဝိုင်းအတွက် မဟာဗျူဟာမြောက်အကျိုးစီးပွား ပတ်သက်မှုရှိသည်ဟု၎င်းက ဆက်လက်ပြောဆိုပါသည်။

ပုံမှန်အားဖြင့် အစိုးရ၏ ရပ်တည်ချက်အတိုင်း လိုက်နာလေ့ရှိသောဗီယက်နမ်နိုင်ငံမှ သတင်းမီဒီယာများသည် ယခုမဲခေါင်ဆည်ကိစ္စကို အတော်လေး ဝေဖန်ကြသည်။ ဆည်များ အများအပြားပေါ်ထွက်လာခြင်းသည် ဗီယက်နမ်နိုင်ငံတွင်ရှိသော မဲခေါင်မြစ်ဝကျွန်းပေါ်သို့ ရေစီးရေလာနည်းသွားမည်ကို လယ်သမားများကစိုးရိမ်ကြသည်။ သို့ဆိုလျှင် မြစ်ဝကျွန်းပေါ်ဒေသသို့ ပင်လယ်ရေတိုးဝင်နေမှုပိုမိုဆိုးရွားလာမည်ကို ၎င်းတို့က စိုးရိမ်ကြသည်။

မဲခေါင်မြစ်ပေါ်တွင်တည်ဆောက်မည့် စီမံကိန်းများအား ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် မဲခေါင်မြစ်ကော်မရှင်ကလည်း အစီရင်ခံစာ ထုတ်ပြန်ခဲ့ရာ၌ ဆည်တည်ဆောက်ခြင်းကြောင့်ရွှေ့ပြောင်းကျက်စားသော ငါးများအပေါ် မည်သို့ထိခိုက်သည်ဆိုခြင်းနှင့် ပတ်သက်၍ အခြေခံကျကျ ဗဟုသုတကွာဟမှု ဖြစ်ပေါ်နေသည်ဟု အစီရင်ခံစာတွင်ဖော်ပြသည်။ မဲခေါင်မြစ်ကော်မရှင်မှ ငှားရမ်းထားသော ကျွမ်းကျင်ပညာရှင်များကလည်း ဆည်ကြောင့် ငါးမျိုးစိတ် ၂၃ မျိုးမှ ၁၀၀ အကြား ရွှေ့ပြောင်းကျက်စားမှုကို ထိခိုက်နိုင်သည်ဟု ဖော်ပြသည်။ ယင်းသို့မဖြစ်စေရန် ငါးများဆည်ကို သွယ်ဝိုက်သွားနိုင်မည့်လမ်းကြောင်းတစ်ခုအား ဖော်ထုတ်မည်ဟု ဆည်တည်ဆောက်မည့် ထိုင်းကုမ္ပဏီ၏ အဆိုပြုချက်မှာလည်း ထိရောက်မှုမရှိဟု ကျွမ်းကျင်သူများက ပြောကြားသည်။



သို့သော် ကော်မရှင်၏ အထူးခြားဆုံး ခန့်မှန်းချက်မှာ ဆည်ကြီး၏ရေလှောင်ဧရိယာတွင် နုန်းမြေများ ပို့ချမှုကြောင့် ဆယ်စုနှစ်အနည်းငယ်အတွင်း ဆည်မှ လျှပ်စစ်ဓာတ်ထုတ်လုပ်မှုကို အကြီးအကျယ်ထိခိုက်နိုင်မည့် အရေးဖြစ်နိုင်ပါသည်။ (ဆည်မှနေ၍ ရေအားလျှပ်စစ် ၁,၂၈၅ ကီလိုဝပ်ထုတ်ယူနိုင်မည်ဟု ရည်မှန်းထားပြီး ၎င်းလျှပ်စစ်ဓာတ်အားကို ထိုင်းနိုင်ငံသို့ ရောင်းချရန် ဆည်တည်ဆောက်သည့် ထိုင်းကုမ္ပဏီနှင့်လျှပ်စစ်ကုမ္ပဏီများအကြား သဘောတူညီလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။) ယခုအဆိုပြုထားသော လုပ်ငန်းလည်ပတ်ရေး အခြေအနေများအတိုင်းဆိုပါက လာမည့်နှစ် ၃၀ အတွင်း နုန်းမြေများပို့ချအနည်ထိုင်မှုကြောင့် ဆည်၏ စွမ်းဆောင်ရည် ၆၀ ရာခိုင်နှုန်းခန့် လျော့ကျသွားမည်ဖြစ်ကြောင်း ကော်မရှင်က အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ထို့အတွက် မဲခေါင်မြစ်ပေါ်တွင်ထာဝရ ပြောင်းလဲမှု အကျိုးဆက်များဖြစ်ပေါ်လာမည်ဟု ဝေဖန်သူများက ပြောကြားပြီးငါးမျိုးရင်းအများအပြား ပျောက်ကွယ်သွားနိုင်သည်ဟု ၎င်းတို့က ဆိုကြသည်။

လာအိုအစိုးရကမူ ဆည်တည်ဆောက်မှုအပေါ် ဝေဖန်ပြောဆိုမှုများကိုပြင်းပြင်းထန်ထန်ကာကွယ်ပြောဆိုပြီး မတ်စောက်သောတောင်ကုန်းများအကြား တည်ဆောက်မည့် ဘောလုံးကွင်းရှစ်ကွင်းစာခန့်ရှိမည့်ဆည်မှာ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် ရေတံခွန်ကဲ့သို့သာ သက်ရောက်မှုရှိမည်ဟု မဲခေါင်မြစ်ကော်မရှင် အစီရင်ခံစာအား တုံ့ပြန်ခဲ့သည်။ ရေအားလျှပ်စစ်စနစ်ကို လက်ခံကျင့်သုံးခြင်းသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ကြီးမားသော ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန်လိုအပ်ချက်ကိုလျော့ပါးစေကြောင်းပြောကြားရင်း ရေအားလျှပ်စစ်မှာ "အစိမ်းရောင်စွမ်းအင်"ဖြစ်၍ ပိုမိုတိုးတက်အောင်လုပ်ဆောင်ရမည်ဟု ဆိုပါသည်။ —*Ref: NY Times*




အသစ်
POND'S
pure white™
ဖြူစင်ဝင်းပသော အသားအရေအတွက်
အစွမ်းထက်ကာဗွန်ရဲ့စွမ်းအား
Pond's Pure White
POND'S
pure
white
Deep Cleansing
Facial Foam

# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.6 ▪ APRIL 28, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 58,100 |
| Intel P4 Dual Core 2.7 (E 5400) Processor | 53,700 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 121,400 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 177,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 267,500 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 53,700 |
| MSI P43-C51 (775) Motherboard | 69,500 |
| MSI H55M-E32 (1156) Motherboard | 83,600 |
| ASUS P7P55DE-Pro (1156) Motherboard | 176,000 |
| ASUS P7H55-MLX (1156) Motherboard | 79,200 |
| ASUS P5G41C-MLX (775) Motherboard | 55,400 |
| Gigabyte P41-ES3G (775) Motherboard | 66,000 |
| Gigabyte H55M-S2V (1156) Motherboard | 87,100 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 41,400 |
| 1 GB DDR2 (800) Kingston Memory | 19,400 |
| 2 GB DDR3 (1333) Kingston Memory | 22,000 |
| 4 GB DDR3 (1333) Kingston Memory | 40,500 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1 TB Seagate SATA | 54,600 |
| 2 TB Seagate SATA | 92,400 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 73,900 |
| MSI 8400GS 512MB PCI Express Card | 38,700 |
| MSI R5450 1GB DDR3 PCI Express Card | 48,400 |
| ASUS EAH 5750 Formula 1GB PCI Express Card | 130,200 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 48,400 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 53,700 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 75,700 |
| Gigabyte 8400STC 512I 512MB PCI Express Card | 35,200 |
| **Memory Stick** | |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Toshiba 8 GB | 16,500 |
| Memory Stick pqi 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 9,900 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| SVC (600 VA) | 29,000 |
| SVC (1.2 KVA) | 56,300 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 29,900 |
| EAST (1.2 KVA) | 57,200 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 26,400 |
| ASUS DVD Writer (SATA) | 27,300 |
| Liteon DVD Writer (SATA) | 23,800 |
| **အိတ်ဆောင်တီဗီငွေကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဧပြီလ (၂၂) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 589,000 |
| Intel Atom 1.50 Ghz 2GB DDR3, 500GB HDD,10.1″ | 343,000 |
| **Asus** | |
| Intel Core i5 2.67 Ghz 2GB DDR3, 500GB HDD,14.0″ | 712,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,180,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,15.6″ | 651,000 |
| **Sony** | |
| Intel Core i5 2.53 Ghz 4GB DDR3, 500GB HDD,14.0″ | 1,070,000 |
| **Toshiba** | |
| Intel Core i3 2.4 Ghz 2GB DDR3, 320GB HDD,14.0″ | 606,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဧပြီ (၂၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၄ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၇၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၄၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဧပြီ(၂၃) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဥ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၈၀၀၀-၉၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀-၃၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁၂၀၀-၁၄၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၃၀၀-၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဧပြီ (၂၃) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၆၀-၂၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၃၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀-၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၅၀၀-၃,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၆၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၆၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၁၈,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၄၀၀-၂၉၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၄,၇၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၃,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၂,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |

ဧပြီ(၂၃)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၅၀ |
| စူဂူကီး ဝက်ဂွန် R⁺ | - | ၁၀/၂၀ | ၂၀၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၉၅ |
| စူဂူကီး R- (2Way) | - | ၁၀/၂၀ | ၁၅၀ ကျော် |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄၀ | ၃၄၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂/၉၃ | ၄၀ | ၄၃၈ |
| မတ်ခ်တူး(ခါတ်ဆီ)ရွှေငါး | ၂၀၀၂ | ၄၀ | ၈၀၀ |
| နစ်ဆန်းစူပါဆလွန်း | ၈၅ | ၅၀ | ၁၇၀ |
| ပါဂျဲရို | ၉၇ | ၄၀ | ၇၅၀ |

ဧပြီ (၂၂) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | April(16) | April (17) | April (18) | April (19) | April (20) | April (21) | April (22) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |
| Octane ဒီဇယ် | ၄,၁၀၀ | ၄,၃၀၀ | ၄,၆၀၀ | ၄,၆၀၀ | ၄,၆၀၀ | ၄,၆၀၀ | ၄,၆၀၀ |
| Premier ဒီဇယ် | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ |




# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **PH: 557448 Ext (856), 09-8034582, 09-73037776**

**မီးစက်ရောင်းမည်**

275 KVA (UK Original)

**PH: 01-655554, 09-5162860**

**သင်ကြားပေးသည်**

မူလတန်းမှ အလယ်တန်းအထိ သင်္ချာအခြေခံရရန် (အထူး) သင်ကြားပေးသည်။

**ဖုန်း- ၀၉-၄၉၃၁၅၀၄၅**

**ရောင်းမည်**

လမ်းမတော်မြို့နယ်၊ ၁၂ ပေခွဲ× ပေ ၅၀၊ ၅ ထပ် HK ၂ လွှာ၊ လမ်းကျယ်၊ အရှေ့ဘက်လှည့်။

**ဖုန်း- ၀၉-၅၃၇၀၁၁၈**

**Library ရှိသည်**

English / Myanmar စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်ပြီ။ E-book Reader နဲ့ စာဖတ်လို့ရသည်။

**ဖုန်း- ၃၈၆၆၉၃**

**အိမ်အရောက်သင်သည်**

၂၀၁၁-၁၂ ပညာသင်နှစ်အတွက် အင်္ဂလိပ်စာအိမ်အရောက်သင်သည်။

**ဖုန်း-၀၉-၇၃၀၆၃၀၉၃**

**ရောင်းမည်**

VIP ရပ်ကွက် ခြံကျယ်ဝန်းကျယ် ရောင်းမည်။**ဖုန်း-၀၉-၅၁၁၃၈၆၃**

**အင်္ဂလိပ်စာအထူးသင်တန်း**

၈၊ ၉၊ ၁၀ တန်းအင်္ဂလိပ်စာဂုဏ်ထူးထွက်လိုသူများအတွက် အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉-၅၁၆၅၁၀၆**

**Towards Multi Language Centre**

လုပ်ငန်းခွင်အတွင်း အင်္ဂလိပ်စကားပြောခက်ခဲနေသူများ၊ Interview ဖြေဆိုမည့်သူများ၊ နိုင်ငံခြားသွားရောက်မည့်ကျောင်းသားနှင့် လုပ်ငန်းခွင်အတွက် ဖွင့်လှစ်နေပါပြီ။

**ဖုန်း-၅၄၀၃၂၅၊ ၀၉-၇၃၁ ၇၂၂၄၅ (တာမွေ)**

**သင်တန်း**

ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ဇာတ်ညွှန်း၊ သီချင်းဆို၊ သီချင်းရေး၊ အော်ဂင်အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးသည်။

**ဖုန်း- ၂၉၇၂၃၀**

**ရောင်းမည်**

တ/ဉက္ကလာပ၊ (၉)ရပ်ကွက်၊ ပေ ၂၀× ပေ ၆၀၊ 2BN- 650 သိန်း။

**ဖုန်း- ၀၉-၇၃၁၁၇၂၀၇**

**အိမ်လိုက်သင်သည်**

I.G.C.S.E 'O' Level Secondary 1,2,3,4 Maths/ Physics Sat I,II Maths. တစ်ဦးချင်း/အုပ်စုလိုက် အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉-၇၃၀၅၉၀၄၂**

**အိမ်အရောက် သင်ကြားသည်**

တရုတ်စကားပြောတတ်ချင်သူများအတွက် အတွေ့အကြုံရှိသော ဆရာ/ဆရာမများ ကိုယ်တိုင် အိမ်အရောက် သင်ကြားပေးပါသည်။ **ဖုန်း- ၀၉-၅၁၅၉၄၂၇**

**Fashion Design Training**

All Courses & Level I "Open June 2011" **PH: 09-43023647**

**ရောင်းမည်**

1 M, 2S, 1600 Sqft, 3Air, ရေမီးအသင့်တက်နေရန်။ Landmark Tower, ရွှေဂုံတိုင်။**ဖုန်း-၅၄၁၀၂၂**

**Victor အင်္ဂလိပ်စကားပြော**

အခြေခံအားနည်းအကြီးပိုင်းများအတွက်သာ။ **ဖုန်း- ၅၄၀၁၄၈**

**Computer Guide**

Basic of Computer & Knowledge of A+, D.T.P, Internet & E-mail, Adobe Photoshop CS3, Video Editing & CD/DVD Burning Course များကို သင်ကြားပေးသည်။ **ဖုန်း- ၀၉-၅၄၁၅၇၆၁**

**တယ်လီပို့ကျောင်းသူများငှားမည်**

ပြင်ဦးလွင်မြို့၊ အနီးစခန်း ပေ (၁၀၀)ပတ်လည်ခြံကျယ်အတွင်း ပေ၁၆×၁၆ ပေ၊ နံကပ် (၂) ထပ်တိုက် လုံးချင်းအိမ်ငှားမည်။

**ဖုန်း- ၀၉-၂၀၀၅၉၄၅**

**Mazda Jeep ရောင်းမည်**

Mazda Jeep ၂ဂ/. . . ၊ 2C Engine- Gear, **PH: 09-5161196.**

**မြေကွက်ရောင်းမည်**

ရပ်ကွက်ကြီး (၁၇)၊ အနီးစခန်း၊ ပြင်ဦးလွင်-မန္တလေးလမ်းမကြီး မေးတင်(၁)ကေကွက် မီတာ၊ ဖုန်းပါ။ **ဖုန်း- ၀၈၅-၅၀၀၇၈**

**သင်ကြားပေးသည်**

Guitar ကို အခြေခံမှစ၍ တစ်ဦးချင်း(သို့မဟုတ်)သီးသန့်ဝိုင်းအိမ်လိုက်သင်သည်။

**ဖုန်း- ၂၁၀၅၁၅ (ကိုမျိုး)**

**သင်တန်း**

English, Japanese, Korean, Chinese ဘာသာစကားများ တတ်ကျွမ်းလိုပါက Fluent Language Centre ကို ဆက်သွယ်ပါ။

**ဖုန်း-၃၈၈၃၀၈**

**ရောင်းရန်ရှိသည်**

ဒါဘ (Roof Slab)ရောင်းရန်ရှိသည်။ အကျယ်အဝန်း ပေ ၁၉× ၄၇ ပေ(၂)ခန်းတွဲ၊ (အိမ်သာ၊ ရေချိုးခန်းပါပြီး)မီတာ၊ မော်တာ၊ မပါဝင်ပါ ရေပိုက်ဆက်သွယ်ပြီး။

**ဖုန်း- ၀၉-၄၉၂၉၅၆၃၈**

**မေတို့အိမ် မုန့်သင်တန်း**

(အမျိုးသမီးသီးသန့်)

လက်ရာကောင်း ချက်တတ်ရန် သင်ပေးသည်။ အိမ်လိုက်သင်ပေးသည်။ **ဖုန်း- ၀၉-၇၃၀၆၈၆၁၃**

**ဝိုင်းရောင်းမည်**

၂၃ လမ်းထိပ်၊ ရာဇဌာနီလမ်းအနီး (နှင်းဆီအဝိုင်းမှ)ပွဲစားမလို။

**ဖုန်း- ၀၉-၄၉၂၉၇၃၂၈**

**သစ်မွှေးပျိုးပင်ရောင်းရန်ရှိသည်**

မြစ်ကြီးနား မျိုးကောင်းမျိုးသန့်။

**ဖုန်း- ၀၉-၈၆၁၂၉၀၄**

**IGCSE**

Maths, Accounting, Secondary (Maths) **PH: 09-5097680**

**သင်တန်း**

ကွန်ပျူတာအသုံးပြုသူတိုင်း မတတ်မဖြစ်တတ်ထားရမယ့် Practical A+ သင်တန်း(၃၅၀၀၀ကျပ်)

**ဖုန်း- ၀၉-၅၁၉၆၀၆၇**

**GENIUS**

TOEFL (Special)**PH: 09-49719498**

**QUALITY GROUP**

နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းများအတွက် ဘာသာစုံသင်ကြားလိုသူများ၊ တစ်ဘာသာချင်းနှင့် Guide လိုချင်သူများအတွက်

**ဖုန်း- ၀၉-၇၃၀၈၈၀၉၈**

**အိမ်နှင့် ဥယျာဉ်ခြံရောင်းမည်**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြောက်ပိုင်း၊တောရကျောင်းလမ်း၊ (၃၅ ပေ×၁၅၀ ပေ)ရှိ၊ တစ်ထပ်ပျဉ်ထောင်မီတာပါ။

**ဖုန်း- ၀၉-၇၃၁၄၄၂၅၃**

**လူနေဆိုင်ခန်းများရောင်းမည်**

သာကေတမြို့နယ်၊ယမုံနာလမ်းမ၊ မာန်ပြေထိပ်။**ဖုန်း- ၀၉၅၀၂၀၂၈၄**

**ပညာရာမ LANGUAGE CENTRE**

အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့်သင်္ဘောသားများအတွက် Best Basic English Skill Test တို့ကို သင်ကြားပေးပါသည်။

**ဖုန်း- ၀၉-၅၁၉၀၈၅၅**

**အင်္ဂလိပ်စကားပြောသင်တန်း**

၁၀ တန်းအောင်ပြီး နိုင်ငံခြားသွားမည့်သူများအား Chief Engineer ကိုယ်တိုင်သင်ပေးမည်။

**ဖုန်း- ၀၉-၇၃၀၃၈၈၁၀**

**ကားရောင်းမည်**

2003 Honda Jazz ၄ဂ၊ ၈ ထောင်ကျော်၊ 97 Super Custom Limited မလမ/ယာယီ 2000 living sallon မလမ/ယာယီ။

**ဖုန်း- ၀၉-၇၃၀၅၀၃၆၆**

**စာအုပ်လှူမလား**

အသစ်ကဲ့သို့ သစ်လွင်သော ပုံပြင်၊ ဝတ္ထု၊ ရုပ်ပြ၊ ဘာသာရေး၊ သုတ၊ တက်ကျမ်း၊ ပညာပေးသုတ၊ စာအုပ်များရောင်း/ဝယ်သည်။

**ဖုန်း- ၅၄၃၁၄၃**

**ဝယ်လိုသည်**

ရန်ကုန်မြို့တွင်းရှိ လုံးချင်းအိမ်များ ဝယ်လိုသည်။ ပိုင်ရှင်များ ကိုယ်တိုင် အမြန်ဆက်သွယ်ပါ။

**ဖုန်း- ၇၂၅၃၁၇၊ ၅၀၃၁၇၆**

**အောင်ကောင်းဆက်**

အဲကွန်းတပ်ဆင်(ဆေးကြော)မည်ဆိုလျှင် ခိုင်ခံ့ သပ်ရပ်သော လက်ရာ၊ မှန်ကန်သော ဈေးနှုန်း၊ ထူးခြားတဲ့(အခမဲ့)ဝန်ဆောင်မှုများပါ ရရှိမည်။ **ဖုန်း- ၀၉-၅၄၁၈၁၄၄**

**အိမ်အရောက်ဝန်ဆောင်မှု**

လိုင်းဖုန်း၊ စီဒီအမ်အေ ၈၀၀ ငါးသိန်းဖုန်းများရှိရုံဖြင့် အိမ်တွင် အင်တာနက်အသုံးပြုနိုင်ပါသည်။

**ဖုန်း-၀၉-၇၃၀၂၂၁၆၃**

**အိမ်အရောက်သင်ကြားပေးသည်**

သူငယ်တန်းမှ ငါးတန်းအထိ။

**ဖုန်း- ၀၉-၅၄၁၅၆၂၈**

**လှူဒါန်းလိုသူများအတွက်**

ဒဂုံ/အရှေ့ပိုင်း၊ အနန္တမေတ္တာပညာရေးကျောင်းတွင် ဆင်းရဲနွမ်းပါးသော ကျောင်းသား/သူများအတွက် လိုအပ်သော ပညာသင်ကျောင်းဆောင်နှင့် ဆေးဝါး၊ အဝတ်အထည်၊ ကျောင်းသုံးကိရိယာများ လှူဒါန်းနိုင်ပါသည်။

**ဖုန်း-၀၉-၇၃၁၂၁၃၁၉၈၊ ၇၂၃၆၅၅**

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၏ဝင်ရိုး

ရွှေနွယ်

## လွတ်လပ်သော စီးပွားရေးဇုန် (Free Economic Zones-FEZ)

လွတ်လပ်သော စီးပွားရေးဇုန်များတွင် နိုင်ငံတွင်း၌ ချမှတ်ထားသော မူဝါဒများနှင့်မတူဘဲ အထူးစီးပွားရေးမူဝါဒများကို ချမှတ်လုပ်ကိုင်သည်။ ထို့ပြင် အထူးရည်မှန်းချက်များ ဦးတည်ချက်များကိုသတ်မှတ်ထားသော ဇုန်နယ်ဧရိယာအတွင်း ချမှတ်ဆောင်ရွက်လေ့ရှိသည်။ အဓိကခြားနားချက်မှာ လုပ်ကိုင်သောလုပ်ငန်းကဏ္ဍမတူခြင်းနှင့် ဒေသများ ကွဲပြားနေခြင်းပင်ဖြစ်သည်။

တရုတ်ပြည်ရှိ လွတ်လပ်သောစီးပွားရေးဇုန်(FEZs)ကို အလုံးစုံလွတ်လပ်သောစီးပွားရေးဇုန်(Comprehensive)၊ စက်မှုအခြေခံလွတ်လပ်သောစီးပွားရေးဇုန်(Industry-Based)၊ သိပ္ပံနှင့်ကုန်သွယ်မှုအခြေခံ လွတ်လပ်သော စီးပွားရေးဇုန် (Science and Trade Based)နှင့် နယ်စပ်လွတ်လပ်သော စီးပွားရေးဇုန် (Cross-Border)ဟူ၍ အုပ်စု ခွဲသတ်မှတ်နိုင်သည်။

ထို့ပြင် လွတ်လပ်သော စီးပွားရေးဇုန်ဟူသောစကားရပ်တွင် အခေါ်အဝေါ်ပုံစံအသွင်အပြင်မျိုးစုံပါဝင်နိုင်သည်။ အထူး စီးပွားရေးဇုန်(Special Economic Zone-SEZ)၊ နည်းပညာနှင့် စီးပွားရေးဖွံ့ဖြိုးမှုဇုန်(Technology and Economic Development Zone-TEDZ)၊ အလုံးစုံတိုးတက်ဖွံ့ဖြိုးမှုဇုန်(Comprehensive Development Zone-CDZ)၊ လွတ်လပ်သော ကုန်သွယ်မှုဇုန် (Free Trade Zone-FTZ)၊ တိုးတက်မှု တြိဂံဒေသ (Growth Traingle-GT)၊ ပို့ကုန်ထုတ်လုပ်မှုဇုန်(Export Processing Zone-EPZ)နှင့် အထူးစီမံအုပ်ချုပ်မှုနှင့် စီးပွားရေးဇုန်(Special Administrative and Economic Zone-SAEZ)စသည်တို့သည် လွတ်လပ်သောစီးပွားရေးဇုန်(FEZ)တွင် ဆက်စပ်ပါဝင်လျက်ရှိကြသည်။

တရုတ်ပြည်၌ ထူထောင်ခဲ့သော လွတ်လပ်သောစီးပွားရေးဇုန်(FEZ)များသည် ကိုယ်စီကိုယ်ငအောင်မြင်ခဲ့ကြ၏။ FEZ များသည် တရုတ်ပြည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၏ ဗဟိုချက်မဖြစ်ရုံမျှသာမက ဈေးကွက်စီးပွားရေးစနစ်ထူထောင်ရေးအတွက်လည်း များစွာအထောက်အကူပြုခဲ့ကြသည်။

ထို့ပြင် တရုတ်နိုင်ငံ၏ FEZ များက တိုင်းပြည်၏စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အထောက်အကူပေးနိုင်မှုကို ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံ၏ FEZ ကမှ လိုက်၍မမီနိုင်ခဲ့ပေ။

### ကိန်းဂဏန်းများသက်သေ

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးထုတ်လုပ်မှုအင်အားကို တစ်နှစ်တာကာလအတွက် စုစုပေါင်းပြည်တွင်းထုတ်ကုန်(Gross Domestic Product-GDP)ဟူသောစကားဖြင့် တိုင်းတာဖော်ပြလေ့ရှိ၏။ အရပ်စကားဖြင့် ပြောရလျှင် တိုင်းပြည်ထုတ်ကုန်ဟုဆိုလေ့ရှိ၏။ တရုတ်နိုင်ငံရှိအထူးစီးပွားရေးဇုန်ငါးခု၏ GDP သည် ၁၉၈၀ ခုနှစ်ခန့်မှစ၍ နှစ်စဉ် ပျမ်းမျှ တိုးနှုန်း ၃၅ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့ပြင် စုစုပေါင်းစက်မှုထုတ်ကုန်တန်ဖိုးမှာ ၁၉၈၀ မှ ၁၉၉၇ ခုနှစ်အတွင်း အဆတစ်ရာ တိုးတက်လာခဲ့သည်။ ရှန်းစန့်နှင့် ကျူဟိုင်းမြို့များရှိ လူတစ်ဦးချင်းဝင်ငွေမှာ ၁၉၉၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃,၀၀၀ ကျော်ခဲ့သည်။

နိုင်ငံတွင်းရှိနည်းပညာနှင့်စီးပွားရေးဖွံ့ဖြိုးမှုဇုန်(Technology & Economic Development Zone-TEDZ)ပေါင်း ၃၂ခုက ပြည်ပရန်ပုံငွေသုံးပြီး နိုင်ငံတော်အတွင်း လာရောက်လုပ်ကိုင်မည့် လုပ်ငန်းပေါင်း ၁၃,၄၅၄ ခုကို ၁၉၈၀ မှ ၁၉၉၈ ခုနှစ်အကြားခွင့်ပြုပေးနိုင်ခဲ့သည်။ ကမ္ဘာ့ထိပ်သီးကုမ္ပဏီ ၅၀၀ အနက် ကုမ္ပဏီ ၁၁၃ ခုမှ လုပ်ငန်းများသည် တရုတ်ပြည်၌လာရောက်ရင်းနှီးမြှုပ်နှံနေကြသည်။

ခေတ်သစ်စီမံခန့်ခွဲမှုအတွေ့အကြုံများ၊ ခေတ်မီနည်းပညာများ၊ ပြည်ပအရင်းအနှီးများအတွက် တရုတ်ပြည်၏ FEZ များသည် စီးပွားရေးတံခါးဖွင့်ပေးရုံမျှသာမက စီးပွားရေးတိုးတက်မှုဗဟိုချက်မဒေသများ၏ စမ်းသပ်ကွင်းများလည်းဖြစ်သည်။ ထို့ပြင် FEZ များသည် တရုတ်ပြည်၏ အဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှု(Structural Reform)အတွက်လည်း အတွေ့အကြုံများစွာရရှိစေခဲ့သည်။

တရုတ်နိုင်ငံ အဆောက်အအုံဆိုင်ရာပြုပြင်ပြောင်းလဲမှု၏ ယေဘုယျ ဦးတည်ချက်မှာ ဈေးကွက်ကိုဦးတည်သော ဆိုရှယ်လစ်စီးပွားရေးအဆောက်အအုံတည်ဆောက်ရေး- To build socialist market- oriented economy ဖြစ်သည်။ ဤသို့ တည်ဆောက်ရန်အတွက် လွတ်လပ်သောစီးပွားရေးဇုန်(FEZ)နှင့် အထူးစီးပွားရေးဇုန်(SEZ)များတွင် ဦးစွာစမ်းသပ်ခဲ့၏။ ထိုစမ်းသပ်မှုများ အောင်မြင်မှုရရှိလာသည့်အခါတွင် ၎င်းတို့၏အတွေ့အကြုံအပေါ် အခြေခံလျက် တစ်နိုင်ငံလုံးသို့ဖြန့်ကျက်ဆောင်ရွက်ခဲ့ခြင်းဖြစ် ၏။

အခြေခံဆောက်လုပ်ရေးလုပ်ငန်းများတွင် တင်ဒါစနစ်ကို ဖိတ်ခေါ်ကျင့်သုံးခြင်း၊ ဈေးနှုန်းနှစ်မျိုးရှိနေသောစနစ်မှ ဈေးကွက်ဦးတည်သော ဈေးနှုန်းတစ်မျိုးတည်းရှိသောစနစ်သို့ အသွင်ပြောင်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် လက်သင့်ရာ အလုပ်မခန့်၊ ခေါ်မသုံးဘဲ တရားဝင်ကြော်ငြာဖြင့် အလုပ်လျှောက်လွှာခေါ်ယူကာ စာချုပ်(Contract)စနစ်ဖြင့် ခန့်ထားခြင်း၊ ဘဏ္ဍာရေးစနစ်တွင် စတော့ဈေးကွက်ကို စတင်တည်ထောင်ခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ခေတ်မီစီးပွားရေးလုပ်ငန်းစနစ်အသွင်ပြောင်းခြင်း၊ မြေအသုံးချမှုနှင့် နိုင်ငံတော်ပိုင်မြေယာ ကိစ္စများတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်း၊ မြို့ပြဆောက်လုပ်ရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဦးစားပေးလာခြင်း စသည့်ပြုပြင်ပြောင်းလဲမှုများကိုကျင့်သုံးခဲ့ရာ အောင်မြင်မှုအတွေ့အကြုံများစွာရရှိခဲ့သည်။



တစ်နည်းဆိုရလျှင် တရုတ်ပြည်၏ FEZ များသည် တံခါးဖွင့်မူဝါဒနှင့် အဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ အောင်မြင်မှုသင်္ကေတများဖြစ်သလို တရုတ်ပြည်၏ဒေသလုံးဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုအတွက်လည်း အားပေးမြှင့်တင်ရာ ရောက်ခဲ့သည်။ ထိုမျှသာမက ဟောင်ကောင်နှင့် မကာအိုတို့ကိုလည်း အမိတရုတ်ပြည်ဘက်သို့ ပြန်ရောက်စေရေးအတွက် များစွာကူညီနိုင်ခဲ့သည်။

### အတွင်းစိန်ခေါ်မှုများ(Internal Challenges)

FEZ များသည် အထူးအခွင့်အရေးရသောဇုန်များဖြစ်ကြသည်။ အထူးအခွင့်အရေးရကြသည့်အခါ FEZ ရှိရာဒေသများသည် ခေတ်မီမြို့ပြများ၊ စီးပွားရေးဗဟိုအချက်အချာဒေသများဖြစ်လာကြ၏။ ဤအခြေအနေတွင် တရုတ်ပြည်၏ ကမ်းရိုးတန်းဒေသနှင့် ကုန်းတွင်းပိုင်းဒေသများအကြား တိုးတက်ဖွံ့ဖြိုးမှု ဟန်ချက်မညီမျှဖြစ်ကာ တိုးတက်ဖွံ့ဖြိုးမှုခြားနားချက်အတိုင်းအဆလည်း ပိုမိုကြီးမားကျယ်ပြန့်လာခဲ့သည်။

တရုတ်ပြည်၏ အန္တိမပန်းတိုင်ဦးတည်ချက်မှာ ဟန်ချက်ညီသောတိုးတက်ဖွံ့ဖြိုးမှု(Balanced Development)ဖြစ်သည်။ သို့သော် ဦးတည်ချက်ကတစ်မျိုးဖြစ်လာသည်ကတစ်ဖုံ ကြုံနေရ၏။ လက်တွေ့၌ ဟန်ချက်ညီဖွံ့ဖြိုးမှုလမ်းကြောင်းကိုလျှောက်ရင်း နိုင်ငံ၏ဒေသတစ်ခုနှင့်တစ်ခုအကြား ဟန်ချက်မညီသောဖွံ့ဖြိုးမှုကို ရရှိခံစားနေကြရ၏။ ဤအချက်သည် နိုင်ငံအတွင်း၌ ကြီးမားပြင်းထန်သောလူမှုရေးနှင့် နိုင်ငံရေးပြဿနာများကိုပေါ်ပေါက်စေနိုင်သည်။

ဈေးကွက်ဦးတည်သော စီးပွားရေးအဆောက်အအုံအတွက် FEZ များသည် စမ်းသပ်ကွင်းများဖြစ်၏။ ထို့ကြောင့် အထူးသက်သာခွင့်၊ အထူးခံစားခွင့်များရရှိခဲ့သည်။ သို့သော် ဈေးကွက်ဦးတည်သော ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှုနှင့်အတူတစ်နိုင်ငံလုံးရှိ ဒေသမျိုးစုံကလည်း အထူးသက်သာခွင့်နှင့် အထူးခံစားခွင့်များကိုတောင်းဆိုလာကြ၏။ ထို့ပြင် အချိန်ကန့်သတ်ချက်များရှိလာမှုကြောင့် FEZ များကို ပေးထားခဲ့ပြီးဖြစ်သော အထူးသက်သာခွင့်နှင့် အထူးခံစားခွင့်များကို လျှော့ပစ်ခြင်း၊ ပြောင်းလဲခြင်းများ ပြုလုပ်လာခဲ့ကြရသည်။

အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ လျှော့ပေါ့ကောက်ယူခြင်း၊ ဘဏ္ဍာရေးအရ ငွေကြေးထောက်ပံ့ပေးခြင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အထူးအခွင့်အရေးများပေးခြင်း စသည့် သက်သာခွင့်များနှင့် အကျိုးခံစားခွင့်များကို တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ထစ်ပြီးတစ်ထစ် ဖြည်းဖြည်းချင်း လျှော့ပေါ့ပေးခဲ့ကြသည်။ ထိုမှတစ်ဆင့် သွင်းကုန်ခွန်ကောက်ယူခြင်း၊ အဆင့်မြင့်နည်းပညာနှင့် စက်မှုလုပ်ငန်းဦးတည်သော ဦးစားပေးမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းစသည့်ပုံစံများ၊ လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲကျင့်သုံးလာကြသည်။

စက်ကိရိယာပစ္စည်းများအပေါ်တွင် သွင်းကုန်ခွန်ကောက်ယူခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းနှင့် တစ်ဝက်တစ်ပျက်ထုတ်လုပ်ပြီးစီးသောကုန်ကြမ်းပစ္စည်းများ(Semi finish raw materials)အပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းတို့ကိုလည်း ပို့ကုန်ထုတ်လုပ်မှုဇုန်(EPZ)များမှအပ ကျန်အထူးဇုန်များ၌ ဖြည်းဖြည်းချင်းလျှော့ချပယ်ဖျက်လာခဲ့ရ၏။

တရုတ်နိုင်ငံ၏ ဒေသအလိုက် FEZ များ ထူထောင်မှုနှင့် ၎င်းတို့၏ တိုးတက်ဖွံ့ဖြိုးမှုသည် ဟန်ချက်မညီညာခဲ့ပေ။ FEZ ထူထောင်ရာတွင် ဒေသတစ်ခုနှင့်တစ်ခုအကြား စတင်ထူထောင်သောအချိန်ကာလများ မတူခြားနားကြ၏။ အချို့သော FEZ များက ၁၀နှစ်၊ အချို့ FEZ များက ၁၄ နှစ် စသည်ဖြင့် စောပြီး ထူထောင်မှုများရှိခဲ့၏။

FEZ တို့၏ ပုံစံစနစ်တူသော်လည်း စတင်ထူထောင်သည့်အချိန်ကာလ ခြားနားချက်ရှိသောအခါ ရရှိခံစားခွင့်လည်း ခြားနားချက်ရှိလာကြသည်။ ထိုအခါတွင် ရရှိလာမည့် ထူးခြားသက်သာခွင့်၊ အထူးအခွင့်အရေးတို့အပေါ် မူတည်၍ FEZ များ၏ တိုးတက်ဖွံ့ဖြိုးမှုအဆင့်ချင်းလည်း ခြားနားသွားကြသည်။

ဥပမာအားဖြင့် ဆိုလျှင် တရုတ်ပြည်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ အစောပိုင်းကာလများကထူထောင်ခဲ့သော အထူးစီးပွားရေးဇုန်(SEZ)နှင့် နည်းပညာနှင့်စီးပွားရေးဖွံ့ဖြိုးမှုဇုန် (TEDZ)တို့သည် အချိန်ကာလတစ်ခုအရောက်တွင် ရသင့်ရထိုက်သော တိုးတက်ဖွံ့ဖြိုးမှုအဆင့်ကို ရရှိပြီးဖြစ်သလို အောင်မြင်သောဇုန်၏ အသီးအပွင့်များကိုလည်း ခံစားနေကြရပြီးဖြစ်၏။ ထိုဇုန်များ၏ စိန်ခေါ်မှုမှာ စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုကို မည်သည့်နည်းလမ်းဖြင့် ရှောင်ကြဉ်မည်နည်းဟူသောအချက်နှင့် ရရှိပြီးဖြစ်သော တိုးတက်မှုအဆင့်ကို စဉ်ဆက်မပြတ်ထိန်းသိမ်းရေးပင်ဖြစ်၏။

တရုတ်ပြည်၌ အမျိုးအစားတူ၊ ပုံစံတူ FEZ များကို ထူထောင်ခဲ့ကြရာတွင် စတင်ထူထောင်သည့် အချိန်ချင်းမတူညီကြပေ။ ဤသို့ မတူညီခြင်းကပင် FEZ အသီးသီး၏ ဖွံ့ဖြိုးမှုအဆင့်မတူညီမှုကိုဖြစ်ပေါ်စေ၏။

စီးပွားရေးတံခါး ဖွင့်ခါစအစောပိုင်းကာလများက စတင်ထူထောင်ခဲ့သော FEZ များသည် ဈေးကွက်နှင့် ဆက်စပ်မှုကောင်းသော နေရာဒေသများ၌ ထူထောင်ထားရုံမျှသာမက ၎င်းတို့၏စီးပွားရေးဖွံ့ဖြိုးမှုပုံစံ (Development Model)များကလည်း ကျိုးကြောင်းဆီလျော်မှုရှိသောအခါတွင် ၎င်းတို့၏နေရာဒေသများသည် ကောင်းစွာစီးပွားရေးတိုးတက်ဖွံ့ဖြိုးလာခဲ့သလို နီးစပ်ရာဒေသရှိ မြို့ပြများကလည်း ကောင်းစွာစည်ပင်ထွန်းကားခဲ့သည်။ သို့သော် ဈေးကွက်နှင့်ချိတ်ဆက်မှုအားမကောင်းဘဲ စီးပွားရေးဖွံ့ဖြိုးမှုပုံစံကလည်း ညံ့သည့်ဒေသရှိFEZ များမှာမူပြဿနာပေါင်းများစွာရှိနေဆဲဖြစ်၏။

### ပြင်ပစိန်ခေါ်မှုများ (External Challenges)

တရုတ်ပြည်သည် ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization-WTO)၏ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ WTO အဖွဲ့ဝင်ဖြစ်သည်နှင့် အမျှ လက်မှတ်ရေးထိုးထားသော စာချုပ်စာတမ်းပါ ကတိကဝတ်များနှင့် အခွင့်အရေးများကိုလိုက်နာရန်တာဝန်ရှိလာသည်။ ဤသို့ တာဝန်ရှိမှုက FEZ ဆိုင်ရာ အကျိုးခံစားခွင့်များနှင့် သက်သာခွင့်များအပေါ် ဩဇာသက်ရောက်မှုရှိလာ၏။

WTO က အထူးဦးစားပေးနိုင်ငံများဆိုင်ရာအခြေခံမူများ၊ မျှတမှုနှင့် အပြန်အလှန်အကျိုးကျေးဇူးရရှိမှု အခြေခံမူများ၊ အကောက်ခွန်ဆိုင်ရာအခွန်အခများ လျှော့ချမှုဆိုင်ရာ အခြေခံမူများကို တစ်ဖက်၌ ကျင့်သုံးသည်။ သို့သော် အခြားတစ်ဖက်တွင်လည်း ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က အထောက်အပံ့မပေးရေး၊ ကိုတာ(quota)စနစ်ဖြင့် ကုန်သွယ်မှုမပြုရေး၊သိသာထင်သာမြင်သာရှိရေး၊ နိုင်ငံကကျင့်သုံးသော အကောက်ခွန်စနစ်နှင့်ပတ်သက်၍ စီးပွားရေးမူဝါဒနှင့်ဥပဒေများ တညီတညွတ်တည်းရှိရေး အစရှိသော အခြေခံမူများကိုလည်း ကျင့်သုံးဖို့လိုအပ်လာသည်။

တရုတ်နိုင်ငံ၏ FEZ များသည် WTO ၏ အထက်ပါအခြေခံမူများနှင့် ဆန့်ကျင်ပြီး အထူးအခွင့်အရေးနှင့် သက်သာခွင့်၊ အကျိုးခံစားခွင့်များ ရရှိခဲ့ကြသည်ဖြစ်ရာ အနာဂတ်ကာလတွင် FEZ ၏တိုးတက်မှုကို WTO ၏ အခြေခံစည်းမျဉ်းစည်းကမ်းများ လိုက်နာရေးက စိန်ခေါ်ချက်တစ်ခုဖြစ်လာနိုင်သည်။

သိသာထင်သာမြင်သာရှိမှုနှင့် ညီညွတ်မှုနှစ်ခုကြား ကောင်းစွာဆက်စပ်မှုရှိ၏။ သိသာထင်သာမြင်သာအောင် လုပ်ဆောင်မှုနည်းပါးလာသည်နှင့် အမျှ ညီညွတ်မှုမှာလည်း ဝါးအစည်းပြေသလို ပြေသွားတတ်၏။ FEZ များသည် ဒေသဦးစားပေး အထူးသက်သာခွင့်၊ အကျိုးခံစားခွင့်ဆိုင်ရာမူဝါဒများကိုအကောင်အထည်ဖော်ပေးရ၏။ တရုတ်ပြည်ရှိ FEZ များမှာ ပုံစံအမျိုးမျိုးရှိသလို အထူးသက်သာခွင့်နှင့် အကျိုးခံစားခွင့်များမှာလည်းတစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းရှိနေကြရာ အချိန်ကြာလာသည်နှင့်အမျှ သိသာထင်သာမြင်သာရှိမှုနှင့် ညီညွတ်မှုက ပိုများလာ၏။ ဥပမာအားဖြင့်ဆိုလျှင် FEZ များအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားသွင်းကုန်တစ်မျိုးတည်း မတူသလို ရာဖြတ်တန်ဖိုးသတ်မှတ်မှုများလည်းမတူကြပေ။

တရုတ်ပြည်၏ FEZ အများစုသည် ပင်လယ်ဆိပ်ကမ်းဒေသများတွင် ထူထောင်လေ့ရှိ၏။ ပင်လယ်ဆိပ်ကမ်းမြို့များကလည်း စီးပွားရေးကောင်းစွာဖွံ့ဖြိုးမှုရှိသလို အဆင့်မြင့်နည်းပညာများကို ကောင်းစွာအသုံးချနိုင်စွမ်းရှိ၏။ သို့သော် WTO က တရုတ်ပြည်၌ FEZ များ ထူထောင်ရာတွင် ကုန်းတွင်းပိုင်းဒေသများနှင့် တိုးတက်ဖွံ့ဖြိုးမှုနိမ့်ကျသောဒေသများ၌ ဆောင်ရွက်ရန် တွန်းအားပေးလေ့ရှိ၏။

### နိဂုံး

တရုတ်ပြည်၏ လွတ်လပ်သောစီးပွားရေးဇုန်များကို စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှင့် အတူ အသွင်ပြောင်းခဲ့ရာတွင် အစောပိုင်းက လုပ်ခဲ့သောပုံစံများ၊ ရင်ဆိုင်ခဲ့ရသော ပြဿနာများနှင့် နောင်တွင် လုပ်လာခဲ့သော ပုံစံများ၊ ရင်ဆိုင်ခဲ့ရသောပြဿနာများမှာ မတူညီခဲ့ကြပေ။ သို့သော် FEZ မရှိဘဲနှင့် တရုတ်ပြည်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုသည်ယခုပုံစံ၊ ယခုအဆင့်သို့ရောက်မလာနိုင်ပါ။ ။

Environment

7 DAY NEWS JOURNAL

Vol.10, No.6 • APRIL 28, 2011

# မြစ်ကြီးနားမြို့ခံအချို့ ငလျင်အန္တရာယ်ကို စိုးရိမ်

အေးမြကျော်

ရန်ကုန်၊ မေ-၁၉

ကချင်ပြည်နယ်၏မြို့တော်ဖြစ်သောမြစ်ကြီးနားမြို့တွင် နေထိုင်ကြသောဒေသခံအချို့သည် တည်ဆောက်လျက်ရှိသောမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းပြီးစီးသွားပါက ငလျင်လှုပ်ခတ်မည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း မြို့ခံများကပြောကြားသည်။



မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်ကို မတ်လကုန်ပိုင်းကတွေ့ရစဉ်။

မေခနှင့် မလိခ မြစ်နှစ်စင်းဆုံရာနေရာကို ပိတ်ကာ ရေသိုလှောင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှာ ၂၀၁၉ တွင် စီမံကိန်းအားလုံး ပြီးစီးမည်ဖြစ်ပြီး ထိုသို့ ပြီးစီးချိန်၌ ငလျင် လှုပ်ခတ်ပါက သိုလှောင်ထားသောရေကာတာကျိုးပေါက်ကာ မြစ်ကြီးနားမြို့အား ရေဖုံးလွှမ်းမည်ကို စိုးရိမ်နေကြခြင်းဖြစ်ကြောင်း ပြောကြားသည်။ ကန်ရေပြည့်ရေလှောင်ပမာဏက ပေ ၉၇ ဒသမ ၈၈ သိန်းရှိသော ရေပမာဏကို သိုလှောင်ထားမည်ဖြစ်သော အဆိုပါမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှာ မြစ်ကြီးနားမြို့နှင့် ၂၈ မိုင်ခန့်ကွာဝေးသည်။

မြစ်ကြီးနားမြို့သည် ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိသော အရေးပါသည့် စီးပွားရေးမြို့တစ်မြို့ဖြစ်သည်။

"တကယ်လို့ ဆက်ဆောက်ဖြစ်မယ်ဆိုရင်လည်း ငလျင်နဲ့ပတ်သက်ပြီး ဒဏ်ခံနိုင်အောင် ထည့်စဉ်းစားစေချင်တယ်။ အခုမြို့က လူတွေပြောနေကြတဲ့ စကားရှိတယ်။ ငလျင်လှုပ်လို့ ရေကာတာပေါက်ရင်ပန်းကန်ဆေးချိန်တောင် ရမှာမဟုတ်ဘူးလို့လေ" ဟု မြစ်ကြီးနားမြို့မှ လူမှုရေးအသင်းအဖွဲ့တစ်ခုတွင် ကြီးကြပ်ရေးမှူးအဖြစ်တာဝန်ထမ်းဆောင်နေသူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်ဆုံ ရေလှောင်တမံစီမံကိန်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်တရုတ်နိုင်ငံမှ China Power Investment Corporation (CPI) တို့ပူးပေါင်းကာ ၂၀၀၉ခုနှစ်ဒီဇင်ဘာလတွင်စတင်အကောင်အထည်ဖော်ခဲ့သည်။

# မုံရွာအနီးတစ်ဝိုက်တွင် မိုးတိမ်တောင်နှင့် ဆက်စပ်သော ရာသီဥတုဖြစ်စဉ်များ ကြုံတွေ့ခံစားခဲ့ရ

အေးမြကျော်

ရန်ကုန်၊ မေ – ၁၉

ပူပြင်းခြောက်သွေ့သော ရာသီဥတုကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံအလယ်ပိုင်း မြို့တစ်မြို့ဖြစ်သော မုံရွာမြို့အနီးတစ်ဝိုက်တွင် နေ့စဉ်ရက်ဆက် စံချိန်တင်ပူပြင်းပြီးနောက် မိုးတိမ်တောင်များ ဖြစ်ပေါ်ကာ လျှပ်စီးများလက်၍ မိုးကြိုးများ ပစ်သည့်ရာသီဥတုဖြစ်စဉ်များ ကြုံတွေ့ခံစားခဲ့ရကြောင်း မုံရွာဒေသခံများက ပြောသည်။

ဧပြီလဆန်းနေ့ရက်များတွင် နေ့အပူချိန်များမှာ စံချိန်တင်ပူပြင်းပြီး နေ့အပူချိန်များမှာ အနိမ့်ဆုံး ၄၀ ဒီဂရီစင်တီဂိတ်မှ အမြင့်ဆုံး ၄၂ ဒီဂရီစင်တီဂရိတ်အထိ ပူပြင်းခဲ့ပြီးနောက် ဧပြီလ ၁၉ ရက် ညနေ့တွင်မှု မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းများ ဆက်တိုက်ဖြစ်ပေါ်ပြီး မိုးများသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း ဒေသခံများက ပြောသည်။ "ဒီမှာ သင်္ကြန်မကျခင်နဲ့ သင်္ကြန်တွင်းမှာ တအားပူတယ်။ နှစ်ဆန်း သုံးရက်နေ့ ညနေကျတော့ လေတွေမှုန်၊ မိုးတွေအုံ့လာပြီး မိုးတွေဆက်တိုက် ခြိမ်းတော့တာပဲ။ တစ်ခါများဆို လျှပ်စီးရောမိုးကြိုးပါ တစ်ခါတည်း ပစ်ချလိုက်တာ အသံမှအကျယ်ကြီး" ဟုမုံရွာမြို့ခံတစ်ဦးက ပြောသည်။

ယင်းဒေသခံပြောသည့် မိုးကြိုးပစ်ခြင်းကြောင့် မုံရွာမြို့သစ်ရပ်ကွက်မှ ကလေးငယ်တစ်ဦး မိုးကြိုးထိမှန်ကာ သေဆုံးခဲ့ကြောင်း မြို့သစ်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။ ထို့အပြင် လေပြင်းများပါ တိုက်ခတ်ခဲ့ပြီး သစ်ပင်ငယ် အချို့ပြိုလဲခဲ့ရသည်ကိုတွေ့ခဲ့ရကြောင်း မုံရွာမြို့ခံတစ်ဦးကပြောသည်။

နွေရာသီကာလ ရောက်တိုင်းပင် ဖြစ်ပေါ်တတ်သော မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များကို အမြဲကြုံတွေ့နေရလေ့ရှိသည်။

မိုးလေဝသ ပညာရှင်ဒေါက်တာထွန်းလွင်ကလည်း ယခုကာလတွင် မိုးတိမ်တောင်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ ရုတ်တရက်မိုးရွာခြင်း စသည့်ရာသီဥတုဖြစ်စဉ်များကိုအထူးသတိပြုရန်လိုကြောင်း ပြောကြားထားသည်။

Environment Cartoon




# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ နေနိုင်ရေး ဆွေးနွေး

အိမ့်ဖြူမွန်

ရန်ကုန်၊ မေ – ၂၁

ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်မှုရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများကိုစိစစ်ပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်ရေး လုပ်ဆောင်ရန် နည်းလမ်းများဆွေးနွေးခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ သတင်းရရှိသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်မှုရှိခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၏ အချက်အလက်များကို ကောက်ယူရန် working Group များဖွဲ့စည်းခဲ့ပြီး ယင်းအချက်အလက်များကို မေလကုန်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ယင်းမှတစ်ဆင့် ရာသီဥတု ပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေစွာ နေထိုင်ရေးတို့ လုပ်ဆောင်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရာသီဥတုပြောင်းလဲခြင်း အချက်အလက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ သစ်တောရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်တို့က ကောက်ယူမည်ဖြစ်သည်။

"ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း စောင့်ကြည့်တဲ့အဖွဲ့ကို တင်မယ့် ရာသီဥတုပြောင်းလဲခြင်း အစီရင်ခံစာထဲက အချက်အလက်တွေကိုလည်းသုံးမှာပါ။ မြန်မာနိုင်ငံမှာတော့ NAPA (လိုက်လျောညီထွေစွာနေထိုင်ရေး) ဟာ ပထမဦးဆုံးလုပ်တာပါ။ ဒီအဖွဲ့က ဇန်နဝါရီလလောက်မှာ ရှေ့နေချုပ်ရုံးကနေတရားဝင်ခွင့်ပြုထားတဲ့အဖွဲ့တစ်ခုပါ။ ၂၀၁၀ ခုနှစ်စတင်ခဲ့တာပါ။ ရာသီဥတုပြောင်းလဲခြင်း အစီရင်ခံစာက UN ကိုတင်တဲ့ ပရောဂျက်တစ်ခုပါ။ NAPA နဲ့တော့ မဆိုင်ဘူး။ NAPA ကဘယ်လိုလုပ်မယ်ဆိုတာဆွေးနွေးပြီးလက်တွေ့လုပ်ဆောင်တဲ့အဖွဲ့ပါ" ဟုအထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ယင်းအဖွဲ့အနေဖြင့် ကနဦးအစတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှုရှိခဲ့သော ကဏ္ဍများကို လိုက်လံစိစစ်ပြီး ထိခိုက်ဆုံးရှုံးမှုများအား လျော့ကျစေရေးအတွက် အသေးစိတ်အချက်အလက်များကို မေလအကုန် ဆွေးနွေးပွဲအပြီးတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတွင် ၁၈ နှစ်အတွင်းဖြစ်ပေါ်ခဲ့သော ရာသီဥတုပြောင်းလဲခြင်း အစီရင်ခံစာတစ်ခုကိုပထမဦးဆုံးအနေဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း စောင့်ကြည့်ရေးအဖွဲ့သို့ ၂၀၁၀ ခုနှစ်က ပေးပို့ခဲ့သည်။

# ချောင်းသာတွင် သဘာဝ ပတ်ဝန်းကျင်အကြောင်း ဟောပြောမည်

အောင်သူရ

ရန်ကုန်၊ မေ – ၂၂

ချောင်းသာကမ်းခြေတွင် ပြောင်းလဲလာသော ရာသီဥတုနှင့်ထိန်းသိမ်းရန်လိုအပ်သော သဘာဝပတ်ဝန်းကျင်အကြောင်း ဟောပြောပွဲကိုမေလ ၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရာသီဥတုနှင့်ပတ်သက်၍ ဒေါက်တာထွန်းလွင်က ဟောပြောမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ဆရာဦးအုန်းမှဟောပြောဆွေးနွေးမည် ဖြစ်သည်။ "ရွာတစ်ရွာကို အနည်းဆုံး လူ ၁၀ ဦးမဖြစ်မနေလာဖို့ဖိတ်မယ်။ ထမင်းကျွေးဖို့လည်း စီစဉ်ပေးမယ်" ဟုဟောပြောပွဲစီစဉ်ဆောင်ရွက်သူ ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်းမှ ဦးကျော်တိုးက ပြောသည်။



# Tourism

7 DAY NEWS JOURNAL

Vol.10, No.6 • APRIL 28, 2011




ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်တွင်တွေ့ရသည့် နိုင်ငံခြားဧည့်သည်များ။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ပုဂံရှိ သီရိပစယာ ဆန်ကျူရီ ရီဆော့တ်ကို ပြန်လည်ပြုပြင်ရန် ယာယီပိတ်မည်

အောင်သူရ

ရန်ကုန်၊ မေ - ၂၃

ပုဂံဒေသရှိရောဝတီမြစ်ကမ်း၌တည်ဆောက်ထားသော Thiripyitsaya Sanctuary Resort ကိုအခန်းများ အကြီးစားပြုပြင်ရန်ရှိသဖြင့် ရက်ပေါင်း ၄၀ ပိတ်ထားမည်ဖြစ်ကြောင်း အဆိုပါဟိုတယ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အခန်းများ၏ ကြမ်းခင်းများအား အဓိကထား၍ အဆင့်မြှင့်တင်ပြုပြင်ရန်အတွက် ဇွန်လ ၁ ရက်မှ ဇူလိုင်လ ၁၀ ရက်အထိ ဟိုတယ်အား ယာယီပိတ်ထားမည်ဖြစ်ပြီး ဇူလိုင်လ ၁၁ ရက်တွင်ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဧည့်သည်များဝင်ရောက်မှုများပြားလာရန် အလားအလာကောင်းများရှိနေ၍ ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့်ရန်ကုန်မြို့အပါအဝင် အခြားသော ဒေသရှိဟိုတယ်များ၊ အခန်းများပါပြုပြင်ရန် စီစဉ်နေကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပုဂံသီရိပစ္စယာရီဆော့တ်အား၁၉၉၆ခုနှစ်ကစ၍ အစိုးရထံမှဂျပန်စီးပွားရေးလုပ်ငန်းရှင်များက လွှဲပြောင်းလုပ်ကိုင်ခဲ့ပြီး စုစုပေါင်း အခန်း ၇၆ ခန်းရှိကြောင်း သိရသည်။

## မြန်မာနိုင်ငံ၏ခရီးသည်ဝင်ထွက်မှု ပမာဏ ၂၇ ရာခိုင်နှုန်းတိုးတက်

နေလင်းအောင်

ရန်ကုန်၊ မေ - ၂၃

ယခုနှစ် ခရီးသွားရာသီကာလတွင် ခရီးသည်ဝင်ထွက်မှု ၁ ဒသမ ၂ သန်းအထိ တိုးတက်လာရာ ယမန်နှစ်ထက် ၂၇ ရာခိုင်နှုန်းပိုမိုတိုးတက်လာပြီဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံမှ နိုင်ငံတကာသို့ ချိတ်ဆက်ပျံသန်းသည့် လေကြောင်းလိုင်းအရေအတွက်မှာ ၄၃ လိုင်းအထိရှိနေပြီး ပြီးခဲ့သည့်နှစ်အတွင်း ယင်းလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၃၃ သန်းဝန်ဆောင်ခအဖြစ် ရရှိခဲ့ကြောင်း ယခုလ ၁၃ ရက်ထုတ်ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံမှ နေ့စဉ်ဖြတ်သန်းသည့် လေယာဉ်အစင်းရေ ၄၂၀ ခန့်အထိရှိနေပြီး နှစ်စဉ်လေယာဉ်အစင်းရေ ၁ ဒသမ ၅ သိန်းအား ထိန်းသိမ်းလမ်းညွှန်ပေးလျက်ရှိကြောင်း ကြေးမုံသတင်းစာတွင် ထုတ်ပြန်ထားသည်။

## PHOTO NEWS



***မြန်မာနိုင်ငံ၏ ရှေးဟောင်းမြို့တော် ပုဂံဒေသသို့ လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား အာနန္ဒာစေတီတော်အနီး ယခုလဆန်းပိုင်းက တွေ့ရစဉ်။***


ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)




7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# Cartoon

The Cartoon Logo














7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# ထိုင်းရေသဘင်ပွဲတော်တွင် လူ ၂၇၁ ဦး သေဆုံးပြီး ၃၀၀၀ ကျော်ဒဏ်ရာရ

**ဘန်ကောက်၊ ဧပြီ - ၁၈**

ထိုင်းနိုင်ငံတွင် ဧပြီ ၁၁ မှ ၁၇ ရက်အထိကျင်းပခဲ့သော နှစ်သစ်ကူးရေသဘင်ပွဲတော်အတွင်း လမ်းပေါ်၌မတော်တဆမှု ပေါင်း ၃,၂၁၅ မှုဖြစ်ပွားခဲ့ကာ သေဆုံးသူ ၂၇၁ ဦး၊ ဒဏ်ရာရရှိ သူ ၃,၄၇၆ ဦးရှိခဲ့ ကြောင်း အစိုးရဘေးအန္တရာယ် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ဖော်ပြသည်။ သို့သော် ယင်းဌာနက လမ်းပေါ်မတော်တဆမှုများမှာ ယမန်နှစ်ကထက်စာလျှင် ၂၄ ဒသမ ၉၃ ရာခိုင်နှုန်းလျော့နည်းခဲ့ ကြောင်း



ဆိုသည်။

နှစ်သစ်ကူး အားလပ်ရက်ကာလတွင် ဆိုင်ကယ်စီးသူအများစုမှာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး လမ်းပေါ်၌ လူ ၄၂ ဦး သေဆုံးခဲ့ကာအခြား ၁၀၄ ဦးမှာ မတော်တဆဖြစ်စဉ် ၂၁၈ ခုတွင်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၏ နှစ်သစ်ကူးရေသဘင်ပွဲတော်ဖြစ်သည့် ဆုန်ခရန်ပွဲတော်သည် ယခုနှစ်တွင် ဧပြီ ၁၃ မှ ၁၇ ရက်များအတွင်း ကျရောက်ခဲ့သည်။ အဆိုပါအားလပ်ရက်ကာလတွင် ထိုင်းလူမျိုးအများစုသည်ဇာတိမြေသို့ အလည်ပြန်လေ့ရှိပြီး ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။

—*Ref: AFP*

# စင်ကာပူနှင့် မလေးရှားနှစ်နိုင်ငံအကြား ဖုန်းခေါ်ဆိုမှု နှုန်းထားများ လျှော့ချမည်

**စင်ကာပူ၊ ဧပြီ - ၂၀**



စင်ကာပူနှင့် မလေးရှားနှစ်နိုင်ငံတို့သည် လာမည့်မေလ ၁ ရက်မှစ၍ ၎င်းတို့နှစ်နိုင်ငံအကြား ဖုန်းခေါ်ဆိုမှုနှုန်းထားများကို အဆင့်လိုက်လျှော့ချသွားတော့မည်ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့်စင်ကာပူမှ မိုဘိုင်းဖုန်းအသုံးပြုသူများသည် စကားပြောခေါ်ဆိုမှုများအတွက် ကုန်ကျစရိတ်မှာ ယခင်ထက် ၃၀ ရာခိုင်နှုန်း လျော့နည်းသွားပြီး မလေးရှားဘက်သို့ရောက်ချိန်တွင်စာတိုပေးပို့မှု(အက်စ်အမ်အက်စ်) ပြုလုပ်ပါက ၅၀ ရာခိုင်နှုန်း ပိုမိုသက်သာသွားမည်ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စင်ကာပူမှ အိုင်ဒီအေဆက်သွယ်ရေးအဖွဲ့၏ ဒါရိုက်တာ လီယောင်ကင်ထိုင်းက "စင်ကာပူမိုဘိုင်းဖုန်းသုံးသူတွေဟာ မလေးဘက်ကို အလည်သွားရင် ကုန်ကျစရိတ်ပိုနည်းသွားတော့မှာပါ။ ဖုန်းခေါ်ဆို မှုတွေ ပိုလုပ်နိုင်သလို စာတိုပေးပို့မှုတွေကိုလည်း ကုန်ကျစရိတ်နည်းနည်းနဲ့ ပြုလုပ်နိုင်မှာပါ" ဟု ပြောသည်။ ထိုကဲ့သို့ ဖုန်းခေါ်ဆိုမှုကောက်ခံသည့် နှုန်းထားများ လျှော့ချခြင်းသည် အာဆီယံဆက်သွယ်ရေးဝန်ကြီးများ ၂၀၀၈ ခုနှစ်ကတွေ့ဆုံစည်းဝေးခဲ့အပြီးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ မလေးရှားသည် စင်ကာပူနိုင်ငံသားများအတွက် အဓိကဖုန်းခေါ်ဆိုရာ ဈေးကွက်ကြီးဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် နှစ်နိုင်ငံအကြား အပြန်အလှန်ဖုန်းခေါ်ဆိုဆက်သွယ်မှုများမှာ မိနစ်ပေါင်းသန်း ၁၀၀ ရှိခဲ့ကြောင်း သိရသည်။

—*Ref: AFP*

# တောင်ကိုရီးယား ကုန်သင်္ဘောတစ်စီး အိန္ဒိယသမုဒ္ဒရာအတွင်း တိုက်ခိုက်ခံရ

**ဆိုးလ်၊ ဧပြီ - ၂၁**

တောင်ကိုရီးယား ကွန်တိန်နာတင်သင်္ဘောတစ်စီးသည် အိန္ဒိယသမုဒ္ဒရာတွင် ပင်လယ်ဓားပြများ၏တိုက်ခိုက်မှုခံခဲ့ရပြီး ပြန်ပေးဆွဲခံခဲ့ရသည်ဟု ယုံကြည်ရကြောင်း တောင်ကိုရီးယား အရာရှိများက ပြောကြားသည်။

တောင်ကိုရီးယား သင်္ဘောသား ၁၄ ဦးနှင့် အင်ဒိုနီးရှားသင်္ဘောသား ၆ ဦးပါဝင်သော တန်ချိန် ၇၅,၀၀၀ ရှိသော ဟန်ဂျင်းတီယန်ဂျင်း သင်္ဘောသည် ဧပြီလ ၂၁ ရက် ကိုရီးယားစံတော်ချိန်နံနက် ၅ နာရီ ၁၅ မိနစ်တွင်တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ဆိုးလ်မြို့အခြေစိုက် ဟန်ဂျင်းသင်္ဘောကုမ္ပဏီက ပြောကြားသည်။

"သင်္ဘောပြန်ပေးဆွဲခံရတယ်လို့ယုံကြည်ပါတယ်" ဟုနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ချိုဗြွန်ဂျေးကပြောကြားသည်။

ဆိုမာလီယာ ပင်လယ်ကမ်းရိုးတန်းတွင် ကင်းလှည့်နေသည့် တောင်ကိုရီးယား ရေတပ်သင်္ဘောတစ်စီးသည် အခင်းဖြစ်ပွားရာရေပြင်သို့ အလျင်အမြန်သွားရောက်နေကြောင်း တောင်ကိုရီးယား ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသော်လည်း အသေးစိတ်ကိုမူ မပြောကြားပေ။

ကုန်သေတ္တာပေါင်း ၆,၅၀၀ တင်ဆောင်ထားသော သင်္ဘောသည် ဥရောပမှ စင်ကာပူသို့ ခုတ်မောင်းနေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု တောင်ကိုရီးယား၏ အကြီးဆုံး သင်္ဘောကုမ္ပဏီဟန်ဂျင်းက ထုတ်ပြန်ကြေညာသည်။

—*Ref: AFP*



7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011



## စာ(၄၆) - အီဂျစ်နိုင်ငံရေးခေါင်းဆောင် မိုဟာမက်အယ်လ်ဘာရာဒိုင်းနှင့် တွေ့ဆုံခြင်း မှ

စစ်တပ်ခေါင်းဆောင်တွေသာ သူတို့အလုပ်ကို ရိုးရိုးသားသားလုပ်သွားတာနဲ့အမျှ ဒီကိစ္စဆယ်လကြာကြာ၊တစ်နှစ်ကြာကြာ အရေးမကြီးတော့ပါဘူး။ ကျွန်တော်တို့ဟာ ပါလီမန်ရွေးကောက်ပွဲတွေအတွက် ပြင်ဆင်မှုတွေ၊ အခြေခံဥပဒေအသစ်အတွက် ဆွေးနွေးမှုတွေကို အလျင်စလို မလုပ်သင့်ပါဘူး။


**ဒီလိုဆိုတာဟာ လူကြီးမင်းအနေနဲ့ စစ်ကောင်စီကို အချိန်ပိုကြာကြာ အာဏာအပ်ထားဖို့ ဘက်လိုက်ပြောပေးနေသလိုပါပဲ။**

ဒါနဲ့ပတ်သက်လို့ ကျွန်တော့်မှာပြဿနာမရှိပါဘူး။ အရှေ့ဥရောပက ခေါင်းဆောင်တော်တော်များများနဲ့ ကျွန်တော်တွေ့တော့ သူတို့က ဒီနိုင်ငံတွေကလည်း အခုလိုမျိုးတူညီတဲ့ အသွင်ပြောင်းလဲမှုကို ကြုံတွေ့ခဲ့ကြတာပါ။ လွတ်လပ်ပြီး တရားမျှတဲ့ ရွေးကောက်ပွဲတွေကို ကျွန်တော်တို့မြန်မြန်ကြီး ကျင်းပလိုက်နိုင်ကြတယ်။ ဒါပေမဲ့ (ပြည်သူကို) ကိုယ်စားမပြုနိုင်ဘူးဆိုပါတော့။ အဲဒါဘာကောင်းလဲ။ အရေးကြီးတာက ကျွန်တော်တို့ဟာ အချိန်ဇယား ရှိရပါမယ်။ အဆုံးတစ်နေ့မှာတော့ စစ်တပ်ကလည်း သူ့စစ်တန်းလျားတွေဆီပြန်မှာပါ။

**လူကြီးမင်းရဲ့ နိုင်ငံရေးအတွေ့အကြုံဆိုးတွေက ကိုင်ရိုမှာ သမ္မတရွေးကောက်ပွဲ ဝင်မပြိုင်ဖြစ်အောင် တားဆီးနိုင်ခဲ့ပုံမပေါ်ဘူးထင်ပါတယ်။**

အခုလတ်တလောမှာတော့ ဒီနှစ်ကုန်လုပ်မယ်လို့ သတ်မှတ်ထားတဲ့ သမ္မတရွေးကောက်ပွဲမှာ ဝင်ပြိုင်ဖို့ ကျွန်တော်ယုံကြည်မှုရှိနေပါတယ်။ ကျွန်တော်တို့ဒီမိုကရေစီနည်းကျ အခြေအနေတွေကို ဖန်တီးနိုင်မှာပါ။

*—Ref: Spiegel Interview with Mohamed ElBaradei*




# ပါရာဂွေးသမ္မတ ဖာနန်ဒိုလူဂို

ရဲမင်း

ဖာနန်ဒိုအာမင်ဒိုလူဂိုမင်းဒက်စ်သည် ပါရာဂွေးနိုင်ငံ၏ လက်ရှိသမ္မတဖြစ်ပြီး ရိုမန်ကက်သလစ်ဘုန်းတော်ကြီးဟောင်း တစ်ဦးဖြစ်သည်။

ငယ်စဉ်က လူဂို၏ မိသားစုသည်ထူးထူးခြားခြား ဘာသာရေးမကိုင်းရှိုင်းဟု လူဂိုကိုယ်တိုင်ဝန်ခံထားသော်လည်း နိုင်ငံရေးလွှမ်းမိုးမှုမှာ အထူးသဖြင့် များပြားခဲ့သည်။ လူဂို၏ ဖခင်သည် အကြိမ်နှစ်ဆယ်ထောင်ကျခဲ့ပြီး ၎င်း၏ မိခင်ဘက်မှ ဦးလေးမှာ ကိုလိုရာဒိုပါတီအား ဆန့်ကျင်သူဖြစ်ကာ ဗိုလ်ချုပ်ကြီး စထရိုအက်စ်နာ အစိုးရအဖွဲ့က ဖမ်းဆီး၍ ပြည်နှင်ဒဏ်ပေးခြင်းခံခဲ့ရသည်။ ၎င်း၏ ညီအစ်ကိုမောင်နှမအချို့မှာလည်း ပြည်နှင်ဒဏ်ပေးခြင်း ခံခဲ့ရသည်။

လူဂိုသည် ၎င်း၏ အခြေခံပညာရေးအား အင်ကာနီစီယွန်ရှိ ဘာသာရေးစာသင်ကျောင်းတွင် စတင်သင်ကြားခဲ့သည်။ လမ်းပေါ်၌ဈေးရောင်းရင်း ကျောင်းတက်ခဲ့ရသည်။ အသက် ၁၇ နှစ်၊ ၁၈ နှစ်ခန့်တွင် ၎င်းဖခင်၏ဆန္ဒကို ဆန့်ကျင်၍ သာမန်ကျောင်းသို့ ပြောင်းတက်ကာ ကျေးလက်ကျောင်းတစ်ကျောင်းတွင်ကျောင်းဆရာအဖြစ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ကျေးလက်ပြည်သူများမှာ ဘာသာတရားကိုင်းရှိုင်းကြသော်လည်း ၎င်းတို့ဒေသတွင် တရားဟောဆရာ မရှိသည်ကို မြင်တွေ့ရသောအခါ လူဂိုသည် အသက် ၁၉ နှစ်အရွယ်တွင် Society of the Divine Word ဘာသာရေးကျောင်းသို့ တက်ရောက်ရန် ဆုံးဖြတ်ခဲ့ပြီး အသက် ၂၆ နှစ်တွင် တရားဟောဆရာဖြစ်လာသည်။ ၎င်းနောက် အီကွေဒေါနိုင်ငံသို့ သာသနာပြုအဖွဲ့နှင့် ငါးနှစ်ကြာ သွားရောက်တာဝန်ထမ်းဆောင်ရသည်။

လူဂိုသည် ၁၉၈၂ ခုနှစ်တွင် ပါရာဂွေးနိုင်ငံသို့ ပြန်လာခဲ့သော်လည်းပြည်နှင်ဒဏ်ခံခဲ့ရသည်။ ရောမမြို့တွင် ဘာသာရေးသင်ခန်းစာများ ငါးနှစ်ကြာဆက်လက်သင်ယူခဲ့သော လူဂိုသည် ၁၉၈၇ ခုနှစ်တွင် ပါရာဂွေးနိုင်ငံသို့ပြန်ရောက်လာခဲ့ရာ ထိုအချိန်တွင်၎င်းအား ပြည်နှင်ဒဏ်ပေးခဲ့သောစထရိုအက်စ်နာအစိုးရအဖွဲ့ ပြုတ်ကျသွားခဲ့ပြီဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် ဘုန်းတော်ကြီးအဖြစ် ချီးမြှောက်ခံရသော ဖာနန်ဒိုလူဂိုသည် ပါရာဂွေးနိုင်ငံ၏ အဆင်းရဲဆုံးခရိုင် ဆန်ပီဒရိုတွင် တာဝန်ထမ်းဆောင်ရသည်။ ၂၀၀၅ ဇန်နဝါရီ ၁၁ ရက်တွင် ဆန်ပီဒရိုဘုန်းတော်ကြီးအဖွဲ့မှ နုတ်ထွက်ခဲ့ပြီးနောက် ဖာနန်ဒိုလူဂိုသည် မြေယာဖြန့်ဝေပေးရေး စနစ်ပိုမိုကောင်းမွန်ရေး၊ လယ်သမားများ၏ တောင်းဆိုမှုကို ထောက်ခံရင်း အမျိုးသားနိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လာခဲ့သည်။

၂၀၀၆ ခုနှစ်တွင်ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့သော လူထုထင်မြင်ချက် စစ်တမ်းအရ ဖာနန်ဒိုလူဂိုသည် "ဆင်းရဲသားများ၏ ဘုန်းတော်ကြီး" အဖြစ် ပါရာဂွေးနိုင်ငံအား လွှမ်းမိုးနေသော ကိုလိုရာဒိုပါတီကို အခြိမ်းခြောက်နိုင်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း ပေါ်ထွက်လာခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံမှ ဟူဂို ချားဗက်စ်၏ အစိုးရအဖွဲ့မှာ စိတ်ဝင်စားစရာကောင်းသည်ဟု ပြောကြားခဲ့သော်လည်း ဖာနန်ဒိုလူဂိုသည် လက်တင်အမေရိကရှိ လက်ဝဲခေါင်းဆောင်များနှင့် ဝေးဝေးနေခဲ့ပြီး ပါရာဂွေးနိုင်ငံတွင် လူမှုရေးသာတူညီမျှရှိရေးကိုသာ အာရုံစိုက်ထားခဲ့သည်။

သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖာနန်ဒိုလူဂိုသည် ၂၀၀၇ အောက်တိုဘာလတွင် ခရစ်ယာန်ဒိုမိုကရက်တစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ၎င်း၏ပါတီသည် အခြားအတိုက်အခံပါတီ ၁၂ ခုနှင့် မဟာမိတ်ဖွဲ့ပြီးနောက် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၀၈ ခုနှစ် ဧပြီလ ၂၀ ရက်ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့ပြီး ယင်းနှစ် ဩဂုတ်လ ၁၅ ရက်တွင် ပါရာဂွေးနိုင်ငံ၏ သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဖာနန်ဒိုလူဂိုတွင် အိမ်ထောင်မရှိပေ။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ထိုင်းနှင့်ကမ္ဘောဒီးယား နယ်စပ်တိုက်ခိုက်မှုတွင် ၁၂ ဦးသေဆုံး မှ



ထိုင်းဘက်မှ ချောင်းမြောင်းပစ်ခတ်သူတစ်ဦးကြောင့် ၎င်းတို့တပ်ဖွဲ့ဝင်တစ်ဦး ကင်းလှည့်နေစဉ်သေဆုံးခဲ့ကြောင်း ကမ္ဘောဒီးယားမြေပြင်ကွပ်ကဲရေးမှူးဆော့ဆ်ဆိုသီက အေအက်ဖ်ပီသတင်းဌာနအား ပြောကြားသည်။

လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု သုံးရက်ကြာ ဖြစ်ပေါ်ခဲ့ပြီးနောက် နယ်စပ်တစ်လျှောက် တိုက်ခိုက်မှုများ လျော့ပါးလာပုံရကြောင်း၊ သို့သော် တင်းမာသောရင်ဆိုင်မှုရှိနေဆဲဖြစ်ကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

ဖေဖော်ဝါရီလအတွင်းကလည်းပရီဗီဟာရှေးဟောင်းဘုရားကျောင်းအနီးတွင်နှစ်ဖက်ငြိစွန်းတိုက် ခိုက်မှုကြောင့် ၁၀ ဦးသေဆုံးခဲ့ရသည်။ ယခုတိုက်ခိုက်မှုများ ဖြစ်ပွားရာနေရာမှာ ပရီဗီဟာဘုရားကျောင်းမှ မိုင် ၉၀ ခန့်ကွာဝေးသော နေရာရှိ ဘုရားကျောင်းအုပ်စုအနီးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

*—Ref: AFP*

## နောက်ကျောဖုံး - လေကြောင်းတိုက်ခိုက်မှုကြောင့် ကဒါဖီ ံုး ပျက်စီး မှ

"ဒါဟာ ဗိုလ်မှူးကြီး ကဒါဖီကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးပမ်းချက်ပါ"ဟု၎င်းကပြောသည်။

ကဒါဖီ၏သား ဆာအစ်အယ်လ်အစ္စလာမ်ကမူ ယင်းသို့ဗုံးကြဲတိုက်ခိုက်ခြင်းမှာ သူရဲဘောကြောင်သော လုပ်ရပ်သာဖြစ်ကြောင်း ပြောကြားသည်။




နေတိုးစစ်လေယာဉ်များသည် ဘက်အယ်လ်အဇီဇီယာခရိုင်တွင်ရှိသော ကဒါဖီ၏ နေအိမ်ခြံဝင်းအား လွန်ခဲ့သည့်သုံးရက်ကပင် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ကဒါဖီ၏ ရုံးနှင့် မျက်နှာချင်းဆိုင်အစည်းအဝေးခန်းမမှာလည်း ဗုံးကြဲတိုက်ခိုက်မှုကြောင့် အကြီးအကျယ်ပျက်စီးသွားခဲ့ သည်။ ယင်းအဆောက်အအုံမှာ လွန်ခဲ့သောရက်သတ္တပတ်နှစ်ပတ်က အာဖရိကခေါင်းဆောင်များ မစ္စတာကဒါဖီနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးအစီအစဉ်တစ်ခု တင်ပြခဲ့သောနေရာဖြစ်သည်။ ၎င်းငြိမ်းချမ်းရေးအစီအစဉ်ကို ကဒါဖီ အစိုးရက လက်ခံခဲ့သော်လည်း သူပုန်များက ပယ်ချခဲ့သည်။ မဟာမိတ်တပ်ဖွဲ့များသည် ကဒါဖီ၏ သမ္မတအိမ်တော်အတွင်းမှ အဆောက်အအုံတစ်ခုကိုလည်းကွပ်ကဲရေးဌာနဟု ကင်ပွန်းတပ်ကာ ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

*—Ref: AFP*

## နောက်ကျောဖုံး - အိန္ဒိယစားသုံးသူများ လေကြောင်းခရီးအတွက် ပိုမိုကုန်ကျခံရမည် မှ

တိုးမြင့်လာသော လေယာဉ်ဆီကုန်ကျစရိတ်များအတွက် ကင်းဖစ်ရှာလေကြောင်းလိုင်းသည် စားသုံးသူများထံသို့ လေယာဉ်ဆီအတွက် အပိုဆောင်းကြေးအဖြစ် လက်ဆင့်ကမ်းသွားမည်ဖြစ်ကြောင်း၊ အခြားလေကြောင်းလိုင်းများသည်လည်း ယင်းကဲ့သို့ လုပ်ဆောင်ကြရမည်သာဖြစ်ကြောင်း Kingfisher



လေကြောင်းလိုင်း ဥက္ကဋ္ဌ ဗီဂျေမော်လ်ယာက ပြောကြားသည်။

*—Ref: CNA*

## နောက်ကျောဖုံး - ဂျပန်နိုင်ငံတွင် လူအများအပြားက နျူကလီးယားစွမ်းအင်အပေါ် ဆန့်ကျင်ဆန္ဒပြ မှ

နျူကလီးယား စွမ်းအင်၏ အန္တရာယ်များကို သိရှိနိုင်ရန် ဂျာမနီနိုင်ငံမှာကဲ့သို့လူအများအပြားအားစည်းရုံးလှုံ့ဆော်သွားရမည်ဖြစ်ကြောင်း ဆန္ဒပြပွဲတွင် ဒုတိယအကြိမ်ပါဝင်လာသူ ကျောင်းဆရာမ ယိုကိုအိုနူမာ (၄၈ နှစ်) ကလည်း ပြောကြားသည်။

*—Ref: AFP, The Hindu*



7DAY NEWS JOURNAL
Vol.10, No.6 ▪ APRIL 28, 2011

# အီဂျစ်ဟာ သိပ်အရေးကြီးတဲ့ အဆင့်တစ်ခုကို ရောက်ရှိနေပါတယ်

## အီဂျစ်နိုင်ငံရေးခေါင်းဆောင် မိုဟာမက်အယ်လ်ဘာရာဒိုင်းနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

တစ်ချိန်က နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) ရဲ့ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ မိုဟာမက်အယ်လ်ဘာရာဒိုင်းဟာ နိုဘယ်ငြိမ်းချမ်းရေးဆုရ ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါတယ်။ ၎င်းဟာ အေဂျင်စီရဲ့ အကြီးအကဲရာထူးမှ အနားယူပြီးတဲ့နောက် အီဂျစ်မှာထင်ရှားတဲ့ အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့ပါတယ်။ ယခုတော့အီဂျစ်မှာ နိုင်ငံရေးမုန်တိုင်းပြီးဆုံးပြီးနောက် နှစ်ကုန်ပိုင်းမှာလည်း လွတ်လပ်ပြီး တရားမျှတတဲ့ဒီမိုကရေစီနည်းကျတဲ့ အီဂျစ်သမ္မတရွေးကောက်ပွဲကို ကျင်းပဖို့ရှိပါပြီ။ ဒါ့ကြောင့် အီဂျစ်မှာ လူသိများထင်ရှားသလို နိုင်ငံတကာမှာလည်း လူသိများတဲ့ မစ္စတာ အယ်လ်ဘာရာဒိုင်းဟာ သမ္မတရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ပြင်ဆင်နေပါတယ်။ အယ်လ်ဘာရာဒိုင်းနဲ့ အင်တာဗျူးအချို့ကို ယခင်ကလည်း 7Day News မှာ ဖော်ပြခဲ့တာတွေ ရှိပါတယ်။ ယခု ဖော်ပြမယ့် အင်တာဗျူးကတော့ ဧပြီ ၁၉ ရက်နေ့စွဲနဲ့ စပိုင်းဂဲလ် မီဒီယာမှာ ဖော်ပြခဲ့တဲ့ နောက်ဆုံး အင်တာဗျူးပါပဲ။



**မစ္စတာအယ်လ်ဘာရာဒိုင်းခင်ဗျား ရာထူးကနုတ်ထွက်ဖို့ ကိုးပတ်ကျော်ကြာအောင် ဖိအားပေးခံရပြီးတဲ့နောက်မှာတော့ အီဂျစ်သမ္မတဟောင်း ဟို့စနီမူဘာရက်ဟာ ယခုတော့အထိန်းသိမ်းခံနေရပါပြီ။ ဒီကိစ္စက လူကြီးမင်းကို ပျော်ရွှင်စေပါသလား။**

ဟုတ်ကဲ့။ အီဂျစ်သမ္မတနိုင်ငံသစ်ဆီ အကူးအပြောင်းကာလကိုအာမခံပေးခဲ့တဲ့ စစ်ကောင်စီနဲ့ အစိုးရက ဒီကိစ္စကို သူတို့ကိုယ်တိုင်လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အံ့သြစရာပါ။ ဒါက ကျွန်တော်တို့ရဲ့တော်လှန်ရေးအတွက် အရေးပါတဲ့နောက်ထပ်ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါဟာ မူဘာရက်နဲ့ သူ့ရဲ့ စနစ်ထဲပါဝင်သူ အခြားမည်သူ့ကိုမဆို အရေးယူရမယ့်အချိန်လည်း ဖြစ်ပါတယ်။

**မူဘာရက်ရဲ့ သားတွေဖြစ်တဲ့ ဂမဲလ်နဲ့ အာလာတို့ကိုလည်း ထိန်းသိမ်းထားလိုက်ပြီနော်။**

ဒီဖမ်းဆီးမှုတွေက အချိန်တော်တော်နှောင်းနေခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်တွေကပဲ ဒီလိုထိန်းသိမ်းမှုလုပ်ဖို့ ဆန္ဒပြသူတွေက တောင်းဆိုခဲ့ကြတာပါ။

**တာရီရာရင်ပြင်မှာ ဆန္ဒပြမှုတွေသာမဖြစ်ခဲ့ရင် မူဘာရက်ဟာလည်း ဒီနေ့ကာလမှာ အထိန်းအသိမ်းခံနေရမှာ မဟုတ်ဘူးထင်ပါတယ်။**

အနည်းဆုံးတော့ ဒီကိစ္စမှာ စစ်တပ်ခေါင်းဆောင်ဟာ ဖိအားလိုအပ်ခဲ့ပုံပေါ်ပါတယ်။ မူဘာရက်ကို ထိန်းသိမ်းထားခြင်းဟာ ဗိုလ်ချုပ်ကြီးတွေအပေါ် လူထုရဲ့ယုံကြည်မှုကို အတိအကျအားကောင်းအောင်တော့ မလုပ်နိုင်ပါဘူး။ ဒါ့ကြောင့် ဒီဘက်နှစ်ဖက်ရဲ့ဆက်ဆံရေးဟာ တင်းမာနေဆဲဖြစ်နေတာပေါ့။ ဒါပေမဲ့ စစ်တပ်ခေါင်းဆောင်တွေဟာ သူတို့ရဲ့အခန်းကဏ္ဍသစ်ကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ တစ်ဆင့်ချင်းသင်ယူနေပါပြီ။ သူတို့မှာ အခုနိုင်ငံရေး တာဝန်ရှိနေပြီဆိုတာလည်း နားလည်နေကြပါပြီ။ သူတို့ဟာ ဒီတာဝန်ကို ယူရမယ်။ မလုပ်နိုင်ရင် ဝေဖန်ခံရပါလိမ့်မယ်။ ဒါဟာသူတို့အတွက် အခန်းကဏ္ဍသစ်ပါပဲ။ မကြာခင် သူတို့နေသားကျသွားမှာပါ။

**ဒါဆို လူကြီးမင်းဟာ သမ္မတဟောင်းနဲ့ သူ့သားတွေအမှုရင်ဆိုင်ရတော့မှာ သေချာနေပြီဆိုတာကို သံသယမရှိတော့ဘူးပေါ့။**

စစ်ကောင်စီဟာ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ လာဘ်စားမှုတွေအတွက် တာဝန်ရှိတဲ့ မူဘာရက်နဲ့ လူတိုင်းကို တရားစွဲရုံကလွဲလို့ အခြားရွေးချယ်စရာ မရှိပါဘူး။ ဒီတော်လှန်ရေးရဲ့ အစမှာပဲ ကျွန်တော်သူ့ကို အကြံပေးသလို မူဘာရက်နုတ်ထွက်ခဲ့မယ်ဆိုရင် သူဟာ ဂုဏ်သိက္ခာရှိရှိ လမ်းခွဲနိုင်တဲ့အခွင့်အရေးကို ထိန်းသိမ်းနိုင်မှာပါ။

**ဒါပေမဲ့ မူဘာရက်နဲ့ သူ့ဆွေမျိုးစုဟာ တဖြည်းဖြည်း စုဆောင်းထားပုံရတဲ့ ဒေါ်လာတွေကို ဘီလီယံနဲ့ချီပြီး အဲဒီအချိန်မှာ ဖြုန်းတီးပစ်ခဲ့ပြီးပါပြီ။**

မူဘာရက်ရဲ့ ပိုင်ဆိုင်မှုတွေနဲ့ပတ်သက်လို့ စွပ်စွဲကြတာတွေဟာဘယ်သတင်းရင်းမြစ်ကို အခြေခံသလဲ၊ ဘယ်လောက်မှန်သလဲကျွန်တော်မသိပါဘူး။ ဒီစွပ်စွဲချက်တွေကို တရားခွင်မှာ ရှင်းလင်းဖို့ ကျွန်တော်တို့ စောင့်မျှော်သင့်ပါတယ်။

**မူဘာရက်ဟာ စွပ်စွဲချက်တွေအားလုံးကို သူ့အဖမ်းမခံရခင် ထုတ်ပြန်ခဲ့တဲ့ အသံသွင်းမှတ်တမ်းမှာ ငြင်းဆန်ခဲ့တယ်နော်။**

အဲဒါ စော်ကားခဲ့တာပါပဲ။ အရင်းဆုံးအနေနဲ့ စစ်တပ်ခေါင်းဆောင်ပိုင်းဟာ မူဘာရက်ကို သူ့ငွေတွေ နေရာရွှေ့ဖို့ အချိန်အလုံအလောက် ပေးခဲ့ပါတယ်။ ဒီနောက်တော့ ဆင်းရဲသဃောင်နေဖို့ ခွင့်ပြုခဲ့တယ်။ မူဘာရက်ကို အဲဒီလိုကြေညာချက်မျိုး ထုတ်ပြန်ခွင့်ပေးလိုက်တာဟာ အမှားကြီးတစ်ရပ်ပါပဲ။ ဒီလိုမျိုးကိုယ့်ဘာသာမှန်တယ်လို့ သရုပ်ဖော်ပုံ၊ ဘာစည်းစိမ်မှ မပိုင်ထားပါဘူးလို့ ငြင်းဆန်ပုံ၊ သူ့နာမည်ကို သန့်ရှင်းအောင်ကိုးရိုးကားရားကြိုးစားခဲ့ပုံတွေဟာ လူတွေရဲ့ဆန္ဒပြမှုတွေကို နောက်တစ်ကြိမ် အရှိန်မြှင့်တင်ပေးခဲ့တာပါပဲ။

**လူအများစု အခုပြောနေကြတာကတော့ မူဘာရက်နဲ့ တန်တာဝီ (အီဂျစ်စစ်ကောင်စီဥက္ကဋ္ဌ) တို့ဟာ အတူတူပါပဲတဲ့။ ဒီ ဗိုလ်ချုပ်ကြီးဟာ မူဘာရက်ရဲ့ အနီးကပ်အကြံပေးအဖြစ် နှစ် ၂၀ ကျော်ကြာအောင်လုပ်ခဲ့တာမဟုတ်လား။**

အီဂျစ်ဟာ သိပ်အရေးကြီးတဲ့အဆင့်တစ်ခုကို ရောက်ရှိနေပါတယ်။ အာဏာရှင်အုပ်စိုးမှုကနေ ဒီမိုကရေစီကို သွားမယ့် အပြောင်းအလဲတိုင်းဟာ အလျှော့ပေးစေ့စပ်မှုတွေ ရှိရပါမယ်။ တန်တာဝီနဲ့ စစ်ခေါင်းဆောင်တွေဟာ ဒီလိုအပြောင်းအလဲကို တကယ်စီမံခန့်ခွဲနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**စစ်တပ်ရဲ့ ကတိတွေထဲက တစ်ခုကတော့ ဒီနှစ်ကုန်ထက် နောက်မကျဘဲ အာဏာလွှဲပြောင်းပေးမယ်ဆိုပါတယ်။ အဲဒါရောဖြစ်လာမှာလား။**

စာ(၄၅)သို့

TRADEMARK CAUTION
PT.BOGAMULIA NAGADI, a Company incorporated in Indonesia at Jl. HR. Rasuna Said kav.ling 11, Jakarta 12950, Indonesia is the Owner and Sole Proprietor of the following Trademarks-
hemaviton
Reg.No.4/3948/2008
In respect of : "Int'l Class 05: "Food supplement for human health purpose; Food supplement containing vitamins, minerals, anti-oxidants, amino acid, herbal extracts, traditional medicine; to maintain and to support health, to help to increase stamina and/or endurance of men and women, better utilization of lipid substrates for energy production with result increase in muscle power, greater performance of activities and helping the prevention of lipid accumulation in the body then to help to maintain proportional body shape".
Reg. No.4/3949/2008
In respect of : "Int'l Class 32: "Isotonic beverages; mineral and aerated waters and other non-alcoholic drinks; fruit drinks and fruit juices; energy drinks; beverages, effervescing beverages (pastilles, powders), honey based beverages; syrups and other preparations for making beverages".
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 28.April.2011

TRADEMARK CAUTION
PT.TEMPO SCAN PACIFIC Tbk., A Company incorporated in Indonesia at Jl. HR. Rasuna Said kav.ling 11, Jakarta 12950, Indonesia is the Owner and Sole Proprietor of the following Trademark-
hormoviton
Reg.No.4/3950/2008
In respect of : "Int'l Class 05: "Traditional medicine preparation for human health purpose; Traditional medicine preparation containing herbal extracts and traditional medicine, especially formulated for men to help maintain and to increase stamina and/or endurance, to help to increase desire and passion in man, and to help to maintain potency and erectile function of men".
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 28.April.2011

TRADEMARK CAUTION
ORION CORPORATION, a Company incorporated in KOREA, at 30-10 MUNBAE-DONG YONGSAN-GU, SEOUL KOREA, is the Owner and Sole Proprietors of the following Trademark:-
ChocoPie
Reg : No. 20/1995
Reg : No. 4/886/2005
In respect of "Chocolates, Ice-cream, Biscuits, Wafers, Caramels, Candies, Breads, Cakes, Chewing-gums, Non-Medicated Confectionery, Chocolate beverages with milk, Chocolate-based beverages, Cocoa-based beverages, Cookies, Pies, Puddings, Pastry."
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 28.April.2011

TRADEMARK CAUTION
SIME DARBY MALAYSIA BERHAD, a Company incorporated in Malaysia at 9th Floor, Wisma Sime Darby, Jalan Raja Laut, 50350 Kuala Lumpur, Malaysia is the Owner and Sole Proprietor of the following Trademark:-
ORTHOREST
Reg. No.4/3226/2011
In respect of : Int'l class 20 : Beds; bed bases; bed boards; beddings; bolsters; coffins; funeraryurns; coffin fittings; couches as well as the upholstery of the interior of vehicles and of domestic articles with material consisting of spongy or cellular rubber; cushions (upholstery); display boards; divans; furniture fittings, not of metal; natural and synthetic foamed rubber and foamed plastics; in the form of sheets, slabs, blocks and shaped sections; pillows; headboard for beds; mattresses; spring mattresses; settees; sofa that can be used as bed; upholstered parts of furniture; upholstered furniture; upholstered chairs; bier-death carriage; mortuary tables; picture frames.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 28.April.2011



## ရေတပ်ကိုပြောင်းရွှေ့တာဝန်ထမ်းဆောင်နေတဲ့
# ကိုရီးယားမင်းသား ဟွန်ဘင်း

**ဆိုးလ်၊ ဧပြီ - ၂၁**

ကိုရီးယားမင်းသားဟွန်ဘင်းသည်စစ်မှုထမ်းကာလအတွင်း ကြည်းတပ်၌ လူထုဆက်ဆံရေးအရာရှိအဖြစ်တာဝန်ထမ်းဆောင်နေရာမှ ဘေအန်ယွန်ကျွန်းရှိကိုရီးယားရေတပ်၏ တပ်မ-၆ တွင်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ချမှတ်ခံခဲ့ရကြောင်း သိရသည်။ ကိုရီးယားရေတပ်၏ ပြောခွင့်ရပုဂ္ဂိုလ်ကလည်း လူကြိုက်များသောထိုမင်းသားအား နေရာရွှေ့ပြောင်းပေးခဲ့ခြင်းနှင့် ပတ်သက်၍ "ဒီဆုံးဖြတ်ချက်ဟာ ဟွန်ဘင်းကို သာမန်စစ်သားတစ်ဦးအဖြစ်သာ တာဝန်ထမ်းဆောင်စေချင်ကြတဲ့ သူ့ပရိသတ်ရဲ့ ခံစားမှုကိုရောင်ပြန်ဟပ်နေပါတယ်" ဟုပြောသည်။

ဟွန်ဘင်းသည် ပြီးခဲ့သည့် လမှစ၍ ရေတပ်တွင် တာဝန်ထမ်းဆောင်ရန် စာရင်းပေးခဲ့ပြီး ယင်း အဖြစ်အပျက်မှာ ဥပဒေပြုအမတ်များနှင့် အငြိမ်းစား စစ်ဗိုလ်ချုပ်ရေတပ်ဖွဲ့တစ်ခုတွင်သာပြောင်းလဲ တာဝန်ထမ်းဆောင်စေရန် စစ်တပ်အာဏာပိုင်အချို့အား တိုက်တွန်းပြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ဟွန်ဘင်း (၂၉နှစ်) သည် ရေတပ်အတွက် လေ့ကျင့်ခန်းဆင်းနေပုံပါပိုစတာများကို ယခင်ကလည်း ရိုက်ကူးပေးခဲ့ပြီး အင်တာနက် အသုံးပြုသူ ပရိသတ်များအကြား ၎င်း၏ ဓာတ်ပုံများမှာပေါ်ပြူလာဖြစ်နေကြောင်း သိရသည်။

C talk မယ်လိုဒီပြောပြတဲ့
# မျက်နှာဖုံးများအကြောင်း

ချမ်းခိုက်ခိုက်

ဗီဒီယိုဇာတ်ကားများ ဆက်တိုက်ရိုက်ကူးဖြစ်နေတဲ့မယ်လိုဒီက ယခုလတ်တလောသူမရဲ့စိတ်ထဲမှာ ဖြစ်ပေါ်ခံစားနေရတဲ့ ခံစားချက်တချို့ကို 'မျက်နှာဖုံး'တွေနဲ့ တင်စားပြီး ပြောပြခဲ့ပါတယ်။ 'လူ တစ်ယောက်မှာ မျက်နှာဖုံးဘယ်နှခု ရှိနေမလဲ' ဆိုတဲ့ သူမ မဖော်နိုင်သေးတဲ့ ပဟေဠိလေးကို ပရိသတ်တွေအတွက် မေးခွန်းထုတ်ပေးထားပါတယ်။

မယ်လိုဒီဆိုရင် ပရိသတ်က သိထားတာ သရုပ်ဆောင်တစ်ယောက်ပေါ့။ ဒါပေမဲ့ပရိသတ်တိုင်းက သိချင်မှသိမယ်။ မသိတဲ့သူတွေလည်း အများကြီးရှိမှာပဲ။ အားလုံးက ကိုယ့်ကိုကြိုက်ဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး။ ကိုယ့်ကို ချစ်တဲ့သူရှိသလို မုန်းတဲ့သူလည်း ရှိတယ်။ ကိုယ့်ကို ချစ်လည်းမချစ်မုန်းလည်းမမုန်း ကိုယ်ရှိမှန်းတောင် မသိတဲ့လူတွေ ရှိတာပဲ။

တစ်ခါတုန်းက ဆရာကန်တော့ပွဲတစ်ခုကို သနပ်ခါးလိမ်းသွားတဲ့အခါ ပရိသတ်တွေကမျိုးကို သနပ်ခါးလေးနဲ့ချစ်တယ်လို့ပြောကြတယ်။ ပရိသတ်ထဲကတစ်ယောက်ကတော့ ဩော်မင်းသမီးတွေများ တတ်လည်းတတ်နိုင်တယ်။ သနပ်ခါးလေးနဲ့ ပရိသတ် မေတ္တာကို ချူပြီးယူသွားတယ်တဲ့။ အဲဒီအချိန် မှာ သူတို့က မယ်လိုဒီလို့မြင်လိုက်တာ။ မျိုးမျိုးလို့မှမမြင်တာ။ အဲဒါကမှ မျိုးမျိုးအစစ်ပဲလေ။ မယ်လိုဒီအနေနဲ့သွားခဲ့တာမဟုတ်ဘူး။

ဒါကြောင့် လူလူချင်း ဆက်ဆံတဲ့နေရာမှာ မျက်နှာဖုံးက အရေးကြီးလား၊ အတွင်းစိတ်က အရေးကြီးလား ဆိုတာ အခုချိန်မှာ အရမ်းသိချင်တယ်။

လူဟာ မွေးရင်လည်းတစ်ယောက်တည်းမွေးလာသလိုသေရင်လည်းတစ်ယောက်တည်းပဲ သေရမှာ။ လူတစ်ယောက်က အသက်ဘယ်လောက်ထိနေရမလဲဆိုတာ ဘုရားပဲသိနိုင်တယ်။ ရှင်သန်ရတဲ့ အချိန်လေးမှာ မျက်နှာဖုံးတွေနဲ့ ဆက်ဆံကြတယ်။ ဒါ ဘာကြောင့်များလဲလို့ မျိုး စိတ်ဝင်စားမိတယ်။

လူတစ်ယောက်က ပြောဖူးတယ်။ မျိုးက အပြင်ပန်း ကြည့်ရင် သိပ်မာကျောတယ်တဲ့။ ကိုယ့်ကိုစော်ကားမှာစိုးလို့ မာကြောပြီးတင်းထားတဲ့အခါကျတော့ လူတွေက မျိုးဆီလာလို့ရှိရင်ကြို တင်ပြီးပြင်ဆင်ပြီးမှလာကြတယ်။ တကယ်တမ်း ဆက်ဆံကြည့်တော့ စိတ်ဓာတ်ပျော့ညံ့တယ်။ စိတ်မခိုင်ဘူး။ စိတ်ထားနူးညံ့သိမ်မွေ့တာကိုပြောတာမဟုတ်ဘူးနော်။

**စာ(၄၉)သို့**



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

## လင်းလင်းမွေးနေ့လက်ဆောင်ပေးတဲ့
### သီချင်းကို ခေါင်းစဉ်တပ်ပြီးဆိုခဲ့တဲ့
# ချစ်သုဝေ

အေးသူစံ

**ရန်ကုန်၊ ဧပြီ - ၂၁**

ချစ်သုဝေ၏ 'တိမ်တွေနေတဲ့ အရပ်' တစ်ကိုယ်တော်ခွေထဲက 'ခပ်ယဲ့ယဲ့' သီချင်းမှာ ချစ်သုဝေအတွက် မွေးနေ့လက်ဆောင်အဖြစ် တေးရေးတေးဆို လင်းလင်းက ရေးသားပေးခဲ့ခြင်းဖြစ်ပြီး သီချင်းခေါင်းစဉ်ကို ချစ်သုဝေနှင့် ချစ်ဆုဝေတို့ညီအစ်မနှစ်ယောက်က ပေးထားခြင်းဖြစ်သည်ဟု သိရသည်။

"ခပ်ယဲ့ယဲ့ သီချင်းကို ကိုလင်းကရေးပြီး ထရီဇာ့ကို မွေးနေ့လက်ဆောင်ပေးတယ်။ ခေါင်းစဉ်တင်ဆိုတော့ ညီအစ်မ နှစ်ယောက် စိတ်ကြိုက် တင်လိုက်တာ။ ဒီသီချင်းကိုသေချာပြန်နားထောင်ကြည့်ရင် သီချင်းက အဆုံးထိမပါဘူး။ ထရီဇာ့ ဒုတိယအယ်လ်ဘမ်မှာ အဲဒီသီချင်းလေးနဲ့ ပြန်စဖွင့်မယ်။ 'ခပ်ယဲ့ယဲ့' က ထရီဇာနဲ့မမတို့တစ်ယောက်ချင်းစီ အစအဆုံးဆိုထားတာကို Mixing ကျတော့မှ အစ်ကို (လင်းလင်း)က အသံကာလာနဲ့ မုဒ်မဟာအောင် ကာလာတူတဲ့ နေရာလေးတွေ ရွေးပြီး မစ်လုပ်ထားတာပါ" ဟု သီချင်းအကြောင်းကို ချစ်သုဝေက ပြောပြသည်။

'တိမ်တွေနေတဲ့အရပ်' စီးရီးသည် ချစ်သုဝေ၏ ဆိုဟန်များ အသစ်ဖြစ်သွားသကဲ့သို့ ပြောင်းလဲသွားခြင်း၊ ပြည်ပတွင်ခေတ်စားနေသည့် British Rock အမျိုးအစားသီချင်းများကို မိတ်ဆက်သီဆိုထားခြင်းတို့ကြောင့် ပရိသတ်များသာမက ဂီတအသိုင်းအဝိုင်းကပါ အသိအမှတ်ပြုမှုကိုရရှိနေသည်။ ယင်းစီးရီးထဲမှ လင်းလင်းရေးသားထားသည့် 'အချစ်ရဲ့ချည်တိုင်များ' သီချင်းကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ချစ်သုဝေက ပြန်လည်ရေးစပ်နေပြီး ခေါင်းစဉ်နှင့် စာသားလိုက်ဖက်မှုကြောင့် သူမအကြိုက်ဆုံး သီချင်းတစ်ပုဒ်လည်းဖြစ်သည်ဟု သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# နှစ်ကုန်မှာ ဩစတြေးလျ ထွက်ခွာတော့မည့် အောင်လ



**အေးသူစံ**

**ရန်ကုန်၊ ဧပြီ ၂၁**

လူငယ်ရော့ခ်အဆိုတော် အောင်လသည် ယခုနှစ်ကုန်ခန့်တွင်ဩစတြေးလျနိုင်ငံသို့ကျောင်းတက်ရန် ထွက်ခွာတော့မည်ဖြစ်သည်။

"ဒုတိယစီးရီးက ဩစတြေးလျကို ကျွန်တော်မသွားခင်၊ ဒါမှမဟုတ် သွားပြီးမှထွက်ဖြစ်မယ် ထင်ပါတယ်။ ဗီဒီယိုဖလင် ဒါရိုက်တာ ကျောင်းသွားတက်မလို့။ အဲဒီဘာသာရပ်ကို အရမ်းဝါသနာပါလို့ပါ။ ကျောင်းပြီးသွားလည်း အဲဒီမှာ အလုပ်တစ်ခုခုပြန် လုပ်မယ်" ဟု အောင်လကပြောသည်။

အောင်လ၏ ချစ်သူမှာလည်း ဩစတြေးလျမှာပင် ရှိနေသည့်အတွက်ကောင်မလေးနောက်လိုက်သွား ရန်စီစဉ်ခြင်းလားဟု မေးမြန်းရာ "သူ့နောက်လိုက်တာလည်း ပါတာပေါ့။ (ရယ်လျက်) ကျွန်တော်က ဘဝကိုအဲဒီမှာအသစ်က ပြန်စချင်လို့ပါ။ ဒီမှာ အဆင်မပြေလို့တော့ မဟုတ်ပါဘူး။ ကျွန်တော်ဂီတနဲ့ပတ်သက်ပြီးအတွေ့ကြီးလာတာ တော်တော်ကြာပြီ။ ဘဝအတွက် ကျွန်တော့် မိသားစုနဲ့ ကိုယ့်ကလေးတွေအတွက်ဒီမှာရပ်တည်ဖို့က မလွယ်ဘူး။ ဂီတသမားတစ်ယောက်အတွက်က ပိုမလွယ်ဘူး။ ဟိုမှာလည်း ဇောက်ချနေမယ်လို့တော့ယတိပြတ်မဆုံးဖြတ်ရသေးဘူး။ ဝါသနာကိုမစွန့်လွှတ်နိုင်ဘူးဆိုရင်တော့မသွားတော့ဘူး" ဟုအောင်လက ပြောပြသည်။ အောင်လကပြည်ပသို့ ၄င်းသွားရောက်သင်ကြားမည့်ကျောင်းကို စုံစမ်းရွေးချယ်ဆဲဖြစ်ပြီး မသွားခင်ယခုနှစ်အတွင်း ပရိသတ်နှင့် တိုက်ရိုက်ထိတွေ့မည့် ရှိုးပွဲများ သီဆိုရန်ရှိကြောင်း၊ Big Bag ၊ Idiot ၊ Wanted နှင့် Reason လေးဖွဲ့ပေါင်းထားသည့် SIR စီးရီးကို သင်္ကြန်အပြီးနှင့် 'အေးဆေးပဲ' ဗီစီဒီကို မေလတွင် ထွက်မည်ဖြစ်ကြောင်း၊ ၄င်းတို့ Reason အဖွဲ့၏ဒုတိယခွေအတွက် Demo တီးထားသည်မှာ ကိုးပုဒ်ခန့်ပြီးစီးပြီဖြစ်ကြောင်း တစ်နှစ်တာ ဂီတအစီအစဉ်များကို ပြောကြားခဲ့သည်။






# "တကယ်ဆို အချစ်ပဲလိုတယ်" ဗီစီဒီအကျိုးအမြတ်အချို့ကို လူမှုရေးလုပ်ငန်းနှစ်ခုသို့ လှူဒါန်း

**အေးသူစံ**

**ရန်ကုန်၊ ဧပြီ ၆**

အဆိုတော်ချမ်းချမ်း၏ 'တကယ်ဆို အချစ်ပဲလိုတယ်' ဗီစီဒီ



ရောင်းရငွေများထဲမှ အကျိုးအမြတ်အချို့ကို လူမှုရေးလုပ်ငန်းနှစ်ခုဖြစ်သည့် နတ်မောက်အမျိုးသမီးသင်တန်းကျောင်းနှင့်မေတ္တာအေးရိပ်မြုံဂေဟာသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ်ရှိ မေတ္တာအေးရိပ်မြုံဂေဟာသို့ ဧပြီလ ၂ ရက်နေ့ က စီးရီးထုတ်လုပ်သူ၊ အဆိုတော်၊ အလှူခံပုဂ္ဂိုလ်နှင့် လှူဒါန်းသူတို့ကို ဆက်သွယ်ပေးသော လူမှုရေးလုပ်ငန်းမှ တာဝန်ရှိသူများ ကိုယ်တိုင်သွားရောက်လှူဒါန်းခဲ့ပြီး ယင်းဂေဟာရှိ အဆောက်အအုံတစ်ခု၏အခင်းနှင့် အကာအရံတို့အတွက် ကျပ်သိန်း ၂၀ ဝန်းကျင်ကိုလှူဒါန်းခဲ့သည်။ နတ်မောက်(၂)လမ်းရှိ နတ်မောက် အမျိုးသမီးသင်တန်းကျောင်းသို့ ဧပြီလ ၃ ရက်နေ့က သွားရောက်ခဲ့ပြီး ငွေပဒေသာပင်ကျပ်ငါးသိန်းနှင့် မိန်းကလေး အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းခဲ့ပြီး ညနေစာ ဒံပေါက်နှင့် အအေးတို့ကိုလည်း ကျွေးမွေးလှူဒါန်းခဲ့သည်ဟု သိရသည်။ အမျိုးသမီးကျောင်းတွင် လှူဒါန်းမှုမှာ စုစုပေါင်းကျပ် ၁၅ သိန်းဝန်းကျင်ခန့်ရှိသည်ဟု သိရသည်။

"အမျိုးသမီးကျောင်းမှာတော့ ကလေးတွေက 'တကယ်ဆို အချစ်ပဲလိုတယ်' သီချင်းကိုဆိုပြတယ်။ ချမ်းချမ်းကလည်း ပြန်ပြီး ဆိုပြတယ်။ ကလေးတွေနဲ့ တွဲပြီးလည်းဆိုတယ်။ သင်္ကြန်ပြီးရင်လည်း ရတဲ့အကျိုးအမြတ်တွေပေါ်မူတည်ပြီး ထပ်လှူဦးမယ်လို့ သိရပါတယ်" ဟု အလှူအဖွဲ့တွင်ပါဝင်ဆောင်ရွက်ပေးခဲ့သော Helping Hands for New Generation အဖွဲ့မှ စီမံကိန်း မန်နေဂျာ ဒေါ်ရင်ရင်ငြိမ်းက ပြောသည်။ ချမ်းချမ်း၏ 'တကယ်ဆို အချစ်ပဲလိုတယ်' စီးရီးဗီစီဒီကို စက်တင်ဘာလအတွင်းက ဖြန့်ချိခဲ့ပြီးပရိသတ်များကြား အောင်မြင်ရေပန်းစားခဲ့သော သီချင်းဗီစီဒီတစ်ခွေလည်းဖြစ်သည်။

# MI ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် သင်္ကြန်အစီအစဉ်တွင် အနုပညာရှင်အချို့နှင့် စီစဉ်သူတို့ကြား အဆင်မပြေမှုများရှိခဲ့

**အေးသူစံ**

**ရန်ကုန်၊ ဧပြီ ၂၁**

သင်္ကြန်ကာလအတွင်း နေပြည်တော်သင်္ကြန်ပုံရိပ်များကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည့် Myanmar International ရုပ်သံလိုင်းနှင့် တိုက်ရိုက်ထုတ်လွှင့်သည့်အစီအစဉ်တွင်ပါဝင်ခဲ့သော အဆိုတော်အချို့ကြား မပြေလည်မှုများဖြစ်ပေါ်ခဲ့ကြောင်း ယင်းထုတ်လွှင့်မှုတွင်ပါဝင်ခဲ့သောအနုပညာရှင်များနှင့် ဂီတအသိုင်းဝိုင်းထံမှ စုံစမ်းသိရှိရသည်။

"အစ်ကိုတို့ကတော့ စာချုပ်ချုပ်ကတည်းက တိုက်ရိုက်ထုတ်လွှင့်ပြသမယ်ဆိုတဲ့အချက်ပါပြီးသားဆိုတော့ကိုယ်လည်းအနုပညာကြေးအရကျေနပ်လို့ဖျော်ဖြေခဲ့ပါတယ်။ တချို့တွေတော့ ထပ်တောင်းတယ်လို့ကြားရတယ်။ တချို့က တိုက်ရိုက်ထုတ်လွှင့်တာမလုပ်ပါနဲ့ပြောထားတော့ သူတို့အရုပ်တွေကိုတော့မလွှင့်တော့ဘဲ အစားထိုးပြီးတခြားအရုပ်တွေပြတာမျိုးတွေ လုပ်တယ်လို့ သိရတယ်။ ဂီတဘက်ကလူတွေ



တော်တော်များများက တိုက်ရိုက်ထုတ်လွှင့်ပြသမှုအတွက် အနုပညာကြေးတောင်းဆိုတာရှိတယ်လို့ သိရတယ်။ သူတို့စာချုပ်တွေတော့ ကိုယ်မဖတ်ရတော့မသိဘူးပေါ့"ဟုမြန်မာအင်တာနေရှင်နယ်ရုပ်သံလိုင်းနှင့် ဆက်စပ်ကုမ္ပဏီတစ်ခုတည်းဖြစ်သော ရွှေညော်သည်ဟိုတယ်တွင် ပြုလုပ်ခဲ့သည့် Sky Net သင်္ကြန်မဏ္ဍပ်တွင် ဖျော်ဖြေခဲ့သော နာမည်ကြီးရုပ်ရှင်မင်းသားကြီးတစ်ဦးက ပြောသည်။ယင်းသို့တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည့်အစီအစဉ်ကို ကြည့်ရှုခဲ့ရသည့် ပရိသတ်တစ်ဦးကလည်း "သင်္ကြန်တွင်းမှာ MI က လွှင့်တဲ့ နေပြည်တော်သင်္ကြန်မြင်ကွင်းကိုကြည့်လိုက်ရပါတယ်။ အဲဒီမှာ ရန်အောင်တို့၊ ဖိုးသောကြာတို့ဆိုတာတွေကြည့်ရတယ်။ ဒါပေမဲ့ သီရိဂျေမောင်မောင် အလှည့်ကျတော့ ပိတောက်ပန်း ပုံတွေပဲပြထားတယ်။ နောက်က အသံတွေပဲပါတယ်။ အဲဒါတော့ သတိထားလိုက်မိပါတယ်" ဟု ပြောကြားသည်။

ယင်းမဏ္ဍပ်တွင်ဖျော်ဖြေခဲ့သည့် နာမည်ကျော်အဆိုတော်တစ်ဦးက "ကျွန်တော်တို့က သင်္ကြန်ဆိုငွေပေးငွေယူကိစ္စပဲ စာချုပ်ချုပ်တာပါ။ အဲဒီစာချုပ်မှာ တိုက်ရိုက်ထုတ်လွှင့်ပြသမယ်ဆိုတာ မပါပါဘူး။ ပြီးတော့ ရွှေညော်သည်ဟိုတယ်မဏ္ဍပ်အနေနဲ့ချုပ်ခဲ့တာပါ။ Sky Net အနေနဲ့ချုပ်ခဲ့တာမဟုတ်ပါဘူး။ သင်္ကြန်မတိုင်ခင်ကတော့ ရိုက်ဖြစ်၊ မရိုက်ဖြစ် မသေချာဘူးပြော ထားပါတယ်။ အကြိုနေ့လည်းကျရောစရိုက်တော့မှ သိရတော့ အခြေအတင်မပြောချင်တော့ဘူး။ ဒါကိုလုပ်စားတယ်လို့တော့ မပြောချင်တော့ပါဘူး။ ကိုယ့်မဏ္ဍပ်တစ်ခုတည်းလည်းမဟုတ်ဘူး။ တစ်နိုင်ငံလုံးကို လှည့်ရိုက်တာဆိုတော့ တော်ရုံတန်ရုံငွေရေးကြေးရေးကို မပြောချင်တော့လို့ လွှင့်ခရယ်လို့တော့လည်း ယူမနေတော့ပါဘူး" ဟု ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စီစဉ်သူများထံဆက်သွယ်ရာတွင် ဧပြီလ ၂၁ ရက်နေ့အထိ တစ်စုံတစ်ရာအကြောင်းပြန်ခြင်း မရှိသေးပေ။

# စာ-၄၇၊ မယ်လိုဒီပြောပြတဲ့ မျက်နှာဖုံးများအကြောင်း မှ

ရိုးရိုးရှင်းရှင်းပြော ရရင် ပျော့ညံ့တဲ့ လူတစ်ယောက်ဆိုတော့လူတွေက သူတို့ထင်ထားတာထက် ပိုပြီး ပျော့ညံ့တဲ့အတွက် နင်းခြေဖို့ ပိုလွယ်သွားတယ်လို့ အဲဒီလူက ပြောခဲ့ဖူးတယ်။ အဲဒီစကားပြောခဲ့တဲ့လူကပဲ မျိုးကို သူကိုယ်တိုင်က နင်းခြေသွားတယ်။ ဒါကြောင့် မျိုးက လူတွေရဲ့မျက်နှာဖုံးတွေကို သိပ်သိချင်မိတယ်။

မင်းသမီးပဲဖြစ်ဖြစ်၊ မင်းသားပဲဖြစ်ဖြစ်မျိုးက သူများကို ကိုယ်စားပြုပြောထားထက် ကိုယ့်ကိုယ်ကိုယ်ပဲကိုယ်စားပြုပြီး ပြောချင်တယ်။ လူဟာလူပါပဲ။ သူရဲ့ ပုံမှန်ပိုင်ဆိုင်ခွင့်ဆိုတာရှိပါတယ်။

မျိုးမှာတော့ မျက်နှာဖုံးနှစ်ခုရှိပါတယ်။ တစ်ခုက မယ်လိုဒီ။ တစ်ခုက မျိုးမျိုးပါ။ မယ်လိုဒီဆိုတာက တီဗီဖန်သားပြင်မှာ တွေ့ရတဲ့ မယ်လိုဒီပါ။ အခု လမ်းပေါ်မှာတွေ့နေတာ မျိုးမျိုးပါ။ ခုချိန်ထိမျိုးက လမ်းဘေးလက်ဖက် ရည်ဆိုင်လည်း ထိုင်လိုက်တာပဲ။ ဝက်သားတုတ်ထိုးစားချင်လည်း လမ်းဘေးမှာစားလိုက်တာပဲ။ မင်းသမီးမို့လို ဘယ်မှာမှစားရမယ်၊ ဘယ်မှာမှ နေရမယ်၊ ဘာဖြစ်ရမယ်လို့မရှိခဲ့ဖူးဘူး။ ဒါပေမဲ့ အများနဲ့လိုက်လျောညီထွေဖြစ်အောင်တော့ မျိုးနေထိုင်ပါတယ်။ လူတွေနဲ့ ဆန့်ကျင်တာမျိုးမရှိပါဘူး။ ဒါပေမဲ့မျိုးက အရိုးစင်းဆုံး ချပြလေ၊ လူတွေက မရိုးစင်း ဘူးလို့ထင်လေပဲ။ အဲဒါကိုခုချိန်မှာ တော်တော်လေးတရားရတယ်။ ဒါကြောင့်လူတွေမှာမျက်နှာဖုံးဘယ်နှခုရှိလဲကို အရမ်းစိတ်ဝင်စားတယ်။

သရုပ်ဆောင်ဘဝမှာပိုဆိုးတယ်။ မယ်လိုဒီခေါင်းစဉ်အောက်မှာမျက်နှာဖုံးတွေ အများကြီးရှိတယ်လေ။ မယ်လိုဒီက လူတွေရဲ့ ကာရိုက်တာမျိုးစုံကိုသရုပ်ဆောင်နေရတဲ့ မင်းသမီးတစ်ယောက်ကိုး။

မျိုးကျန်းမာရေး မကောင်းတဲ့အချိန်မှာ တကယ်ချစ်ပြီးမေတ္တာရှိတဲ့လူတွေကျတော့ သတင်းမေးတယ်။ ကောင်းမွန်တဲ့ဆရာဝန်ကြီးတွေနဲ့ တွေ့ပေးတယ်။ တချို့ကျတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျီးပေါင်းဖြစ်တာ ဟုတ်လို့လား။ မင်းသမီးဆိုတာက မူရာမာယာများတယ်။ မဖြစ်နိုင်ပါဘူးလို့ပြောကြတယ်။ လူဆိုတာကိုယ်ထက်နိမ့်ကျရင် ဖေးမကူညီဖို့ဝန်မလေးပေမယ့် ကိုယ့်ထက်သာရင် မခံနိုင်တော့တာများတယ်။

ချစ်သူထားခဲ့တုန်းကလည်း 'ဟယ် ဒီလိုလူမျိုးနဲ့တော့မဖြစ်စေချင်ဘူး' ဘာညာပြောပြီး အဲဒီထက်သာတဲ့လူနဲ့လည်း တွဲဖြစ်ရော အရင်တုန်းကပေါ့၊ ဘယ်လိုလူမျိုးနဲ့တွဲခဲ့တာလို့ ပြောကြတာကိုလည်း မျိုး နားမလည်နိုင်တော့ဘူး။

လူတွေကိုမပြုံးချင်ဘဲနဲ့ပြုံးပြရတာမျိုးလား။ တကယ်ရင်ထဲကပါလို့လား မျိုး ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားတယ်။ သရုပ်ဆောင်တစ်ယောက်ဖြစ်နေတဲ့အတွက် အပြင်လက်တွေ့ဘဝမှာ ကိုယ်တိုင်တောင်သတိမထားမိဘဲနဲ့ သရုပ်ဆောင်နေမိတာ ရှိတတ်ပါတယ်။ တကယ့်ဘဝမှာ ကိုယ်တကယ်ဖြစ်ချင်နေတာလား။ ဒါကိုယ့်ရဲ့မျက်နှာဖုံးလားဆိုတာကိုယ့် ဂုဏ်ဒြပ်ကို ကာကွယ်နေတာလားဆိုတာ ခုချိန်မှာ မျိုးတကယ်သိချင်နေပါတယ်။ ဒါကိုစိတ်ဝင်စားပြီး ပြန်ဖြေချင်တဲ့လူရှိရင်လည်း ရပါတယ်လို့။

သရုပ်ဆောင်အလုပ်ဆိုတာလည်း ဘယ်အချိန်ထိ လုပ်မယ်ဆိုပြီး ဆုံးဖြတ်ထားတာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ မျိုးမျိုးဆိုတဲ့မျက်နှာဖုံးကိုမှ ထပ်ပြီး မျက်နှာဖုံးစွပ်ထားလို့ရှိရင် မျိုးအတွက် အစစ်အမှန်ဆိုတာ မရှိတော့ဘူး။ ကိုယ့်ကိုယ်ကိုယ် မပိုင်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိတော့ဘဲနဲ့နေရတာ တော့ လောကကြီးမှာအဓိပ္ပာယ် မရှိတော့ ဘူး။ မျိုးမျိုးဆိုတာ ကိုယ်ပိုင်ဘဝလေးပါ။ ပရိသတ်ကြီးရော မျက်နှာဖုံးတွေ ဘယ်နှခုရှိနေပြီလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ကြည့်ပါလား။


# TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | RIO | 20th Century Fox | ၃၉,၂၂၅,၉၆၂ | ၁ |
| ၂။ | Scream 4 | N/A | ၁၈,၆၉၂,၀၉၀ | ၁ |
| ၃။ | Hip | Universal Pic: | ၈၂,၁၅၇,၆၀၅ | ၃ |
| ၄။ | Hanna | Focus Features | ၂၃,၂၈၂,၈၅၈ | ၂ |
| ၅။ | Soul Surfer | Enticing Enter: | ၁၉,၈၆၅,၁၂၉ | ၂ |
| ၆။ | Arthur | Warner Bros: Pic | ၂၂,၁၆၃,၇၅၇ | ၂ |
| ၇။ | Insidious | FilmDistrict | ၃၅,၈၇၀,၈၉၁ | ၃ |
| ၈။ | Source Code | Summit Enter: | ၃၆,၈၉၈,၅၈၀ | ၃ |
| ၉။ | Your Highness | Universal Pic: | ၁၆,၀၇၇,၄၇၅ | ၂ |
| ၁၀။ | Limitless | Relativity Media | ၆၉,၅၈၉,၃၂၂ | ၅ |

# Movie Review

## 13 Assassins



ရှေးခေတ်ဂျပန်နိုင်ငံတွင် လူသတ်သမား မုဒိမ်းကောင်အဖြစ်ကျော်ကြားသောမင်းသားတစ်ပါး နိုင်ငံရေးအရ သြဇာကြီးမားသော ရာထူးကို မရရှိမီ အစောင့်အရှောက်များနှင့်အခိုင်အမာနေထိုင်သော ၎င်းအား ဆူမူရိုင်းသူရဲကောင်း ၁၃ဦးနှင့် လုပ်ကြံသောဇာတ်လမ်းဖြစ်သည်။

တကယ့်အဖြစ်အပျက်အပေါ် အခြေခံ၍ ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားအား အကောင်းဆုံးနိုင်ငံခြားရုပ်ရှင်ဆုရ ထုတ်လုပ်သူတိုရှီအာကီနာကာဇာဝါက ထုတ်လုပ်၍ နာမည်ကြီး ဂျပန်ဒါရိုက်တာ Takashi Miike က ရိုက်ကူးထားသည်။

Koji Yakusho (Memoirs of a Geisha), Takayuki Yamada, Hiroki Matsukata, Kazuki Namioka တို့ပါဝင်သရုပ်ဆောင်ထားသော ဇာတ်ကားအား Magnet Releasing က ဧပြီ ၂၉ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL

Vol.10, No.6 • APRIL 28, 2011


## ပြင်သစ်တွင် ပြုလုပ်သည့် ကိုယ်ခံပညာရပ်များ ပွဲတော်၌ မြန်မာ့သိုင်းအဖွဲ့ဆုရ


ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဧပြီ - ၂၀

ပြင်သစ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် ကိုယ်ခံပညာရပ်များပွဲတော် (Festival of the Martial Arts) တွင် ပါဝင်သရုပ်ပြသခဲ့သော မြန်မာ့သိုင်းသရုပ်ပြအဖွဲ့သည် ပရိသတ်လက်ခံအားပေးမှုနှင့် ကြိုက်နှစ်သက်မှု အကောင်းဆုံးအဖွဲ့ဆု ရရှိခဲ့ကြောင်းသတင်းရရှိသည်။

အဆိုပါပွဲတော်အား ပြင်သစ်နိုင်ငံ၊ ဘာစီအားကစားရုံတွင် ပြီးခဲ့သည့် မတ်လ ၂၆ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၃၉ နိုင်ငံမှ သက်ဆိုင်ရာကိုယ်ခံပညာသရုပ်ပြအဖွဲ့များ ဝင်ရောက်ပြသခဲ့ကြကြောင်း သိရသည်။

"ဒီပြပွဲကြီးမှာ မြန်မာသိုင်းသရုပ်ပြအဖွဲ့ဟာ မြန်မာ့သိုင်းပညာစွမ်းရည်ပြကွက်(ဓား၊ တုတ်၊ လှံ၊ လက်)တွေ မြန်မာ့ရိုးရာသိုင်းပညာသိဒ္ဓိစွမ်းရည်ပြကွက်တွေ



ပြသခဲ့ပြီး ပရိသတ်တွေအားပေးမှု အထူးရရှိခဲ့ပါတယ်"ဟု မြန်မာသိုင်းသရုပ်ပြအဖွဲ့မှ ဆရာကြီးဦးမင်းယက္ခကပြောသည်။

မြန်မာသိုင်း သရုပ်ပြအဖွဲ့သည် ၎င်းသရုပ်ပြပွဲမတိုင်မီ မတ်လ ၁၉ရက်က ဆွစ်ဇာလန်နိုင်ငံ၊ လော့ဆမ်မြို့တွင်ပြုလုပ်ခဲ့သည့် 'ကိုယ်ခံပညာများ၏ည'(The Nights of Martial Arts)ပြပွဲအစီအစဉ်တွင်လည်း နိုင်ငံ ၁၄နိုင်ငံမှ သက်ဆိုင်ရာကိုယ်ခံပညာသရုပ်ပြအဖွဲ့များနှင့် ဝင်ရောက်သရုပ်ပြသခဲ့ကြောင်းသိရသည်။

"ပြင်သစ်မှာ လုပ်တဲ့ပွဲတော်က ဒီနှစ် (၂၆)ကြိမ်မြောက်လုပ်တာပါ။ မြန်မာသိုင်းအဖွဲ့အနေနဲ့ ဥရောပနိုင်ငံတွေကို ပထမဆုံးအကြိမ်သွားရောက်ပြသတာပါ။ နောက်နှစ်ပြပွဲအတွက်လည်း မြန်မာသိုင်းသရုပ်ပြအဖွဲ့ကိုဖိတ်ခေါ်ထားပါတယ်။ မြန်မာသိုင်းအဖွဲ့အနေနဲ့လည်း သရုပ်ပြသတဲ့ လက်နက်ပစ္စည်းတွေကို ပြင်သစ်မှာပဲထားခဲ့ပါတယ်။ နောက်နှစ်တွေ သွားရင် ပစ္စည်းတွေ သယ်ဆောင်ရတာ သက်သာအောင်ပါ"ဟု ဦးမင်းယက္ခကပြောသည်။

အဖွဲ့ဝင် ၁၀ ဦးပါဝင်သော မြန်မာသိုင်းသရုပ်ပြအဖွဲ့သည် အဆိုပါနိုင်ငံများ၌ မြန်မာ့သိုင်းပညာရပ်များအကြောင်းကို ဆွေးနွေးပွဲများ၊ သင်ကြားပြသမှုများ

စာ(၅၁)သို့



ယမန်နှစ်ရာသီမှ ဇေယျာဝတီနှင့် နေပြည်တော် ပွဲစဉ် ဓာတ်ပုံ - အောင်အောင်

## မြန်မာလိဂ်ပွဲစဉ် (၇) အားတစ်ပတ်စောစော၍ ကျင်းပရန်စီစဉ်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဧပြီ - ၂၀

အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား 2011 AFC President's CuP ပြိုင်ပွဲအုပ်စု (ခ) ပွဲစဉ်များကို မေလအတွင်း ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်ရှိသောကြောင့် ၎င်းကာလအတွင်း ကျင်းပရန်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၇) အား တစ်ပတ်စော၍ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

လက်ရှိချန်ပီယံ ရတနာပုံအသင်း(မြန်မာ)၊ အစ်တီကလိုက်အသင်း (ကာဂျစ်ကစ္စတန်)၊ ရက်ဇင်အသင်း (ဘူတန်)၊ မူဘာဘာအသင်း (ပါလက်စတိုင်း) တို့ပါဝင်သည့် AFC President's Cup အုပ်စု (ခ) ပွဲစဉ်များကို လာမည့် မေလ ၁၃ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် မူလပွဲစဉ်ရေးဆွဲထားမှုအရ MNL ပွဲစဉ်အား မေလ ၁၄၊ ၁၅၊ ၁၆ ရက်များ အစား မေလ ၇၊ ၈၊ ၉ ရက်များတွင် တစ်ပတ်စော၍ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှသတင်းရရှိသည်။

ဧပြီလ ၁၁ ရက်တွင် ပြီးဆုံးခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၆) ကစားပြီးချိန်တွင် ဇေယျာရွှေမြေအသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး၊ ရန်ကုန်ယူနိုက်တက်အသင်းက ဒုတိယ၊ ရောဝတီယူနိုက်တက်အသင်းက တတိယ၊ ကမ္ဘောဇအသင်းက စတုတ္ထ၊ ဧဿယူနိုက်တက်အသင်းက ပဉ္စမနေရာများ၌ အသီးသီးရပ်တည်လျက်ရှိသည်။



## AFC လူငယ်ပြိုင်ပွဲများ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော် ရွေးချယ်ခံရ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဧပြီ - ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ် (AFC) ၏လူငယ်ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးခြင်းခံရကြောင်း သတင်းရရှိသည်။

AFC ၏အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်သူ ဦးဇော်ဇော်သည် ၎င်းတာဝန်အား ၂၀၁၁ မှ ၂၀၁၅ အထိလေးနှစ်ကြာ တာဝန်ပေးခြင်းခံရခြင်းဖြစ်ကြောင်း သိရပြီး AFC မှယခုလ ၂၁ ရက်က တရားဝင်အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း (MFF) မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

လူငယ်ပြိုင်ပွဲများ ကျင်းပရေးကော်မတီသည် AFC မှကြီးမှူးကျင်းပသည့် လူငယ်ဘောလုံးပြိုင်ပွဲများအတွက် ဘောလုံးပြက္ခဒိန်ရေးဆွဲချမှတ်ပေးခြင်း၊ ပြိုင်ပွဲများကျင်းပမည့်နေ့ရက်၊ အချိန်နှင့်နေရာများ ရွေးချယ်သတ်မှတ်ပေးခြင်း၊ ပွဲစဉ်များ ရွေးချယ်သတ်မှတ်ပေးခြင်း၊ ပြိုင်ပွဲအလိုက် တာဝန်ယူမည့်သူများ၊ ဒိုင်လူကြီးများကို ရွေးချယ်သတ်မှတ်စေလွှတ်ပေးခြင်းအစရှိသည့် လုပ်ငန်းများအား ဆောင်ရွက်ရသည့် ကော်မတီဖြစ်သည်။


Forever Sports Journal အင်္ဂါနေ့တိုင်း ထွက်ပါသည်



# မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် ၁၆၁ ၌သာ ဆက်ရှိနေ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဧပြီ - ၂၀

AFC Challenge Cup တွင် ရလဒ်မကောင်းခဲ့သည့်မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဧပြီလလယ်က ထုတ်ပြန်ကြေညာခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်မူ ယခင်လအတိုင်းအဆင့် ၁၆၁ တွင်ဆက်လက်ရပ်တည်လျက်ရှိကြောင်း သိရသည်။


ဓာတ်ပုံ - အောင်အောင်

ပြီးခဲ့သည့်လက ရန်ကုန်မြို့တွင်အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် AFC Challenge Cup ခြေစစ်ပွဲတွင်မြန်မာအသင်းသည် ပါလက်စတိုင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းများအား ရှုံးနိမ့်ခဲ့ပြီး ဖိလစ်ပိုင်အသင်းနှင့်သရေကျခဲ့ကာ နိုင်ပွဲတစ်ပွဲမှ မရှိခဲ့ဘဲ အုပ်စုတွင်းအောက်ဆုံးအဆင့်တွင် ရပ်တည်ခဲ့သည်။ သို့သော် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်မူ ရမှတ် ၈၆ မှတ်ဖြင့်ယခင်လအတိုင်းရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဧပြီလ ၁၃ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် ၎င်းအဆင့်သတ်မှတ်ချက်တွင် ပြီးခဲ့သည့်လကမြန်မာအသင်းအထက်တွင်ရောက်ရှိခဲ့သည့် ကမ္ဘောဒီးယားအသင်းမှာမူ အဆင့် ၁၅ ဆင့်ကျဆင်းသွားပြီး ကမ္ဘာ့အဆင့်တွင် မြန်မာအသင်းအောက်သို့ရောက်ရှိသွားခဲ့သည်။

အာဆီယံနိုင်ငံများတွင် ထိုင်းအသင်းကကမ္ဘာ့အဆင့်၁၂၀ ဖြင့် ဦးဆောင်ထားပြီး အင်ဒိုနီးရှားအသင်းက အဆင့် ၁၃၀၊ ဗီယက်နမ်အသင်းကအဆင့်၁၃၄၊ မလေးရှားအသင်းကအဆင့်၁၄၄၊ စင်ကာပူအသင်းက အဆင့်၁၄၅၊ ဖိလစ်ပိုင်အသင်းကအဆင့်၁၅၅၊ လာအိုအသင်းက အဆင့် ၁၇၂ နှင့်ဘရူနိုင်းအသင်းက အဆင့် ၁၉၉ဖြင့်အသီးသီးရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် စပိန်အသင်းမှာ အဆင့် ၁ တွင်ရပ်တည်လျက်ရှိပြီး ၎င်း၏နောက်တွင် နယ်သာလန်နှင့် ဘရာဇီးအသင်းတို့မှာ အစဉ်အတိုင်းရပ်တည်လျက်ရှိသည်။ အင်္ဂလန်အသင်းမှာ ကမ္ဘာ့အဆင့် ၆ တွင်ရပ်တည်နေပြီး အာရှဖလားချန်ပီယံ ဂျပန်အသင်းမှာ အဆင့် ၁၃ ဖြင့်အာရှနိုင်ငံများတွင် ထိပ်ဆုံးမှ ဦးဆောင်ထားသည်။

# အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာနှင့်ထိုင်း တစ်အုပ်စုတည်းကျရောက်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဧပြီ - ၂၀



၂၀၁၁အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (AFF Women's Championship 2011) ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် ဒေသတွင်း အဓိကပြိုင်ဘက် ထိုင်းအသင်း နှင့်တစ်အုပ်စုတည်းကျရောက်လျက်ရှိကြောင်းသိရသည်။

လာမည့် အောက်တိုဘာလအတွင်း လာအိုနိုင်ငံတွင်ကျင်းပမည့် အဆိုပါပြိုင်ပွဲ၏ အုပ်စုမဲခွဲပွဲကို ဧပြီလ ၉ ရက်က ထိုင်းနိုင်ငံတွင် ပြုလုပ်ခဲ့ရာ မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းတို့နှင့် ကျရောက်လျက်ရှိပြီး၊ အုပ်စု(က)တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် လာအို အသင်းများပါဝင်ကြောင်း သိရသည်။

လာမည့် နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲအား ထည့်သွင်းကျင်းပမည်မဟုတ်သောကြောင့် အာဆီယံအမျိုးသမီးဘောလုံးအသင်းများအနေဖြင့် ၎င်းပြိုင်ပွဲသည် ယခုနှစ်အတွင်း အဓိက ယှဉ်ပြိုင်ကြရမည့်ပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

# မြန်မာ့ရိုးရာစစ်တုရင်အခြေခံအားကစားနည်းကို အာဆီယံစစ်တုရင်အမည်ဖြင့် ဆီးဂိမ်းတွင် ထည့်သွင်းကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဧပြီ - ၂၀

လာမည့်နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးစစ်တုရင်အခြေခံသည့် စစ်တုရင်အားကစားနည်းကို အာဆီယံစစ်တုရင် (ASEAN-Chess)အမည်ဖြင့် ထည့်သွင်းကျင်းပရန် အတည်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့ရိုးစစ်တုရင်ကစားနည်းကို ဆီးဂိမ်းပြိုင်ပွဲများတွင် ထည့်သွင်းကျင်းပရန်အတွက် ယခင်နှစ်များက အကြိမ်များစွာ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ယခုအခါ အာဆီယံစစ်တုရင်ကစားနည်းအမည်ဖြင့် ထည့်သွင်းကျင်းပခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်ကပြောသည်။

"ဒီစစ်တုရင်ကစားနည်းဟာ မြန်မာ့ရိုးရာစစ်တုရင်ကစားနည်းကိုးဆယ်ရာခိုင်နှုန်းကျော်နဲ့ စည်းကမ်းပိုင်းတွေကို အခြေခံထားတဲ့ အာဆီယံစစ်တုရင်ကစားနည်းဖြစ်ပါတယ်"ဟု ဦးမောင်မောင်လွင်ကပြောသည်။ အာဆီယံစစ်တုရင် ကစားနည်းအတွက် စည်းမျဉ်းဥပဒေများရေးဆွဲရန် အာဆီယံစစ်တုရင်ကောင်စီအစည်းအဝေးတစ်ရပ်ကိုလည်းမတ်လ ၁၄ ရက်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပခဲ့ပြီး အာဆီယံစစ်တုရင်ကစားနည်းဥပဒေများကို ရေးဆွဲအတည်ပြုခဲ့ကြောင်း သိရသည်။

"လာမယ့်ဆီးဂိမ်းပြိုင်ပွဲမှာ တစ်ဦးချင်းပြိုင်ပွဲတစ်မျိုးတည်းစတင်ထည့်သွင်းကျင်းပမှာဖြစ်ပြီး ပြိုင်ပွဲဝင်တစ်နိုင်ငံကို အားကစားသမားတစ်ဦးစီ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမှာပါ။ ဆီးဂိမ်းမတိုင်ခင် မြန်မာနိုင်ငံမှာလည်း ရိုးရာစစ်တုရင်ပြည်တွင်းပြိုင်ပွဲတစ်ခုကျင်းပသွားဖို့ စီစဉ်ထားပါတယ်"ဟု ဦးမောင်မောင်လွင်ကပြောသည်။

## စာ(၅၀) - ပြင်သစ်တွင်ပြုလုပ်သည့် ကိုယ်ခံပညာရပ်များပွဲတော် မြန်မာ့သိုင်းအဖွဲ့ဆုရ မှ


မြန်မာ့သိုင်းအဖွဲ့မှ မျက်လုံးအိမ်အား လှံတံနှင့်ထောက်ပြသည့် ပြကွက်တစ်ခု
ဓာတ်ပုံ - အောင်အောင်

ပြုလုပ်ခဲ့ကြောင်းနှင့် အဆိုပါအစီအစဉ်များအား ပြင်သစ်နိုင်ငံ၊ အင်တာနေရှင်နယ် Bushido မဂ္ဂဇင်းပိုင်ရှင်နှင့် ဆွစ်ဇာလန်နိုင်ငံ၊ လော့ဆမ်မြို့တွင် ရုံးစိုက်သည့် အပြည်ပြည်ဆိုင်ရာသိုင်းဗန်တိုအဖွဲ့အစည်း(ITBA)တို့မှ အကုန်အကျခံဖိတ်ခေါ်ခြင်းဖြစ်ကြောင်း သိရသည်။

## ကလစ်ရှ်ကိုအား အနိုင်ရမည်ဟု ဒေးဗစ်ဟေးပြော

လန်ဒန်၊ ဧပြီ - ၂၃

ဗြိတိန်၏ WBA ဟဲဗီးဝိတ်ချန်ပီယံ ဒေးဗစ်ဟေးက ၎င်းသည်ယူကရိန်းမှဟဲဗီးဝိတ်ချန်ပီယံ ဗလာဒီမီရာ ကလစ်ရှ်ကိုနှင့် ဇူလိုင် ၂ ရက်တွင် ထိုးသတ်မည့်ပွဲ၌ အနိုင်ရနိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားလိုက်သည်။ ဟေးသည် ထိုနေ့တွင် WBO, IBO နှင့် IBF ဟဲဗီးဝိတ်သရဖူးသုံးခုပိုင်ရှင်ကလစ်ရှ်ကိုနှင့် ဂျာမနီနိုင်ငံ ဟမ်းဘတ်ဘောလုံးကွင်းတွင် ထိုးသတ်ရမည်ဖြစ်သည်။ ထို့ပွဲနှင့် ပတ်သက်၍ အသက် ၃၀ အရွယ်ရှိအင်္ဂလိပ်လက်ဝှေ့သမား ဟေးက "ကျွန်တော့်မှာ သိပ်လျင်မြန်တဲ့ ခြေထောက်နဲ့ ဦးခေါင်းလှုပ်ရှားမှုတွေရှိပါတယ်။ ကျွန်တော့်လက်သီးတွေကလည်း သိပ်မြန်တာပါ။ ကျွန်တော်ဟာ ပြိုင်ဘက်တွေကို လက်သီးနဲ့အလဲထိုးခဲ့တာချည်းပါပဲ။ သူ့ကို ကျွန်တော်မိမိရရ ထိုးမိတာနဲ့ သူမှောက်သွားမှာပါ" ဟု ပြောသည်။

လန်ဒန်အခြေစိုက် လက်ဝှေ့သမားဒေးဗစ်ဟေးသည်ယခုအခါ အမေရိကန်နိုင်ငံ မိုင်ယာမီမြို့ရှိ ပဥ္စမမြောက်အားကစားရုံတွင် မိုဟာမက်အလီ၏ လေ့ကျင့်ရေးမှူးဟောင်းအိန်ဂျလိုဒန်ဒီးနှင့် လေ့ကျင့်လျက်ရှိနေသူဖြစ်သည်။ ၎င်းနှင့် ကလစ်ရှ်ကိုတို့၏ ပွဲသည်အရှုံးအနိုင်ပြတ်သားခဲ့ပါက ပြန့်ကျဲနေသော ကမ္ဘာ့ဟဲဗီးဝိတ်သရဖူလေးခုကို အနိုင်ရသူက တစ်ဦးတည်းစုစည်းသိမ်းပိုက်နိုင်မည့် ပွဲဖြစ်လာမည်ဖြစ်သည်။

—Ref: Eurosport



# ကိုပါဒယ်ရေးဖလားချန်ပီယံဆုဖလား ကားကြိတ်ခံရ မူပွားဖလားကိုသာ ရီးရဲလ်မက်ဒရစ်ပြသနိုင်

မက်ဒရစ်၊ ဧပြီ - ၂၃

စပိန်လာလီဂါပြိုင်ပွဲဝင်ထိပ်သီးအသင်း ရီးရဲလ်မက်ဒရစ်သည် မကြာမီက ၎င်းတို့အနိုင်ရရှိခဲ့သော ကိုပါဒယ်ရေးဖလား ချန်ပီယံဆုဖလားကို ၎င်းတို့၏ ကွင်းတွင် ခင်းကျင်းပြသရန် ယူဆောင်လာခဲ့သော်လည်း ဘတ်စ်ကားဖြင့် တတ်ကြိတ်မိ၍ မူပွားဖလားတစ်ခုကိုသာ ပြသထားခဲ့ရကြောင်း သိရသည်။ ဘာစီလိုနာအား ၁-၀ ဂိုးဖြင့် အနိုင်ရခဲ့သည့် ထိုပွဲအပြီးတွင် အသင်းသည် ချန်ပီယံဆုဖလားကို ယူဆောင်လာခဲ့သော်လည်း လမ်းတွင် ဂုဏ်ပြုပွဲများပြုလုပ်ရာမှ ကားဖြင့် တတ်ကြိတ်မိကာ ပျက်စီးခဲ့ရခြင်းဖြစ်သည်။

ယခုအခါ ထိုမူပွားဖလားကို ဘာနေဗျူးကွင်းရှိ ကလပ်၏ ဆုတံဆိပ်များ ပြခန်းတွင် ပြသထားသည်ဟု ဆိုသည်။ ဖလားအစစ်မှာအသင်းနောက်ခံလူ ဆာဂျီရာမို့စ်က လမ်းတွင် ဘတ်စ်ကားပေါ်မှကိုင်မြှောက်ပြသရာမှ အောက်သို့ပြုတ်ကျကာ အသင်းဘတ်စ်ကားဖြင့် ကြိတ်မိခဲ့ခြင်းဖြစ်သည်။ ရီးရဲလ်မက်ဒရစ်သည် ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲတွင် အချိန်ပို၌ ရော်နယ်ဒို၏ ဂိုးဖြင့် ဘာကာအားအနိုင်ရကာ အသင်းအတွက် ၁၈ ကြိမ်မြောက် ကိုပါဒယ်ရေးဖလားအဖြစ် ရရှိခဲ့ခြင်းဖြစ်သည်။

—Ref: AP

7DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

# ချယ်လ်ဆီး-စပါး လန်ဒန်ဒါဘီနှင့် အာဆင်နယ်-မန်ယူ ထိပ်တိုက်တွေ့ဆုံမှုအပါအဝင် ပရီးမီးယားလိဂ်ပွဲစဉ်(၃၅) ပွဲကြိုခန့်မှန်းချက်



**ကိုထိုက်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၃၅)မှာတော့ ချယ်လ်ဆီး-စပါး လန်ဒန်ဒါဘီပွဲအပါအဝင် အာဆင်နယ်-မန်ယူထိပ်တိုက်တွေ့ဆုံမှုလည်းပါဝင်နေတာမို့ မလွတ်တမ်းစောင့်ကြည့်ရမှာပါ။ ဒါ့အပြင် လီဗာပူး-နယူးကာဆယ်၊ မန်စီးတီး-ဝက်စ်ဟမ်း ပွဲစဉ်တွေကလည်းစိတ်ဝင်စားဖို့ကောင်းမှာပါ။

**<u>၃၀ ဧပြီ၊ စနေ</u>**

**ည ၈း၃၀ နာရီ**
**ဘလက်ဘန်း-ဘော်လ်တန်**
**ပ-ကျော့ရလဒ် ၁-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ ဘလက်ဘန်းက နှစ်ကြိမ်နိုင်ပြီး ဘော်လ်တန်က နောက်ဆုံးတစ်ကြိမ် နိုင်ထားပါတယ်။ လက်ရှိမှာ ဘော်လ်တန်တို့ ထိပ်ဆုံး ၁၀ သင်း စာရင်းဝင်နေတာကြောင့် အဝေးကွင်းပွဲဆိုပေမယ့်လည်း ဖိကစားသွားမှာပါ။ အိမ်ရှင်ဘလက်ဘန်းတို့အမြင့်ဆုံးသရေ ရနိုင်ခြေပဲ ရှိပါတယ်။ ဘော်လ်တန်ကပ်နိုင်သွားမှာပါ။

**ည ၈း၃၀ နာရီ**
**ဘလက်ပူးလ်-စတုတ်စီးတီး**
**ပ-ကျော့ရလဒ် ၁-၀**

ဇယားအောက်ခြေက အိမ်ရှင်ဘလက်ပူးလ်တို့ ညှော်သည်စတုတ်ကို ခက်ခက်ခဲခဲကစားရဖွယ်ရှိပါတယ်။ ပထမအကျော့တုန်းက ဘလက်ပူးလ်တို့နိုင်ခဲ့ပေမယ့် ဒီပွဲမှာတော့ စတုတ်ကို ယုံကြည်သင့်ပါတယ်။ ဂိုးနည်းပါလိမ့်မယ်။

**ည ၈း၃၀ နာရီ**
**ဆန်းဒါးလန်း-ဖူလ်ဟမ်**
**ပ-ကျော့ရလဒ် ၀-၀**

ဆန်းဒါးလန်းဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ စပါး၊ လီဗာပူး၊ ဝက်စ်ဘရွန်း သုံးသင်းစလုံးကို ဆက်တိုက်ရှုံးနိမ့်ထားပါတယ်။ ဒါ့ကြောင့် ဇယားမှာ ရပ်တည်မှုအဆင့် ပိုမြင့်နေတဲ့ ဖူလ်ဟမ်ကိုပဲ ရွေးချယ်ချင်ပါတယ်။

**ည ၈း၃၀ နာရီ**
**ဝက်စ်ဘရွန်း-ဗီလာ**
**ပ-ကျော့ရလဒ် ၁-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်စလုံးမှာ ဗီလာကချည်း ၂-၁ ဂိုးနဲ့ နိုင်ခဲ့တာတွေ့ရပါတယ်။ ဗီလာတို့ အဝေးကွင်းဆိုပေမယ့် ဒါရင်းဘန့်၊ ဟက်စကီး၊ အဘွန်လဟော်တို့ရဲ့တိုက်စစ်နဲ့ ကပ်နိုင်ခြေရှိပါတယ်။

**ည ၈း၃၀ နာရီ**
**ဝီဂန်-အဲဗာတန်**
**ပ-ကျော့ရလဒ် ၀-၀**

ပထမ အကျော့တုန်းက သရေကျခဲ့ပေမယ့် ညှော်သည်အဲဗာတန်တို့ ဉရောပဝင်ခွင့် မျှော်မှန်းခွင့်ရှိနေတာမို့ဂရုစိုက်သွားမှာပါ။ အဲဗာတန်တို့ အနည်းဆုံးတစ်ဂိုးအသာနဲ့ကပ်နိုင်ခြေရှိပါတယ်။

**ည ၁၁း၀၀ နာရီ**
**ချယ်လ်ဆီး-စပါး**
**ပ-ကျော့ရလဒ် ၁-၁**

လန်ဒန်အခြေစိုက် ပြိုင်ဘက်တွေဖြစ်ကြတဲ့ ဒီနှစ်သင်းဟာ ပထမအကျော့တုန်းက သရေကျခဲ့ပေမယ့် ဒီပွဲမှာတော့ အနိုင်ပြတ်သားသွားနိုင်ပါတယ်။ ချယ်လ်ဆီးရဲ့ ဒရော့ဂ်ဘာ၊ ကာလူးတို့ တိုက်စစ်ကို စပါးခုခံဖို့ မလွယ်ပါဘူး။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ချယ်လ်ဆီးနိုင်သွားမှာပါ။

**<u>၁ မေ၊ တနင်္ဂနွေ</u>**

**ညနေ ၅း၃၀ နာရီ**
**ဘာမင်ဂမ်-ဝုလ်**
**ပ-ကျော့ရလဒ် ၀-၁**

အိမ်ရှင် ဘာမင်ဂမ်တို့ ဇယားအောက်ဆုံးက ဝုလ်နဲ့ ယှဉ်ပြိုင်ရတာမို့ ဖိအားနည်းမှာပါ။ ဘာမင်ဂမ်အနိုင်သေချာနေပြီး ဂိုးနည်းနိုင်ပါတယ်။

**ညနေ ၅း၃၀ နာရီ**
**လီဗာပူး-နယူးကာဆယ်**
**ပ-ကျော့ရလဒ် ၁-၃**

ပထမအကျော့တုန်းက လီဗာပူးတို့ ရှုံးနိမ့်ခဲ့ရပေမယ့် ဆွာရက်ပါဝင်လာတဲ့ လီဗာပူးရှေ့တန်းက တိုက်စစ်အားကောင်းလာနေပါတယ်။ အိမ်ရှင်လီဗာပူးကို ဂိုးအနည်းနဲ့ရွေးချယ်သင့်ပါတယ်။

**ည ၇း၃၅ နာရီ**
**အာဆင်နယ်-မန်ယူ**
**ပ-ကျော့ရလဒ် ၀-၁**


အာဆင်နယ်ဟာမန်ယူနဲ့ပရီးမီးယားလိဂ်နောက်ဆုံးတွေ့ဆုံမှုတွေမှာ ရှုံးနိမ့်ထားသလို ပြီးခဲ့တဲ့ အက်ဖ်အေဖလားပွဲမှာလည်း ရှုံးနိမ့်ခဲ့ပါတယ်။ ဇယားထိပ်မှာ အမှတ်အသာနဲ့ ဦးဆောင်နေပေမယ့် ညှော်သည်မန်ယူတို့ ဒီပွဲကို အနိုင်ကန်ဦးမှာပါ။ အာဆင်နယ်နိုင်ခြေနည်းနေပြီး ညှော်သည်မန်ယူကိုပဲ နှစ်ဂိုးအသာလောက်နဲ့ ရပ်တည်သင့်ပါတယ်။

**ည ၉း၄၀ နာရီ**
**မန်စီးတီး-ဝက်စ်ဟမ်း**
**ပ-ကျော့ရလဒ် ၃-၁**

မန်စီးတီးဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရထားပါတယ်။ ဝက်စ်ဟမ်းတို့ ကာတန်ကိုးလ်၊ ရော်ဘီကိန်းလို ဝါရင့်ကစားသမားတွေ ပါဝင်နေပေမယ့်လည်း မာကျောတဲ့မန်စီးတီးကို သရေရဖို့တောင် မလွယ်ပါဘူး။ မန်စီးတီးတို့ အနိမ့်ဆုံး တစ်ဂိုးအသာနဲ့ကပ်နိုင်ခြေရှိပါတယ်။



## ဖေ့စ်ဘွတ်ခ်ရုံးချုပ်သို့ အိုဘားမား လည်ပတ် ၂၀၀၈ ကဲ့သို့ စိတ်အားထက်သန်မှု ရရှိရန်ကြိုးပမ်း




ကယ်လီဖိုးနီးယား၊ ဧပြီ - ၂၁

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် လူမှုဆက်သွယ်ရေးကွန်ရက်လုပ်ငန်းများတွင် ထိပ်ဆုံး၌ ရပ်တည်နေသော ဖေ့စ်ဘွတ်ခ်ရုံးချုပ်သို့ မဲဆွယ်ပွဲစတိုင်သွားရောက်လည်ပတ်၍ ၂၀၀၈ ရွေးကောက်ပွဲကဲ့သို့ လူငယ်ထု၏ စိတ်အားထက်သန်မှုကို ရရှိရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

ဒီမိုကရက်များကလည်း အိုဘားမားသည် ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိရန် ၂၀၀၈ ခုနှစ်တွင် ၎င်းအား သမ္မတအိမ်တော်သို့ တွန်းပို့ခဲ့သော အင်အားစုများကို လှုံ့ဆော်ရန် လိုအပ်သည်ဟု အသိအမှတ်ပြုထားသည်။

ကယ်လီဖိုးနီးယား၊ စီလီကွန်တောင်ကြားရှိဖေ့စ်ဘွတ်ခ်ရုံးချုပ်သို့ သွားရောက်လည်ပတ်ခြင်းဖြင့် အိုဘားမားသည် ၎င်းလူမှုဆက်သွယ်ရေးကွန်ရက်အား ၎င်းတို့၏ အဓိကဆက်သွယ်ရေးလမ်းကြောင်း အဖြစ်ခံယူထားသော လူပေါင်းသန်းပေါင်းများစွာနှင့် ချိတ်ဆက်မှုရရှိရန် ကြိုးပမ်းခြင်းဖြစ်သည်။

"ကျွန်တော့်နာမည် ဘားရက်အိုဘားမားပါ။ မာ့ခ်ကို ဂျက်ကက်နဲ့လည်စည်းဝတ်လာ ခိုင်းတာကျွန်တော်ပါပဲ" ဟုအသက် ၂၆ နှစ်အရွယ် ဖေ့စ်ဘွတ်ခ်တည်ထောင်သူ မာ့ခ်ဇူကာဘတ်အား ရည်ညွှန်း၍ အိုဘားမားက ပြောကြားသည်။

၎င်းနောက် အိုဘားမားနှင့် အောက်တွင် ဂျင်းဘောင်းဘီဝတ်၍ အပေါ်တွင် ဂျက်ကက်ဝတ်ထားသော မာ့ခ်ဇူကာဘတ်တို့သည် ၎င်းတို့၏ ဂျက်ကက်အကျႌများကို ချွတ်ပစ်လိုက်ကြကာ သမ္မတအိုဘားမားက ယခုနှစ်တွင် ကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံသို့ရောက်ရှိလာမည့်နိုင်ငံတော်ဘတ်ဂျက်လိုငွေပြမှုအား မည်သို့ဖြေရှင်းရမည်နှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းမှုကို စတင်ခဲ့ပါသည်။

—*Ref: Reuters*

## ငလျင်ကြောင့် မတ်လအတွင်း ဂျပန် ပြည်ပပို့ကုန် ကျဆင်း

တိုကျို၊ ဧပြီ - ၂၀

ဂျပန်၏ပြည်ပပို့ကုန်ပမာဏသည်မတ်လအတွင်း ၁၆ လတာကာလအတွင်း၌ ပထမဆုံးကျဆင်းမှုအဖြစ် ကျဆင်းခဲ့ရပြီး ယင်းမှာ မတ် ၁၁ ငလျင်နှင့် ဆူနာမီကြောင့် ပြည်ပပို့ကုန် ကဏ္ဍထိခိုက်ရခြင်းဖြစ်ကြောင်း ဂျပန် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ အစိုးရကနောက်ဆုံးထုတ်ပြန်သော စာရင်းဇယားများအရ မတ်လတွင် နိုင်ငံခြားတင်ပို့မှုသည် ၂၀၁၀ မတ်လကထက် ၂ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဖေဖော်ဝါရီလတွင် မူ ၉ ရာခိုင်နှုန်း တိုးတက်မှုအထိ ရရှိခဲ့သည်။ မတ်လတွင် ပြည်ပပို့ကုန်ပိုင်း ကျဆင်းမှုကို ပညာရှင်များက ၁ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိမည်ဟု ကြိုတင်ခန့်မှန်းခဲ့သော်လည်း မှန်းထားသည်ထက်ပိုကာ ၂ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်။ ဂျပန်ပို့ကုန်များတွင် တရုတ်သို့ တင်ပို့မှုမှာ ၃ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်သို့ တင်ပို့မှုမှာ ၃ ဒသမ ၄ ရာခိုင်နှုန်း အထိ ကျဆင်းခဲ့သည်။

ဂျပန်နိုင်ငံတွင် ငလျင်နှင့်ဆူနာမီကြောင့် လူပေါင်း ၂၇,၀၀၀ ကျော်သေဆုံး (သို့မဟုတ်) ပျောက်ဆုံးနေဆဲဖြစ်သည်။ ကပ်ဘေးကြောင့် ထိခိုက်ပျက်စီးမှုကို အစိုးရက ယန်းငွေ ၂၅ ထရီလီယံ (ကန်ဒေါ်လာ ၃၀၂ သန်း)ရှိမည်ဟု ခန့်မှန်းထားသည်။

—*Ref: Xinhua*

## မြေငလျင်ပျက်စီးမှု ပြန်လည်တည်ဆောက်ရေးအတွက် စားသုံးခွန်တိုးမြှင့်ရန် ဂျပန်အစိုးရစဉ်းစားနေ

တိုကျို၊ ဧပြီ - ၂၁

မြေငလျင် အပျက်အစီးများပြန်လည်တည်ဆောက်ရေး အစီအစဉ်များ ဘဏ္ဍာငွေရရှိရန် ဂျပန်အစိုးရသည် ဂျပန်ပြည်သူများအပေါ်ကောက်ခံသည့် စားသုံးခွန်ကိုလက်ရှိ ငါးရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် စဉ်းစားနေကြောင်း သိရသည်။

သို့သော် ယင်းအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ပါက အခွန်တိုးမြှင့်မှုကို သုံးနှစ်သာကန့်သတ်ထားကြောင်း အစီအစဉ်ကို ၂၀၁၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ရန် မျှော်လင့်ထားကြောင်း သိရသည်။

အခွန်တိုးမြှင့်ခြင်းမှာ ပြန်လည်တည်ဆောက်ရေးအတွက် အထူးစာချုပ်များ ထုတ်ဝေခဲ့ခြင်းအပေါ် ဘဏ္ဍာရေးအရ ကာမိစေရန်တိုးမြှင့်ခြင်း ဖြစ်သည်။ ပြန်လည်တည်ဆောက်ရေးအတွက် ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုးအား ပြည်သူအများက ဝိုင်းဝန်းထမ်းဆောင်ခြင်းအဖြစ် ယင်းအစီအစဉ်ကို ရှုမြင်ကြကြောင်း ယိုမိယူရီသတင်းစာက ဖော်ပြထားသည်။

သို့သော် ငလျင်နှင့် ဆူနာမီဒဏ်သင့်ခဲ့သည့် ဒေသများမှ ပြည်သူများအတွက် ယင်းအခွန်ငွေများပြန်အမ်းနိုင်မည့်စနစ်တစ်ခုကို ဂျပန်အစိုးရက ဖော်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ ငလျင်နှင့် ဆူနာမီကြောင့် ဂျပန်ယန်းငွေ ၇၅ ထရီလီယံဖိုးခန့် ပျက်စီးခဲ့သည်ဟု အစိုးရကခန့်မှန်းထားရာ အခွန်တိုးမြှင့်ခြင်းဖြင့် တစ်နှစ်လျှင် ယန်းငွေ ၂၅ ထရီလီယံ ပြန်လည်စုဆောင်းနိုင်မည်ဖြစ်ပြီး သုံးနှစ်အတွင်း အခွန်တိုးမြှင့်ခြင်းအစီအစဉ်အား ရုတ်သိမ်းနိုင်မည်ဟု ဂျပန်အစိုးရက မျှော်လင့်ထားသည်။

ငလျင်နှင့် ဆူနာမီပြန်လည်ထူထောင်ရေးအတွက် ၂၀၁၁ ခုနှစ်နောက်ဆက်တွဲ ဘတ်ဂျက်တွင်အထူးဘွန်း (နှစ်ရှည်ချေးငွေစာချုပ်) များထုတ်ဝေရန် ဂျပန်အစိုးရက ဧပြီလ ၁၈ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

—*Ref: Ruters,Yomiuri*





7 DAY NEWS JOURNAL
Vol.10, No.6 • APRIL 28, 2011

## ပြည်သူများရှေ့တွင် ခန္ဓာကိုယ်အပေါ်ပိုင်းဖော်ချွတ်ကပြ ထိုင်းပြည်သူများ ဒေါသထွက်



ဖော်ချွတ်ကပြသောမိန်းကလေးများအား ရဲတပ်ဖွဲ့က ဖမ်းဆီးလာစဉ်

**ဘန်ကောက်၊ ဧပြီ - ၂၁**

မကြာသေးမီက ဆွန်ခရန်ရေသဘင်ပွဲတော်အတွင်း အများပြည်သူရှေ့တွင် ခန္ဓာကိုယ်အပေါ်ပိုင်း ဗလာကျင်းကပြခဲ့သော မိန်းကလေးများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံတွင် ပြည်သူအများ ဒေါသထွက်စရာ ဖြစ်ခဲ့ရကြောင်း သိရသည်။

ဘန်ကောက် မြို့နယ်တွင် ကျယ်ကျယ်လောင် လောင်တေးဂီတများဖွင့်၍ မိန်းကလေးများတွန့်လိမ်ကောက်ကွေးကပြနေသည်များကို ရိုက်ကူးထားသော ဗီဒီယိုများကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ခဲ့ကြောင်း သိရသည်။



ယင်းသတင်းမှာ ထိုင်းသတင်းဝက်ဘ်ဆိုက်များတွင် ထိပ်တန်းသို့ ရောက်ရှိခဲ့ပြီး ယင်းကိစ္စကိုထိုင်းရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေပြီဖြစ်သည်။

"သူတို့ကို ဥပဒေအရ အရေးယူသွားမယ်" ဟု ထိုင်းရဲတပ်ဖွဲ့အရာရှိတစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ် ဆူဝက်ဂျန်ယော့ဆပ်က ပြောကြားပြီး ဆက်လက်၍ "ဒါဟာထိုင်းရိုးရာ အခမ်းအနားတစ်ခုကိုပျက်စီးစေပါတယ်။ ကိုယ့်ကိုယ်ကိုယ် မဖွယ်မရာဖော်ချွတ်ခြင်းဖြင့် အများပြည်သူရှေ့မှာ အရှက်ရဖွယ် ပြုမူခြင်းဆိုတဲ့ ပြစ်ချက်နဲ့ တရားစွဲဆိုသွားပါမယ်" ဟု ထိုင်းရဲအရာရှိက ဆက်လက်ပြောကြားသည်။

ထိုင်းလူ့အဖွဲ့အစည်းအနေဖြင့် ယင်းသို့ကပြသူများအား ရှုတ်ချသင့်ကြောင်း ထိုင်းယဉ်ကျေးမှုဝန်ကြီးနီပစ်အင်တာရာဆွန်ဘတ်ကတောင်းဆိုခဲ့ကြောင်း သိရသည်။ *—Ref: NY Times*

## ၂၀၁၀ အတွင်း အိုဘားမားဇနီးမောင်နှံ ဝင်ငွေကန်ဒေါ်လာ ၁ ဒသမ ၇ သန်းရရှိခဲ့



**ဝါရှင်တန်၊ ဧပြီ - ၁၉**

အမေရိကန်သမ္မတအိုဘားမားနှင့် သမ္မတကတော် မီရှဲလ်တို့သည် ယမန်နှစ်က အိုဘားမား၏ စာအုပ်များရောင်းရငွေမှ ဝင်ငွေကန်ဒေါ်လာ ၁ ဒသမ ၈ သန်းခန့်ရရှိခဲ့ကြောင်း အခွန်ပြေစာများဖော်ပြချက်အရ သိရသည်။ သတင်းအရ အဆိုပါ ဇနီးမောင်နှံ ၏ ဝင်ငွေသည် ၂၀၁၀ တွင်ယခင်နှစ်များထက်ပိုမိုလျော့နည်းခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ အိုဘားမားမောင်နှံသည် ၂၀၀၈ ခုနှစ်တွင် ဝင်ငွေဒေါ်လာ ၂ ဒသမ ၆ သန်းနှင့် ၂၀၀၉ တွင်ဒေါ်လာ ၅ ဒသမ ၅ သန်းခန့်ရရှိခဲ့ပြီး ၂၀၁၀ တွင်မူ အိုဘားမား၏ စာအုပ်များအရောင်းကျဆင်းလာသောကြောင့် ဝင်ငွေနည်းသွားရခြင်းဖြစ်သည်။

မစ္စတာအိုဘားမားသည် အမေရိကန်သမ္မတအဖြစ် ကန်ဒေါ်လာ ၃၉၅,၀၀၀ ကိုလစာအဖြစ်ရရှိသည်။ ၎င်းတို့သည် ၂၀၁၀ တွင်ဖက်ဒရယ်နှင့်ပြည်နယ်အခွန်ဒေါ်လာ ငါးသိန်းပေးဆောင်ခဲ့ပြီး ရန်ပုံငွေအဖွဲ့အစည်းပေါင်း သုံးဒါဇင်ခန့်အတွက် အလှူငွေစုစုပေါင်းကန်ဒေါ်လာ ၂၄၅,၀၀၀ ခန့်လှူဒါန်းခဲ့သည်။

*—Ref: BBC*






7 DAY NEWS JOURNAL
Vol.10, No.6 ▪ APRIL 28, 2011

## နျူကလီးယား လောင်စာတောင့်များ အရည်ပျော်ကျခဲ့ဟု ဂျပန်နျူအေဂျင်စီ ဝန်ခံ

**တိုကျို၊ ဧပြီ - ၂၁**

ငလျင်ဒဏ်ခံခဲ့ရသော ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖို အမှတ် (၁) နှင့် အမှတ် (၃) မှနျူကလီးယား လောင်စာတောင့်များ အရည်ပျော်ကျခဲ့သည်ဟု ယုံကြည်ရကြောင်း ဂျပန်နျူကလီးယားနှင့် စက်မှုလုပ်ငန်းဘေးကင်းလုံခြုံရေး အေဂျင်စီက ဝန်ကြီးအဖွဲ့အား အစီရင်ခံခဲ့ကြောင်း သိရသည်။





ယင်းမှာ ဓာတ်ပေါင်းဖိုအမှတ် (၁) တွင် နျူကလီးယားအရည်ပျော်ကျမှု ဖြစ်ပေါ်ခဲ့သည်ဆိုခြင်းကို ဂျပန်နျူကလီးယား ဘေးကင်းလုံခြုံရေး အေဂျင်စီက ပထမဦးဆုံးအကြိမ်အသိအမှတ်ပြုခြင်းဖြစ်ကြောင်း ယိုမိယူရီသတင်းစာကဖော်ပြသည်။

ယင်းအစီရင်ခံစာအကြောင်းကိုဂျပန်နျူအေဂျင်စီ၏ ပြောခွင့်ရပုဂ္ဂိုလ်ဟီဒေဟီကိုနီရှီယာမာက သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင်ထုတ်ဖော်ပြောကြားခဲ့သည်။ ယခင်ကမူအေဂျင်စီက နျူကလီးယားလောင်စာတောင့်များ သုံးရာခိုင်နှုန်းသာ ပျက်စီးခဲ့သည်ဟုပြောကြားထားသည်။

ဓာတ်ပေါင်းဖိုအမှတ် (၂) နှင့် အမှတ် (၃) အနီးတွင် ဓာတ်ရောင်ခြည်သင့်မှု ပမာဏမြင့်မားနေကြောင်း တွေ့ရှိရ၍ လောင်စာတောင့်များ အရည်ပျော်ကျသွားဖွယ်ရှိသည်ဟု ယခုအခါအေဂျင်စီကယုံကြည်နေကြောင်း သတင်းတွင်ဖော်ပြပြီး အမှတ် (၁) ဓာတ်ပေါင်းဖိုတွင်လည်း နျူလောင်စာတောင့်များ အရည်ပျော်ကျခဲ့၍ ဟိုက်ဒရိုဂျင်ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်ဟုယုံကြည်ရကြောင်း သိရသည်။

သို့သော် လောင်စာတောင့်များအား ဖယ်ရှားပြီးမှသာ ပျက်စီးမှုအတိုင်းအတာ အတိအကျကို သိရှိနိုင်မည်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်နီရှီယာမာက ပြောကြားသည်။ *—Ref: Yomiuri Shimbun*

## ရွေးကောက်ပွဲအလွန် နိုင်ဂျီးရီးယားနိုင်ငံတွင် အဓိကရုဏ်းများ ဖြစ်ပေါ်

**နိုင်ဂျီးရီးယား၊ ဧပြီ - ၂၁**

နိုင်ဂျီးရီးယားနိုင်ငံတွင် သမ္မတ ဂွတ်လပ်ဂျွန်နသန် ပြန်လည်ရွေးကောက်ခံရပြီးနောက် နိုင်ငံမြောက်ပိုင်း၌ အဓိကရုဏ်းများဖြစ်ပေါ်ခဲ့ရာ လူအများအပြား သေဆုံးပြီး လူပေါင်း ၁၆,၀၀၀ ခန့် မှာ၎င်းတို့နေအိမ်များမှရွှေ့ပြောင်းနေထိုင်နေရကြောင်း ကြက်ခြေနီအဖွဲ့က ပြောကြားသည်။

သမ္မတရွေးကောက်ပွဲတွင် မဲလိမ်လည်မှုများ ရှိခဲ့သည်ဟု မကျေမချမ်းဖြစ်သူများက စွပ်စွဲပြောကြားခဲ့ပြီးနောက် အဓိကရုဏ်းများဖြစ်ပေါ်လာခဲ့ရာ သမ္မတဂျွန်နသန်က အကြမ်းဖက်မှုများအား အဆုံးသတ်ရန်ပန်ကြားထားပြီး နေဝင်မီးငြိမ်းအမိန့်ထုတ်ပြန်ထားသည်။

ဒဏ်ရာအနာတရ ရရှိခဲ့သောလူ ၃၆၈ ဦးအား ကုသမှုပေးခဲ့ကြောင်း ကြက်ခြေနီအဖွဲ့က ပြောကြားသည်။ အဓိကမြို့ကြီးများတွင် အနည်းဆုံးလူပေါင်း ၈၀ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဂွတ်လပ်ဂျွန်နသန်၏ ပြိုင်ဘက်စစ်ဘက်ခေါင်းဆောင်ဟောင်း နိုင်ငံမြောက်ပိုင်းသား မိုဟာမာဒူဘူဟာရီကမူ ရွေးကောက်ပွဲရလဒ်များမှာ လိမ်လည်ထားသော ရလဒ်များသာဖြစ်ကြောင်းပြောသည်။

ခရစ်ယာန်ဘာသာဝင်၊ နိုင်ငံတောင်ပိုင်းသား ဂျွန်နသန်အနိုင်ရရှိကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် ဒေါသထွက်နေသော လူငယ်များက အာဏာရပါတီထောက်ခံသူများအား ဓားနှင့်ထိုးခြင်း၊ ပုဆိန်နှင့် ခုတ်ခြင်း၊ သေနတ်နှင့်ပစ်ခတ်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ ခရစ်ယာန်ဝတ်ပြုကျောင်းများ၊ မွတ်ဆလင်ဝတ်ပြုကျောင်းများ၊ အိမ်များ၊ ဈေးဆိုင်များ မီးတင်ရှို့ခံခဲ့ရကြောင်း သိရသည်။ ယင်းပြစ်မှုများနှင့်ပတ်သက်၍ မသင်္ကာသူလူပေါင်း ၄၀၀ ဦးအားဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

*—Ref: UPI, Reuters*



7 DAY NEWS JOURNAL

# International

Vol.10, No.6 • APRIL 28, 2011


## ထိုင်းနှင့်ကမ္ဘောဒီးယား နယ်စပ်တိုက်ခိုက်မှုတွင် ၁၂ ဦးသေဆုံး



**ဘန်ကောက်၊ မေ ပြီ - ၂၅**

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ အငြင်းပွားနေသောနယ်စပ်ဒေသတွင် သုံးရက်ကြာ ပြင်းပြင်းထန်ထန်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ရာ ၁၂ဦးသေဆုံးခဲ့ကြောင်းနှင့်ယမန်နေ့ တိုက်ခိုက်မှုများကြောင့် တစ်ဖက်စီမှစစ်သားတစ်ဦးစီထပ်မံကျဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အငြင်းပွားနေသော တောတွင်းနယ်ခြားဒေသတွင် လက်နက်ကြီးများ၊ လက်နက်ငယ်များနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ၇ ဦးနှင့် ထိုင်းတပ်ဖွဲ့ဝင် ၅ ဦးသေဆုံးခဲ့ပြီဖြစ်သည်။

ဧပြီ ၂၄ ရက်က ထိုင်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း နယ်စပ်ဒေသမှ ထိုင်းစစ်ဘက်ပြောခွင့်ရပုဂ္ဂိုလ်ဗိုလ်မှူးကြီး ပရာဝစ်ဟိုကော်က ပြောသည်။

စာမျက်နှာ(၄၅)သို့▶▶▶

## အိန္ဒိယစားသုံးသူများ လေကြောင်းခရီးအတွက် ပိုမိုကုန်ကျခံရမည်

**နယူးဒေလီ၊ မေ ပြီ - ၂၅**

လေယာဉ်ဆီဈေးနှုန်းများ မြင့်တက်လာခဲ့ပြီးနောက် အိန္ဒိယလေကြောင်းလိုင်း အများအပြားသည် ၎င်းတို့၏ လေယာဉ်လက်မှတ်ခများကို ပြန်လည်ပြင်ဆင်လိုက်ကြောင်း သိရသည်။

ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိရာ အိန္ဒိယစားသုံးသူများသည် လေကြောင်းခရီး သွားလာမှုအတွက် ပိုမို၍ ကုန်ကျခံရဖွယ်ရှိကြောင်း သတင်းကဖော်ပြသည်။ မကြာသေးမီကပင် နိုင်ငံပိုင်ရေနံကုမ္ပဏီများက လေယာဉ်ဆီဈေးနှုန်းများကို ၆ ရာခိုင်နှုန်းတိုးမြှင့်ခဲ့သည်။

ပြီးခဲ့သည့်လအတွင်း ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ကန်ဒေါ်လာတစ်ရာကျော်သွားခဲ့ပြီးနောက်ပိုင်း သုံးကြိမ်ဆက်တိုက် ဈေးနှုန်းတိုးမြှင့်မှုများ ဖြစ်ပေါ်ခဲ့သည်။

လေယာဉ်ဆီအတွက် ကုန်ကျစရိတ်များမှာ လေကြောင်းလုပ်ငန်းများ၏ ကုန်ကျ



စရိတ်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းရှိသောကြောင့် လေကြောင်းလိုင်းများက ၎င်းဝန်ထုပ်ဝန်ပိုးကို စားသုံးသူများထံသို့ လက်ဆင့်ကမ်းခဲ့ကြရ၍ လေကြောင်းလိုင်းများ၏ စတော့ရှယ်ယာဈေးနှုန်းများ ငါးရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။

စာမျက်နှာ(၄၅)သို့▶▶▶



တိုကျိုမြို့တွင် နျူဆန့်ကျင်ရေး ဆန္ဒပြနေသူများ

## ဂျပန်နိုင်ငံတွင် လူအများအပြားက နျူစွမ်းအင်အပေါ် ဆန့်ကျင်ဆန္ဒပြ

**တိုကျို၊ မေ ပြီ - ၂၅**

မတ်လ ၁၁ ရက်က ဖြစ်ပေါ်ခဲ့သည့်ငလျင်နှင့် ဆူနာမီကြောင့် ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံတွင် အကျပ်အတည်းများ ကြုံတွေ့ခဲ့ရပြီးနောက် အခြားစွမ်းအင်အရင်းအမြစ်များ ပြောင်းလဲရေးနှင့် ဂျပန်နိုင်ငံ၌ နျူကလီးယား စွမ်းအင်အသုံးပြုမှု အဆုံးသတ်ရေးအတွက် တောင်းဆိုရင်း တိုကျိုမြို့တွင်လူထောင်ပေါင်းများစွာ ချီတက်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

"Bye Bye Genpatsu" နျူကလီးယားစွမ်းအင်ကို နှုတ်ဆက်ပါတယ်ဟူသော ကြွေးကြော်သံစာတန်းများ ကိုင်ဆောင်ထားသည့် လူငယ်များနှင့် မိသားစုများ ပါဝင်သော ကန့်ကွက်ဆန္ဒပြသူများသည် တိုကျိုမြို့လယ်ရှိ ယိုယိုဂိပန်းခြံအနီး စီတန်းလမ်းလျှောက်ခဲ့ကြသည်။

"ကျွန်တော်တို့ စိုးရိမ်နေပါတယ်။ ဖူကူရှီးမား မတိုင်ခင်က တော့ ဒီအကြောင်းမတွေးမိပါဘူး။ ဒါပေမဲ့ အခုကျွန်တော်တို့လှုပ်ရှားရပါတော့မယ်။ ကျွန်တော်တို့ ကလေးတွေအတွက် လုပ်ဆောင်ရပါမယ်" ဟုဇနီးဖြစ်သူ၊ အသက် ငါးနှစ်နှင့် ကိုးနှစ်အရွယ် သားယောကျ်ားလေးနှစ်ဦးနှင့် အတူ နျူကလီးယားစွမ်းအင် ဆန့်ကျင်စီတန်းလှည့်လည်ခြင်းတွင် ပါဝင်ဆန္ဒပြနေသည့် ဟီရိုးရှိအီနို (၄၃ နှစ်)က ပြောကြားသည်။

စာမျက်နှာ(၄၅)သို့▶▶▶

**Interview** စာမျက်နှာ(၄၆)သို့▶▶▶



### အီဂျစ်ဟာ သိပ်အရေးကြီးတဲ့အဆင့် တစ်ခုကို ရောက်ရှိနေပါတယ်


အီဂျစ်နိုင်ငံရေးခေါင်းဆောင် မိုဟာမက်အယ်လ်ဘာရာဒိုင်းနှင့် တွေ့ဆုံခြင်း

**News Analysis** စာမျက်နှာ(၃၆)သို့▶▶▶



### မဲခေါင်မြစ်ပေါ်က ဆည်

## လေကြောင်းတိုက်ခိုက်မှုကြောင့် ကဒါဖီ ုံး ပျက်စီး



**ထရီပိုလီ၊ မေ ပြီ - ၂၅**

ဧပြီ ၂၅ ရက် အစောပိုင်းက နေတိုးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုတွင်လစ်ဗျားခေါင်းဆောင် ကဒါဖီနေထိုင်ရာခြံဝင်းအတွင်းရှိရုံးအဆောက်အအုံ ပျက်စီးသွားကြောင်း သိရသည်။ လစ်ဗျားမြို့တော် ထရီပိုလီတွင် စစ်လေယာဉ်သံများ ဟိန်းထွက်နေစဉ်မှာပင် မြို့တော်၏ခရိုင်အများအပြား၌ ကျယ်လောင်သော ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၄၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့ထဲမှ ၁၅ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ကဒါဖီ၏ နေအိမ်ဝင်းသို့ ဂျာနယ်လစ်များနှင့် အတူလိုက်ပါခဲ့သော လစ်ဗျားအရာရှိက ပြောသည်။

စာမျက်နှာ(၄၅)သို့▶▶▶